

၂၀၀၇ ခုနှစ် စာပေဗိမာန်စာမူဆု
ဝတ္ထုရှည် ဒုတိယဆုရ

## ဖန်လာပုံ ခုမှဆန်းကြယ်

ရေးသူ - သုသိဏ်

အဖ ဦးထိန်၊ အမိ ဒေါ်စိန်တို့မှ ၁၉၄၄ ခုနှစ် စက်တင်ဘာလတွင် တောင်သာမြို့၌ မွေးဖွားခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် တပ်မတော်သို့ ဝင်ရောက် အမှုထမ်းခဲ့ပြီး ၁၉၇၅ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ ရရှိသည်။

၁၉၇၉ ခုနှစ်တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ပြီး ၂၀၀၄ ခုနှစ်တွင် ဒု-ရဲမှူးအဆင့်ဖြင့် အငြိမ်းစားယူခဲ့သည်။

၁၉၆၅ ခုနှစ်တွင် ချိုတေးရှင်မဂ္ဂဇင်း၌ စာပေများ စတင်ရေးသားခဲ့သည်။ ဝနေတင့်နိုင်၊ ကောင်းကင်၊ အေးကျော်၊ ချစ်ပံသု ကလောင်အမည်ခွဲများဖြင့်လည်း ရေးသားခဲ့သည်။

စာပေဗိမာန်စာမူဆုပြိုင်ပွဲများတွင် ၁၉၇၇ ခုနှစ်၌ ဝတ္ထုတိုပေါင်းချုပ် တတိယ၊ ၁၉၉၂ ခုနှစ်၌ ဝတ္ထုရှည် ဒုတိယ၊ ၂၀၀၆ ခုနှစ်၌ ဝတ္ထုရှည် ဒုတိယ၊ ၂၀၀၇ ခုနှစ်၌ ဝတ္ထုရှည် ပထမနှင့် ၂၀၀၉ ခုနှစ်တွင် ဝတ္ထုရှည် ပထမဆုတို့ ရရှိခဲ့သည်။

ထို့ပြင် ၁၉၉၁ ခုနှစ် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး စာပေပြိုင်ပွဲတွင် ဝတ္ထုရှည် ပထမဆုနှင့် အခြားစာပေဆုများ ကိုးဆုရရှိခဲ့သည်။

ယခုအခါ သုသိဏ်၊ ချစ်ပံသု ကလောင်အမည်များဖြင့် စာပေများ ဆက်လက်ရေးသားလျက်ရှိသည်။

အမည်ရင်း ဦးတင့်နိုင် ဖြစ်သည်။

နေရပ်လိပ်စာ- အမှတ် ၁၄၊ မေတ္တာလမ်း၊ ၃၉ (အေ)
ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊
ရန်ကုန်မြို့။

သုသိဏ်
ဖန်လာပုံ ခုမှဆန်းကြယ်

စာပေဗိမာန်စာမူဆုရ

# သုသိဏ်

# ဖန်လာပုံ ခုမှဆန်းကြယ်



၂၀၀၈ ခုနှစ်၊ စာပေဗိမာန် စာမူဆု
ဝတ္ထုရှည် ဒုတိယဆု

# ဖန်လာပုံ ခုမှဆန်းကြယ်

## သုသိဏ်

စီစဉ်တည်းဖြတ်သူ - ဒေါ်ခင်ဝါဆွေ (ဝါဝါ - အင်းစိန်)
စာတည်း
မျက်နှာဖုံးပန်းချီ - ရဲမြင့်

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၁၁ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ - ၁၅၀၀

တန်ဖိုး ( ၆၀၀ ) ကျပ်

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေဗိမာန် စာတည်းမှူးချုပ်က
မှတ်ပုံတင်အမှတ် ၀၇၄၉၂ ဖြင့် ပုံနှိပ်၍
မှတ်ပုံတင်အမှတ် ၀၃၉၁၁ ဖြင့်ထုတ်ဝေသည်။

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စု မပြိုကွဲရေး .... ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး .... ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး .... ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စာရေးသူ၏ အမှာစကား | |
| | အပိုင်း (၁) | |
| ၁။ | အမ်ဗွီဘာလူးခရက်(စ်) ပေါ်မှာ | ၁ |
| ၂။ | စက္ကူလှေ | ၁၉ |
| ၃။ | စိန်နားပန်ပွင့်၊ စိန်နားပန်သီး | ၂၇ |
| ၄။ | အဖော်မဲ့ ရွက်လွှင့်ခြင်း | ၃၅ |
| ၅။ | အစုန်အဆန် | ၆၇ |
| ၆။ | ရင်ခုန်သံလှိုင်း | ၇၆ |
| ၇။ | ဝေဒနာ သန္ဓေတည် | ၉၈ |
| ၈။ | ရင်ထဲက ဝေဒနာ | ၁၁၂ |
| ၉။ | သီတာရေမြေဆုံးစေတော့ | ၁၂၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀။ | ဝီရစံအိမ် | ၁၄၆ |
| ၁၁။ | အိုကေဝင်းမှ လွမ်းလျက်ခွာ | ၁၆၇ |
| ၁၂။ | နှုတ်ဆက်ခဲ့မှ | ၁၇၃ |
| အပိုင်း (၂) | | |
| ၁၃။ | ဘယ်ဆီတမ်းမမှန်းဝံ့ပြီ | ၁၈၂ |
| ၁၄။ | တန်ဖိုးထားစေ ရေချိုရေ | ၁၉၀ |
| အပိုင်း (၃) | | |
| ၁၅။ | အနေမှန် မာန်မာန | ၁၉၇ |
| ၁၆။ | မီးပွားတစ်ပွင့် | ၂၀၆ |
| ၁၇။ | ဥဒ္ဒိယာဝ၊ ဘဝဂ္ဂါစ | ၂၁၁ |
| အပိုင်း (၄) | | |
| ၁၈။ | ဘဝနှင့်ရင်းရသောနေရဲခြင်း | ၂၁၇ |
| ၁၉။ | မွှေးလွန်းသည့်ပန်း | ၂၂၆ |
| ၂၀။ | အညွှာမှာမြရည်လိမ်းလေတော့ | ၂၃၃ |
| ၂၁။ | ဖန်လာပုံခုမှဆန်းကြယ် | ၂၃၉ |

# စာရေးသူ၏အမှာ

✵ ✵ ✵

၁။ ဤ ''ဖန်လာပုံခုမှဆန်းကြယ်'' ဝတ္ထုရှည်သည်၊ စာရေးသူ၊ ဆိပ်ကမ်းပြည်သူ့ရဲတပ်ဖွဲ့၌၊ ရေယာဉ်အမှူ စစ်တာဝန်ထမ်း ဆောင်စဉ်က၊ အတွေ့အကြုံများနှင့်၊ Fitter စင်ထွန်းနိုင်ပေးပို့သော၊ အသံ သွင်းတိပ်ခွေနှင့် စာများကို၊ အခြေခံ၍၊ ရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။

၂။ ၁၉၉၂ ခုနှစ်တွင်၊ ပင်လယ်ကူးကုန်တင် အအေးခန်းသင်္ဘော M V. BLUE CREST ၌၊ တာဝန်ထမ်းဆောင်ခဲ့ကြသော၊ မြန်မာသင်္ဘောသားများ၊ အထူးသဖြင့် Engine Department မှ သင်္ဘောသားများ၊ အထူးသဖြင့် Second Engineer မျိုးလွင်၊ Third Engineer မင်းညွန့်နှင့် Fitter စင်ထွန်းနိုင်တို့ကို၊ ဂုဏ်ပြုရေးဖွဲ့ထားသော၊ ဝတ္ထုလည်း ဖြစ်ပါသည်။

၃။ ဤဝတ္ထုဖြစ်မြောက်ရေးအတွက်၊ လိုအပ်သော၊ အကူအညီများပေးခဲ့ကြသည့်၊ အိုကေဝင်းရေယာဉ်ပိုင်ရှင်၊ ဦးသိန်းမောင်၊ ဒေါ်မြရှင်၊ Fitter စင်ထွန်းနိုင်နှင့် ဤဝတ္ထုမျက်နှာဖုံးပန်းချီကို မေတ္တာဖြင့်ကူညီရေးဆွဲ ပေးသော ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့မှ ညီဦးရဲမြင့် (ဒီဇိုင်းရဲမြင့်) တို့အား ကျေးဇူးတင်ရှိပါကြောင်း၊ ဖော်ပြအပ်ပါသည်။

၄။ ဤ ''ဖန်လာပုံခုမှဆန်းကြယ်'' ဝတ္ထုရှည်ဖြင့်၊ ကွယ်လွန်လေပြီးသော၊ မိဘနှစ်ပါးဖြစ်ကြသည့်၊ ဦးထိန်၊ ဒေါ်စိန်တို့နှင့်၊ ဆရာသမားများအားလုံးတို့အား၊ ဂုဏ်ပြုပူဇော်အပ်ပါသည်။

သုသိဏ်

# ဖန်လာပုံ ခုမှဆန်းကြယ်

## အပိုင်း (၁)

## အမ်ဗွီဘလူးခရက်(စ်)ပေါ်မှာ

၁၉၉၀ပြည့်နှစ်၊ နိုဝင်ဘာလ ၃ရက်၊ စနေနေ့။

လူ၏ကံတရားကား ဆန်းကြယ်လွန်းလေစွ။ ဖြစ်ချင်တာ၊ မဖြစ်ရ၊ မဖြစ်ချင်တာ ဖြစ်ရသော လူ့ဘဝတွင် ကျွန်တော်သည်၊ ဖြစ်ချင်တာ ဖြစ်ခဲ့ရလေပြီ။ လေရှိရာ ပျံ၍ရသော ငှက်ဘဝ၊ ရေရှိရာ ကူး၍ရသော ငါးဘဝတို့ကဲ့သို့၊ ငွေရှိလျှင် သွားချင်ရာ သွားနိုင်သည့် လူ့ဘဝတွင် ငွေမရှိသော ကျွန်တော်သည် စိုင်ကော်၍ ချုံပေါ်ရောက်ခဲ့ပြီ။

ငွေသည် အရာရာကို ဖန်တီးနိုင်သည်ဟု ထင်ရသော်လည်း

စေ့စေ့တွေးကြည့်ပါက ငွေဖြင့် မဖန်တီးနိုင်သောအရာ အချို့ရှိသည်ကိုလည်း တွေ့ရမည်ဖြစ်ပါသည်။ ငွေရှိလျှင် သွားလိုရာသွားနိုင်သည်ဟု ကျွန်တော်ဆိုခဲ့သော်လည်း ငွေရှိတိုင်းမသွားနိုင်သည့် နေရာများလည်း ရှိပါသေး၏။ ကန့်သတ်နယ်မြေ ကန့်သတ်နေရာများသည် ငွေရှိတိုင်း သွားမရနိုင်စကောင်း။ ချစ်ခြင်းမေတ္တာသည်လည်း၊ ထိုနည်းတူစွာသာ။

ခု ကျွန်တော်သည်၊ MV. BLUE CREST [အမ်ဗွီ ဘလူးခရက်(စ်)] သင်္ဘောအသစ်စက်စက်ပေါ်တွင် ရောက်နေခဲ့ပြီ။ စိတ်ကူးမျှပင် ယဉ်မကြည့်ခဲ့ဖူးသော နိုင်ငံခြားသင်္ဘောပေါ်တွင် ကျွန်တော်တာဝန် ထမ်းဆောင်နေရပြီ။ အိပ်မက်ပင် မမက်ခဲ့ဖူးသော အမ်ဗွီဘီလူးခရက်(စ်) သင်္ဘောပေါ်သို့ ပို့ပေးခဲ့ကြသူများမှာ ဘဝကြင်ဖော် ဖြစ်လာနိုင်ဖွယ်ရာရှိသော မနွယ်နီဦးနှင့် ကျွန်တော်တိတ်တခိုးမြတ်နိုး တွယ်တာနေမိသော ဒွေးတို့ပင်ဖြစ်ကြပါ၏။

ကျွန်တော်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၄၄၄၇ပေ အမြင့်တွင်တည်ရှိသော လွိုင်လင်မြို့တွင် ကျင်လည် ကြီးပြင်းခဲ့သူဖြစ်ပါ၏။ မြစ်မရှိ ချောင်းမရှိသော တောင်ပေါ်မှ တောင်ပေါ်သားကျွန်တော်သည် ယခုအနိမ့်ဆုံး ပင်လယ်ပြင်ပေါ် ရောက်နေခဲ့လေပြီ။

ရန်ကုန်မှ ဗန်ကောက် ဗန်ကောက်မှ ထိုင်းလေကြောင်းဖြင့် တရုတ်ပင်လယ်ကိုဖြတ်ပြီး ဟောင်ကောင်သို့လာခဲ့ရ၏။ ဟောင်ကောင် လေဆိပ်မှ တရုတ်ပြည် လေကြောင်းဖြင့် ရှန်ဟဲသို့ လာခဲ့ရ၏။ ရှန်ဟဲမြို့တွင် ကုမ္ပဏီက စီစဉ်ပေးသည့် ဟိုတယ်၌ (၉) ရက်ခန့်နေခဲ့ရ၏။

ကျွန်တော်တို့ ရှန်ဟဲသို့ ရောက်လာသည့်တိုင် အမ်ဗွီဘလူးခရက်(စ်) ပင်လယ်ကူးသင်္ဘောကြီးက တည်ဆောက်ဆဲ၊ သင်္ဘောတည်ဆောက်မပြီးသေး၍ ရှန်ဟဲတွင် စောင့်နေရခြင်းဖြစ်၏။ အမ်ဗွီဘလူး ခရက်(စ်)သင်္ဘော အသစ်စက်စက်ကို မြန်မာ Captain (ကပ္ပတိန်) သောင်းထွန်းနှင့် မြန်မာ Seond Engineer (စက္ကန်းအင်ဂျင်နီယာ) မျိုးလွင်တို့က တာဝန်ယူပြီး တရုတ်နိုင်ငံ ရှန်ဟဲဆိပ်ကမ်းတွင် ရေချခဲ့သည်။

ရှန်ဟဲမှ အမ်ဗွီဘလူးခရက်(စ်)သင်္ဘောဖြင့် ဂျပန်နိုင်ငံ ကိုဘီးဆိပ်ကမ်းသို့ ထွက်ခွာခဲ့၏။

လှော်ချင်းရေယာဉ်ဖြင့် အမာသို့ အပြန်လမ်း (ပင်လယ်ဘက်)မှ တစ်ခေါက်သာ သွားဖူးသော၊ မော်တင်စွန်းဘုရားပွဲသို့ ပြင်ခရိုင် ဟိုင်းကြီး (ပင်လယ်ဘက်) မှ နှစ်ခေါက်မျှသာ သွားဘူးသော ကျွန်တော်သည် ရှန်ဟဲမှ ကိုဘီးအသွားတွင် ရာသီဥတုကောင်းမွန်နေသဖြင့် ပင်လယ်ခရီးသွားရသော်လည်း ထူးထူးခြားခြား မဖြစ်ပေါ်မခံစားခဲ့ရပါ။

ကိုဘီးဆိပ်ကမ်းတွင် ကားအသစ်များတင်ပြီး ပစိဖိတ်သမုဒ္ဒရာကိုဖြတ်၍ တောင်အမေရိကတိုက်ရှိ အီကွေဒေါ်နှင့် ချီလီဆိပ်ကမ်းများသို့ ကားများသွားပို့ခဲ့ရပါသည်။ ဂျပန် ကိုဘီးဆိပ်ကမ်းမှ ပစိဖိတ်သမုဒ္ဒရာကိုဖြတ်၍ တောင်အမေရိကတိုက်သို့ သွားရသည့်ခရီးစဉ်တွင် ပင်လယ်ကူး သင်္ဘောသား အသစ်ကျပ်ချွတ် ကျွန်တော်လူးနေအောင် ခံစားခဲ့ရပါ၏။ လှိုင်းမူးပြီး အန်ခဲ့သည်မှာလည်း မြင်မကောင်း ရှုမကောင်းအောင် ဖြစ်ခဲ့ရပါ၏။ ဤခရီးစဉ်သွားချိန်မှာ မိုးရာသီမဟုတ်၍ တော်သေးတော့၏။

စားသမျှအန်သည့်အပြင် သင်္ဘောကြီးမြုပ်သွားပြီးလားး

ပင်လယ်ကူးသင်္ဘောသား ဇာတ်အသွင်းခံရသကဲ့သို့ ခံစားခဲ့ရပါ၏။ တကယ်တော့ ပင်လယ်ကူး သင်္ဘောသား အသစ်ကျပ်ချွတ် ကျွန်တော်အဖို့ အမ်ဗွိဘလူးခရက်(စ်) သင်္ဘောတွင် စတင်လိုက်ပါခဲ့ရသည်မှာ ကံကောင်းလွန်းပါ၏။

အဘယ်ကြောင့်ဆိုပါမူ သင်္ဘောကပ္ပတိန်သောင်းထွန်းပါအပါအဝင် သင်္ဘောသား (၂၀) ဦးမှာ မြန်မာများချည်းဖြစ်နေသောကြောင့်ဖြစ်ပါ၏။ Chief Engineer (ချိ(ပ်)အင်ဂျင်နီယာ)မှာ ဩစတြီးယားလူမျိုး၊ သောမတ်(စ်)ကလက်တီး ဖြစ်ပါသည်။ ရှန်ဟိုင်းမှ လိုက်လာသော တရုတ်လူမျိုး မစ္စတာရှင်းသည် အမ်ဗွိဘီလူး ခရက်(စ်) သင်္ဘောတွင် စက်ပျက်ပါက လိုအပ်သည့် စက်ကရိယာများ အပိုပစ္စည်းများမှာ ပေးရသူဖြစ်သကဲ့သို့ သင်္ဘောပေါ်မှာ ဖြစ်ပေါ်သည့် ပြဿနာအဝဝကို ကိုင်တွယ်ဖြေရှင်းပေးနိုင်သူလည်း ဖြစ်ပါသည်။

သင်္ဘောပေါ်တွင် အခြားပါလာသူ သုံးဦးလည်း ရှိပါသေး၏။ United Nations Division of Narcotic Drugs နှင့် Drug Enforcement Administration တို့မှ မူးယစ်ဆေးဝါး စုံစမ်းစစ်ဆေးရှာဖွေသူများ ဖြစ်ကြပါ၏။

ကုန်းပတ်ပိုင်းတွင် Chief Officer (ချိ (ပ်)အော်ဖဆာ) အပါအဝင် အရာရှိအားလုံးနှင့် သင်္ဘောသားအားလုံးအနက် ကပ္ပလီနှစ်ဦးမှလွဲ၍ ကျန်သူများမှာ မြန်မာများချည်း ဖြစ်ကြပါ၏။ စက်ပိုင်းတွင်လည်း ချိ(ပ်)အင်ဂျင်နီယာ တစ်ဦးသာ ဩစတြီးယားလူမျိုးဖြစ်ပြီး ကျန်သူများမှာ မြန်မာများချည်း ဖြစ်ကြပါ၏။

မြန်မာများချည်း ဖြစ်၍လည်း တာဝန်ချိန်တွင် လက်မ



လည်အောင် လုပ်ရသော စက်ခန်းတာဝန်များကို ကျွန်တော်လှိုင်းမူးပြီးလဲကာ အော့အန်နေချိန်တွင် ကျန်သူများက ဝိုင်းလုပ်ခဲ့ကြခြင်း ဖြစ်ပါ၏။ မြန်မာလူမျိုးချင်းဖြစ်၍သာ ကျွန်တော်အားအနားပေးပြီး သူမော ငါကူစနစ်ဖြင့် လုပ်ကိုင်ခဲ့ကြခြင်း ဖြစ်ပါ၏။ Third Engineer (သာ့(ဒ်)အင်ဂျင်နီယာ) ကိုမင်းညွန့် ပြောပြချက်အရ မြန်မာနည်းသော သင်္ဘောများတွင် လှိုင်းမူးတာ နေမကောင်းတာ နားမလည် အလှည့်ကျ နွားမပင် ရုန်းရသည့်ပုံ ဆောင်ရွက်ရကြောင်း သိရှိရပါသည်။ အမ်ဗွိဘလူး ခရက်(စ်)ပေါ်တွင် သင်္ဘောသားအဖြစ် စတင်မွေးဖွားခဲ့ရသော ကျွန်တော်ဘဝသည် ကံကောင်းလွန်းလေစွ။

အတွေ့အကြုံက စကားပြောသည်ဟု ထင်ပါသည်။ အရည်အချင်းသည် အတွေ့အကြုံများစွာပေါ် မူတည်၍တောက်ပြောင်ပြည့်ဝလာသည်ဟု ယူဆမိပါသည်။ ပစိဖိတ်သမုဒ္ဒရာအတွင်း ကြောက်မက်ဖွယ်ရာ လှိုင်းလေတို့၏ အန္တရာယ်ကို နေ့စဉ်လိုလို ကြိမ်ဖန်များစွာ တွေ့ကြုံလာရသောအခါ ရိုးစင်းသွားပါတော့သည်။ ကြောက်စရာဟု မမြင်မိတော့ပါ။ လှိုင်းမူးခြင်း ထိန့်လန့်အားငယ်ခြင်းတို့အား အတွေ့အကြုံတို့က ဆေးကြောလျှော်ဖွတ်ပစ်ခဲ့ပါလေပြီ။ အတွေ့အကြုံများလာသည့်အခါ ကိုဘီးမှ တောင်အမေရိက ခရီးစဉ်တွင် ခံစားခဲ့ရသော ဝေဒနာမျိုး မခံစားရတော့ပါ။ ပစိဖိတ်သမုဒ္ဒရာတွင် ကြုံတွေ့ခဲ့ရသည့် လှိုင်းလေပြင်းထန်ပုံမျိုးနောက်တစ်ကြိမ်တွေ့ရသည့်အခါ လှိုင်းမူးအော့အန်မှုမရှိ ကြောက်ရွံ့ထိတ်လန့်မှုမရှိ အားငယ်ပူပန်မှုမရှိတော့သည့်အပြင် တွင်းသင်းတိုက်ဝန်မဟာစည်သူ၏ မဟာဇနက္ကပျို့ကိုပင် သတိရလာပြီး

မဟာဇနက္ကပျို့မှ “ပင်လယ်ဇွေဝယ် လေလည်း လေရှူး ရှေးထက်ထူး၍ ဘယ်ကူးညာယှက် တိမ်ညိုခက်နှင့် မိုးသက်ကဆင် နှင်းလွင်ကမှိုင်း မှန်တိုင်းကဟုတ် ဝဲကစုတ်သော် မျှော့ကုတ်သံပတ်ပြက်ခဲ့ လက်မိုး ကျိုးခဲ့ဒကူ” ဟူသော စာတစ်စကို သတိတရ စိတ်လိုလက်ရ ရွတ်ဆိုလာတတ်ခဲ့ပါသည်။

အမ်ဗွီဘလူး ခရက်(စ်)သင်္ဘောမှာ အအေးခန်း သင်္ဘောဖြစ်ပါသည်။ ကုန်ရလျှင်ရသလို တင်သွားရသည့်အတွက် ဂျပန်နိုင်ငံ ကိုဘီးဆိပ်ကမ်းမှ ကားများတင်သွားခဲ့ခြင်းဖြစ်ပါသည်။

ကျွန်တော်တို့သင်္ဘောသည် တောင်အမေရိက ချီလီမှ ပနားမားတူးမြောင်းကိုဖြတ်ပြီး အမေရိကန်နိုင်ငံ အရှေ့ခြမ်းဖြစ်သည့် ဖလော်ရီဒါ တန်ပါမြို့များနှင့် တောင်အမေရိကတိုက် ကိုလံဘီယာသို့ အစုန်အဆန် သွားလာခဲ့ရပါသည်။ ငှက်ပျောသီးများကို ကိုလံဘီယာမှတင်ပြီး ဖလော်ရီဒါ တန်ပါတွင်ချပါသည်။ မက္ကဆီကိုအရှေ့ခြမ်းရှိ ဂဲလ်ဗက်စတန်မြို့တွင်လည်း ငှက်ပျောသီးများ ချပေးရပါသည်။ ငှက်ပျောသီးတင်ရတော့ မြန်မာပြည်မြစ်ဝကျွမ်းပေါ်ကို သတိရလာသည်။ ပြီးတော့ ဒွေး၊ ပြီးတော့ နွယ်နီဦး၊ တန်ပါမှ ကိုလံဘီယာသို့ အပြန်တွင် စက္ကူလိပ်ကြီးများ တင်ဆောင်ခဲ့ရလေ့ရှိပါသည်။ ထိုခရီးစဉ် တစ်လျှောက်တွင် မူးယစ်ဆေးဝါးလုံခြုံရေးအဖွဲ့က အထူးဂရုစိုက် စစ်ဆေးခဲ့ကြပါသည်။

အမ်ဗွီဘလူး ခရက်(စ်)သင်္ဘောပေါ်မှာ သံပတ်ပေးထားသည့် စက်ရုပ်ပမာ ကျွန်တော်တို့ လှုပ်ရှားခဲ့ကြရပေမယ့် ပြဿနာတစ်စုံတစ်ရာ မရှိဘဲ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပျော်ပျော်ရွှင်ရွှင်ရှိခဲ့ကြပါသည်။

ပင်လယ်ကူးသင်္ဘောသားအဖြစ် နေသားကျလာသော



ကျွန်တော်သည် ပြည်တွင်းရေကြောင်း ရေယာဉ်များတွင် စက်ခန်းအုပ် တာဝန်ယူရစဉ်ကဲ့သို့ပင် လုပ်ငန်းလည်း ကျွမ်းကျင်လာခဲ့ပါသည်။

ကျွန်တော်၏အဓိက အလုပ်တာဝန်မှာ စက်ခန်းမှ စက်ကရိယာများ တပ်ဆင်ပေးရခြင်းဖြစ်ပါ၏။ ထိုသို့ စက်ကရိယာများ စစ်ဆေးတပ်ဆင်ရာတွင်လည်း စက္ကဲ (န်) အင်ဂျင်နီယာနှင့် တွဲ၍ လုပ်ကိုင်ရပါ၏။ စက္ကဲ (န်) အင်ဂျင်နီယာ၏အမိန့်ကို နာခံရပါ၏။

ကျွမ်းကျင်ရာ လိမ္မာဖြစ်လာ၍လည်း သင်္ဘောပေါ် တက်ခါစနှင့်မတူ သင်္ဘောသားဘဝ အနေကြာလာလေ အချိန်ပိုလေးများ ရလေဖြစ်လာခဲ့ပါ၏။ အချိန်အားရတိုင်း သင်္ဘောမတက်မီ ရန်ကုန်မှ ကျွန်တော် ဝယ်ယူလာခဲ့သော ကဗျာစာအုပ်မျိုးစုံနှင့် ဒဿနစာအုပ်များကို ကျွန်တော် Cabin [ကေဘင်(န်)]ထဲ၌ ဖတ်ဖြစ်လာခဲ့ပါ၏။ ရှန်ဟဲတွင်နေခဲ့စဉ်က ဒွေးနှင့် နွယ်နီဦးထံ လမ်းခရီးအတွေ့အကြုံများကို အဦးဆုံး စာတစ်စောင်စီရေး၍ စာတိုက်မှ ပို့ပေးခဲ့ပါသည်။ စာထည့်ရန်အခွင့်သာသည့် ဆိပ်ကမ်းမြို့များရောက်တိုင်း ဒွေးနှင့် နွယ်နီဦးတို့ထံ စာရေးစာထည့်ခဲ့ပါသည်။ ကျွန်တော် သူတို့နှစ်ဦးထံ ရေးသည့်စာများတွင် ခရီးစဉ်အတွေ့အကြုံနှင့် ရောက်ရှိသည့် မြို့များအကြောင်းသာများပါသည်။

ဒွေးဆီရေးသော စာများတွင်သာ ကြင်နာမှု အရိပ်အငွေ့များ ယှက်သန်းသည့် စကားလုံးများသုံး၍ ရေးခဲ့ပါသည်။ ဒွေးနှင့် နွယ်နီဦးတို့ဆီမှ ပြန်လာသော စာများတွင်လည်း အချုပ်အားဖြင့် ဆိုရသော် သီချင်တာမေးကြ၍ ခနုဖြူသူတို့ ပတ်ဝန်းကျင်တွင် ထိတွေ့ဖြစ်ပျက်မှုများသာ ဖြစ်ပါသည်။

ကျွန်တော်သည် စက်ခန်းမကြီးတာဝန်မှူး တာဝန်ကို သာ့(ဒ်) အင်ဂျင်နီယာ ကိုမင်းညွန့်အား လွှဲပေးခဲ့ပြီးနောက် ကေဘင်(န်)ဆီသို့ ပြန်လာခဲ့သည်။ ကေဘင်(န်)ထဲတွင် သည်နေ့ ရောက်လာသော ဖေဖေ့စာကိုကြည့်ရင်း ကျွန်တော်၏စိတ်တွေ ပြင်းထန်စွာ လှုပ်ရှားခဲ့ရသည်။ ကျွန်တော်သည် ကေဘင်(န်)ထဲမှ အိပ်ယာပေါ်တွင်လှဲအိပ်ရင်း ဖေဖေ့စာကိုမဖောက်ဘဲ အကြာ ချည်း ကြည့်နေမိပါသည်။

ကျွန်တော်၏မျက်လုံးတို့သည် စာအိတ်ပေါ်မှ ဖေဖေ့ လက်ရေးလေးများကို ငေးစိုက်ကြည့်နေလင့်ကစား ကျွန်တော် အတွေးတို့သည် ပုန်းလျှိုးကွယ်ပျောက်ခဲ့သော ကျွန်တော်အား မတွေ့တွေ့အောင် လိုက်ရှာနိုင်ခဲ့သော ဖေဖေ့ဆီရောက်နေခဲ့ပါ သည်။

ဖေဖေ ကျွန်တော်မြတ်နိုးတွယ်တာခဲ့ရပါသော ဖေဖေ။ မိန်းမတစ်ယောက်ကြောင့် မြတ်နိုးတွယ်တာစရာ ဖေဖေအား မေ့ထားခဲ့မိသည့် ကျွန်တော်ဘဝထဲမှ ဖေဖေအား ဖယ်ထုတ်ထားခဲ့ မိသည့် ကျွန်တော့်ကို ကျွန်တော်မကျေမနပ် ဖြစ်လာမိ၏။ စာအိတ် ကို ကိုင်ကြည့်နေရင်း ရင်ထဲတွင် ဆို့တစ်ဝမ်းနည်းလာမိ၏။ မျက်ဝန်းတွင် ဝေ့သီလာသော မျက်ရည်စတို့ကို လက်ခုံဖြင့် သုပ်လိုက်ပြီး ဖေဖေ့စာအား ဖြေးညှင်းစွာ ဖောက်ဖတ်လိုက်၏။ ဖေဖေ့အချစ်ဆုံး သား . . . .

ဖေဖေ့သားလေး ပင်ပန်းနေရှာ့ပေါ့နော်၊ ဟိုတုန်းကတော့ သင်္ဘောသားအလုပ်ဆိုတာ အပင်ပန်းဆုံး၊ အန္တရာယ်အများဆုံး အလုပ်ပဲသား၊ ပေပေတေတေ နေနိုင်သူတွေမှ လုပ်နိုင်တာ၊ ခြေမွေးမီးမလောင် လက်မွေးမီးမလောင်နေခဲ့ရတဲ့ သားလေး အခု



ပင်လယ်ထဲမှာ အန္တရာယ်အမျိုးမျိုးကြားထဲမှာ ခက်ခက်ခဲခဲ ပင်ပင် ပန်းပန်း လုပ်နေရပြီနော်၊ ခုလို သားဒုက္ခရောက်ရတာ ဖေဖေ့ အပြစ်တွေပါ၊ ဖေဖေ့ကြောင့်ပါ။

ဘာမဟုတ်တဲ့ ကိစ္စလေးတစ်ခုကြောင့် သားလေးဒုက္ခ မျိုးစုံ ကြုံခဲ့ရမှာပဲနော်၊ တွေးမိလေ ဖေဖေ့ကို ဖေဖေခွင့်မလွှတ် နိုင်လေပါ၊ မစူးမစမ်းတဲ့ အမေးအမြန်းမခံတဲ့ ဖေဖေကြောင့် သားလေးပညာရေး ပန်းတိုင်ကိုလည်း ဆုံးတိုင်မသွားနိုင်ဘူးနော်၊ သားသူငယ်ချင်းတွေပြောပြမှ ဖေဖေ့အမှားဆိုတာ ရေဇလားကြီး က သက်သေခံသွားတယ်သား အဖြစ်မှန်သိတဲ့နေ့ကဆို ဖေဖေ့ ကိုဖေဖေ ခွင့်မလွှတ်နိုင်လို့ တိုင်နဲ့ခေါင်းနဲ့ဆောင့် ငိုမိတဲ့အထိပါ၊ ခေါင်းကွဲဖူးရောင်တဲ့အထိ ဖေဖေ့ကိုဖေဖေ အပြစ်ပေးခဲ့ပါတယ် သား။

သားထွက်သွားတဲ့နေ့ကစပြီး ဒီနေ့ထိ ဖေဖေလေ စိတ်ဆင်း ရဲကြီးစွာ ခံစားနေရပါတယ်သား၊ သားထွက်သွားတဲ့နေ့ကဆို ညပိုင်းသား ပြန်မရောက်လာတော့ ဖေဖေ ရူးသွားမလား အောက်မေ့ရလောက်အောင် ခံစားခဲ့ရပါတယ်၊ ရင်ထဲမှာ မီးတောင် ပေါက်ကွဲနေသလို ခံစားခဲ့ရတာပါ၊ အဲဒီညက ဖေဖေဟာတစ်ရေး မှ မအိပ်လိုက်ရပါဘူး၊ တစ်ညလုံး လှိုင်လင်တစ်မြို့လုံးနှံ့အောင် ဖေဖေသားကို လိုက်ရှာခဲ့ပါတယ်၊ သားသူငယ်ချင်း အိမ်မှန်သမျှ ကျောင်းသူမိန်းကလေးတွေရဲ့ အိမ်တွေပါမကျန် တစ်ညလုံးလျှောက်နိုး ပြီး သားကိုရှာခဲ့တာပါ၊ သားသူငယ်ချင်း ခင်မောင်သော်တို့ မောင်တင့်လွင်တို့ စိုင်းဩစိန္တာတို့ စိုင်းဝင်းလှိုင်တို့ပါ အဲဒီညက မအိပ်ကြပါဘူး၊ ဖေဖေကိုဝိုင်းကူပြီး သားကို လိုက်ရှာပေးကြပါတယ်၊

ဖေဖေ့အကြောင်းလည်း သား သိပါတယ်လေ၊ ဖေဖေဟာ အလွန်မတန် အားနာတတ်တဲ့သူပါ။ သားဇောကြောင့် ဖေဖေဟာ အဲဒီညက အားနာရကောင်းမှန်း မသိတော့ဘူးလေ၊ သူများတွေ အိပ်ကောင်းနေတာလည်း မစဉ်းစားမိတော့ဘူး။ ဖေဖေသားကို တွေ့ချင်ဇောနဲ့ အိမ်ပေါက်စေ့ လျှောက်နိုးမေးမိခဲ့တဲ့ အဆင့်ထိပါသား။

ဖေဖေကောင်းကောင်းကြီး မှတ်မိပါသေးတယ်။ ဖေဖေဟာ ရဲစခန်းတို့ စစ်တပ်တို့ရှေ့ မလွှဲမကင်းသာလို့ လျှောက်ရရင်တောင် ခေါင်းငုံ့လို့ပဲဖြစ်ဖြစ် တစ်ဖက်မျက်နှာလှည့်လို့ပဲ ဖြစ်ဖြစ်သွားခဲ့တဲ့သူပါ။ အဲဒီညကတော့ ဖေဖေဘာစိတ်တွေပေါက်လို့ ဘယ်လိုဖြစ်သွားတယ်မသိဘူး အဲဒီညက ရဲစခန်းဝင်းထဲလည်း ရောက်ခဲ့တယ်။ မြို့နယ်မှူး စခန်းမှူးအိမ်လည်း ဝင်ခဲ့တယ်၊ စခန်းမှူးသား မောင်တင့်လွင်ကဆို အံ့သြလို့၊ မြို့နယ်မှူးသမီး ဘာသဇင် အော်သဇင်ဝါကလည်း အံ့သြနေတာပါပဲ၊ ပြီးတော့ ဖေဖေလေ သားသူငယ်ချင်း ဇော်လွင်ဟိန်းရှိတဲ့ ခလရ (၁၂) ထဲလည်းရောက်ခဲ့တယ်၊ ခလရ (၉)က ဗိုလ်မှူးသား မောင်သစ်လွင်အိမ်ကိုလည်း ရောက်ခဲ့တယ်၊ အဲဒီညက ဖေဖေ့ပယောဂကြောင့် အသံချဲ့စက်နဲ့ မကြော်ငြာရဘဲ သားပျောက်သွားတာ လွိုင်လင်တစ်မြို့လုံး သိသွားခဲ့တယ်သား။

မနက်မိုးလင်းတော့ သားသူငယ်ချင်းတွေနဲ့ ဖေဖေဟာ မြကန်သာဆီပြေးခဲ့ကြတယ်၊ မြကန်သာ ကမ်းစပ်တစ်လျှောက် ပတ်ပတ်လည် ဖေဖေပြေးလွှားပြီးရှာခဲ့တယ်၊ ဖေဖေ့ဟာ အရူးတစ်ပိုင်းပါသားရယ်၊ သားလေး ရေထဲဆင်း သေလေသလားပေါ့၊ မြကန်သာမှာ ဘာမှထူးခြားတာ မတွေ့တော့ သားသူငယ်ချင်း



တစ်ချို့ကို မြကန်သာမှာ အစောင့်ထားခဲ့ပြီး ဖေဖေဟာ လွိုင်လင်ကားဂိတ်ပြေးစုံစမ်းခဲ့ပေမယ့် သားနဲ့ပတ်သက်လို့ ဘာသတင်းမှ မရခဲ့ပါဘူး။ သားသူငယ်ချင်း စိုင်းဆန်လူတို့အဖွဲ့ကို ပင်လုံသွားစုံစမ်းခိုင်းပြီး ဇော်လွင်ဟိန်းတို့အဖွဲ့ကို နမ့်စန်မြို့ကိုလွှတ်ခဲ့တယ်၊ ဖေဖေရယ်၊ မောင်တင့်လွင်ရယ်၊ စိုင်းဆိုင်မိန်းရယ်၊ ခင်မမရယ်၊ နန်းကောင်တစ်ရယ်၊ နန်းနော်ခမ်းရယ်က တောင်ကြီးတက်ရှာခဲ့တယ်၊ ခင်မမတို့ မိန်းကလေးသုံးယောက်ကို မလိုက်ခဲ့ဖို့ ဖေဖေကတားပေမယ့် မရဘူး၊ သားအပေါ် သံယောဇဉ်ကြီးခဲ့တဲ့ သူတို့ဟာ တောင်ကြီးအတင်းလိုက်လာပြီး နေရာစုံဝိုင်းကူ ရှာပေးခဲ့တယ်၊ စိုင်းအိုက်ကျော်နဲ့ စိုင်းလိတ်က ဆိုင်ကယ်တစ်စီးနဲ့ မိုင်းပွန်နဲ့ ဟိုပုံးမှာ ဝင်ရှာခဲ့တယ် သား။

ဖေဖေဟာ နေမြင့်လေ အရူးရင့်လေဖြစ်ခဲ့ရပါတယ်သား၊ နွားပျောက်ခလောက်သံ ကြားဆိုသလို ဖေဖေ့အာရုံထဲမှာ သားအသံသား ရုပ်ရည်ဟာအမြဲပေါ်နေခဲ့ပါတယ် သားနဲ့ဆင်ဆင်တူတာ လှမ်းမြင်မိသမျှ “သားလေး - စဝ်ထွန်းနိုင်” လို့လှမ်းအော်ခေါ်မိသလို ပြေးလိုက်လို့လည်း ကြည့်ခဲ့ပါရဲ့ ဖေဖေဟာ တကယ့်အရူးပါသားရယ် ဖေဖေ့ကို ဖေဖေလည်း ရူးသွားပြီလို့ထင်ခဲ့မိပါတယ်။

ဘယ်မှာမှရှာလို့မရတော့ ဖေဖေအိပ်လို့လည်း မပျော်တော့ဘူး၊ အစာလည်းစားချင်စိတ် မရှိတော့ဘူး၊ နန်းစံပေါင်းကိုလည်း ဖေဖေဟာ တစ်လကျော်လိမ့်မယ်ထင်တယ်၊ စကားတစ်ခွန်းမှ မပြောဘဲနေခဲ့တယ်၊ သားစိတ်ကြောင့် ဖေဖေသူ့ကို စိတ်နာခဲ့တယ်၊ ဖေဖေလေ သားကိုပြန်လာဖို့ သတင်းစာထဲလည်း

ကြော်ငြာထည့်ခဲ့ပါတယ်သား၊ သားသတင်းစာထဲက ဖေဖေ့ကြော်ငြာမဖတ်မိခဲ့ဘူးလားဟင်-

သားစိတ်နဲ့ ဖေဖေဟာ အိမ်မှာတစ်လကျော်လဲနေခဲ့တယ်၊ အခြေအနေဆိုးလာတော့ လှိုင်လင်ဆေးရုံကို နန်းစံပေါင်းက အတင်းတင်တယ်လေ၊ ဖေဖေ့စိတ်ထဲမှာ သားကိုလွမ်းဆွတ်တဲ့စိတ်ကြောင့် ရင်ကွဲနာကျ သေသွားလိမ့်မယ်လို့ ထင်ခဲ့တယ်။ ဒီတောင်က ကျော်နိုင်မယ်လို့ မထင်တဲ့အထိပါ၊ ဆရာဝန်ကြီးရဲ့ ပြုစုကုသမှု အားပေးနှစ်သိမ့်မှုနဲ့ နန်းစံပေါင်းရဲ့ သနားစရာဘဝ အခြေအနေတွေ ပြန်စဉ်းစားခဲ့မိမှ ပျောက်သောသူရှာရင် တွေ့နိုင်သားပဲဆိုတဲ့ အသိဝင်လာပြီး နန်းစံပေါင်း ပြုစုတာပြန်လက်ခံလို့ ထူထူထောင်ထောင် ဖြစ်လာခဲ့တာပါ သား။

ဆေးရုံမတင်ခင်ကဆို နန်းစံပေါင်းတိုက်တဲ့ဆေး၊ ကျွေးတဲ့ အစာ ဘာတစ်ခုမှ မစားမသောက်ခဲ့ဘူးလေ၊ သားအဒေါ်စဝ်သူဇာ လာပြုစုတာ လက်ခံခဲ့လို့ ဆေးရုံအထိ အသက်ပါလာတာ။ စဝ်သူဇာ သာလာမပြုစုရင် ဖေဖေဟာ သားစိတ်ကြောင့် အိမ်မှာတင်သေခဲ့ပြီးပေ့ါ ခုလောက်ကြာ အရိုးဆွေးလောက်ရော့ပေ့ါ။

အဲဒီတုန်းက နန်းစံပေါင်းရဲ့ အခြေအနေဟာ တကယ်တော့ သနားစရာကောင်းခဲ့ပါတယ် သား။ သားအပေါ် သူဆိုးခဲ့ကောက်ကျစ်ယုတ်မာခဲ့တာတွေ ဖေဖေ့ကိုဖွင့်ပြောပြီး တောင်းပန်ခဲ့ပါတယ်၊ အဲဒီအချိန်မှာ သူ့မှာကိုယ်ဝန်သုံးလရှိနေပြီလေ၊ ခု သားညီလေးက ၁၁ နှစ်ထဲ ရောက်နေပြီ၊ လေးတန်း ဖြေပြီးပြီလေ၊ သားညီလေးက သားနဲ့ အတော်တူပါတယ်၊ သားလိုစာလည်း တော်တယ်လေ။



ဖေဖေ့မှာ သားကို သေသည် ရှင်သည် မသိရတော့သားနဲ့ တူတဲ့ညီလေးကို သားအလွမ်းပြေ ကြည့်နေခဲ့ရတယ် ချစ်ခဲ့ရပါတယ်သား သားညီလေးရခဲ့ပေမယ့် ဖေဖေဟာ သားကို တစ်နေ့မှ မမေ့ခဲ့ပါဘူး သားတစ်နေ့ ပြန်လာလိမ့်မယ်လို့ ထင်နေခဲ့မိတယ်။ သားပြန်အလာကို ဖေဖေမသေခင်ထိ မျှော်နေမှာပါ။

သားသူငယ်ချင်းတွေကိုတွေ့တိုင်း ဖေဖေ မျက်ရည်ဝိုင်းခဲ့ရတယ်၊ သားကို လွမ်းဆွတ်အောက်မေ့လွန်းလို့ အမြဲလိုလို ငိုကြွေးခဲ့ရတာပါသား၊ နေစိမ့်တဲ့ သားကြီးရယ် ဖေဖေ့ကို စိမ်းရက်လိုက်တာ၊ ဖေဖေ့ကို တအားမုန်းနေသလားဟင် အမှတ်ကြီးလှချည်လား ခုထိဖေဖေ့ကို စိတ်ဆိုးမပြေသေးဘူးလား သားရယ်။

သားစိတ်ဆိုးမပြေမယ်ဆို မပြေလောက်စရာ ဖေဖေ အချစ်ပေ့ါခဲ့မိတာကိုး၊ ဖေဖေ့ကို ခွင့်လွှတ်တော့နော်၊ သားကို စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် ဖေဖေလုပ်ခဲ့မိလို့ ဖေဖေလည်း သေလုမျောပါး စိတ်ဒုက္ခ ကိုယ်ဒုက္ခကြုံခဲ့ရပြီးပါပြီ၊ ကျေပါတော့၊ အမျက်တွေ ပြေပါတော့နော်သား၊ သားမြန်မာပြည်ပြန်လာရင် ဖေဖေ့ဆီ အရင်ပြေးလာခဲ့ပါ၊ နန်းစံပေါင်းလည်း အသက်တွေ ရလာပြီမို့ အရင်လို မဟုတ်တော့ပါဘူး သားလေးကို ပြန်လာဖို့ ပြောပေးပါတဲ့၊ သားကို သူဆိုးခဲ့သမျှ တောင်းပန်ချင်လို့ပါတဲ့၊ ရန်သူတောင် အလံဖြူပြလက်နက်ချရင် ကျေအေးခွင့်လွှတ်ရသေး တာပဲ သား၊ သား လှိုင်လင်ပြန်လာရင် ခွင့်လွှတ်တတ်လာမှာပါ၊ ဆက်ဆက် ပြန်လာနော်၊ ဖေဖေ မျှော်နေမယ်။

ဩော် - သားနဲ့တွေ့လိုက်ရလို့ ရင်ထဲရှိတာတွေ တစ်ဆက်တည်း ရေးပြောနေလိုက်တာ၊ ခုလိုသားနဲ့ အဆက်အသွယ်

ရအောင် လိပ်စာပေးရှာတဲ့ဓနုဖြူက မစပယ်ငွေးဆိုတဲ့ မိန်းကလေးကို ကျေးဇူးတင်တဲ့အကြောင်းတောင် သားကိုမပြောရသေးဘူး၊ ခုသားဆီ စာမရေးခင်ကလေးတင် မစပယ်ငွေး စာဖတ်ပြီးပြီးချင်း သားဆီ စာကောက်ရေးလိုက်တာပဲသား သားဆီရေးပြီးမှ မစပယ်ငွေးဆီကို အလွန်ကျေးဇူးတင်တဲ့အကြောင်း စာပြန်ရေးလိုက်မယ်နော်။

မစပယ်ငွေး စာထဲမှာ သားကပြောပြထားလို့ ဖေဖေတို့ သားအဖအကြောင်း သိထားတာကြာပါပြီတဲ့၊ သားက ဖေဖေလိပ်စာမပေးတော့ သားအဖနှစ်ယောက် အဆင်ပြေစေချင်တဲ့ ဆန္ဒတွေ ရှိပေမယ့် စာမရေးနိုင်ခဲ့ဘူးတဲ့၊ သားကိုနိုင်ငံခြား သင်္ဘောသားဖြစ်အောင် ငွေရေးကြေးရေးကအစ အစစကူညီတဲ့ ဓနုဖြူက မန္တယ်နီဦးအကြောင်းလည်း ရေးပြောထားပါတယ်။ သား နိုင်ငံခြားသင်္ဘောသားဖြစ်ဖို့အတွက် မန္တယ်နီဦးတို့ သင်္ဘောပေါင်ထားတဲ့ အိမ်ကို အတိုးဆပ်ဖို့ မန္တယ်နီဦးခေါ်လို့ မစပယ်ငွေး လိုက်သွားရာက မောင်ကျော်သက်နဲ့ တွေ့ခဲ့တာတဲ့။ မစပယ်ငွေး ရေးပြောမှ ဖေဖေဟာ မောင်ကျော်သက်ကို သတိရတော့တယ် သားရယ်။

သားရဲ့အချစ်ဆုံးသူငယ်ချင်းကို ဖေဖေ မေ့နေခဲ့တယ် မေ့မယ်ဆိုရင်လည်း မေ့ထိုက်တယ်လေ မောင်ကျော်သက်တို့က ပြောင်းသွားတာ ကြာပြီမဟုတ်လား၊ ဦးခင်မောင်ကျော် ဒေါ်မေမေသက်တို့ကို ဖေဖေ ဘယ်မေ့တော့ မေ့ပါ့မလဲ၊ လှိုင်လင်မှာ သစ်တော



အရာရှိအဖြစ် သားကြီးမောင်ကျော်ထက် မမွေးခင်ကတည်းက နေသွားတာ ဘယ်မေ့ပါ့မလဲ၊ မောင်ကျော်ထက်ရော မောင်ကျော်သက်ပါ ဖေဖေတို့လက်ပေါ်ကြီးခဲ့တာပဲ၊ တစ်ယောက်နဲ့ တစ်ယောက် အဆက်အသွယ်ပြတ်သွားလို့သာ ဘယ်မှာနေမှန်းမသိကြတာ။

မောင်ကျော်သက်ဆီကရတဲ့ လိပ်စာနဲ့ ဖေဖေ့ဆီ စာထည့်လိုက်တာလို့ မစပယ်ငွေးက ရေးပြောထားပါတယ်၊ မောင်ကျော်သက်က ခု နိုင်ငံခြားသင်္ဘောတစ်စင်းမှာ Second officer ဖြစ်နေပြီဆို သားတို့ နှစ်ယောက်ဟာ ကြုံကြုံဖန်ဖန် တောင်ပေါ်ကနေ ပင်လယ်မှာ ပြန်ဆုံကြတာကိုး၊ မောင်ကျော်သက် မိဘများဆီလည်း ဖေဖေ စာရေးလိုက်ပါအုန်းမယ်။

ကဲ သားရေ စာလည်းရှည်လှပြီ၊ သားကျန်းမာရေး ဂရုစိုက်ပါ၊ စက်နဲ့အလုပ်လုပ်ရတာဆိုတော့ သတိရှိပါစေနော်၊ မပေါ့မလျော့နဲ့၊ သားရဲ့ကျေးဇူးရှင် မန္တယ်နီဦးတို့သားအမိအပေါ် မေတ္တာအမြဲပို့ပေးပါ၊ ဖေဖေလည်း မေတ္တာပို့ပေးနေပါမယ်။ သားနဲ့ ဖေဖေ ခုလိုပြန်ဆုံဆည်းအောင် ဆက်သွယ်ပေးတဲ့ မစပယ်ငွေး ကိုလည်း မမေ့ပါနဲ့၊ မေတ္တာ ပို့ပေးပါ။ ဖေဖေလည်း မစပယ်ငွေးကို မေတ္တာ ပို့ပေးနေပါ့မယ်။

ဖေဖေ နောက်ဆုံး ပြောချင်တာက လှိုင်လင်ကို သားပြန်မလာချင်ရင် သားပြန်ရောက်လာရင် ဖေဖေတို့ ဓနုဖြူကို လိုက်လာ

ခဲ့မယ်လို့ ဒါပါပဲ သား။

ဖေဖေ့သားလေး ဘေးဘယာဝေးကွာ၍ ကျန်းမာချမ်းသာပါစေ။

ချစ်ဖေဖေ
စဝ်ခွန်နိုင်
လွိုင်လင်မြို့။

ကျွန်တော်၏ နသယ်ဆံစများပါ မျက်ရည်များဖြင့် စေးထန်းနေပေပြီ၊ ပါးပြင်တွင် မျက်ရည်စီးကြောင်းများ ဖြစ်ပေါ်နေပေလိမ့်မည်။ ခေါင်းအုံးသည် မျက်ရည်တို့ဖြင့် စိုကွက်နေပေပြီ၊ ဖေဖေ့စာဖတ်ရင်း ကျွန်တော် ငိုနေမိခဲ့ပြီ၊ ဖေဖေ့စာဖတ်ရမှ ဖေဖေ ကျွန်တော်အပေါ် ဘယ်လောက်ချစ်သည်ကို နားလည်လာမိ၏။ ဖေဖေ့စာဖတ်ပြီး ဖေဖေ့ကို အရမ်းသနားနေမိ၏။ ရင်ထဲတွင် ဝမ်းနည်းကြေကွဲစွာ ခံစားနေရသကဲ့သို့ ဖေဖေ့အပေါ် မာန်မာနကြီးခဲ့မိသည့် ကျွန်တော်ကို ကျွန်တော်လည်း မကျေမနပ် ဖြစ်လာမိ၏။

"သား ဖေဖေ့ကို ခွင့်လွှတ်ပါတယ်၊ ဖေဖေ သား ဖေဖေအပေါ် မကျေမနပ် စရာမရှိတော့ပါဘူး၊ ဖေဖေ့ကို စိတ်ဒုက္ခ ကိုယ်ဒုက္ခရောက်အောင် လုပ်မိတဲ့သားကို ခွင့်လွှတ်ပါ ဖေဖေ. . . ."



ကျွန်တော် တုန်တုန်ရီရီ ရေရွတ်ရင်း ဖေဖေ့ကို ရည်မှန်းပြီး လက်စုံမိုး၍ ရှိခိုးနေမိသည်။

ဖေဖေကို ဝန်ချတောင်းပန် ရည်မှန်းရှိခိုးလိုက်ပြီးမှ ကျွန်တော် စိတ်တွေပေါ့ပါးသွားသလို ခံစားလာရ၏။ ဖလော်ရီဒါ သို့ရောက်လျှင် ဖေဖေ့ဆီ စာပြန်ထည့်မည်။ ဖေဖေစိတ်ချမ်းသာစရာတွေ ရေးထည့်မည်ဟု ဆုံးဖြတ်လိုက်၏။

ကျွန်တော်သည် ဖေဖေ့စာကို ရင်ပတ်ပေါ်တင်ရင်း ဖေဖေ စာထဲပါသည့် ကျွန်တော်အပေါ် ခင်မင်တွယ်တာခဲ့ကြသည့် ငယ်ကပေါင်းသင်း သူငယ်ချင်းများအကြောင်း တွေးနေမိသည်။ ခု လွိုင်လင်ကျောင်းက ငယ်သူငယ်ချင်းတွေ ဘယ်ဆီရောက်လို့ ဘာတွေဖြစ်နေကြပါလိမ့်။

လွိုင်လင်မြို့ အထက (၁)တွင် သူငယ်တန်းမှ ဆယ်တန်းအထိ ကျောင်းအတူနေခဲ့ကြသော ငယ်ပေါင်း သူငယ်ချင်းများ၏ မျက်နှာများက ကျွန်တော်၏မျက်ဝန်း ကျွန်တော်၏အတွေးထဲတွင် အလျှိုလျှိုပေါ်လာကြပြီ။

စိုင်းဝင်းလှိုင်၊ တင့်လွင်၊ ခင်မောင်သော်၊ ဇော်လွင်ဟိန်း၊ သစ်လွင်၊ စိုင်းဆိုင်မိန်း၊ စိုင်းဩစိန္တာ၊ စိုင်းဆန်လူ၊ စိုင်းလိတ်၊

စိုင်းအိုက်ကျော်၊ ခင်မမ၊ သဇင်ဝါ၊ နန်းနော်ခမ်း၊ နန်းစံကောင်း၊ နန်းဝိုးဆိုင်၊ နန်းလောင်ခမ်း၊ နန်းကောင်းတစ်၊ နန်းလှလှအေး၊ နန်းခမ်းအိမ်၊ နန်းနွယ်ခမ်း၊ နန်းစံခမ်း၊ ပြီးတော့ ကျော်သက်၊ ခွန်ဥက္ကာ ---

ငယ်ပေါင်း သူငယ်ချင်းများကို အောက်မေ့တသ သတိရခြင်းများ ပြင်းပြလာတော့ ဖောက်သောက်ပစ်ချလိုက်သော Sprite အချိုရည်ဗူးခွံလေး ပင်လယ်ထဲ ကမ်းမသိ လမ်းမသိ မျောပါနေသလို ကျွန်တော်၏ စိတ်တို့သည်လည်း ထိန်းချုပ်မရနိုင်အောင် အတွေးရေယဉ်ကြော နစ်မျောနေမိပြီလေ။

## စက္ကူလှေ

ကျော်သက်က သစ်တောအရာရှိသား၊ သူငယ်တန်းကတည်းက ကျောင်းအတူနေလာခဲ့သူ၊ သူ့အစ်ကို ကျော်ထက်က ကျော်သက်ထက် လေးနှစ်ကြီးသူမို့ တတိယတန်း ရောက်နေပြီ။ အတန်းမတူပေမယ့် ညီရင်းအစ်ကိုလို ချစ်ခဲ့ကြပါသည်။ ကျော်သက်နှင့် ကျွန်တော်က အတန်းထဲတွင် စာမေးပွဲဖြေတိုင်း ပထမနေရာလုဖက်ဖြစ်ကြသော်လည်း ကျွန်တော်တို့ နှစ်ယောက်စလုံး ရန်ငြိုးမထား ရန်သူမဖြစ်ခဲ့ကြ၊ တစ်အုံတုံဆင်း ညီရင်းအစ်ကိုလို ချစ်ခဲ့ကြ၏။ ကျွန်တော်နှင့် အသက်ချင်း မတိမ်းမယိမ်းဖြစ်၏။ ကျော်သက်က ကျွန်တော်ထက်လပိုင်းပဲ ကြီးမည်ထင်၏။ အတန်းထဲတွင်လည်း ခုံချင်းယှဉ်ထိုင်၏၊ အပြင်ထွက်လျှင်လည်း လည်ပင်းဖက်ထွက်တတ်ကြ၏။

ကျွန်တော်နှင့် အများဆုံးတွဲသူမှာ ကျော်သက်ဖြစ်၏။ စိုင်းဝင်းလှိုင်၊ ခင်မောင်သော်၊ စိုင်းသြစိန္တာနှင့် စိုင်းဆိုင်မိန်း

တို့လည်း ကျွန်တော်တို့ နှစ်ယောက်နှင့် အတွဲများကြ၏။ စိုင်းဝင်းလှိုင် မိဘများက လှိုင်လင်စျေးထဲတွင် တို့ဟူးသုပ်၊ တို့ဟူးကြော် ရောင်းကြသည်။ ကျွန်တော်ကလည်း တို့ဟူးကြော် အလွန်ကြိုက်သူ ဖြစ်သည်။ ကျောင်းမသွားမီ သူ့အမေကိုဝိုင်းကူ ကူညီလုပ်ပေးရသော စိုင်းဝင်းလှိုင်အား ကျောင်းမသွားမီ စျေးထဲတိုဟူးကြော် သွားဝယ်စားကြသော ကျွန်တော်နှင့် ကျော်သက်တို့က သနားပြီး ပိုမိုခင်မင်ခဲ့ခြင်းဖြစ်သည်။ ခင်မောင်သော် အဖေက ဆရာဝန်၊ ဆရာဝန်သားဖြစ်သော်လည်း မောက်ကြွားဝင့်ဝါခြင်း မရှိဘဲ အေးအေးဆေးဆေး နေတတ်သူဖြစ်၍တစ်ကြောင်း ကျွန်တော်နှင့် ကျော်သက်ယူနေကျ ပထမနေရာကို မကြာမကြာရအောင် ယူတတ်၍တစ်ကြောင်း ကျွန်တော်တို့နှင့် တွဲမိခြင်းဖြစ်သည်။ ကျွန်တော်တို့ (၇) တန်းနှစ်အရောက်တွင် ခင်မောင်သော်တို့အဖေ လှိုင်လင်ဆေးရုံ ပြောင်းလာခြင်းဖြစ်၍ (၇)တန်းနှစ်ကျမှ စတွဲမိခြင်းဖြစ်သည်။ စိုင်းသြစိန္တာ၊ ခွန်ဥက္ကာနှင့်၊ စိုင်းဆိုင်မိန်းတို့မှာ ကျွန်တော်တို့ အိမ်နီးနားချင်းများဖြစ်ကြသည်။ သူတို့သုံးဦးစလုံး၏ မိဘများမှာ ကုန်သည်များဖြစ်ကြသည်။

စိုင်းသြစိန္တာက အနုပညာသမား ပန်းချီဆရာ၊ ကျောင်းနံရံကပ်စာစောင်မှ ပန်းချီလက်ရာများနှင့် ကျောင်း၏အခမ်းအနားမှန်သမျှ သူ့လက်ရာမကင်း၊ တစ်ခါတစ်ရံ ပါတီကောင်စီတွင်ပင် သူ့လက်ရာ တွေ့ရတတ်သည်။ စိုင်းဆိုင်မိန်းနှင့် ခွန်ဥက္ကာတို့က လည်း အနုပညာသမားပဲ ဖြစ်ကြပါသည်။ ကျောင်းနံရံကပ်စာစောင်ကဗျာနှင့် ပတ်သက်၍သူတို့သည် စံထားအားကိုးကြရသူများ ဖြစ်ကြပါသည်။ ဝတ္တုတိုလေးများလည်း ရေးတတ်ကြသည်။ သူတို့သုံးယောက်လုံး ခံစားချက်ပြင်းထန်ကြသည်။ ကျီးလို မျိုးချစ်စိတ်ပြင်းထန်သူများလည်း ဖြစ်ကြသည်။ စကားပြောလျှင် ရိုးရိုးမပြောကြ။ အတွေးအခေါ် အဘိဓမ္မာ စကားလုံးတွေသုံးပြောကြသည်။ သုံးယောက်လုံး စာလည်းတော်ကြသည်။ သူတို့ အရည်အချင်းများကို ကျွန်တော်နှင့် ကျော်သက် နှစ်ယောက်လုံးက နှစ်သက်ကြသဖြင့် သူတို့ကို လေးလေးစားစား ချစ်ခင်မိခြင်းဖြစ်သည်။ ကျွန်တော်နှင့် ကျော်သက်တို့က ရှေးကဗျာတွေကို ဝါသနာထုံကြသော်လည်း ဖြစ်ဖြစ်မြောက်မြောက် ဘာမျှမရေးစပ်တတ်ကြ။

စစ်ဗိုလ်သားများ ဖြစ်ကြသည့် သစ်လွင်နှင့်ဇော်လွင်ဟိန်းတို့မှာ ၉ တန်းရောက်မှ ခင်မင်ကြသူများ ဖြစ်ကြသည်။ သူတို့နှစ်ယောက် ကျွန်တော်တို့ကျောင်း ရောက်လာကြတော့ ကျော်သက်မရှိတော့။ ကျော်သက်အဖေ ရန်ကုန်ပြောင်းမိန့်ကျလာရာ ကျော်သက်လည်း ၈ တန်း ဖြေပြီးသည်နှင့် ရန်ကုန်ပြောင်းသွား တော့သည်။ ကျန်သူများက ဘောလုံးကစားဖက်၊ ကျောင်းကောင်စီ ကျောင်းကြက်ခြေနီအတူ လုပ်ဖက်လောက်သာ ခင်မင်ရင်းနှီးကြသည်။

ကျောင်းသူများထဲတွင် ခင်မမ၊ နန်းကောင်တစ်နှင့် နန်းနော်ခမ်း

တို့သုံးယောက်ကတစ်တွဲ၊ သည်အတွဲသည် အခြားကျောင်းသူများ က ကျွန်တော်တို့ကို ခင်သည်ထက် ပိုခင်သည်ဟု ထင်သည်။ ကျွန်တော်တို့ ကျောင်းသားများကလည်း ကျောင်းသူအားလုံး အပေါ် နှမရင်းချာများလိုပင် သဘောထားကြသည်။ ကျွန်တော်တို့သွားလေရာ လိုက်လာတတ်သော ခင်မမတို့အဖွဲ့ကို ကျွန်တော်တို့တစ်တွေကလည်း အခြားကျောင်းသူများထက် ပို၍ သံယောဇဉ်ဖြစ်ကြပါသည်။ ကျွန်တော်တို့အထဲတွင် ထူးထူးခြားခြား အားကစားလိုက်စားသူမှာ သစ်လွင်ဖြစ်သည်။ သူ့အဖေ ဗိုလ်မှူးလွင်မောင်ကိုယ်တိုင်ကလည်း သူ့သားအားကစားထူးချွန်အောင် အားပေးသည်။ လေ့ကျင့်ပေးသည်။ ဘောလုံးကစားရာ၌ ကျောင်းတွင်နာမည်ကြီးသည်၊ ထူးထူးချွန်ချွန်ဖြစ်သည်။ (၁၀) တန်း ရောက်တော့ ဘောလုံးအားကစားဖြင့် ပြည်နယ်အဆင့်အရွေးခံရသည်။

သစ်လွင်သည် အရပ်အမောင်း အကောင်းချည်း မဟုတ်သော်လည်း အားကစားလိုက်စားသဖြင့် ကျွန်တော်တို့ကျောင်းသားများထဲတွင် Body Structure အလှဆုံးဖြစ်သည်။ သစ်လွင်ကို တခြားမိန်းကလေးများ စိတ်ဝင်စားမှုရှိသော်လည်း ခင်မမကမူ သစ်လွင်ကို ကြည့်မရ။ သစ်လွင်ကို ဘယ်တော့မှ အကောင်းမပြော။

ခင်မမသည် နန်းဝိုးဆိုင်နှင့် နန်းစံခမ်းလို ချောမောလှပသူဖြစ်သည်။ ငရုံ့ကိုယ်နှင့် ချိုသောအပြုံးတို့က သူ့အလှကိုပေါ်လွင်စေသည်။ အရပ်ကလည်း ကျွန်တော်အရပ်နီးပါးရှိသည်။ သူ့အရပ်က ကျွန်တော့်နားရွက်ထိပ်ရောက်နေပြီ။



ကျွန်တော် မှတ်မိပါသေးသည်။ ခင်မောင်သော်က ခင်မမအား သစ်လွင်နှင့်စရာ သစ်လွင်ရှေ့တွင်ပင် "ဒီလို ကျောက်ဆစ်ရုပ်တော့ မချစ်သေးဘူး၊ ခင်မမတို့က ချစ်တတ်လာရင် အရုပ်မြင့်မြင့်ရုပ်ချောချော စဝ်ထွန်းနိုင်ပဲ ချစ်မှာပေါ့" လို့ ပြောလိုက်ရာ ကျွန်တော်မျက်နှာတွေ ထူပူပြီး မျက်နှာမထားတတ်သဖြင့် အဝေးထွက်ပြေးခဲ့ရပါသည်။ ထိုစဉ်က ကျွန်တော်၏ အိမ်တွင်းရေးပြဿနာ ကိုယ်ရေးကိုယ်တာ အခက်အခဲများကြောင့် ရင်ခုန်မှုဝေဒနာ မခံစားခဲ့ဘူးပါ။ ခင်မမမှာ ကျွန်တော်ထက် ၁ နှစ်ခန့်ကြီးသဖြင့် မမဟုခေါ်သလို အစ်မရင်းလို ပြောမနာဆိုမနာ ချစ်ခဲ့ခြင်းသာဖြစ်ပါသည်။

သစ်လွင်ကတော့ ခင်မမပြောသလိုပင် တကယ့်ကျောက်ဆစ်ရုပ်ဖြစ်ပါသည်။ သူ့အားကစား ကိစ္စမှလွဲ၍ ဘာမျှ စိတ်မဝင်စား၊ စိတ်သဘောထားသိမ်မွေ့ပြီး အေးအေးဆေးဆေး နေတတ်သူဖြစ်ပါသည်။

လွိုင်လင်မြို့သည် တောင်များဝိုင်းရံနေသော ဒယ်အိုးပုံချိုင့်လေးထဲတွင်ရှိသည့်မြို့ ဖြစ်ပါသည်။ မြို့လယ်လောက်သာ ညီညာပြန့်ပြူးမှုရှိပြီး အရှေ့ဘက်နှင့် အနောက်ဘက်ပိုင်းတွင် တောင်ကုန်းဆင်ခြေလျှောလေးများ ဖြစ်နေသည်။ ကျွန်တော်တို့ကျောင်းမှာ လွိုင်လင်မြို့အရှေ့ဘက်ခြမ်း တောင်ကုန်းမြေပြန့်ပေါ်

တွင် တည်ရှိပါသည်။ ကျောင်း၏အရှေ့တောင်ဘက်တွင် ကမ္မဌာန်း ကျောင်းနှင့် ဓမ္မစေတီဘုန်းကြီးကျောင်းရှိပါသည်။ ထိုဘုန်းကြီး ကျောင်းများ၏ အရှေ့ဘက်တွင် လှိုင်လင်စိန်တောင်ရှိပါသည်။ သက်တမ်းနုသေးသော စိန်ရတနာထွက်သည့်တောင် ဖြစ်ပါသည်။

ကျွန်တော်တို့ကျောင်းမှာ လှိုင်လင် အ. ထ. က (၁) ဖြစ်ပါ သည်။ လှိုင်လင် အ. ထ. က (၂) မှာ မြို့အနောက်ခြမ်း ပြည် ထောင်စုလမ်းမကြီးဘေး ဆေးရုံနှင့် မျက်နှာချင်းဆိုင်တွင် ရှိ ပါသည်။ လှိုင်လင်မြို့ မြကန်သာမှာ လှိုင်လင်မှနမ့်စန်သွား ပြည် ထောင်စုလမ်းမကြီးဘေး မြို့အထွက်တွင် ရှိပါသည်။ ပြည်ထောင်စု လမ်းမကြီးနှင့် မြကန်သာကြားတွင် မြကန်သာ ပန်းဥယျာဉ် တည်ရှိ ပါသည်။ မြကန်သာသည် ကျွန်တော်တို့ကျောင်းနှင့် ပိုနီးသည်။

လှိုင်လင်မြို့သည် ဝက်သစ်ချပင်၊ ထင်းရှူးပင်၊ ယူကလစ် ပင်၊ ချယ်ရီပင်၊ ပင်စိမ်းပင်တို့ဖြင့် တန်ဆာဆင်ထားပြီး ပန်းမျိုးစုံ ဖူးပွင့်ဝေဆာနေသော မြို့ဖြစ်ပါသည်။ နွေခေါင်ခေါင်ကာလတွင် ပင် လမ်းဘေးဝဲယာ၌ ပန်းသွေးရောင်မြက် ပန်းပွင့်များ ဖူးပွင့် ဝေဆာနေလေ့ရှိပါသည်။ သစ်လွင် ဖေဖေ ဗိုလ်မှူးလွင်မောင်က "လှိုင်လင်ဟာမေမြို့နှင့် အရမ်းတူတယ်" ဟု ကျွန်တော်တို့ကို



ပြောဖူးပါသည်။ ဝန်ထမ်းပေါင်းစုံရှိသည့် ဝန်ထမ်းမြို့မို့ အေးအေး ချမ်းချမ်းသာသာယာယာ ရှိလှသည့်မြို့ဖြစ်ပါသည်။

ကျွန်တော်တို့တစ်တွေသည် ကျောင်းဆင်းချိန်နှင့် ကျောင်း အားရက်များတွင် ကျောင်းအရှေ့ဘက် ထင်းရှူးတောသို့လည်းကောင်း၊ မြကန်သာသို့လည်းကောင်း သွားရောက်ပျော်ပါး ကစားလေ့ရှိကြ ပါသည်။

ကျွန်တော်တို့တစ်တွေသည် စက္ကူလှေအချိုးတော်သော ကျော်သက်နှင့် မြကန်သာတွင် စက္ကူလှေပြိုင်ပွဲကျင်းပရင်း ရေကူး ရသည်မှာ အပျော်ဆုံးဖြစ်ပါသည်။ ရေလုံအောင် စက္ကူလှေ လှလှ ပပဖြစ်အောင် လုပ်တတ်သော ကျော်သက်၏ စက္ကူလှေမှန်သမျှကို ကန်လယ်မရောက်မီ ကန်စပ်၌ပင် မြုပ်သွားအောင် ခင်မမနှင့် ကျွန်တော်က ရေပြင်ကိုလှိုင်းလုပ်ပြီး မြှုပ်ပစ်ခဲ့သည်ချည်း ဖြစ်ပါ သည်။

မြကန်သာထဲတွင် လှိုင်းထအောင် ရေကစားရင်း အပျော်စီး လှေစီးကြရင်း ကျွန်တော်တို့လွှင့်ခဲ့ကြသော စက္ကူလှေလေးတစ်ခု နှစ်ခုမှအပ စက္ကူလှေအားလုံးမှာ ကျွန်တော်တို့ ပြန်ချိန်ဝယ် မြကန်သာ ရေအောက်တွင် စုန်းစုန်းမြုပ်သွားပြီကိုသာ ကျွန်တော်သတိထား ခဲ့မိသည်။

ဩြော်ကျောင်းသားဘဝဆိုသည်မှာလည်း တကယ်တွေး ကြည့်တော့ မြကန်သာရေပြင်ပေါ်တွင် အကြာချည်းမနေရသော စက္ကူလှေလေးများလို ဘဝမျိုးပါလား။

## စိန်နားပန်ပွင့်၊ စိန်နားပန်သီး

လှိုင်လင်မြို့တွင် နေရာအတော်များများ စိန်နားပန်ပင် များ ရှိပါသည်။ အချို့ဝန်းခြံများကို စိန်နားပန်ခြုံများဖြင့် စည်းရိုး ကာထားတတ်ပါသည်။ မြကန်သာ ကမ်းစပ်တစ်လျှောက်တွင် စိန်နားပန်ပင်များ အလေ့ကျပေါက်လျက် ရှိပါသည်။ တကယ် တော့လည်း စိန်နားပန်ပင်များမှာ ခုတ်မနိုင်အောင် ခြုံဖြစ်လာ အောင် အလေ့ကျပေါက်သော အပင်မျိုးဖြစ်ပါသည်။

ကလေးအရွယ်ဘဝက ကျွန်တော်တို့တစ်တွေသည် စိန်နားပန်းခြုံတွင်တိုး၊ စိန်နားပန်ပွင့်ပန်၊ စိန်နားပန်ပန်းနံ့ရှူပြီး စိန်နားပန်သီးမှည့်မှည့်များကို နှုတ်ခမ်းတွေအပြာရောင်သန်းလာ အောင် စားခဲ့ကြဖူးပါသည်။ လှိုင်လင်မြို့သည် ပန်းမျိုးစုံအလှတို့ဖြင့် ပန်ရနေရုံမက သစ်သီးဝလံမျိုးစုံလည်း ပေါများလှသည့်မြို့ ဖြစ်ပါ သည်။ ဖရုံသီး၊ ဂေါ်ရခါးသီး၊ ဗူးသီးစသော ချက်ပြုတ်စားရသည့် အသီးများ ပေါများသလို သစ်တော်သီး၊ ထောပတ်သီး၊ သရက်သီး၊

ပိန္နဲသီး၊ မာလာကာသီး၊ သလဲသီး၊ မက်မန်းသီး အမျိုးမျိုး၊ မက်မွန်သီး (ခေါင်းပွတ်သီး)နှင့် ပင်စိမ်းသီးတို့လည်း ပေါပါသည်။ အိမ်တိုင်းလိုလို ခြံတိုင်းလိုလိုတွင် ထိုအပင်များ ရှိပါသည်။

ကျွန်တော်တို့ ကျောင်းရှေ့ လမ်းဘေးတစ်လျှောက်လုံး ချယ်ရီပင်များ စိုက်ထားရာ အောက်တိုဘာလရောက်လျှင် မြေပြင်တွင် စိမ်းဝါဝါ ချယ်ရီရွက်စား ပိုးယားများဖြင့် ပြည့်နေသလို ချယ်ရီပင်မှ လေထဲတွင် ဒန်းစီးနေသော ပိုးယားကောင်လေးများကို လမ်းတစ်လျှောက် နေရာအနှံ့တွေ့နေရသည်။ ပိုးယားကောင်လေးများမှာ တစ်ခါတစ်ရံ ကျွန်တော်တို့ စာသင်ဆောင်များထဲထိ ရောက်နေတတ်ကြပါသည်။ ထိုအချိန်တွင် ခင်မမနှင့် သဇင်ဝါက အသည်းဆုံး။ သူတို့နှစ်ယောက်က ပိုးယားကောင်ကို အကြောက်ဆုံး ဖြစ်ကြပါသည်။ ဒန်းစီးနေသော ပိုးယားကောင်လေးများကို လွတ်အောင် ခုန်ဆွခုန်ဆွသိုင်းကွက်နင်းပြီး ကျီးကန်းတောင်းမှောက် မျက်လုံးဖြင့် ကြည့်သွားနေကြသော သူတို့နှစ်ယောက်ကိုကြည့်ပြီး ပင်စိမ်းပင်အောက်မှ ပင်စိမ်းသီးရွှမ်းပြင်း ချဉ်ချဉ်ကို ရှုံ့မဲ့နေအောင် ဝါးစားရင်း ကျွန်တော်တို့ တစ်တွေပြုံးဖြစ်ကြ၊ ရယ်ဖြစ်ကြသည်။

ချယ်ရီပင်အား "သုံးပန်လှအပင်"ဟု ခွန်ဥက္ကာက ကဗျာဆန်ဆန် ပြောသည်။ ခွန်ဥက္ကာပြောသလို ဟုတ်တော့လည်းဟုတ်သည်။ ပိုးယားတွေ မစားမီက ချယ်ရီပင် တစ်ပင်လုံး စိမ်းညို့သော ချယ်ရီရွက်များဖြင့် စိမ်းလွင်နေမြဲဖြစ်သည်။ ချယ်ရီရွက်များကို ပိုးယားများ စားပြီးတော့လည်း တစ်ပင်လုံး သစ်ခြောက်ပင် ဖြစ်သွား



သလား ထင်ရလောက်အောင် အရိုးတန်အကိုင်းအခက်ပဲရှိတော့သည်။ မိုးနှောင်း ဆောင်းဦးပေါက်ရာသီတွင်လည်း အများမတူ ရာသီအပင်တွေလို ချယ်ရီပင်၏ ခြောက်ခြောက်ကပ်ကပ် အလှက ထင်းလွန်းလှသည်။ ဒီဇင်ဘာ၊ ဇန်နဝါရီလ ရောက်ပြန်တော့ တစ်ပင်လုံး ပန်းနုရောင် ချယ်ရီပန်းတွေနှင့် ဝေနေအောင်လှနေသည့် ချယ်ရီကို ဘယ်ပန်းပင်မှ လိုက်မမီနိုင်တော့ပြန်ဘူးလေ။

ပန်းချီဆရာ စိုင်းဩစိန္တာက တစ်ရွက်မှ မရှိတော့သည့် အကိုင်းအခက်ချည်း ရှိနေသည့် ချယ်ရီပင်ကို ကြည့်ပြီး "ဒီအချိန်မှာ ချယ်ရီပင်ပါတဲ့ ပန်းချီကားတစ်ကားလောက် ဆွဲပေးပါလို့ ပြောသူရှိလာရင် ငါဘယ်လိုဆွဲပေးမယ်ထင်သလဲ". . . လို့ ပြောသည့်အခါ သူ့ရင်ထဲက ဝေဒနာကို မသိတော့ ကျွန်တော်မဖြေတတ်ဘူးလေ။ "စိမ်းညို့နေတဲ့ ပိတောက်ပင်နဲ့ ယှဉ်ဆွဲပေးလိမ့်မယ်ထင်တယ်"လို့ ပြောသူရှိသလို "ညိုပြာရောင်သန်းနေတဲ့ ဝက်သစ်ချပင်ကြီးနဲ့ ယှဉ်ဆွဲမယ်ထင်ပါတယ်"လို့ ဆိုသူလည်း ရှိပါသည်။ "ညိုနက်နက် ထင်းရှူးသီးခြောက်တွေ နိုင်းချင်းနဲ့ စိမ်းနုနုမျှင်မျှင် ထင်းရှူးရွက်တွေသာရှိတဲ့ ထင်းရှူးပင်တွေနဲ့ ယှဉ်ရေးမှာ မဟုတ်လား"လို့ စိုင်းဆိုင်မိန်းက ကဗျာဆန်ဆန် ဆိုပြန်သည်။ ခွန်ဥက္ကာကတော့- "ယော်ရွက်ကျင် ပြောက်တိပြောက်ကျားနဲ့ - အဝါရောင်လုနေတဲ့ စိမ်းဖန့်ဖန့်အသီး ရွှမ်းပြင်းတွေပြွတ်နေတဲ့ ပင်စိမ်းပင်နဲ့ ယှဉ်ဆွဲရင် ခံစားရသက်သာလိမ့်မယ် ထင်တယ် စိုင်းဩစိန္တာ . . . "ဟု ပြောပါသည်။

စိုင်းသြစိန္တာက "မင်းတို့ပြောတဲ့ အပင်တွေနဲ့ ယှဉ်ရေးဆွဲမယ်ဆိုရင်တော့ သဘာဝကျမှာ အမှန်ပါပဲ- ဘာပြုလို့လဲဆိုတော့ ဒီရာသီမှာ ချယ်ရီရဲ့ မိတ်ဖက်အပင်အားလုံးဟာ မင်းတို့ပြောတဲ့ အတိုင်း ရှိနေတာကိုး . . ."
ဟုပြောပါသည်။

စိုင်းသြစိန္တာက ဆက်ပြီး "ငါခုတွေ့နေရတဲ့ ချယ်ရီပင်ရဲ့ ဘဝကို သနားတယ်၊ မိုးမကုန်သေးဘူး၊ နှင်းကျချင်လာပြီ၊ ရေပြည့်အိုးအောက်က ဆွေးမြေ့နေတဲ့ ကရွတ်ခွေထက်ဆိုးတဲ့ ချယ်ရီပင် အဖြစ်မျိုးကိုကြည့်ပြီး ငါခံစားရတယ်၊ ဒါကြောင့် ချယ်ရီပင်ပါတဲ့ ပန်းချီကား ငါဆွဲမယ်ဆိုရင် အဝေးမြင်မှိုင်းပြာပြာ တောင်တန်းတွေ နောက်ခံထားပြီး အရွက်မဲ့ ချယ်ရီပင်တွေချည်းစီ ဆွဲလိုက်မယ် ပြီးတော့ မိုးစက်တွေ ဖြည့်ပေးလိုက်မယ်ပေါ့ ဒါဆိုရင် ခံစားရသက်သာပြီး သဘာဝကျတဲ့ ပန်းချီကားတစ်ကား ဖြစ်သွားမယ် ထင်တာပဲ . . ." ဟုပြောသည်။

ကျွန်တော်တို့အားလုံး အတွေးကိုယ်စီ ရသွားကြသည်။ ပြီးတော့ ခေါင်းညိတ်လိုက်မိကြသည်။

✵ ✵ ✵

ပိုးယား ကြောက်တတ်လွန်း၍ ချယ်ရီပင်နှင့် ဝေးဝေးသွားနေတတ်သော ခင်မမနှင့် သဇင်ဝါတို့သည် ဒီဇင်ဘာ၊ ဇန်နဝါရီ ချယ်ရီတွေ ပင်လုံးကျွတ်ဝေနေအောင် ပွင့်ချိန်မှာတော့ ချယ်ရီပင်အောက်က မခွာဘဲ အသည်းဆုံးဖြစ်နေပြန်သည်။



"အနီချည်းမဟုတ် အဝါချည်းမဟုတ်၊ အရောင်ပြေးနဲ့ လှနေတယ်၊ မြတ်လေးပန်းလို တစ်ပွင့်တည်းနဲ့ အလှဆင်တာ မဟုတ်ဘူး၊ ပန်းတစ်ပွင့်မှာကိုက အပွင့်လေးတွေ မြောက်မြားစွာနဲ့ ဖွဲ့စည်းပြီး စိန်ချယ်နားတောင်းလို လှနေတာ . . . ."

"ဒါကြောင့် ဒီပန်းဟာ ဗဟုဝုစ်အလှနဲ့ အားရှိနေတဲ့ ပန်းလို့ကျွန်တော်တော့မြင်တယ်၊ ပြီးတော့ ရိုးတန်တစ်လျှောက်မှာ ဆူးရှိတယ်။ ရိုးတန်ရင့်တာနဲ့ ဆူးတွေဟာရင့်သန်ချွန်မြ လာတာပဲ ဒါဟာမာနရှိတယ်လို့ ပြတာပဲ . . . ."

"စိုင်းဆိုင်မိန်း အမြင်ကို ငါသဘောကျတယ်၊ ဒီပန်းဟာ ငါတို့ဘဝနဲ့ တူတယ်၊ တော်မဝင်ဘူး၊ အထက်တန်း မကျဘူး၊ အရာမဝင်တဲ့ ဒီပန်းဘဝကို ငါတို့မြတ်နိုးရမယ် ခုလိုပြောရတာ ငါ စဝ်ထွန်းနိုင်ကို အားနာပါရဲ့ . . ."

"ဟာ ဘာဆိုင်လို့လဲ စိုင်းသြစိန္တာ ကျွန်တော်လည်း ခင်ဗျားတို့လို ဘဝပဲဟာ ဘာတွေထူးခြားနေလို့လဲ "စဝ်" ဆိုတဲ့ စကားလုံးလေး ထူးခြားနေလို့လား ဒါဖြင့်ရင် " စိုင်းထွန်းနိုင်"လို့ပဲ ခေါ်ကြပါ။ ကျွန်တော်အနေနဲ့ ဟော်ကိုလည်းမလွမ်းဘူး။ စော်ဘွားမျိုးဆိုတာလည်း သတိမရဘူး၊ ဟိုအဝေးကြီးမှာ ကျန်ခဲ့တဲ့ အံမဝင်တဲ့ အဟောင်းအမြင်းကို ဖက်တွယ်နေချင်တဲ့ စိတ်လုံးဝမရှိပါဘူးဗျာ ကျွန်တော်စိတ်ဓါတ်လည်း ခင်ဗျားတို့ သိသားနဲ့ . . ."

"ဆော်ရီးကွာ ငါက မင်းတို့က စော်ဘွားမျိုးမို့ အားနာလို့ ပြောမိတာပါ၊ မင်းစိတ်ဓါတ်ကို ငါတို့အားလုံး သိပါတယ် မင်းဟာ စိန်နားပန် ပွင့်လေးတစ်ပွင့် အစစ်ပါကွာ . . . ."

စိုင်းသြစိန္တာ စကားကြောင့် ကျွန်တော့်ရင်ထဲက ခိုးလိုး ခုလုလေး အရည်ပျော်သွားပြန်ပြီ။

“စိုင်းဆိုင်မိန်း အမြင်ကို ကိုယ်လည်းထောက်ခံတယ်၊ ဒီပန်းဟာ တို့ဘဝတွေနဲ့ တူတယ် ဒီပန်းလေးလို တို့တစ်တွေဟာ ဇာတိပုညဂုဏ် မာနရှိဖို့လိုတယ်၊ တို့ကျောင်းကို တို့ဂုဏ်ဆောင်နိုင်ရမယ်၊ တို့မြို့က တို့ဂုဏ်ဆောင်နိုင်ရမယ်၊ တို့ပြည်နယ် တို့လူမျိုးအတွက်ပါ တို့ဂုဏ်ဆောင်နိုင်ရမယ် ဟုတ်တယ်မဟုတ်လား စဝ်ထွန်းနိုင် . . . . ”

ခွန်ဥက္ကာက မာန်နှင့်ပြောပြီး ကျွန်တော်ဘက်လှည့်ပြီး သဘောထား မေးသည်။ ကျွန်တော် စိန်နားပန်ပွင့်များကို ငေးကြည့်ရင်း ပြုံးဖြစ်သွားသည်။

“ဟုတ်ပါတယ် ခွန်ဥက္ကာ တို့တစ်တွေဟာ တို့နိုင်ငံရဲ့ ဂုဏ်ကိုပါ ဆောင်နိုင်ရပါ့မယ်၊ စိန်နားပန်ပွင့်လို စိန်နားပန်းသီးလို စုစုစည်းစည်း အလှမျိုး ဘဝမျိုးနဲ့ တို့နိုင်ငံရဲ့ဂုဏ်ကို မြှင့်တင်ကြရမှာပါ. . . ”

“ငါ ဒီလောက်ထိ မခံစားတတ်သေးဘူး စဝ်ထွန်းနိုင်၊ တို့တစ်တွေ အောက်တန်းနောက်တန်း ကျနေတယ်၊ ဒီစိန်နားပန်းပွင့်လေးတွေလို အရာမဝင်တဲ့ဘဝ ဖြစ်နေတာပဲသိတယ်၊ ငါဒီပန်းပွင့်လေးတွေ ဘဝကို ငါသနားတယ်၊ ငါတို့ဘဝကို ငါသနားတယ် စဝ်ထွန်းနိုင်. . . ”

“ဟယ် နင်တို့ဟာက ဘယ်စကားတွေ ရောက်လာမှန်း မသိဘူး ငါက ဒီပန်းလေးအလှကို မြင်ခိုင်းကြည့်ခိုင်းတာပါ၊ ခုပန်းအလှကနေ ဘဝတွေရောက်လာပြီ၊ စိတ်ဝမ်းကွဲစရာတွေ မပြော



ကြပါနဲ့တော့၊ ဒီပန်းလေးလို ဒီအသီးလေးလို စုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့ နေသွားကြရအောင်ပါ၊ အလှဆင်သွားကြရအောင်ပါနော်. . . ”

ကျွန်တော်တို့အားလုံး ခင်မမမ လက်ထဲမှ စိန်နားပန်ပွင့်နှင့် စိန်နားပန်သီး အခက်လေးကို ပြိုင်တူကြည့်ဖြစ်ကြပြီး ပြိုင်တူ ခေါင်းညိတ်မိကြသည်။

“ဟဲ့ နေကြပါအုန်း နင်တို့ပြောနေတဲ့ စိန်နားပန်ပင်ဆိုတာ စိန္တဘော်ပင်ကို ပြောတာလား ငါတော့ စိန္တတော်ပင်ကိုများ နင်တို့က စိန်နားပန်ပင်လို့ ခေါ်နေကြသလားလို့ . . . . ”

မမကြီး နန်းလောင်ခမ်းက အလန့်တကြား ဝင်ပြောတော့ ကျွန်တော်တို့အားလုံး ကြောင်စီစီ ကြောင်တက်တက်ဖြစ်ပြီး နန်းလောင်ခမ်းကို ဝိုင်းကြည့်မိကြသည်။ ကျွန်တော်အနေဖြင့်တော့ ဤခြုံများကို စိန်နားပန်ခြုံဟုပဲသိသည်။ စိန္တဘော်ခြုံဟု မကြားဖူးခဲ့။

“လူတိုင်း ခေါ်နေကြတာကတော့ စိန်နားပန်ပင်ပဲ မမခမ်း အပွင့်ကလည်း စိန်နားပန်၊ စိန်နားတောင်းနဲ့ တူတယ်၊ အသီးကျတောလည်း ဒီအတိုင်းပဲ ဒါကြောင့် စိန်နားပန်ပင်လို့ ခေါ်ကြတာပေါ့၊ စိန္တဘော်ပင်ဆိုတာ ဘယ်လိုအပင်မျိုးလဲ ကျွန်တော် မသိဘူး ဒီအပင်တွေက စိန္တဘော်ပင် ခေါ်ရင်တော့ စိန်နားပန်ပင်လောက် မလေးနက်မဆီလျော်ဘူးပေါ့၊ မမခမ်းပဲ ရုက္ခဗေဒစာအုပ်ထဲမှာရှာပြီး ကျွန်တော်တို့ကို ပြန်ပြောပြပါအုန်း. . . ”

စိုင်းသြစိန္တာ စကားကြောင့် နန်းလောင်ခမ်းထံမှ ရယ်သံ လွင်လွင်လေး ထွက်လာသည်။

“စိတ်ချ စိုင်းသြစိန္တာ မမခမ်း သေချာလေ့လာပြီး ပြန်ပို့ချပါမယ်. . . ဟင်း. . . ဟင်း. . . ဟင်း. . . ”

“စိန္နဘော်ပင်ဖြစ်ဖြစ်၊ စိန်နားပန်ပင်ဖြစ်ဖြစ်၊ တို့ဘဝနဲ့ တူတဲ့ အပင်မို့ တို့မြတ်နိုးရမယ်၊ တို့အရာသွင်းရမယ် မဟုတ်လား သူငယ်ချင်းတို့ . . .”

စိုင်းဩစိန္တာ အမေးကို “ဟုတ်တယ်”ဟု ကျွန်တော်တို့ တစ်တွေ ပြိုင်တူအော်လိုက်မိကြသည်။

စိန်နားပန် ပွင့်တွေဝေပါစေ။

# အဖော်မဲ့ ရွက်လွှင့်ခြင်း

ဖေဖေနှင့် မေမေသည် မိုးနဲစော်ဘွားအနွယ် တော်ဆက် ကဖြစ်သော်လည်း ကျွန်တော်သည် မိုးနဲဟော်နှင့် ရင်းနှီးခြင်းမရှိ။ လွိုင်လင်မှာမွေး၍ လွိုင်လင်မှာကြီးခဲ့၏။ လေး၊ ငါးနှစ်သားက မိုးနဲမြို့သို့ ရောက်ခဲ့ပြီး မိုးနဲဟော်ဝန်းထဲ လျှောက်လည်ဖူးတာ လောက်ရှိ၏။ ဂျပန်ခေတ်က ဂျပန်တွေ မီးရှို့ဖျက်ဆီးသွား၍ မိုးနဲ ဟော်မရှိတော့၍ မမြင်ဖူးခဲ့ရ။ စော်ဘွားနေသည့် နှစ်ထပ်တိုက် ဟောင်းပဲ တွေ့ခဲ့ရ၏။ ကလေးဘဝ မှတ်မှတ်ရရ သတိထားမိခဲ့တာ တစ်ခုပဲရှိသည်။ မိုးနဲဟော်ထဲတွင် ကြေးနွားရုပ်ကြီး ဝပ်နေပုံပင် ဖြစ်သည်။ ကြေးနွားရုပ်အကြောင်း ဖေဖေမေမေတို့ကို မေးကြည့်ဖို့ စိတ်ကူးခဲ့သော်လည်း ယနေ့ထိ မမေးဖြစ်ခဲ့။

ယခုတော့ မေမေ မရှိတော့ပြီ။ မေမေ မရှိတော့သည့် နောက်ပိုင်းတွင် ကျွန်တော်ဘဝသည် ပိုးယားကျသည့် ချယ်ရီပင်လို အကျည်းတန် သွားခဲ့၏။ ပိုးယားကျသည့် ချယ်ရီပင်ကမှ အရွက် မရှိတော့၍ အပြင်ပန်းအနေဖြင့် အရုပ်ဆိုးအကျည်းတန်သည်

ထင်ရသော်လည်း ပင်စည်နှင့် အကိုင်းများမှာ စိမ်းစိုနုသစ် နေသေး၏။ ကျွန်တော်ဘဝ ကျွန်တော်ရင်ထဲ ကျွန်တော်နှလုံးအိမ်တို့သည်ကား ပူလောင်ခြောက်ကပ် ဆွေးမြေ့နေပေပြီ။

ကျွန်တော်သည် တစ်ဦးတည်းသော သားဖြစ်၏။ တစ်ဦးတည်းသော သားဖြစ်၍ ဖေဖေနှင့် မေမေတို့က ကျွန်တော်အားပိုးလိုမွေး ရွှေလိုဦးရှာကာ အရိပ်တကြည့်ကြည့် ချစ်ခဲ့ရှာကြ၏။ ခါး၌ဝတ်သောပုဆိုးကဲ့သို့ ဂရုစိုက်ခဲ့ရှာသည်။ မေမေ ဒေါ်နှင်းအေးနုသည် ကျောင်းဆရာမဖြစ်၍ ကျွန်တော်အား စာကြိုးစားစေခြင်းမှလွဲ၍ ကျန်သည့်အရာ အားလုံး အလိုလိုက်ခဲ့၏။ ရေဆိုရေ မီးဆိုမီး ကျွန်တော့်အလိုကျ ဖြစ်စေခဲ့၏။

ဖေဖေသည် ကုန်သည်လုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ဦးစီးဦးကိုင်လုပ်နေသူ ဖြစ်သော်လည်း သားပစ် မယားပစ် ခရီးရက်ရှည် ထွက်လေ့ရှိသူမဟုတ်။ အဝေးပြေးကား နှစ်စီးကို ဖေဖေ၏ တပည့်လူယုံများနှင့် လွှဲထား၏။

ဖေဖေသည် မေမေအား မျက်လုံးကို မျက်တောင်က ချစ်သကဲ့သို့ ချစ်သည်ကိုလည်း ကျွန်တော်သိပါ၏။

ကျွန်တော်သည် မိဘနှင့်ခွဲနေဖူးသူ မဟုတ်ပါ။ ညအိပ်သည်ပင် ဖေဖေနှင့် မေမေကြား အိပ်ခဲ့သူဖြစ်ပါ၏။ ညစဉ် ဖေဖေ၏ အနမ်း၊ မေမေ၏ အနမ်းတို့ကိုခံပြီးမှ အိပ်ပျော်သွားတတ်လေ့ရှိပါသည်။ မြို့လယ်ကျောင်း၌ ရှင်သာမဏေပြုသော ခုနစ်ရက်နှင့် မေမေဆေးရုံတက်နေသည့် ရက်များသာလျှင် ဖေဖေ မေမေတို့နှင့် ခွဲအိပ်ခဲ့ဖူးပါသည်။ မေမေဆေးရုံတက်သည့် ရက်များကမေမေ၏ ညီမများနှင့် ကျွန်တော်ဆေးရုံတွင် အလှည့်ကျ စောင့်အိပ်ခဲ့ပါ



သည်။ ကျော်သက်အပါအဝင် ကျွန်တော့် သူငယ်ချင်းများလည်း ကျွန်တော်နှင့်အတူ ဆေးရုံသို့ လာစောင့်အိပ်သည့်အခါ ရှိပါသည်။ ကျော်သက်က ကျွန်တော်နှင့်အတူ အမြဲလာစောင့်အိပ်ပေးလေ့ရှိပါသည်။

မေမေသည် ငယ်ငယ်ရွယ်ရွယ်နှင့် နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ပြီး ဦးနှောက်သွေးကြောပြတ်ကာ ကျွန်တော်ရှစ်တန်းဖြေမည့်နှစ်တွင် သေဆုံးခဲ့ပါသည်။ မေမေဆုံးတော့ ကျွန်တော်နှင့် ဖေဖေ ရူးမလိုဖြစ်ခဲ့ရပါသည်။ ကျွန်တော့်အာရုံ ကျွန်တော့အတွေးထဲတွင် မေမေသည် ဖျောက်ဖျက်မရအောင်ရှိခဲ့၏။ ထမင်းစားလျှင်လည်း မေမေ့ကို သတိရနေ၏။ အိပ်လျှင်လည်း မေမေ့ကို သတိရနေ၏။ ဆရာမတွေ မြင်တိုင်းလည်း မေမေ့ကို အောက်မေ့သတိရ မျက်ရည်ကျခဲ့ရ၏။ အမိမဲ့သား ရေနည်းငါးလို ဖြစ်ခဲ့ရ၏။ အရာရာ ပြည့်စုံနေသော်လည်း မေမေ၏ အကြင်နာ မေမေ၏ အပြုအစု အယုအယတို့ကို အမြဲတစေ အောက်မေ့သတိရပြီး ဆားမပါသောဟင်းကို စားနေရသကဲ့သို့ အရသာမဲ့လွန်းလှ၏။

မေမေဆုံးပြီး နောက်ပိုင်း ဖေဖေလည်း စိတ်လေနေသည် ထင်သည်။ အိမ်သိပ်မကပ်ချင်။ ထမင်းဟင်းကို အဒေါ်များက လာချက်ပြုတ်ပေး၍သာ စားနေရသည်။ ဖေဖေသည် ကျွန်တော် အပေါ်တွင် အချစ်ပေါ့သွားသည်ဟု ကျွန်တော်မြင်လာမိသည်။ စေ့စေ့တွေးကြည့်တော့လည်း ရုတ်တရက်ခွဲခွာသွားသော မေမေ့ကို ဖေဖေ မေ့ပျောက်မစွမ်းနိုင်ရှိဟန်ပေါ်သည်။ တစ်ယောက်တည်း မေမေ့အမည်ကိုခေါ်၍ ငေးနေ၊ တွေးနေ၊ လျှောက်သွားနေတော့လည်း ကျွန်တော်ကို ဘယ်သတိရနိုင်ပါတော့မည်နည်း။

တစ်နှစ်ကျော်ကြာမှ ဖေဖေသည် နဂိုပုံမှန်အနေအထား ပြန်ရောက်လာပြီး ကျွန်တော်အား ဆထက်တန်ဖိုးတိုး၍ ချစ်လာသည်ကို ကျွန်တော်သတိပြုမိခဲ့ပါသည်။ မေမေဆုံးပြီး ခြောက်လခန့်ထိ ကျွန်တော်စိတ်တွေလေခဲ့သော်လည်း အပေါင်းအသင်း သူငယ်ချင်းများကြောင့်နှင့် မေမေစကားကို နားထောင်ပြီး စာကြိုးစားရခြင်းကြောင့် တဖြည်းဖြည်းစိတ် သက်သာရခဲ့ပါသည်။

❋ ❋ ❋

မေမေ ဆုံး၍ဖြစ်ပေါ်ခံစားရသော ဝေဒနာအနည်အမှုန်များ ထိုင်ရုံရှိကာစရှိသေး နန်းစံပေါင်းကြောင့် ကျွန်တော့်ဘဝသည် ထိခိုက်ကြေကွဲစရာ ဝေဒနာအနည်အမှုန်များ မှုတ်ဝဲစုပ်ဝဲပမာ ပြောင်းဆန်အောင် ထလာခဲ့ပါ၏။ နန်းစံပေါင်း အသက်ကရှိလှမှ သုံးဆယ်၊ သုံးဆယ်ပင် ရှိဟန်မပေါ်၊ ဆံပင်က သရီးစတက်(ပ်) မျက်တောင်တုတပ်ပြီး အိုင်းလိုင်နာချယ် အိုင်းရှိတ်ဆွဲထားသည်။ မိတ်ကပ်ပြောင်နေအောင် လိမ်းထားသည်။ ဆေးဆိုးပန်းရိုက်မျက်နှာနှင့်အတူ ဟိုအတု ဒီအတု အခုအခံတွေနှင့်ဆိုတော့ တကယ့်ဖလားဖြစ်နေသည်။ ဖေဖေစိတ်ထဲတွင် အသက်နှစ်ဆယ်ခန့်ထင်နေပေလိမ့်မည်။ နန်းစံပေါင်းက မေမေနှင့်တော့ တခြားစီပါ။ မေမေက ရိုးရိုးယဉ်ယဉ် ကန့်ကယ မလုပ်တတ်၊ အေးအေးဆေးဆေး နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့။

နန်းစံပေါင်းက ရုပ်ရှင်မင်းသမီးကားရိုက်ဖို့ ပြင်ဆင်ထားတာထက် ရှုံးအောင်ပြင်ဆင်ပြီး ပီလောရွက်က အစ်မခေါ်ရလောက်အောင် ချွဲချွဲပျစ်ပျစ်အသံဖြင့် ဖေဖေ့ကိုဖမ်းစားထားသည်။



ကျိုင်းတုံမှာတုန်းက ဘယ်လိုနေလို့ ဘယ်လိုထိုင်ပြီး ဘာတွေဝတ်စားခဲ့သည်တော့မသိ။ ကျွန်တော်တို့ အိမ်ရောက်လာတော့ သူ့ဌေးသမီးဂိုက်ဖမ်းနေပြီ။

ကျွန်တော်က ဖေဖေ လူယုံယာဉ်မောင်း ဦးစိုင်းပညာကိုချော့မေးကြည့်တော့မှ ဖေဖေကို နန်းစံပေါင်းကအမိဖမ်းခဲ့တာဖြစ်ကြောင်း နန်းစံပေါင်းသည် ပိုင်းလုံးမဖြစ်ကြောင်း၊ ဖေဖေဆေးမိနေပြီဟု ပြောပြသိရှိလိုက်ရပါသည်။

ဖေဖေသည် စိတ်ပြေလက်ပျောက် တာချီလိတ်ကုန်ကားနှင့် လိုက်သွားခဲ့ရာမှ အပြန်တွင် လူပိုနန်းစံပေါင်းပါလာခြင်းဖြစ်သည်။ ရောက်ရောက်ချင်း ဖေဖေမျက်နှာငယ်ဖြင့် ဆေးပေးမီးယူအတွက် မိန်းမယူလာခဲ့ကြောင်း ကျွန်တော့်ကိုပြောသည်။ ဖေဖေ့စကားကြားရချိန်တွင် မေမေ့ကို သတိရလွန်းသဖြင့် မီးဖိုခန်းထဲပြေးပြီး ကျွန်တော်မေမေ့ကို တိုင်တည်၍ အားရအောင် ရှိုက်ကြီးတငင် ငိုပစ်ခဲ့သည်။

နန်းစံပေါင်း ရောက်လာသည်နေ့မှစ၍ ကျွန်တော်ဘဝသည် ကြက်လှော်အိမ်ထဲ ကြောင်ရောက်လာသလို စိုးရိမ်ကြောင့်ကြ ပူပန်မှုသောကတို့ ဖြစ်ခဲ့ရပါသည်။

"သားရေ ဖေဖေ့ဆီ ခဏကွယ်. . ."

ဂီတနှင့် လူးထားသော ဖေဖေ့၏ အသံသည် ကျွန်တော်နားထဲ နားဝင်မချိုနိုင်တော့။ သည်မိန်းမ၏ အရိပ်မည်းကြီးသည် ဖေဖေ့ဘဝအလင်းကို သာမက ကျွန်တော် ဘဝအလင်းရောင်ကိုပါ ထိုးကျမျိုဝါးဖျက် ဆီးလာလိမ့်မည်ဟု ကျွန်တော်ထင်၍လည်း ဖေဖေနှင့် မပတ်သက်ချင်၊ စကား မပြောချင်တော့၊ သူတို့နှင့်ဝေးရာ ပြေးနေချင်မိသည်။

"သားလေး အိပ်ရာကို ဟို အရှေ့ဘက်ခန်း ရွှေ့ပေးထားတယ် ဖေဖေနဲ့ ခွဲအိပ်တော့နော်. . ."

ဖေဖေအသံ ဖေဖေစကားတို့သည် ကျွန်တော်နားထဲသို့ သံရည်ပူလောင်း ထည့်သည့်အလား ပူလောင်ကျက်အောင် ခံစားလိုက်ရ၏။ လူဘဝရောက်စကတည်းက အိပ်စက်နားခိုခဲ့သော နေရာလေးအား နန်းစံပေါင်း ရောက်လာသော ယနေ့တွင် စွန့်ခွာရပေတော့မည်။ စွန့်လွှတ်ရပေတော့မည်။ ကြေကွဲစွာ ခံစားနေရ၏။ အသည်းတမြေ့မြေ့ဖြစ်အောင် စစ်စစ်ကျင်ကျင် ခံစားလာရ၏။ မေမေ့ကိုသတိရလာပြီး သားအဖ၏ ချစ်ခြင်းကိုခွဲကာ မေမေ့နေရာကိုလုပြီး သားကို မောင်းထုတ်လာပုံကို တိုင်တည်ငိုမိပြန်ပြီ။

"ဖေဖေနဲ့ ခွဲအိပ်တော့နော်. . ." ဟု ပြောရက်သော ပြောထွက်သော ဖေဖေကိုလည်း ကျွန်တော် အံ့ဩနေမိ၏။ နေရာအလုခံလိုက်ရသော ကျွန်တော်၏ ရင်ထဲတွင် နန်းစံပေါင်းအား ပါးရိုက်ချင်လာအောင် ဒေါသမီးတောက်တွေ သစ်ယောင်းဝါးယောင်း လောင်သောမီးလို တဖြောင်းဖြောင်း တောက်လောင်လာခဲ့၏။ မယားထိ ခါးကြည့်ဖြစ်လာမည့် ဖေဖေ့ အခြေအနေကို မြင်ယောင်ပြီး ကျွန်တော်သည် အိမ်မှ ထွက်လာခဲ့၏။ ကျွန်တော့်ဘဝသည် ရေနည်းငါးလို ဘဝမျိုးတောင် မဟုတ်တော့။ သဲပူထဲ ပစ်ချခံရသည့် ငါးလိုဘဝမျိုး ရောက်လာပြီကို ကျွန်တော်သတိပြုလာမိ၏။ နန်းစံပေါင်းကြောင့် ကျွန်တော်သည် မေမေ့အား အချိန်ပြည့် သတိရနေချိန်တွင် ဖေဖေသည် နန်းစံပေါင်းကြောင့် မေမေ့ကို တစ်မိနစ် တစ်စက္ကန့်မျှပင် သတိရလိမ့်မည်မထင်တော့။ ထိုညက ကျွန်တော်အိမ်ပြန် မအိပ်ဖြစ်။ နေရာသစ်တွင်



တစ်ယောက်တည်း အိပ်ရပါက တစ်ညလုံး အိပ်ပျော်နိုင်ဖွယ်ရာမရှိ။ မေမေ့ကို အောက်မေ့၊ တမ်းတနေရင်းဖြင့် မိုးစင်စင်လင်းဖွယ်ရာသာ ရှိသည်။ ပြီးတော့ မာယာလေးဆယ် အမူအရာများနှင့် တယောသံလို ချွဲပျစ်သောအသံတို့ကို ကျွန်တော်မမြင်ချင်၊ မကြားချင်၊ ထို့ကြောင့်လည်း အိမ်နှင့်ဝေးရာ တင့်လွင်တို့အိမ် သွားအိပ်ခဲ့သည်။

ထိုနေ့ညကသာမက နောက်နေ့များစွာတွင်လည်း ကျွန်တော်သည် အိမ်မှ အိပ်ရာသစ်တွင် မအိပ်ဖြစ်။ သူငယ်ချင်းများ၏ အိမ်များတွင်သာ အိပ်ဖြစ်ခဲ့၏။ နွားလေးပျောက်လျှင် အော်နေတတ်သော နွားမ၊ ကြက်ကလေးပျောက်လျှင် မူးချာနောက်အောင် ကတော်ကတော်နှင့်အော်ပြီး တောင်ပံတွေ ဖြန့်ရှာတတ်သော ကြက်မ၊ ဒါတွေမြင်တော့ ကျွန်တော်ဝမ်းနည်းစွာ ခံစားလာရပြန်၏။ ဖေဖေသည် "သားဘယ်သွား အိပ်နေလဲ အိမ်ပြန်မအိပ်ဘူးလား . . ." ဟုပင် မေးဖော်မရတော့။

ဖေဖေသည် သားကို ဥပက္ခာပြုရက်လေပြီလား။ "ရှင့်သား အိမ်မှာမရှိတာကောင်းတယ် နေချင်ရာနေပါစေ မေးမနေနဲ့. . ." လို့များ နန်းစံပေါင်းက အမိန့်ထုတ်ထားလေသလား။

✵ ✵ ✵

တင်းကနဲ တန်းအောင် စေ့သွားသော နှုတ်ခမ်းသားကို မှန်ကြည့်ရင်းမှ အထင်းသားမြင်လိုက်ရ၏။ အံကြိတ်လိုက်မိသလို အောက်ဘယ်ဘက် နှုတ်ခမ်းသားလေးကိုလည်း သွားဖြင့်ဖိကိုက်လိုက်မိ၏။ ကျွန်တော် ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်ချလိုက်၏။

ဒီနေ့ကစပြီး အိမ်မှာပဲအိပ်မည်။ အိုးရွဲ့ကို စလောင်းရွဲ့ဖြင့် ဖုံးလိုက်တော့မည်ဟု။

မေမေ့အနမ်း ဖေဖေ့အနမ်းတို့ဖြင့်သာ အိပ်ပျော်ခဲ့သော ကျွန်တော်သည် ထိုညက အိပ်ရာသစ်၌ အိပ်မပျော်နိုင်ခဲ့။ မေမေ့ကိုသာ သတိရပြီး ကြေကွဲဆို့နင့်စွာ ခံစားနေရင်း ငိုကြွေးရင်း မိုးလင်းခါနီးမှ အိပ်ပျော်သွားခဲ့၏။

“အစ်ကိုကြီး လုပ်ပုံမဟုတ်ဘူးနော်၊ နန်းကကျွန်လို ချက်ပြုတ်ပေးထားတာပဲ အစ်ကိုကြီးသားက အိမ်က ထမင်းဟင်းမစားဘူး အပြင်မှာ ဝယ်စားနေတာ ဘယ်လောက်ကြာပြီလဲ၊ ဒါဟာ အစ်ကိုကြီး ပိုက်ဆံတွေပေးနေလို့ မဟုတ်လား. . .”

မနေ့ည အိပ်ရာဝင်စဉ်က ကျွန်တော်တံခါးမပိတ်မိ၊ တံခါးစေ့ရုံသာ စေ့ထား၍ နန်းစံပေါင်း၏ ငှက်ဆိုးထိုးသံကြောင့် ကျွန်တော်အိပ်ရာမှ လန့်နိုးလာခဲ့၏။ ကျွန်တော် အိပ်ရာထဲမှမထဘဲ နားစွင့်ထောင်နေမိ၏။

“နန်းကလည်းကွာ သူစိတ်ချမ်းသာသလိုနေပါစေ၊ ပိုက်ဆံက အရေးမကြီးပါဘူး. . .”

“ဘာ ဘာလို့ ပိုက်ဆံက အရေးမကြီးရမှာလဲ စီးတဲ့ရေဆည်ဖို့ကန်သင်းက ကျွန်မတာဝန်၊ ဒီအိမ်မှာ အဓိပ္ပါယ်မရှိ ငွေအပိုအကုန်မခံနိုင်ဘူး၊ ဒီနေ့ကစပြီး အစ်ကိုကြီး ငွေမကိုင်နဲ့၊ ရတာအကုန်အပ်၊ ကျွန်လို နန်းချက်ပြုတ်ပေးမယ်၊ သခင်လိုစားချင်လို့တော့မရဘူး၊ ဒါပဲ. . .”



ကျွန်တော်အိပ်ရာထဲမှ ဝေါက်ကနဲ ထလိုက်မိ၏။ ဒေါသတို့သည် မြွေဆိပ်ကဲ့သို့ တရှိန်ရှိန်တက်ရာ ဖေဖေအသံကြောင့် ရေလောင်းခံရသော မီးခဲပမာ ဒေါသခိုး သေသွားခဲ့ရ၏။

“ကောင်းပြီလေ၊ သားကို အစ်ကိုကြီးပြောပြထားပါ့မယ် နန်းစိတ်ချမ်းသာရင် ပြီးတာပါပဲ. . .”

“အစ်ကိုကြီး သားကိုရှိုးလိုက်၊ နေဖင်ထိုးအောင် အိပ်တာနတ်မကြိုက်ဘူး၊ လာဘ်ပိတ်တယ်၊ ကဲ နန်းဈေးသွားမယ်။ အစ်ကိုကြီး ပိုက်ဆံအိတ်ပေး. . .”

နားခါးသဖြင့် ကျွန်တော် ခေါင်းမြီးခြုံ ပေအိပ်နေလိုက်ပါ၏။ အိပ်မပျော်နိုင်မှန်း သိသော်လည်း အိပ်ရာမှထလိုစိတ်မရှိတော့ပါ။ ဖေဖေ့ဘဝအား စပါးကြီးမြွေမျိုသလို မျိုနေသော နန်းစံပေါင်းအကြောင်းကို တွေးနေမိ၏။ ဖေဖေ့ဝင်ငွေအားလုံးကို အပိုင်စီးရန် တိုက်ကွက်စပေပြီ။ သိုးလေးလို လည်စင်းခံနေသော ဖေဖေကို ကျွန်တော်နားမလည်နိုင်အောင် ဖြစ်နေရပြီ။ နန်းစံပေါင်းကို အပိုင်ကိုင်နိုင်မည့် နည်းလမ်းများကို ကျွန်တော်စဉ်းစားတွေးတောနေမိ၏။

“သား ထတော့လေ၊ ကိုးနာရီ ထိုးတော့မယ်၊ ကျောင်းသွားမယ် မဟုတ်လား. . .”

ဖေဖေ အသံကြောင့် ခေါင်းမီးခြုံလှပ်လိုက်ရာ ခုတင်ဘေးတွင် ဖေဖေ့ကို တွေ့ရသဖြင့် အိပ်ရာပေါ်မှထကာ ဖေဖေ့ဘေးရပ်လိုက်မိ၏။

“သား ဒီနေ့ကစပြီး အိမ်မှာထမင်းစားရမယ်၊ သား အပြင်ဝယ်စားမယ်ဆိုရင်လည်း ဖေဖေမှာ သားကိုပေးစရာ ပိုက်ဆံမရှိ

တော့ဘူး၊ သားတကယ် အသုံးလိုတဲ့ဟာရှိရင် နန်းဆီကိုပဲတောင်း။ ကြားလား. . . ”

နှလုံးသားကို စူးနှင့်အထိုးခံလိုက်ရသလို နာနာကျင်ကျင် နာနာကျည်းကျည်း ခံစားလိုက်ရ၏။ မေမေရှိစဉ်က မေမေရော ဖေဖေကပါ သားအိတ်ကပ်ထဲ လက်နှိုက်ပြီး “သား ပိုက်ဆံနည်းနေပြီ မဟုတ်လား၊ ရော့ယူသွား” ဟု ပြောကာ ထည့်ပေးခဲ့သည့်ဘဝ၊ ပိုက်ဆံပြတ်ဖို့ မပြောနှင့်၊ ပိုက်ဆံလျှော့နေမှာကို အလျှော့မခံသည့် မေမေနှင့် ဖေဖေ၊ ကျွန်တော်ကလည်း ငွေကိုတန်ဖိုးထားတတ်သူ၊ အကျိုးမဲ့ အချည်းနှီး၊ သုံးဖြုန်းပစ်တတ်သူ မဟုတ် ခုတော့ ကျွန်တော် ငွေလိုလျှင် လက်ဖြန့်စံတောင်း သုံးရမည့်ဘဝရောက်လာပြီ ဝမ်းနည်းကြေကွဲဖွယ် ကောင်းလေစွ။

“သားက ပိုက်ဆံအလကား အပိုကုန်ခံပြီး အပြင်မှာ ထမင်းဝယ်စားနေတာမဟုတ်ဘူး ဖေဖေ၊ သားအိမ်မှာ ထမင်းစားဖို့ ဟင်းအိုးလှပ်ကြည့်လိုက်ရင် သားအတွက်ကြက်ရိုးပဲ အမြဲတွေ့ရတာ ဒါကြောင့် အပြင်ဝယ်စားမိတာပါ ဖေဖေ. . . ”

“ဩော် သားကလည်းကွာ လူအမျိုး၊ ကြက်အရိုးဆိုတာ မေ့နေပြီလား၊ ကြက်သားဟင်းဆိုတာ အရိုးနဲ့ ဘယ်ကင်းပါ့မလဲ . . . ”

ကျွန်တော်ဘာမျှ ဆက်မပြောလိုတော့ပါ၊ ဖေဖေသည် အတိတ်မေ့ရောဂါ ဝေဒနာစွဲကပ်နေပြီဟု ထင်လာမိ၏။ ဖေဖေ၏ ခေါင်းသည် တစ်စုံတစ်ရာနှင့် ပြင်းပြင်းထန်ထန် ထိခိုက်မိလာခဲ့သလား၊ ဒါလည်း မဖြစ်နိုင်ပါ၊ ဖေဖေသည် ကျွန်တော်ကို သားမှန်းသိနေသဖြင့် အတိတ်မေ့ရောဂါ ဝေဒနာရှင် မဟုတ်နိုင်တော့ပါ။



မေ့ချင်တာ မေ့တတ်သည့် တမင်ဟန်ဆောင်မေ့ထားသော အတိတ်မေ့ရောဂါ စွဲကပ်ခြင်းသာ ဖြစ်ပါလိမ့်မည်။

“မေမေရှိတုန်းက ကြက်သားဟင်းချက်တိုင်း အသည်းတုံးကို မေမေကိုယ်တိုင် သားထမင်းပန်းကန်ထဲ ထည့်ပေးခဲ့တာ ဖေဖေ မေ့နေပြီလား၊ ကြက်ပေါင်သားကိုရွေးပြီး ဖေဖေသားကို ပေးခဲ့တာတွေ သတိမရတော့ဘူးလား . . . ” ဟု ကျွန်တော်မေးလိုက်ချင်၏။ ဖေဖေရှက်သွားမှာ စိတ်ဆင်းရဲသွားမှာ စိုးမိသည့်အတွက် နှုတ်ထွက်၍ မမေးလိုတော့ပါ၊ ရင်ပေ့ါသွားအောင်သာ စိတ်ထဲမှာပဲ မေးလိုက်မိပါသည်။

မေမေရှိစဉ်နှင့် နန်းစံပေါင်း သည်အိမ်ရောက်မလာခင် အထိ ကြက်သားဟင်းချက်တိုင်း သားအား ကြက်သည်း၊ ကြက်မြစ်၊ ကြက်ပေါင်တို့ကို ရွေးပေးလေ့ရှိသော ရွေးပေးတတ်သော ဖေဖေသည် ယခုကြက်သည်း၊ ကြက်မြစ်၊ ကြက်ပေါင်တို့ကို သားကိုယ်စား မည်သူ့ကို ပေးပါလေသနည်း၊ မည်သူ့ကို ကျွေးပါလေသနည်း၊ အထူးစိတ်ညစ်ခံ စဉ်းစားနေစရာမလိုပါ။ နန်းစံပေါင်းမှလွဲ၍ မည်သူ့ကိုမျှ ပေးရန် ကျွေးရန် အကြောင်းမရှိပါလေ။

ကျွန်တော်သည် ရင်ထဲတွင် ကြေကွဲစွာ ခံစားနေရမှု သက်သာစေရန် မျက်နှာသုပ်ပဝါ သွားတိုက်ဆေးဗူးနှင့် သွားတိုက်တံကိုယူကာ ရေတွင်းဆီသို့ လျှောက်လာခဲ့သည်။

ကျွန်တော်မျက်နှာသစ်ပြီး ပြန်လာသည့်တိုင် ဖေဖေသည် ကျွန်တော်ခုတင်ပေါ်တွင် ထိုင်နေသည်ကိုတွေ့ရ၏။ ဖေဖေ့အနားရောက်တော့ ဖေဖေ့မျက်နှာသည် နေလောင်ပန်းလို ညှိုးနွမ်းနေသည်

ကိုတွေ့ရတော့ ကျွန်တော်စိတ်မကောင်းမိတော့၊ ဖေဖေသည် ရီဝေသော မျက်လုံးများဖြင့် ကျွန်တော်ကို ငေးကြည့်နေသည်ကို တွေ့ရတော့ ကျွန်တော်ငိုချင်လာ၏။ ကျွန်တော့်ရင်ထဲတွင် ဖြစ်ပေါ်နေသော ဝေဒနာများ၊ ကျွန်တော်စိတ်ထဲတွင် ပြောမိသောစကားများကို ဖေဖေသိခဲ့ ကြားခဲ့လေသလော ပြုံတော့မည့် မိုးလို ကြေကွဲဆွေးမြေ့ရိပ်သမ်းနေသော ဖေဖေ့မျက်နှာကိုကြည့်ပြီး ဖေဖေ့ကို သနားလာမိ၏။

"သားလေး လိုတဲ့အခါ သုံးဖို့ယူထား. . ."

ဖေဖေသည် ဘဏ်စည်း ဆယ်တန်အုပ် အသစ်တစ်အုပ်ကို ကျွန်တော်လက်ထဲထည့်ပြီး ကျွန်တော့်အခန်းမှ ဖြေညှင်းလေး တွဲ့စွာထွက်သွား၏။ ကျွန်တော်သည် ဖေဖေ၏ ကျောပြင်ကို ငေးကြည့်ရင်း သက်ပြင်းမောချလိုက်မိသည်။

✵ ✵ ✵

အသားနီလန်နေသော ပူရဲပေါက်အနာပေါ် အက်ဆစ်အလောင်းခံ လိုက်ရသကဲ့သို့ မခံမရပ်နိုင်အောင် ကျွန်တော်ခံစားလိုက်ရ၏။ ကျွန်တော်စိတ်တို့သည် ဖန်ပန်းအိုးအတွင်းမှ ပိုးလောက်လန်းကောင်လေးလို ဆောက်တည်ရာမရ ဖြစ်နေ၏။

ဖေဖေတို့ လင်မယားသည် အကြော့သား ဝတ်စားပြီး (၂) ရပ်ကွက်မှ မင်္ဂလာဆောင်သို့ ထွက်သွားကြလေပြီ။ မေမေ၏ စိန်တစ်ဆင်စာ လက်ဝတ်ရတနာများနှင့် မေမေ၏ချိတ်ထဘီတို့ကို အရှက်မရှိ ဝတ်ဆင်သွားသော နန်းစံပေါင်းအား ကျွန်တော်စူးရဲရဲကြည့်ဖြစ်ခဲ့၏။ နန်းစံပေါင်းသည် ကျွန်တော်အား တစ်ချက်မျှ



ကြည့်ပြီး ဘာမှမဖြစ်သလို ဖေဖေလက်ကိုတွဲထွက်သွားရာ ကျွန်တော်မှာ ဖင်ဆောင့်ငိုချင်လောက်အောင် နေမထိထိုင်မတတ် ခံစားလိုက်ရ၏။

နန်းစံပေါင်းသည် မေမေ၏နေရာအားလုံး အရာအားလုံး ပိုင်စိုးပိုင်နင်း ရယူသွားခဲ့လေပြီကိုသိသည်နှင့် မေမေ့ကိုတိုင်တည်ပြီး ကျွန်တော်ငိုမိပြန်ပါပြီ။

နန်းစံပေါင်းသည် ဤအိမ်၏ သခင်ဖြစ်မှန်းမသိ ဖြစ်လာခဲ့ပါပြီ။ ဖေဖေ၏အခန်းကဏ္ဍသည် မှေးမှိန်ပြီး နန်းစံပေါင်း၏ ဩဇာများသာ တောက်ပြောင်ဝင်းလက် အစွမ်းထက်လာပါသည်။ နန်းစံပေါင်း ပညာပေးမှုကြောင့် မီးသွေးဝယ်လည်း ကျွန်တော်ကောင်းကောင်းတတ်ခဲ့ပြီ။ နန်းစံပေါင်းက ဖေဖေမရှိခိုက် ကျွန်တော့်ကို မီးသွေးဝယ်ခိုင်း၏။ ကျွန်တော်သည် ကျောင်းစာမှလွဲ၍ အတွေ့အကြုံမရှိသဖြင့် မီးသွေးဆိုလျှင် တစ်မျိုးတည်းရှိသည် ထင်ခဲ့၏။ ဈေးထိပ်မှ မီးသွေးသည်တွေ့သဖြင့် အိမ်ခေါ်လာခဲ့၏။ အခေါက်မီးသွေးသည် ခေါ်လာသော ကျွန်တော်အား နန်းစံပေါင်းက နှိမ်ပြောပြောသည်။ သည်တော့မှ မီးသွေးအမျိုးမျိုးရှိသည်ကို ကျွန်တော်သိတော့သည်။ အသားမီးသွေး၊ အခွံမီးသွေး၊ အသားအခွံရောနှောပါ မီးသွေး၊ မီးသွေးအမာ၊ မီးသွေးအလှ၊ မီးသွေးအတုံးကြီး၊ မီးသွေးအကြေ၊ ဂေါ်သားမီးသွေး၊ ဖက်ယားသားမီးသွေး၊ မီးသွေး အမျိုးမျိုးအကြောင်း နန်းစံပေါင်းကြောင့် ကျွန်တော်သိခဲ့ရပြီ။

မေမေရှိစဉ်တုန်းကလို ကျွန်တော်အိမ်မှာ အလကားမနေရတော့၊ ရေတွင်းမှ ရေခပ်ရသည်၊ ရေဖြည့်ရသည်၊ ထင်းရှူးဆီခွဲပေးရသည်၊ နန်းစံပေါင်း စောင်ခြင်ထောင်လျှော်လျှင် ဝိုင်းကူရေညှစ်ပေးရသည်၊ ဈေးပြေးဝယ်ခိုင်းလျှင် ပြေးဝယ်ပေးရသည်၊ ထိုသို့အလုပ်စုံ လုပ်လာရသော်လည်း ပိုက်ဆံတောင်းလျှင် နန်းစံပေါင်းက တစ်ရာတောင်းမှ ငါးဆယ်ပဲပေးတတ်သည်။ ဖေဖေက ကျွန်တော့်အဖြစ်ကိုကြည့်ပြီး စိတ်ဆင်းရဲနေရဟန်ရှိသည်။ သူစုဆောင်းဝှက်ထားသော ငွေများထဲမှ တစ်ထောင်မျိုး ငါးရာမျိုး ခိုးပေးတတ်သည်။

သေချာစဉ်းစားကြည့်တော့ ဖေဖေဘဝက သနားစရာ ရေတွင်းတူးရပြီး ရေကြည်သောက်ပိုင်ခွင့်မရှိ၊ ခပ်ပေးပိုင်ခွင့်မရှိ၊ သားကို အဖေက ပိုက်ဆံပေးသည်ကိုပင် ပြောင်မပေးရဲ၊ ခိုးဝှက်ပေးနေရသည်။

နန်းစံပေါင်းသည် ကျွန်တော်အပေါ်တွင် စေတနာမရှိသည်ကား ထင်ရှားသည်။ အဝတ်လျှော်ဖို့ ရေခပ်ပေးပါလျက် ကျွန်တော်အဝတ်များကိုပြောင်အောင် ဘယ်တော့မှ လျှော်မပေး။ ပညာရည်ချွန်ဆုပေးပွဲဝတ်ရန် ပုဆိုးနှင့်အကျီကိုလျှော်ပေး မီးပူတိုက်ပေးဖို့ ဆုပေးပွဲမတိုင်မီ တစ်ပတ်အလိုကတည်းက ပေးထားသည်။

ဆုပေးပွဲနေ့ ကောက်ဝတ်တော့ သန့်သန့်ရှင်းရှင်းမဟုတ်။ ဖေဖေက “နန်းကိုကြိုမလျှော်ခိုင်းဘူးလား. . . ” ဟုမေးသည်။ ပဲလှော်ကြားက ဆားမဖြစ်ချင်၍ လင်မယားကြား ကတုန်းကတိုက်လုပ်သူဟု အထင်မခံနိုင်၍ ရေငုံနှုတ်ပိတ် နေလိုက်သည်။

ကျွန်တော့်အဝတ်အစားအားလုံး ဘယ်တုန်းကမှ ပြောင်အောင်လျှော်မပေးသည်ကို သတိထားမိလာသဖြင့် ကျွန်တော့်အဝတ်



အစားများ လျှော်မည့်နေ့တစ်နေ့တွင် ကျွန်တော်ချောင်းကြည့်ခဲ့သည်။ ကျွန်တော်ထင်သည့်အတိုင်း မှန်နေသည်။ ကျွန်တော်အဝတ်အားလုံး ရေထဲနှစ်ညှစ် ပြန်လှန်းနေပါလား။

နန်းစံပေါင်းကို တစ်နေ့တခြား အော့နှလုံးနာကာ ရွံ့ကြောက်ဖြစ်လာမိ၏။ စာမကျက်တာလည်း ပြောသည်။ စာကျက်တာလည်း ပြောသည်။ သွားတာလာတာလည်း ပြောသည်။ ကျွန်တော့်ကို တိုက်ရိုက်ပြောခြင်းတော့ မဟုတ်။ ဖေဖေ့ကို တိုင်ပြောနေခြင်းဖြစ်သည်။

အမှန်ကိုပြောရလျှင် နန်းစံပေါင်း ရောက်လာပြီး နောက်ပိုင်းသည်အိမ်တွင် ကျွန်တော်မနေချင်တော့၊ “ကျောပူတာ ခံချင်သည်။ နားပူတာ မခံချင်” ဆိုသည့်စကား အဓိပ္ပါယ်ကိုလည်း ခုမှနားလည်လာခဲ့၏။ သည်နှစ် ဆယ်တန်းအောင်လျှင်တော့ နောင်နှစ်တွင် တောင်ကြီးကောလိပ် သွားတက်ရတော့မည်။ နားငြီးသက်သာပေတော့မည်။ စိတ်ဆင်းရဲစရာ လျော့ပါးသွားပေတော့မည်။ ဆယ်တန်းကလည်း ကျွန်တော်လက်ရှိ အခြေအနေအရ မအောင်စရာမရှိပါ။ စိတ်သောက ဝေဒနာသာမရှိပါက မေမေသာ အသက်ရှင်နေသေးပါက ဆယ်တန်းကို ဂုဏ်ထူးသုံးလေးဘာသာ ထွက်အောင်ဖြေနိုင်လိမ့်မည်ဟု ကျွန်တော်ထင်နေမိ၏။

မေမေ ကွယ်လွန်ပြီးကတည်းက စိတ်ညစ်နေခဲ့ရသော ကျွန်တော်သည် ပြီးခဲ့သောအပတ်ထဲကတော့ ဝမ်းသာပျော်ရွှင်ခဲ့ရပါ၏။ မီးဝေးချိပ်မာ အနေကြာမေ့နေခဲ့သော ကျော်သက်ထံမှ စာလာ၍ဖြစ်၏။ သူ့အစ်ကို ကိုကျော်ထက်သည် ရေကြောင်းပညာသိပ္ပံကျောင်းဆင်းလျှင် DECK CADET ဖြင့် သင်္ဘောလိုက်

တော့မည်ဖြစ်ကြောင်း သူလည်း ဆယ်တန်းအောင်လျှင် ဆင်မလိုက် ကုန်သွယ်ရေကြောင်း အရာရှိလောင်းသင်တန်းတက်မည့် အကြောင်း သူတက်နေသည့် ကျောင်းအကြောင်း၊ ရန်ကုန်အကြောင်း လာမည့် နွေရာသီလာလည်ဖို့ ရန်ကုန်သကြ်န်လျှောက်လည်ရအောင်လာခဲ့ဖို့ သူ့အဖေအမေကလည်း လာဖြစ်အောင်လာဖို့ မှာကြားကြောင်း ရေးထားသည်။ ကျော်သက်အဖေ ဦးခင်မောင်ကျော်သည် သစ်တောအရာရှိဖြစ်ပြီး လှိုင်လင်မှာနေကတည်းက ကျွန်တော်တို့ အိမ်လာနေကျ၊ ဖေဖေနှင့် စကားလက်ဆုံကျနေကျ၊ ကျော်သက် မေမေ ဒေါ်မေမေသက်သည် ကျွန်တော်မေမေနှင့် အတွဲဆုံး ဖြစ်၏။ မိဘချင်း ခင်မင်ရင်းနှီးသလို ကျွန်တော်နှင့် ကျော်သက် ကလည်း ညီရင်းအစ်ကိုလို ချစ်ခင်ရင်းနှီးခဲ့ကြ၏။ အဘယ်မျှ ချစ်ခင်ရင်းနှီးခဲ့ကြသလဲ ဆိုပါလျှင် ကျော်သက်၏ စိန်လက်စွပ်ကို ကျွန်တော်သည် တစ်လကိုးသီတင်း ယူဝတ်ထားတတ်သလို ကျွန်တော်၏ ရွှေပုတီးစေ့ ဆွဲကြိုးကို ကျော်သက်သည် တစ်လနှင့် နှစ်လ ယူဝတ်ထားတတ်၏။ ကျော်သက်သည် ထိုရွှေပုတီးစေ့ ဆွဲကြိုးကို အရမ်းသဘောကျ၏။ သူ့အမေအား အလားတူ ရွှေပုတီး စေ့ဆွဲကြိုးမျိုးကို ဝယ်ပေးဖို့ပင် ပူဆာဖူး၏။ သူ့အမေက ကျွန်တော့် ဆွဲကြိုးယူသွားပြီး တောင်ကြီးတက် ရွှေဆိုင်စုံအောင် ရှာဝယ်ပေ မယ့်မရ၊ အော်ဒါမှာပေမယ့် လုပ်ပေးမည့် ရွှေဆိုင်မရှိ။

ကျော်သက်နှစ်သက်လွန်းသည့် ထိုရွှေပုတီးစေ့ဆွဲကြိုးကို ကျွန်တော်ကလည်း ကျော်သက်ကို ပေးချင်ပါ၏။ သို့သော် မေမေ က ကျွန်တော်လေးတန်းအောင်၍ ဆုချခဲ့သည့် ဆွဲကြိုးဖြစ်နေ သည်။ ပြီးတော့ ဖေဖေက မေမေ့ကို ချစ်သူဘဝက အမြတ်တနိုး



ပေးခဲ့သည့် ဟော်နန်းစဉ် ဆွဲကြိုးလည်းဖြစ်၏။ ရွှေးစေ့အရွယ် ရွှေပုတီးစေ့ တစ်ရာ့ရှစ်စေ့ကို ကျစ်ထားသော ရွှေရောင်ပိုးကြိုး ဖြင့် သီထားခြင်းဖြစ်၏။ မေမေ အမြတ်တနိုး ပေးထားသည့် ပစ္စည်း မို့ ကျော်သက်ကို မပေးဖြစ်ခဲ့။

ကျွန်တော်အနေနှင့်လည်း အိမ်မှာမနေချင်။ ရှေ့အပတ်ထဲ စာမေးပွဲကြီးဖြေပြီးလျှင် ကျော်သက်ဆီသွားလည်ဖို့ စိတ်ကူးထား သည်။ တစ်နွေလုံး အိမ်မှာနေရလျှင် နန်းစံပေါင်းနှင့် တစ်ချက် မဟုတ်တစ်ချက် ပြဿနာတက်မည်။ ကြီးကြီးကျယ်ကျယ် ပြဿနာ တက်လာလျှင်လည်း ကျွန်တော် စိုးစဉ်းမျှမကြောက်။ ထို့သို့ဖြစ်လျှင် ဖေဖေစိတ်ဆင်းရဲမှာသာ စိုးသည်။

ပြဿနာကလည်း မဖြစ်နိုင်စရာမရှိ။ ချိတ်ချိတ်ချင်း မဟုတ် စေကာမူ ချိတ်တစ်ခုသည် ချိတ်ဆွဲလိုလျှင် ဖြောင့်နေသော တန်းကို ပင် လှမ်းချိတ်နိုင်သည် မဟုတ်လား။

မနေ့ကအဖြစ်အပျက်ကိုပင် စဉ်းစားကြည့်။ ကျွန်တော်တို့ အိမ်သည် မည်သည့်အခါမျှ လှိုင်လင်ဈေးထဲမှ ဆန်ကိုဝယ်စားဖူး သည်မရှိ။ ရန်ကုန်ဆင်းသော အိမ်မှကုန်ကားဖြင့် ပုသိမ်ပေါ်ဆန်းမွှေး ဆန်ကို တစ်ခါဝယ် သုံးလေးအိတ်ဝယ်ခိုင်းပြီး စည်နှင့် အလုံ ပိတ်လှောင် စားခဲ့သည်သာ။

ဆန်ဘယ်အချိန်ကုန်မည် ဘယ်အချိန်မှာရမည်ကို မေမေ သိသည်။ ဆန်နှင့်ပတ်သက်၍ ဘယ်တုန်းကမှ ပြဿနာ မတက်ခဲ့ ဖူးခဲ့၊ မနေ့က ဆန်ပြဿနာတက်ခဲ့သည်။ မီးဖိုချောင်ဝင်နေသူ နန်းစံပေါင်း ဆန်စည်ထဲ ဆန်ကုန်နေသည်ကို မသိဆိုသည်မှာ

ဘယ်နည်းနှင့်မျှ မဖြစ်နိုင်။ အမှန်မသိဟု ဆိုလျှင်လည်း ခပ်ချာချာ အိမ်ထောင်ရှင်မို့သာ ဖြစ်ရမည်။

"အစ်ကိုကြီး ဆန်ကုန်နေပြီ၊ အဲဒါဘယ်နှယ့် လုပ်မလဲ ညနေစာ ချက်စရာ မရှိတော့ဘူး. . ."

"နန်းကလည်းကွယ် ဆန်ဆိုတာမကုန်ခင် ဝယ်ထားရတယ်၊ ဒီမှာက ပေါ်ဆန်းမွှေးအစစ် မရှိဘူး။ အရောအနှောတွေပဲရှိတာ - ပြီးခဲ့တဲ့အခေါက် စိုင်းပညာတို့ ရန်ကုန်ဆင်းတုန်းကတည်းက မှာလိုက်ရမယ့် ဥစ္စာ။ ခုဘယ့်နှယ့်လုပ်မလဲ. . ."

"အစ်ကိုကြီးကလည်း နန်းကိုပဲ အပြစ်ပုံချနေတာ၊ နန်းက တစ်အိမ်လုံး အလုပ်လုပ်နေရတာ တခါတလေ သတိလက်လွတ်တော့ ဖြစ်မှာပေါ့၊ ခုမှတော့ ဘာမှမတတ်နိုင်ဘူး၊ ဈေးထဲကဆန်ပဲ ဝယ်စားရမှာပဲ၊ အစ်ကိုကြီးသွား သွားဝယ်ခိုင်းလိုက်ပေါ့. . ."

"ဘယ်လောက်ဝယ်ခိုင်းရမှာလဲ တစ်အိတ်လား၊ နှစ်အိတ်လား. . ."

"နက်ဖြန်ပဲ အိမ်ကကား ရန်ကုန်ဆင်းမယ့်ဥစ္စာ၊ လေးငါးခြောက်ပြည် ဝယ်ခိုင်းပေါ့၊ ဒါလောက်ဆို အစ်ကိုကြီးသား ထမ်းနိုင်မှာပါ. . ."

ကျွန်တော့်ရင်ထဲတွင် ယမ်းပုံမီးကျ၊ ဒေါသတွေ ထောင်းကနဲ ထလာခဲ့ရာ အိပ်ခန်းထဲမှ ထွက်ချရန်ပင်၊ အိပ်ရာမှ ထလိုက်မိသည်။

"နန်းကလည်းကွာ သားမလုပ်ဖူးတဲ့အလုပ် ရှက်နေမှာပေါ့၊ သားတော့ မထမ်းခိုင်းပါနဲ့၊ တစ်အိတ်ဖြစ်ဖြစ် ဝယ်လိုက်ပြီး မြင်းလှည်းငှားတင်လာရတဲ့ဥစ္စာ. . ."

"အစ်ကိုကြီးက နန်းစေတနာ နားမလည်တာ နန်း ဝမ်းနည်း



တယ်၊ ဟင့် ဟင့် မကုန်သင့်တာ မကုန်အောင်. . . တော်ပြီ . . . တော်ပြီ. . . အစ်ကိုကြီးသားကို နန်းဘာမှ မခိုင်းတော့ဘူး. . . ဟီး. . . ဟီး. . . ဟီး. . ."

"နန်း နန်း ဘာလို့ငိုရတာလဲ နန်းရယ် အစ်ကိုကြီးကို စိတ်ဆိုးသွားပြီလား. . . တိတ်. . . တိတ်တော့နော် . . ."

ကျွန်တော့်ဒေါသတွေပင် လေနှင်မီးခိုးလို ချက်ချင်းလွင့်ပါး ပျောက်ကွယ်သွားပြီ၊ ဖေဖေနှင့် နန်းစံပေါင်းတို့ နှစ်ပါးသွားခန်းကို မကြည့်လိုတော့သဖြင့် ကျွန်တော် စိုင်းဩစိန္တာတို့ အိမ်ဘက် ထွက်လာခဲ့မိသည်။

မနေ့က ငိုသူကငို ချော့သူကချော့ခဲ့ကြသော ဖေဖေနှင့် နန်းစံပေါင်းတို့သည် ယနေ့တော့ ယခုတော့ မနေ့ကဘာမှ မဖြစ်ခဲ့သလို လင်မယားနှစ်ယောက် မျက်နှာငွေလနှင့် မင်္ဂလာဆောင်သို့ ထွက်သွားခဲ့ကြလေပြီ။

ဖေဖေအနေဖြင့် နန်းစံပေါင်း ငိုသောကြောင့် မေမေ့ လက်ဝတ်ရတနာများပေး၍ ချော့မော့ခဲ့သဖြင့် နန်းစံပေါင်း အငိုတိတ်ခဲ့သော်လည်း မေမေ့လက်ဝတ်ရတနာများကို နန်းစံပေါင်းအား ရက်ရက်ရောရောပေးလိုက်သဖြင့် မေမေ့အတွက်ယူကြုံးမရဖြစ်ပြီး ငိုနေမိသောကျွန်တော်အား အငိုတိတ်အောင်အဘယ်သူသည် အဘယ်သို့သောနည်းဖြင့် ချော့မော့နှစ်သိမ့်ပါလေမည်နည်း။

✵ ✵ ✵

"ဟော့ စဝ်ထွန်းနိုင် မြန်မြန်လုပ်ကွာ ရုပ်ရှင်ကပြတော့မယ်"

စိုင်းသြစိန္တာက အိမ်ရှေ့လှေကားမှ တက်လာရင်း လှမ်းအော်ဝင်လာ၏။

"ဒီကောင် ဒီနေ့ဘယ်လိုဖြစ်နေလဲ စားနောက်သွားနောက်သေတော့သူများအလျင် စိုင်းလိတ်တောင် တို့နဲ့အတူပါလာပြီ. . ."

စိုင်းဆိုင်လူအသံပါ ထပ်ကြားရ၏။

"ဘယ်လိုဖြစ်ရမှာလဲ၊ ဆစ်ဒီရအောင်ဖြေနိုင်လာလို့ ဒီကောင်စိတ်ကူးယဉ်နေလို့ ဖြစ်မှာပေါ့. . ."

ဇော်လွင်ဟိန်းက ဝင်နောက်၏။ ကျွန်တော်သူငယ်ချင်းအားလုံး စုံကြပြီထင်သည်။ အိမ်ရှေ့ခန်းတွင် လက်ပံပင် ဆက်ရက်ကျသလိုဆူညံနေပြီ။ ကျွန်တော်တို့အားလုံး စာမေးပွဲနောက်ဆုံးနေ့မို့ ရုပ်ရှင်ကြည့်ရန် ချိန်းထားကြပြီး ကျွန်တော်အိမ်တွင် စုရပ်လုပ်ထား၏။ လွိုင်လင်မြို့မှာက အောင်သီရိရုပ်ရှင်ရုံ တစ်ရုံတည်းရှိသည်။ သည်တစ်ရုံပင် နေ့စဉ်နေ့ပွဲမပြ၊ ညပွဲသာ ပြသည်။ စနေ တနင်္ဂနွေပဲ နေ့ပွဲပြသည်။ ရှားရှားပါးပါးတိုက်တိုက် ဆိုင်ဆိုင်မို့ ဦးနှောက်ဆေးရန် ရုပ်ရှင်ကြည့်ဖို့ ချိန်းလိုက်ကြခြင်း ဖြစ်၏။

ကျွန်တော်ကျောင်းက ပြန်လာတော့ လမ်းတွေ့သူတိုင်းက မေးခွန်းတောင်းကြည့်၊ ဖြေနိုင်သလား မေးကြသည်နှင့် အိမ်သို့နောက်ကျမှ ပြန်ရောက်၏။ ပိုဆိုးသည်က အထက(၂) မှ စာမေးပွဲဖြေပြန်လာသည့် နန်းအေးစိုးက လမ်းတွင်အမေးအမြန်းထူနေ၍ အချိန်အတော်ကုန်သွား၏။ အိမ်ရောက်ရောက်ချင်း အဝတ်အစားလဲ ထမင်းစားနေတုန်း စိုင်းသြစိန္တာတို့အဖွဲ့ ရောက်လာခြင်းဖြစ်သည်။



ကျွန်တော်သည် ထမင်းအမြန်စား ပန်းကန်ဆေး လက်သုတ်ပြီး ပိုက်ဆံယူကာ အိမ်ရှေ့သို့ထွက်လာခဲ့၏။

"ကဲ သွားကြရအောင်. . ."

ကျွန်တော်က သူငယ်ချင်းများကို ပြောလိုက်၏။

"ခဏနေအုန်း ဒီနေ့အဝတ်တစ်ပုံကြီး လျှော်ရမှာ ရေခပ်ပေးခဲ့အုန်း. . ."

နန်းစံပေါင်းက ငှက်ဆိုးထိုးသံဖြင့် လူပုံအလယ်တွင် အရှက်ခွဲလာပြီ၊ ကျွန်တော်တစ်ချက် စဉ်းစားလိုက်၏။ ဖေဖေ့ မျက်နှာကွက်ကနဲ ပေါ်လာသဖြင့် "ခဏလေး" ဟု စိုင်းသြစိန္တာနှင့် အဖွဲ့အား လှမ်းပြောပြီး ရေတွင်းဆီ ဆင်းပြေးလာခဲ့၏။ ဒေါသနှင့်မို့ ခြေသံပြင်းပေလိမ့်မည်။

ကျွန်တော်သည် ရေတွင်းမှရေကို ရေပုံးဖြင့်ငင်၍ ရေဇလားကို အပြည့်ဖြည့်လိုက်၏။ ကျွန်တော်ရေဖြည့်နေစဉ် ခွန်ဥက္ကာလိုက်လာ၏။ ရေဇလားပြည့်သည်နှင့် ရေတစ်ပုံးအပြည့် ခပ်ထားခဲ့ကာ အိမ်ရှေ့သို့ ခွန်ဥက္ကာနှင့်အတူ ပြန်ပြေးလာခဲ့သည်။ အိမ်ရှေ့အရောက်တွင် အိမ်ပေါ်ပင် မတက်တော့ဘဲ "သွားကြရအောင်" ဟုလှမ်းအော်ပြီး ရှေ့ဆုံးမှ ခြံအပြင်သို့ ထွက်လာခဲ့သည်။ ခြံအကျော်လမ်းမပေါ်တွင် ဖေဖေနှင့်တွေ့၏။

"ဘယ်သွားမလို့လဲသား၊ ဒီနေ့ဖြေနိုင်ရဲ့လား. . ."

"ဖြေနိုင်ပါတယ်ဖေဖေ သားတို့ရုပ်ရှင်သွားမလို့. . ."

"သားမှာပိုက်ဆံရှိသေးလား . ."

"ရှိသေးတယ်ဖေဖေ. . ."

ကျွန်တော်စကားမဆုံးမီ ဖေဖေက သူ့အိတ်ကပ်ထဲမှ ပိုက်ဆံများကိုထုတ်ပြီး ကျွန်တော်အိတ်ကပ်ထဲသို့ ထည့်ပေးပြီး အိမ်ဘက်ဆီ လျှောက်သွား၏။

"ဒီနေ့တော့ စားရေးသောက်ရေး ကိစ္စအားလုံးကို ကျူတာစဝ်ထွန်းနိုင်က တာဝန်ယူပါလိမ့်မယ်ခင်ဗျား. . ."

ခင်မောင်သော်စကားကြောင့် "ဝါး" ကနဲအသံထွက်လာ၏။ တဟားဟား ရယ်သံများက အတော်နှင့်မရပ်။

"ဆရာဝန်ကြီး ဦးခင်မောင်သော်စကားကို တို့ထောက်ခံတယ်. . ."

ဇော်လွင်ဟိန်းစကားမဆုံးမီ "ဝါး" ကနဲဖြစ်သွားပြန်ပြီ။ တဟားဟားရယ်သံများကြောင့် လမ်းဘေးအိမ်များကပင် ပြူတင်းပေါက်တံခါးများ ဖွင့်ကြည့်ကြသည့်အထိဖြစ်၏။

"ဗိုလ်ကြီး ဇော်လွင်ဟိန်း ထောက်ခံချက်ကို အလေးအနက်ထပ်ဆင့်ထောက်ခံပါတယ်. . ."

စိုင်းဆန်လူ၏ နောက်ဆက်တွဲစကားများကို "ဝါး" ကနဲရယ်သံကြီးက ဖုံးလွှမ်းသွားပြန်ပြီ။

"လေသူရဲဗိုလ်ကြီး စိုင်းဆန်လူက ရုပ်ရှင်လက်မှတ် တာဝန်ယူပါလိမ့်မယ်. . ."

စိုင်းဩစိန္တာ၏ စကားအဆုံးတွင် "ဝါး" ကနဲရယ်သံကြီး ထွက်လာပြန်ပြီ။

"ကောင်စီဥက္ကဋ္ဌကြီး စိုင်းဩစိန္တာရဲ့အဆိုကို တို့ထောက်ခံတယ်. . ."



တင့်လွင်စကားမဆုံးမီ ခွက်ထိုးခွက်လန် ရယ်သံများ ထွက်ပေါ်လာရာ စိုင်းဩစိန္တာက လက်ကာပြပြီး အရယ်ရပ်ခိုင်းလိုက်၏။

"တော်ကြပါတော့ကွာ တင့်လွင်စကားကြောင့် ငါအချုပ်ခန်းထဲ ရောက်နေရပါအုန်းမယ်၊ တကယ်ဖြစ်လာရင် တင့်လွင်အဖေစခန်းမှူးလည်း ကယ်နိုင်မှာမဟုတ်ဘူး စကားနောက်တရားပါ၊ တော်ကြပါတော့ ရုပ်ရှင်မီအောင် သုတ်ခြေတင်ကြရအောင်. . ."

စိုင်းဩစိန္တာစကားကြောင့် ဟားပွဲကြီးရပ်သွားပါတော့သည်။

တကယ်တော့လည်း ရယ်တော့ရယ်ချင်စရာသာ။ စာမေးပွဲအလျင်ဖြေပြီးကြသော ကျွန်တော်တို့တစ်တွေသည် စာမေးပွဲခန်းမမှထွက်ပြီး အပြင်တွင်စုရပ်စကားပြောနေကြ၏။ သစ်လွင်ခင်မောင်သော်နှင့် စိုင်းလိတ်တို့ ထွက်မလာကြသေးသဖြင့် စောင့်နေကြခြင်းဖြစ်၏။ သူတို့သုံးယောက်က ဖြေနိုင် ဖြေနိုင် မဖြေနိုင် မဖြေနိုင် စာမေးပွဲဖြေတိုင်း အဖြေလွှာလိုက်သိမ်းမှ နောက်ဆုံးခေါင်းလောင်းထိုးမှ ထွက်လာတတ်ကြသူများဖြစ်ကြ၏။ သူတို့ကိုစောင့်ရသည့် အကြောင်းမှာလည်း ရုပ်ရှင်ကြည့်ဖို့ကိစ္စ တိုင်ပင်ဖို့ဖြစ်၏။

ထိုစဉ် ယာယီကျောင်းအုပ်ကြီး ဆရာကြီးဦးခင်လှ သူ့ရုံးခန်းထဲမှထွက်လာပြီး စာဖြေခန်းမဆီသွားသည်ကိုတွေ့ရ၏။ ချက်ချင်းဆိုသလိုပင် ဆရာကြီးဦးခင်လှ၏ ခြေဦးက ကျွန်တော်တို့အုပ်စုဆီလှည့်လာ၏။ ဆရာကြီးအနားရောက်လာတော့ ကျွန်တော်တို့ကအရိုအသေပြုလိုက်ကြသည်။ ဆရာကြီးက "ဖြေနိုင်ကြရဲ့လား . . ." ဟုမေးသဖြင့် ကျွန်တော်တို့က "ဖြေနိုင်ကြောင်း" ပြောပြကြသည်။

ဆရာကြီးက " ဆယ်တန်းအောင်ရင် ဘာလုပ်ကြမလဲ . . ."ဟု

မေးရာ ကျွန်တော်တို့တစ်တွေက "ကောလိပ်ဆက်တက်ပါ့မယ် ဆရာကြီး. . ." ဟု ဖြေရမည့်အစား တစ်ဦးချင်း လုပ်ချင်တာတွေ ဖြေခဲ့ကြသည်မှာ

စိုင်းဝင်းလှိုင်နှင့် တင့်လွင်က " ကျောင်းဆရာလုပ်မည်" ဟု ဖြေသည်။ ဇော်လွင်ဟိန်းက " စစ်ဗိုလ်လုပ်မည်"ဟု ဖြေသည်။ စိုင်းဆိုင်မိန်း၊ ခွန်ဥက္ကာနှင့် စိုင်းသြစိန္တာတို့က " နိုင်ငံရေးလုပ်မည်" ဟု ဖြေကြသည်။ စိုင်းဆန်လူက "လေသူရဲလုပ်မည်" ဟုဖြေသည်။ စိုင်းအိုက်ကျော်က "သစ်တောအရာရှိ" လုပ်မည်ဟုဖြေသည်။ နန်းကောင်တစ်က "ဆရာဝန်" နန်းနော်ခမ်းက "စာရင်းကိုင်"၊ နန်းနွယ်ခမ်းက "ရှေ့နေ"၊ နန်းခမ်းအိမ်က "အင်ဂျင်နီယာ"၊ ခင်မမက "ဆရာမ" လုပ်မည်ဟုဖြေကြသည်။ ကျွန်တော်ကို မေးတော့ "ကောလိပ်က ကျူတာလုပ်မည်" ဟုဖြေခဲ့သည်။

စာမေးပွဲခန်းမှ နောက်ဆုံးထွက်လာကြသည့် ခင်မောင်သော်က "ဆရာဝန်"၊ သစ်လွင်က "အကောက်ခွန် အရာရှိ" စိုင်းလိတ်က "ရေတပ်ဗိုလ် ကပ္ပတိန်" လုပ်မည်ဟု ဖြေကြသည်။

ဆရာကြီးက "လူဆိုတာ ရည်ရွယ်ချက်ရှိရမည်။ ရည်ရွယ်ချက်ကို စိတ်ကူးယဉ်တာနဲ့ အဆုံးမသတ်ရဘူး၊ ရည်ရွယ်ချက်ကို အောင်မြင်အောင် မဖြစ်မနေကျင့်ကြံ ကြိုးစားရမယ်၊ ပန်းတိုင်ဆိုတာ သွားလျှင်ရောက်တာပဲ၊ သွားဖို့ပဲလိုတယ်၊ အဲ-တစ်ခု ပြောချင်တယ်၊ ဆရာ့တပည့်တွေ ခေါင်းထဲမှတ် အသည်းထဲစွဲထားဖို့က ဘာပဲလုပ်လုပ် စေတနာရှိဖို့လိုတယ်၊ အတ္တပရမျှ ဖို့လိုတယ်၊ ဒါ အချုပ်ပဲ၊ ဆရာ့တပည့်အားလုံး ရည်မှန်းတာတွေ အောင်မြင်ကြပါစေ၊ ကဲ သွားကြတော့. . ."



ဆရာကြီးက စေတနာအမှန်ဖြင့် ဆုပင်ပေးသွားသည်။ ကျွန်တော်တို့တစ်တွေ မဖြစ်သေးတာတွေ ဖြစ်မယ်မဖြစ်ဘူး မသိတာတွေကို ဖြေခဲ့မိကြသည်။ မဖြစ်သေးတဲ့ ရာထူးဌာနန္တတွေ တပ်ခေါ်ကြပြီး နောက်ကျတော့ အလိုလိုရယ်စရာ ဖြစ်သွားသည်။

နောင်တစ်ချိန်တွင် ဆရာကြီးကို ပြောခဲ့သည့် အလုပ်တွေအတိုင်း ဖြစ်လာကြပါမည်လား။

✵ ✵ ✵

"အဝတ်လျှော်မယ့်လူက လျှော်ပေးမှာတောင် မင်းကရေခပ်မပေးရအောင် မင်းဘာတွေကြီးကျယ်နေတာလဲ. . ."

အိမ်ထဲဝင်လာသော ကျွန်တော်၏ ခြေလှမ်းတို့သည် မီးနီမိ၍ ဘရိတ်အုပ်လိုက်သော ကားကဲ့သို့ တန့်ကနဲရပ်သွား၏။ ကြားလိုက်ရသော အသံ၊ မြင်လိုက်ရသော ဟန်ပန်တို့သည် ကျွန်တော်၏ဦးခေါင်းအား မိုးကြိုးအခွင်းခံရလိုက်သကဲ့သို့ ဖြစ်သွားစေခဲ့၏။ ခံစားမှုဝေဒနာ အရာအားလုံး ပျက်စီးကြေမွသွားပြီဟု ထင်ရ၏။ ဆန္ဒ၌မျက်လုံးတို့ကို ကန်းစေချင်၍ နားတို့ကိုပင်းစေချင်မိ၏။ ရင်ကိုကွဲစေ၍ ဟင်းလင်းပွင့်စေချင်ဘိ၏။ ဝေဒနာခံစားမှဲ့ဘဝတွင် နစ်မျောနေချင်မိ၏။ ဆန္ဒသည် ဆန္ဒသာဖြစ်၏။ ကြားလိုက်ရသော အသံသည် နားစည်ဝအား သံချွန်မြမြဖြင့် ဆောင့်ထိုး ခံလိုက်ရသကဲ့သို့ မခံမရပ်နိုင်စွာ ခံစားရ၏။ ရင်ထဲ၌ အခိုးအလျှံ ရဲရဲသံတွေခဲကို ဝါးမြိုနေရဘိသကဲ့သို့ ထွန့်ထွန့်လူးမျှ လောင်မြိုက်ကျွမ်းအောင် ဝေဒနာအပူကို ခံစားနေရ၏။

တစ်သက်နှင့်တစ်ကိုယ် “သား” ဟုသာ ချစ်စနိုးခေါ်ဝေါ်ခဲ့သော ဖေဖေသည် မျှော်လင့်မထားသော . . . နာသာခံခက်သည့် “မင်း”ဟု ရင့်သီးစွာ ခေါ်ဝေါ်သုံးနှုန်းလိုက်မှုကြောင့် မိုးပြိုပြီ မြေကွဲပြီဟူသော စိုးထိတ်လန့် ကြောက်ဖွယ် မနှစ်မြို့စရာ သတင်းစကားကြားလိုက်ရသည့်ပမာ ရင်ထဲ၌ ခါရမ်းတုန်လှုပ်ကာ စစ်စစ်ကျင်မျှ ခံစားနေရ၏။

ထို့အတူ ဖေဖေကိုလည်း နားမလည်နိုင်စွာ ငေးကြည့်နေမိ၏။ ရင်ထဲ၌ ကြေကွဲစွာခံစားရမှု လှိုင်းတံပိုးတို့၏ ထကြွပင့်တင်မှုကြောင့် ကျွန်တော်၏ မျက်ဝန်းအစုံတွင် မျက်ရည်ဥတို့ အတားအဆီးမဲ့ လျှံတက်လာ၏။ ထိုခဏ၌ ဖေဖေ၏ရုပ်ပုံလွှာသည် မျက်ဝန်းတွင် ဝေဝါးသွားပေပြီ။ ကျွန်တော်၏ အတွေးထဲခံစားတတ်သော နှလုံးသည်းပွတ်ထဲ၌လည်း ဝေဝါးစပြုလာပြီ။

ဖေဖေ၏ ထိုစကားကို ကျွန်တော်နားလည်နိုင်စွမ်းမရှိတော့။ ကျွန်တော်သည် ဖေဖေနှင့် ပတ်သက်၍လည်းကောင်း မည်သူတစ်ဦး တစ်ယောက်နှင့် ပတ်သက်၍လည်းကောင်း ဘယ်သောအခါကာလကမျှ ကြီးကျယ်မှုမရှိခဲ့၊ အားလုံးအတွက် သိုးလေးလိုသာ ကျင့်ခဲ့၏။ ကျွန်တော် အဝတ်များကို နန်းစံပေါင်း မည်သို့လျှော်သည်ကိုလည်း ကျွန်တော်အသိဆုံးသာဖြစ်၏။ ကျွန်တော်ကဲ့သို့ သိသူမှာလည်း နန်းစံပေါင်းသာဖြစ်၏။ နေ့ခင်းက သူငယ်ချင်းများ၏ အလယ်တွင် နန်းစံပေါင်းက ကျွန်တော်အား ပါဝါအာဏာပြခဲ့သည်ကိုလည်း ဖေဖေမသိ၊ ခြသေ့ဖြစ်ချင်သော စိတ်ကိုသတ်၍ သိုးလေးလိုကျင့်ကာ ရေဇလုံတွင် ရေအပြည့်ခပ်ခဲ့ရုံမက ရေပုံးပါရေအပြည့်နှင့် ဆွဲတင်ပေးခဲ့သည်။ ကျွန်တော်အား



ကူခပ်ပေးသည့် ခွန်ဥက္ကာကို သက်သေထူနိုင်သည်။ ဖေဖေသည် အဖြစ်မှန်မသိဘဲ အရမ်းမဲ့ ဘာကြောင့် မလိုတမာ စွပ်စွဲနေပါလိမ့်၊ အရမ်းမဲ့ဘာကြောင့် ဒေါသကြီးနေပါလိမ့်၊ နန်းစံပေါင်းသည် မုသားတို့ လိမ်းကျံ၍ ကလိမ်စေ့ငြမ်းဆင်ကာ ဖေဖေအား တွန်းတိုက်ထားသည်မှာ ထင်ရှားနေပြီ။

တီးမှမြည်တတ်သည့် စည်ကဲ့သို့ ကျင့်လိုသော ကျွန်တော်သည် မြည်အောင်တီးပြဖို့ အချိန်ရောက်ပြီဟု နားလည်လိုက်ပြီ။ နန်းစံပေါင်း၏ ညစ်ပတ်စုတ်ပဲ့သည့် အထုပ်ကို သက်သေကွာယဖြင့် ဖြေပြတော့မည်ဟု ကျွန်တော်ဆုံးဖြတ်လိုက်၏။

“ဖေဖေကို ကျွန်တော်ရှင်းပြပါရစေ. . .”

“ဟေ့ တော်တော် မင်းအသံ ငါမကြားချင်ဘူး မတရားတာကိုတော့ ငါလက်ပိုက်ကြည့်မနေနိုင်ဘူး. . .”

ကျွန်တော်မြေမျိုခံ လိုက်ချင်တော့၏။ ဖေဖေကိုယ်တိုင်က ကျွန်တော်အား ဤမျှအယုံအကြည် ကင်းမဲ့နေမှတော့ ကျွန်တော်သည် ဤအိမ်၌နေ၍ သင့်ပါတော့မည်လား။ အရှက်မဲ့စွာ ဖေဖေတို့ လင်မယားရှေ့တွင် ရပ်နေ၍ကောင်းပါတော့မည်လား။ ဖေဖေ့စကားကြောင့် ကျွန်တော်အား မဲ့ပြုံးအကြည့်ဖြင့် ကြည့်သွားခဲ့သော နန်းစံပေါင်း၏ အကြည့်သည် ကျွန်တော်ရင်အား ထုတ်ချင်းခတ်ဖောက်ဝင်သွားသောမြားကဲ့သို့ အနူတ်ရခက်စွာ ကပ်ငြိနေခဲ့၏။

ကျွန်တော်သည် ချာကနဲအိပ်ခန်းဆီသို့ ပြေးလာခဲ့၏။ ပြေးလွှားနေရင်း အနှစ်မဲ့ကြက်ဆူပင်ကဲ့သို့သော ဖေဖေ၏တန်ဖိုးမဲ့ မေတ္တာရိပ်အောက်တွင် မနေတော့ဟု ဆုံးဖြတ်လိုက်၏။

တံခါးလုံ့စွာပိတ်ပြီး လက်ဆွဲအိတ်တွင် လိုအပ်သည့် အဝတ်အစားများနှင့် အသုံးအဆောင်အချို့ကို ထည့်လိုက်သည်။ စာမေးပွဲ

စဖြေသည့်နေ့က ဖေဖေပေးထားသော ငွေတစ်ထောင်ကျပ်ပါ ပေါင်း၍ လက်ကျန်ငွေကို ရေတွက်ကြည့်ရာ ငွေငါးထောင်ကျပ်ခန့် ရှိသေးသည်။ မေမေဆင်ပေးထားသော တစ်မတ်သား လက်စွပ် နှစ်ကွင်း၊ ငါးမတ်သား ဟန်းချိန်းတစ်ခု၊ မိဒိုနာရီတစ်လုံးရှိသည်။ ပြီးတော့ မေမေ ဆုချထားသည့် ရွှေပုတီးစေ့ ဆွဲကြိုး၊ သည်ပစ္စည်း တွေသည် ရှိလျှင်လည်း တန်ဆာပေ့ါ။ မရှိတော့ ဝမ်းစာဖြစ်နိုင်သည် မဟုတ်လား။

ကျော်သက်၏စာကို အင်္ကျီအိတ်ထဲထည့်လိုက်ပြီး အပြင် ထွက် စနည်းနာကြည့်သည်။ တစ်အိမ်လုံး တိတ်ဆိတ်နေသည်။ ဖေဖေတို့၏ အသံကို သူတို့အခန်းဆီမှ ကြားရသည်။ ကျွန်တော် အချိန်ဆွဲ မနေတော့။ လက်ဆွဲအိတ်ကိုဆွဲပြီး အိမ်ရှေ့သို့ ထွက်လာ ခဲ့သည်။

ခြံဝအရောက်တွင် ရင်ထဲ၌ ဝေဒနာတစ်စုံတစ်ခု ခံစားရ သလို၊ ခေါင်းထဲတွင်လည်း အတွေးတစ်ခုဝင်လာသည်။ ကျွန်တော် သည် ခြံပြင်ရောက်စပြုနေသော ခြေကိုပြန်ရုပ်ပြီး နောက်ပြန် လှည့်ကာ ရေတွင်းဆီလျှောက်လာခဲ့သည်။ ရေဇလားကို ဝင်လုဆဲ နေရောင်ဆီသို့ ထောင်ကြည့်လိုက်သည်။ အပေါက်မှ အလင်းရောင် တန်းသည် ကျွန်တော်မျက်ဝန်းဆီ လာထိသည်။ ကျွန်တော် သဘောပေါက်မိပြီ။ ရေဇလားကိုအသာပြန်ချလိုက်ပြီး နောက်ကြောင်း ပြန်လှည့်ထွက်ခဲ့သည်။ တဖြေးဖြေး ကျွန်တော်မွေးဖွားကြီးပြင်း ခဲ့ရာ အိမ်ကြီးသည် ဝေး၍ဝေး၍ ကျန်ခဲ့လေပြီကော။

✵ ✵ ✵

ကျွန်တော်သည် ပြည်ထောင်စုလမ်းမကြီးအတိုင်း တောင်ကြီး



ဘက်သို့ လျှောက်လာခဲ့၏။ ဂေါက်ကွင်းထိပ်ထိ အသိတစ်ယောက်မျှ မတွေ့သဖြင့် ပြုံးဖြစ်၏။ ဂေါက်ကွင်းထိပ်တွင်ရပ်၍ ကားစောင့် နေမိ၏။

ရုပ်ရှင်ကြည့်ပြီး မြကန်သာသို့ အပျော်စီးလေ့ ကျွန်တော်တို့ တစ်ဖွဲ့ကြီး သွားစီးခဲ့သေးသည်။ ညနေငါးနာရီလောက်မှ အိမ်ပြန် လာခဲ့၍လည်း ယခုလိုမှောင်ရိပ်ခို၍ လျှောက်လာနိုင်ခြင်းဖြစ်၏။ ရုပ်ရှင်ပြီးပြီးချင်း အိမ်ပြန်လာပါက ယခုလိုပြဿနာဖြစ်လျှင် လူသိ သူသိမခံလို၍ မိုးချုပ်သည်ထိ အိပ်ခန်းထဲအောင်း နေရပေလိမ့် မည်။ ခုတော့ အစစ အဆင်ပြေသလို ဖြစ်သည်ဟုထင်မိ၏။

ကားစောင့်ရင်း ကျွန်တော်စိတ်တွေ လှုပ်ရှားလာခဲ့၏။ အိမ် မနေချင်သော အကြောင်းတစ်ခုတည်းကြောင့်သာ ဤမြေမှ ခွါရမည် ဖြစ်သော်လည်း အမှန်တော့မခွါချင်၊ ဇာတိချက်ကြွေ မွေးရပ်မြေ ဖြစ်သည့်အပြင် သည်မြို့မှာပင် ကျင်လည်ကြီးပြင်းခဲ့ရ၍ ယခုလို တကယ်ခွဲခွာရမည်ဆိုသောအခါ မခွဲနိုင် မခွာရက်သည်သို့ ရှိလာ၏။ ငယ်ကပေါင်းသင်း သူငယ်ချင်းတွေ၏ မျက်နှာများက အလျှိုလျှို ပေါ်လာ၏။ လွမ်းဆွတ်အောင်းမေ့စရာ ဖြစ်ရပ်တွေက အစီအရီ ပေါ်လာ၏။

သကြ်န်တွင်းဆိုလျှင် ဌာနဆိုင်ရာဆုပေးမဏ္ဍာပ် ရေကစား မဏ္ဍာပ်၊ ရပ်ကွက်ဆုပေးမဏ္ဍာပ်၊ ရေကစားမဏ္ဍာပ်တို့ဖြင့် စည်ကားနေ တတ်သည့်မြို့၊ ပင်လုံ၊ မိုင်းပွန်၊ နမ့်စန်မြို့တွေက၊ အလှပြကားတွေ၊ အဆို အက၊ သံချပ်ပြိုင်ကားတွေပါလာပြီး ဝင်ပြိုင်ကြသည်။ သကြ်န်ကာလတွင် အခြားမြို့ကြီးပြကြီးတွေလို အပျော်အပါးချည်းသက်သက်မဟုတ်၊ ကျောင်း ကန်ဘုရားတွင် လူပြည့်အောင် အလှူအတန်းနှင့် ဥပုသ်သီတင်းဆောက်တည်ကြ သည်။

ဝါတွင်းဆိုလျှင်လည်း အဖိတ်ဥပုသ်နေ့များတွင် အလုပ်အားလုံးရပ်ကြ၍ ဘုရားကျောင်းကန်တွင် လူပြည့်အောင်ရောက်၍ ဥပုသ်ဆောက်တည်ကြသည်။ သီတင်းကျွတ်ဆွမ်းကြီး လောင်းပွဲသည် အစည်ဆုံး။ ဗိုလ်ချုပ်လမ်းတစ်လျှောက် စောင်းတန်းဆောက်ပြီး ရာဇမတ်ကာကြသည်။ ကြံပင်၊ ငှက်ပျောပင်စိုက်၍ သံဃာတော်များ ကြွချီလာမည့်လမ်းတစ်လျှောက် ပန်းရောင်စုံများ ခင်းထားကြသည်။ မီးရောင်စုံများထွန်းထားကြရာ ညအချိန်တွင် ကြည့်လို့မဝ၊ ရှု့လို့မရဲအောင် မျက်စိပသာဒရှိလှသည်။ လပြည့်ကျော်တစ်ရက်နေ့တွင် မြို့ရှိလူကုန်ထွက်၍ ရက်ရက်ရောရော ဆွမ်းဆန်စိမ်းလောင်းကြသည်။

တန်ဆောင်တိုင်ကျတော့လည်း တစ်မျိုးစည်သည်။ ကျွန်တော်တို့ကျောင်းသားတွေစုကြပြီး ပဒေသာပင်အတွက် ညအချိန်အလှူခံထွက်ကြသည်။ ဓနုအိုးစည်တီးသူကတီး။ တစ်လုံးတည်းသောမောင်းကို ခေါက်သူကခေါက်၊ ရှပ်တီးသူကတီး။ ဝါးလက်ခုပ် တီးသူကတီး။ ကသူက၊ ကနှင့် ပျော်စရာအလွန် ကောင်းလှသည်။ ငွေကြေးတတ်နိုင်သည့်အိမ်များသို့ တိတ်တဆိတ် သွားကြပြီး "မီးရှူးခံတယ်ဗျို့" ဟုခေါင်းဆောင်လုပ်သူက၊ သံကုန် အော်ရသည်။ ပြီးတော့မှ အတီးတီး။ အကက အလှူခံကြတော့သည်။ ကျွန်တော်တို့တစ်တွေက၊ ခေါင်းဆောင်တစ်ယောက်တည်း မအော်။ လန့်သွားအောင် "မီးရှူးခံတယ်ဗျို့" ဟု သံပြိုင် အော်ခဲ့ကြသည်။

ပဒေသာပင်ပို့တော့လည်း စည်မှစည်။ ဌာနဆိုင်ရာအလိုက်၊ ရပ်ကွက်အလိုက်၊ ကျောင်းအလိုက်၊ ပဒေသာပင်တွေကို လိုက်ပို့သူများနှင့်အတူ လွိုင်လင်မြို့၊ သာသနာ့ဗိမာန်ရှေ့



ပြည်ထောင်စုလမ်းမပေါ်တွင်၊ နေရာသတ်မှတ်ပေးပြီး စုရပ်လုပ်ထားသည်။ အားလုံးစုံတော့ မြို့တစ်ပတ်လှည့်သည်။ အတီးမျိုးစုံ၊ အကမျိုးစုံဖြင့် "တစ်မူးရလို့တစ်ပဲလှူ တို့ရှမ်းတောင်သူ တူနိုင်ရိုးလား" သံချပ်ထိုး၍ လှူချင်စိတ်၊ ဖိတ်ဖိတ်ယိုအောင်၊ ပဒေသာပင်တွေကို လှည့်ကြသည်။ လွိုင်လင်မြို့ သာသနာ့ဗိမာန်တွင် ပြန်ဝင်ကြပြီး တရားနာ၊ ရေစက်ချ၊ အမျှဝေကာ၊ မဲချပြီး၊ မဲကျရာဘုန်းကြီးကျောင်းအလိုက် လှူဒါန်းသည်။ သီတင်းကျွတ်၊ တန်ဆောင်တိုင် မိုးရွာရွာ၊ နေပူပူ၊ စတိတ်ရှိုးကလည်း၊ ခေတ်လူငယ်အကြိုက်အမြဲပါသည်။ တန်ဆောင်မုန်း လပြည့်ကျော်တစ်ရက်နေ့တိုင်း မြကန်သာ၌ ရှင်ဥပဂုတ္တရေမျှောပွဲကလည်း စည်မှစည်။

ဇွန်လထဲတွင် လွိုင်လင်မြို့အနောက်ဘက်ရှိ ကုန်းကျောင်းရွာ၌ ပအို့ဝ်ရိုးရာဒုံးပျံ (ဒုံးကျည်) လွှတ်ပွဲကလည်း ကြိတ်ကြိတ်တိုးမျှ စည်ကားလှသည်။

လွမ်းလောက်စရာတွေ တွေးနေစဉ်မှာပင် ကုန်ကားကြီးတစ်စီး မောင်းလာသဖြင့် လမ်းလယ်ခေါင်ရပ်ပြီး တားလိုက်သည်။ တောင်ကြီးလိုက်ဖို့ ခွင့်တောင်းရာ လိုက်ခွင့်ပြုတော့ ကျွန်တော်ဝမ်းသာလုံးဆို့သွားပြန်သည်။ ကားရှေ့ခန်းတွင် တစ်နေရာလွတ်နေသဖြင့် အပေါ်တက်ပြီး ဝင်ထိုင်လိုက်ပါသည်။ ယာဉ်မောင်းက ကားစတင်မောင်းသည်။ နေရစ်ခဲ့တော့ လွမ်းစရာ လွိုင်လင်ရေ - ။

"ဒေါက် - ဒေါက် - ဒေါက် - ဒေါက် - ၊ "

"ဒေါက် - ဒေါက် - ဒေါက် - ဒေါက် - ၊ "

တံခါးခေါက်သံကြောင့် ကျွန်တော်သတိဝင်လာသည်။ အိပ်ရာပေါ်မှထကာ တံခါးဖွင့်ပေးလိုက်သည်။

"နံပါတ်တူး အင်ဂျင်စက်သံ မမှန်ဘူးပြောတယ်။ သွားကြည့်ပါအုန်း၊ စစ်ဆေးပြီး အခြေအနေ ကျွန်တော့်ကိုပြန်ပြောနော်. . . "

"ဟုက်ကဲ့ဆရာ- ကျွန်တော်ခုသွားလိုက်ပါ့မယ်. . . "

စက္ကဲ(န်) အင်ဂျင်နီယာအမိန့်အရ ကေဘင် (န်) ပိတ်ပြီး စက်ခန်းဆီသို့ ကျွန်တော်ထွက်လာရင်း ပြုံးဖြစ်ပြန်သည်။

ကောလိပ်ကကျူတာ ဖြစ်ချင်သည့်ကျွန်တော်ဟာ ခုတော့ အမ်ဗွီဘလူးခရက်(စ်) ပင်လယ်ကူးသင်္ဘောကြီးပေါ်မှာ စက်ပစ္စည်းတပ်ဆင်သူဖြစ်လာသည်က ပြုံးချင်စရာမဟုတ်ပါလား။

## အစုန်အဆန်

ကျွန်တော်သည်၊ စက္ကဲ (န်) အင်ဂျင်နီယာကိုမျိုးလွင်ထံ နံပါတ်တူးအင်ဂျင်အခြေအနေ သွားရောက်သတင်းပို့ပြီး ကေဘင်(န်) ထဲပြန်ဝင်ခဲ့သည်။ အိပ်ရာပေါ် လှဲအိပ်ရင်း မပြီးဆုံးသေးသော ဇာတ်လမ်းကို ကြည့်ရှုရန် အတွေးပြည်ဖုံးကားဆွဲတင်နေမိသည်။

အတွေးပြည်ဖုံးကားလိပ်သည် တဖြည်းဖြည်းမြင့်တက်သွားလေပြီ၊ ထိုခဏ၌ ဇာတ်စင်ပေါ်မှာ ပီပြင်ပြတ်သားစွာ။

✵ ✵ ✵

"ငါလည်းအလုပ်မရှိ အကိုင်မရှိနဲ့ မင်းအိမ်မှာနေနေရတာ ကြာလှပြီဆိုတော့ အားနာလှပြီ ကျော်သက်ဒလသင်္ဘောကျင်းမှာ မင်းပြောထားတယ်ဆိုတာ အဆင်မပြေသေးဘူးလား"

"အားနာ စကား၊ မပြောပါနဲ့ကွာ၊ မင်းလည်းတို့ အိမ်မှာ

အလကားနေတာမှ မဟုတ်တာ လုပ်စရာရှိတာ ဝိုင်းကူလုပ်နေတာ ပဲဟာ ငါလည်းမအားတော့ မင်းကိစ္စကို အပ်ချမတ်ချမလုပ်နိုင်ဘူး၊ အေးကွာ၊ နက်ဖန် ငါဒလသွားပြီး စုံစမ်းခဲ့မယ်. . . ”

“သူစိမ်းမဆန်ချင်ပါနဲ့၊ မောင်နိုင်ရာ အန်တီတို့အိမ်မှာ ဘာအခက်အခဲမှမရှိပါဘူး။ အန်တီတို့က မင်းကို ကျော်ကျော့်လို သားပဲ အောင်းမေ့တဲ့ဥစ္စာ. . . ”

“စားဝတ်နေရေးအတွက်နဲ့တော့ အားနာမနေနဲ့ မောင်ထွန်းနိုင်၊ အန်ကယ်တို့မှာ လူတစ်ယောက်အတွက် ပိုထူးမကုန်ပါဘူး၊ မသက်ပြောသလို အန်ကယ်တို့ကလည်း မောင်ထွန်းနိုင်ကို သားလိုပဲ သဘောထားနေတာပါ၊ စိတ်မလေအောင် အလုပ်လုပ်ချင်တယ် ဆိုရင်တော့ အန်ကယ်လည်း ကြိုးစားရှာပေးပါ့မယ်၊ သားကလည်း အလေးထားရှာပေးပါအုန်း . . ”

ကျော်သက်တို့မိသားစုစကား ကြားရတော့ ကျွန်တော့်မှာ အရွက်စိပ်စိပ် ဝက်သစ်ချပင်ကြီးအောက် အရိပ်ခိုရသလို ခံစားရပါသည်။ ခင်ရာဆွေမျိုး မိန်ရာဟင်းကောင်းဆိုသော စကားကို လည်း သတိရမိသည်။

ကျော်သက်မိဘများ ပြောသလို ကျော်သက်တို့တွင် ပူစရာ ပင်စရာမရှိ၊ ယခုနေသော ယောက်လမ်းခြံထဲရှိ တိုက်အပြင် ရန်ကင်းစုနီယံပတ်လမ်းတွင် တိုက်တစ်လုံးရှိသေးသည်။ ထိုတိုက် ကို နိုင်ငံခြားသံရုံးတစ်ရုံးသို့ ဒေါ်လာနှင့်ငှားထားသည်။ ထိုတိုက် ငှားခလစာနှင့်ပင် စားမကုန် သောက်မကုန်နိုင်၊ ဒေါ်မေမေသက်



က စကော့စျေး (ဗိုလ်ချုပ်စျေး)တွင် ရွှေဆိုင်ဖွင့်ထားသည်။ ရတနာ ပွဲစားလုပ်သည်။ ဦးခင်မောင်ကျော်သည် သစ်တောဦးစီးဌာနမှ အငြိမ်းစားယူပြီးနောက် ၁၉ လမ်းတွင် ငရုပ်၊ ကြက်သွန်ပွဲရုံ ထောင်ထားသည်။

ကျွန်တော့်အနေဖြင့် ဦးခင်မောင်ကျော်၏ ပွဲရုံတွင် အလုပ် လုပ်မည်ဆိုလျှင်တော့ရသည်။ ခုလည်း ဝိုင်းကူညီညာ လုပ်ပေး နေသည်။ ဝိုင်းကူလုပ်ပေးနေ၍လည်း သည်အလုပ်အကြောင်း သိပြီး သည်အလုပ်ကိုမလုပ်ချင်၊ ကျော်သက်ပြောသည့် ဒလ သင်္ဘောကျင်းတွင် အလုပ်ရလျှင်တော့ လုပ်ချင်သည်။ သင်္ဘောစက် ပညာ လေ့လာချင်သည်။ သင်ယူချင်သည်။ ဆယ်တန်းအောင်စာရင်း ထွက်စဉ်က ကျွန်တော်စာစစ်မင်းကြီးရုံးသို့သွားကြည့်ခဲ့ရာ အင်္ဂလိပ်၊ သင်္ချာနှစ်ဘာသာဂုဏ်ထူးဖြင့် အောင်သည်ကို တွေ့ခဲ့ရသည်။ ကျော်သက်မိဘများက ကျောင်းဆက်နေဖို့ ပြောကြပေမယ့် ဖေဖေတို့ နှင့် ပြန်မဆက်သွယ်ချင်သဖြင့် ပညာရေးလောကကို မေ့ထားပစ်ခဲ့ သည်။ ဦးခင်မောင်ကျော်၊ ဒေါ်မေမေသက်တို့က ဆင်မလိုက် ရေကြောင်းသိပ္ပံတွင် ကျော်သက်နှင့်အတူတက်ဖို့ လျှောက်ပါဟု လည်း ပြောသည်။ ကျွန်တော့်အပူကို မည်သူ့ကိုမျှ မကူးစက်စေ ချင်သော ကျွန်တော့်စိတ်ဓါတ်၊ ကျွန်တော့်ဒုက္ခကို မည်သူ့ကိုမျှ မပေးချင်သော ကျွန်တော့်စိတ်ဓါတ်တို့ကြောင့် ကျွန်တော်ခေါင်းခါ ငြင်းပယ်လိုက်သည်။ ကျွန်တော့်စိတ်ဓါတ်ကို သိသောကျော်သက် နှင့် ကျော်သက်မိဘတို့ လက်လျှော့သွားခဲ့ကြသည်။ ဖြစ်ချင်သလို ဖြစ်မလာသော လောကကြီးတွင် ဖြစ်လာသလိုနေဖို့ပဲ ရှိသည် မဟုတ်ပါလား။ ဘာပဲဖြစ်ဖြစ် ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ရင်း

အသက်မွေးဝမ်းကြောင်း ပညာတစ်ခုခုတော့ တတ်ထားချင်သည်။ ဒါမှ ဒေါင်ကျကျ၊ ပြားကျကျဘဝအောမခံချက် ရှိမည်မဟုတ်ပါလား။

✵ ✵ ✵

ကျော်သက်၏ကျေးဇူးကြောင့် ဒလသင်္ဘောကျင်းတွင် ကျွန်တော်အလုပ်ရခဲ့၏။ ဒလသင်္ဘောကျင်းတွင် အလုပ်လုပ်ရင်း ရေယာဉ်ပညာကို ဆည်းပူးလေ့လာခဲ့၏။ အထူးသဖြင့် ရေယာဉ်၏ စက်များနှင့် ပတ်သက်၍ စက်ဆရာဦးဘချစ်ထံ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးကျင့်ကာ လေ့လာသင်ယူခဲ့၏။ ကျွန်တော်သည် အဘဦးဘချစ်အိမ်တွင်ပင် ဝတ်ကြီးဝတ်ငယ်ပြုရင်း ရသမျှငွေအပ်ကာ ကပ်နေခဲ့သည်။ ဆရာဦးဘချစ်တို့မှာက လင်မယား နှစ်ယောက်သာ၊ အလိုက်သိသော ကျွန်တော့်အားဆရာတို့ လင်မယားက သံယောဇဉ်ကြီးရှာပါသည်။ ဒလသင်္ဘောကျင်းမှ ပစ္စည်းများ ပျောက်ဆုံးမှုနှင့်ပတ်သက်၍ ဝန်ထမ်းတစ်ချို့ အဖမ်း ခံရ၏။ သူခိုးများနှင့် ပေါင်းထုတ်သော ဝန်ထမ်းများကို ပြည်သူပိုင် ၆ (၁) ပုဒ်မဖြင့် အမှုဖွင့်အရေးယူခဲ့ရာ ကျွန်တော်လန့်လာ၏။ ထိုကိစ္စတွင် ဘာမျှမသိသော ကျွန်တော့်သူငယ်ချင်း သန်းဇော် လည်း သူ့တာဝန်ချိန်အတွင်းဖြစ်၍ အဖမ်းခံရ၏။ တစ်လကြာမှ ပြန်ထွက်လာသည်။ သန်းဇော်ပြောပြချက်အရ ပြည်သူပိုင် ၆ (၁) ပုဒ်မက ထောင်ဒဏ် (၇) နှစ်ဟုသိရသည်။ ကျွန်တော်က လည်လည်ဝယ်ဝယ် မဟုတ်။ ကိုယ်မလုပ်ရဘဲ လူလည်တွေလုပ်တာနှင့် ဘဝပျက်မခံနိုင်။ ဘဝအနစ်မွန်း မခံနိုင်။



လူတွင်နာမည်က အရေးကြီးသည်ဟုထင်သည်။ နာမည် ပျက်သွားလျှင် ဘဝပျက်သွားတာပဲဟု ကျွန်တော်မြင်သည်။ ကျွန်တော့်အတွက် ငွေရေးကြေးရေးသည် အဓိကမဟုတ်။ ထမင်းနပ်မှန်အောင် စားနေရလျှင် ကျေနပ်ပြီ။ ကျွန်တော်လေ့လာသင်ယူလိုသော ရေယာဉ်ပညာရရှိရေး အာရုံလောက်သာရှိသည်။

အချောင်ထောင်နန်းစံနိုင်သည့် သည်အလုပ်ကို ကျွန်တော်ကြောက်လာသည်၊ ဒလသင်္ဘောကျင်းမှာက မျက်စိမြင်တတ်သူတွေအဖို့ ငွေတွေချည်းဖြစ်သည်။ ထိုငွေတွေဖြစ်စေသော ပစ္စည်းတွေကလည်း မကြောက်မရွံ့လုပ်ရဲလျှင် ခက်ခက်ခဲခဲ မဟုတ်ဘဲ ငွေဖြစ်သွားနိုင်သည်။

တွေးမိလေ ကြောက်စရာကောင်းလေ ဖြစ်လာသည်။ ထို့ကြောင့် ကျွန်တော်သည် အလုပ်မလုပ်လိုတော့ကြောင်း၊ ဆရာဦးဘချစ်အား ဖွင့်ပြောဖြစ်သည်။ ရေယာဉ်စက်ပညာ ဆက်သင်နိုင်သည့်နည်းလမ်း အကူအညီတောင်းကြည့်သည်။

ဆရာဦးဘချစ်က ကျွန်တော့်အယူအဆကို လက်ခံသည်။ တစ်ခါတစ်ရံ ငါးတကာယိုသည့်ချေး၊ ပုစွန်ဆိတ်ခေါင်းစုတတ်သည်ဟုလည်း ဆရာဦးဘချစ်က ပြောသည်။ ကံနိမ့်လျှင် မြေနိမ့်ရာလှံစိုက်ခံရနိုင်သည်တဲ့။

ဆရာဦးဘချစ်ကျေးဇူးကြောင့် အိုကေဝင်းနှင့် သိရပြန်ပြီ။ ဆရာဦးဘချစ်ကိုယ်တိုင် အိုကေဝင်းသို့လိုက်ပို့သည်။ "အိုကေဝင်း" ဆိုသည်မှာ ရန်ကုန်-ဓနုဖြူလိုင်းမှ စဥ့်အိုးတန်းဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော ရေယာဉ်အမည်ဖြစ်ပါ၏။ ဆရာဦးဘချစ်က အိုကေဝင်းပိုင်ရှင် ဒေါ်မြရှင်၊ ဦးသိန်းမောင်တို့လက်ကို ကျွန်တော့်ကို အပ်ပေးသည်။ အိုကေဝင်း ရေယာဉ်စက်ဆရာ ဦးခင်အေး

လက်ကိုလည်း အပ်ပေးသည်။ စောင့်ရှောက်ကြည့်ရှုပေးဖို့ အတန်တန်မှာသည်။ စိတ်ချပါရစေဟုပြောပြီး အိုကေဝင်းမှ ပြန်သွားရှာသည်။

ကျွန်တော့်ရင်ထဲတွင် ဖော်ပြမစွမ်းသော ဝေဒနာခံစားလာရသည်။ မျက်ရည်ကြည်စို့လာအောင် ဝမ်းသာဝမ်းနည်း ဝေဒနာခံစားနေရသည်။ ဆရာဦးဘချစ်ကိုကြည့်ပြီး ဖေဖေ့ကို သတိရလာသည်။

လူကောင်းသူကောင်း မိတ်ဆွေကောင်းရှားသည့် လောကကြီးထဲတွင် ကျွန်တော်ဒုက္ခရောက်နေခိုက် ကျွန်တော်အဖို့ လူကောင်းသူကောင်း မိတ်ဆွေကောင်းတွေနှင့်ချည်း တွေ့နေရသည်။

အခြေအနေကောင်းလျှင် ရောင်ပြန်ဖြစ်ဖို့ လိုပါမည်။ ကျွန်တော်အနေနှင့်လည်း လူကောင်းသူကောင်း၊ မိတ်ဆွေကောင်း ဖြစ်အောင် ကျင့်ကြံကြိုးစားသွားမည်ဟု ခိုင်မာစွာဆုံးဖြတ်လိုက်ပါသည်။

✵ ✵ ✵

“ဘာပဲလုပ်လုပ် စေတနာရှိဖို့လိုတယ်။ အတ္တပရမျှဖို့လိုတယ်။ ဒါအချုပ်ပဲ. . . ”

အလုပ်တစ်ခုခုလုပ်တော့မည်ဆိုတိုင်း ဆရာကြီးဦးခင်လှ၏ အသံက ကျွန်တော့်နားတွင် ကြားယောင်မြဲဖြစ်သည်။ ဆရာကြီးစကားကြားယောင်မြဲဖြစ်သလို ဆရာကြီးစကားကိုလည်း ကျွန်တော်



မြေဝယ်မကျ နားထောင်ကျင့်ကြံမြဲဖြစ်သည်။ ဆရာကြီးစကားကို နားထောင်ခဲ့၍လည်း ကျွန်တော့်ဘဝ အစစအရာရာ အဆင်ပြေလာသည်ဟု ယုံကြည်မိပါသည်။

အိုကေဝင်းရေယာဉ်တွင် ဆီလောင်းအဖြစ် စတင်လုပ်ရ၏။ စက်ခန်းအုပ်ဦးခင်အေးကလည်း ကျွန်တော်စိတ်ဝင်စားသည့် ရေယာဉ်စက်ပိုင်းဆိုင်ရာကို အောက်ခြေသိမ်းသင်ပြပေးပြီး လက်တွေ့ဆောင်ရွက်ခိုင်းပါသည်။ အလုပ်ပေါ် စေတနာထားလုပ်သည့်အတွက်ကြောင့် ဆရာဦးခင်အေးလည်း သက်သာသလို ရေယာဉ်ပိုင်ရှင်များလည်း စိတ်ချမ်းသာရပါသည်။

ရေယာဉ်ပိုင်ရှင် ဒေါ်မြရှင်က သဘောကောင်းသလို ဒေါ်မြရှင်၏ခင်ပွန်း ဦးသိန်းမောင်ကလည်း စာနာတတ်သူဖြစ်ပါသည်။ ရေယာဉ်ထွက်တိုင်း သူတို့လင်မယားရေယာဉ်ဖြင့် လိုက်ပါသည်။ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီရသည့် ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်လုပ်သားတို့၏ဘဝသည် အတ္တပရမျှကြတော့ မိသားစုလိုဖြစ်နေကြပြီ၊ ရေယာဉ်လုပ်သားများအပိုင်းက ခိုမှုကပ်မှုမရှိ တက်ညီလက်ညီလုပ်ကြသည်။ ရေယာဉ်နှင့်ဆိုင်ရာ ပစ္စည်းများကိုလည်း ကိုယ့်ပစ္စည်းလို သဘောထားသုံးစွဲ ကိုင်တွယ်ကြသည်။ ရေယာဉ်ပိုင်ရှင် ဒေါ်မြရှင်တို့ကလည်း အတတ်နိုင်ဆုံး ကျွေးမွေးပြုစုစောင့်ရှောက်ပါသည်။

ကျွန်တော့်ဂေဟာသည်ရေယာဉ်၊ ကျွန်တော့်ဘဝသည် စက်ခန်းဖြစ်လာခဲ့ရာ အိုကေဝင်းရေယာဉ်ပေါ်တွင်ပင် ဆီလောင်းဘဝမှ တတိယတန်းစက်ခန်းအုပ်၊ ဒုတိယတန်းစက်ခန်းအုပ် ဘဝသို့ပင် ရောက်ရှိလာခဲ့ပါသည်။ ကျွန်တော်ကလည်း ကံကို

ကောင်းပါသည်ဟု ပြောရမလိုဖြစ်သည်။ စင်္ကာပူနိုင်ငံမှ ဆရာဦးခင်အေး၏ သမီးနှစ်ဦးက ဆရာဦးခင်အေးအား အလုပ်မှအနားမယူမနေရ ခိုင်းသဖြင့် ဆရာဦးခင်အေး အိုကေဝင်းမှ ဆင်းချိန်တွင် ကျွန်တော်စက်ခန်းအုပ်စာမေးပွဲ အောင်ချိန်ဖြစ်နေသည်။ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ကျင်းပသည့် စက်ခန်းအုပ်စာမေးပွဲတိုင်း ဆရာဦးဘချစ်နှင့် ဆရာဦးခင်အေးတို့၏ ကျေးဇူးတို့ကြောင့် အခက်အခဲမရှိ အောင်မြင်စွာဖြေဆိုနိုင်ခဲ့ပါသည်။

ကျွန်တော့်ဘဝသည် ရန်ကုန်မြစ်၊ လှိုင်မြစ်၊ ဧရာဝတီမြစ်တို့တွင် စုန်ချည်ဆန်ချည်ဖြင့် အချိန်တွေကုန်သွားခဲ့ပါသည်။

ကျွန်တော်စက်ခန်းအုပ်ဘဝတွင် စက်ခန်းကိုစိတ်ဝင်စားသောဆီလောင်းများကို ကျွန်တော့်အလှည့်တွင်လည်း ဆရာဦးဘချစ်၊ ဆရာဦးခင်အေးတို့ကဲ့သို့ ကိုယ်ချင်းစာတရားဖြင့် ပညာသင်ပေးခဲ့ပါသည်။ ကျန်အချိန်များသည် စာဖတ်ခြင်းဖြင့်သာ ကုန်လွန်ခဲ့ပါသည်။

အိုကေဝင်းကို ချစ်သောကျွန်တော်သည် အိုကေဝင်းတွင်သာ တွယ်တာနစ်မြုပ်နေမိသဖြင့် ကျော်သက်ဆီပင် မရောက်ဖြစ်ခဲ့ပါ။ သီတင်းကျွတ်လပြည့်နေ့က ဆရာဦးဘချစ် ဆရာဦးခင်အေးတို့၏ အိမ်များသို့သွားရောက်၍ ဆရာသမားများအားသွားကန်တော့ရင်း ကျော်သက် မိဘများဖြစ်ကြသည့် ဦးခင်မောင်ကျော်၊ ဒေါ်မေမေသက်တို့အား သွားကန်တော့ခဲ့ပါသည်။ ကျော်သက်တို့အိမ်ရောက်သွားမှ ကျော်သက်နိုင်ငံခြား သင်္ဘောလိုက်နေကြောင်း သိရှိခဲ့ရပါသည်။



ကျွန်တော်ဝမ်းသာပါသည်။ ကျွန်တော့်သူငယ်ချင်း ကျော်သက်တစ်ယောက် မိဘ၏အထောက်အပံ့နှင့် သူ၏ကြိုးစားမှုကြောင့် နိုင်ငံခြားသင်္ဘောဖြင့် ပင်လယ်သမုဒ္ဒရာကို စုန်ချည် ဆန်ချည်ကူးနိုင်သည်ကို ဂုဏ်ယူနေမိသလို အထောက်အပံ့မဲ့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ပြည်တွင်းရေယာဉ်ဖြင့် ပြည်တွင်း မြစ်များအတွင်း စုန်ချည်ဆန်ချည်ကူးနိုင်သည့် ကျွန်တော့်ဘဝကိုလည်း ဂုဏ်ယူကျေနပ်လိုက်ပါသည်။

လူဆိုသည်မှာ အခြေအနေအရ ပြောင်းလဲရပ်တည်နေရသူများ မဟုတ်ပါလား။

✵ ✵ ✵

# ရင်ခုန်သံလှိုင်း

ကျွန်တော့်ရင်ထဲတွင် ခိုးလိုးခုလုဖြစ်နေသော ဝေဒနာသည် ယခုထိမပျောက်သေး။ မကျေနပ်မှုနှင့်အတူ ဒေါသစိတ်ကလေးကလည်း လှိုင်းခေါင်းဖြူလောက်တော့ ရှိသေးသည်။ အိုကေဝင်းပေါ်တွင်မှာတော့ ရင်ထဲ၌ ဒေါသလှိုင်းလုံးတို့သည် အိမ်လိုမောက်ခဲ့၏။ ကျွန်တော် ဒေါသဖြစ်ခဲပါသည်။ မကျေနပ်စရာ တွေ့နေဦး ရင်ထဲမှာပဲ ဖြေဖျောက်ဝှက်ကွယ်မြဲဖြစ်သည်။ ကျွန်တော်တော်တော်တန်တန် ဒေါသထွက်တာလောက်ကို လူတွေမသိနိုင်။ မသိနိုင်အောင်လည်း မျိုသိပ်အောင့်အည်းခဲ့သည်သာ။

ဒေါသ၊ လောဘ၊ မောဟတို့သည် လူနှင့်ကင်းသော အရာများမဟုတ်ကြ။ အနည်းအများသာ ကွာကြသည်။ အသိ၊ သတိရှိသူတို့ပင် ဒေါသ၊ လောဘ၊ မောဟတို့ကို ဖုံးဖိနိုင်ခဲသည်။ ဒေါသနှင့် အပြောခံရမည်ကို မကြိုက်သော မနှစ်မြို့သော ကျွန်တော်သည် အခြားသူများကိုလည်း ဒေါသနှင့် မပြောမိအောင် ဆင်ခြင်ရ





သည်။ သတိထားရသည်။ ဖေဖေ၏ မချိုသာတော့သော ဒေါသသံထွက်နေသော စကားတို့ကြောင့် ကျွန်တော်သည် ဘဝကိုအဖော်မဲ့ ရွက်လွှင့်လာခဲ့သည် မဟုတ်ပါလား။

ဆီလောင်းဆန်းလွင် လုပ်ပုံကလည်း ဒေါသမီးတောင်ပေါက်ကွဲချင်စရာ၊ ကျွန်တော့်ကိုယ်ရေးကိုယ်တာ ကိစ္စလောက်ဆိုလျှင် ကျွန်တော်ခုလောက်ဒေါသ ဖြစ်မိမည်မဟုတ်၊ ကျွန်တော်နှင့်တွဲလုပ်ကြသူ ဆီလောင်းများသာမက ရေယာဉ်အုပ်၊ တက်မကိုင်၊ ကြိုးချည်သင်္ဘောသားအားလုံး သိကြသည်။ ဦးသိန်းမောင်၊ ဒေါ်မြရှင်တို့ပါ သိကြသည်။ ကျွန်တော်ဘာမျှ တွန့်တိုတတ်သူမဟုတ်၊ ကျွန်တော့်အဝတ်အစား ယူဝတ်လည်း ပြောတတ်ဆိုတတ်သူမဟုတ်၊ ပိုက်ဆံချေးလျှင်လည်း ရှိလျှင်ချေးလိုက်သည်။ တော်တော်ဒုက္ခရောက်နေသူဆိုလျှင် ချေးပင်မချေးတော့။ ပေးပစ်ခဲ့သည်သာ။ ကျွန်တော့်တွင် မကောင်းသည့်အကျင့် တစ်ချို့တော့ရှိသည်။ မသိတတ်လျှင် မကြိုက်။ အသိတရားမရှိသူကို မုန်းတတ်သည်။ အခွင့်အရေးကို လိုသည်ထက် ပိုယူလျှင် မကြိုက်တတ်၊ လူကြီးသူကြီးမှန်း မသိလျှင်လည်း မနှစ်မြို့၊ မိမိဆရာ မှန်သမျှရိုသေလေးစားတတ်သော ကျွန်တော်သည် ကျွန်တော့် တပည့်များကလည်း ကျွန်တော့်ကို လေးစားမှုကြိုက်သည်။ ရိုသေလေးစားအောင်လည်း ကျွန်တော်နေပြသည်။ စက်ခန်းတွင် ကျွန်တော်အကြီးဆုံးမို့ ရေယာဉ်တွင် တစ်ဗိုလ်တစ်မင်းရေယာဉ်အုပ်နှင့် စက်ခန်းအုပ် အစေးမကပ်ကြသည်ကို ကျွန်တော် တွေ့နေရသည်။ ကြားနေရသည်။ ရေယာဉ်ဆိုသည်မှာ ကားလိုမဟုတ်။ တစ်ယောက်တည်း မောင်း၍မရ။ ရေယာဉ်အုပ်နှင့် စက်ခန်းအုပ်သည် အထာ

သိသော လင်မယားလို နားလည်မှုရှိရသည်။ လုပ်ငန်းသဘာဝ နားလည်ရသည်။ ကျွမ်းကျင်ရသည်။ အထာသိရသည်။ ရေယာဉ်အုပ်နှင့် စက်ခန်းအုပ်တို့ တာဝန်ယူရသည့်နေရာက တစ်နေရာစီ၊ တစ်ယောက်နှင့် တစ်ယောက်တစ်နေရာနှင့် တစ်နေရာက မမြင်မတွေ့နိုင်၊ Telegraph (စက်အချက်ပြကိရိယာ) အချက်ပေးစနစ်ဖြင့် ဆောင်ရွက်နေရခြင်းဖြစ်သည်။ ရေယာဉ်အုပ်အလိုရှိသည့် စက်အနှေးအမြန်၊ အရပ်၊ လိုသလို စက်ခန်းက မောင်းနှင်ပေးရသည်။ သို့မှသာ ရေယာဉ်ကိုဆုတ်နိုင်သည်။ ခွါနိုင်သည်။ ကပ်နိုင်သည်။ ရပ်နိုင်သည်။ သွားနိုင်သည်။ ရေယာဉ်အုပ်နှင့် စက်ခန်းအုပ်တစ်ယောက်ကို တစ်ယောက် ပညာပြနေလျှင် အလုပ်မဖြစ်ရုံမက ရေယာဉ်တိုက်နိုင်သည်။ ခိုက်နိုင်သည်။ မြုပ်နိုင်သည်။ ကုန်တွေဆုံး ခရီးသည်တွေ သေကျေနိုင်သည် မဟုတ်ပါလား။

ကျွန်တော့်အနေနှင့် ရေယာဉ်အုပ်ကိုသာ လေးစားသည် မဟုတ်။ သင်္ဘောသားအားလုံးကို ကျီးဘုတ်ရိုသေ၊ ဘုတ်ကျီးရိုသေ တလေးတစားဆက်ဆံခဲ့သည်။ မည်သူကိုမျှ "မင်း" "ငါ" မပြောဖူးဘူး။ "ခင်ဗျား" "ကျွန်တော်" သာ ပြောခဲ့သည်။

သည်နေ့တော့ ကျွန်တော်သည် ထိန်းမရနိုင်သော ဒေါသကြောင့် ဆန်းလွင်ကို "မင်း"နှင့် "ငါ"နှင့် ပြောလိုက်မိသည်။ ဖရုသဝါစာ ကြမ်းတမ်းသော စကားကိုပင် နှုတ်မှထွက်မိမတတ် ဒေါသဖြစ်ခဲ့သည်။

အစိုးရ သယ်ယူပို့ဆောင်ရေး လုပ်ငန်းပဲဖြစ်ဖြစ်၊ ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးလုပ်ငန်းပဲ ဖြစ်ဖြစ်၊ ခရီးသည်ကို လေးစားဖို့ကောင်းစေပါသည်။ ထိုသယ်ယူပို့ဆောင်ရေးမျိုးကို ခရီးသည်တွေကလည်း အရေးထားလေးစား တတ်ကြပါသည်။



ထွက်ချင်သည့် အချိန်ထွက်၊ ဝင်ချိန်သည့် အချိန်ဝင်တတ်သော သယ်ယူပို့ဆောင်ရေးမျိုးကို မရှိသုံးသာ သုံးကြမည်ဖြစ်ပါသည်။ အပြိုင်ရှိလာလျှင် ကျောပေးခံရမည် မုချဖြစ်ပါသည်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းသည် ဇာတ်၊ အငြိမ့်တို့နှင့်တူပါသည်။ ထွက်ရမည့် အချိန်ထွက်မှသာ ပရိသတ်က အထင်ကြီးတတ်ပါသည်။ ထွက်ရမည့်အချိန် မထွက်နိုင်လျှင်၊ ပရိသတ်စိတ်မရှည်တတ်ကြပါ။ အချို့ဆို ဆဲဆိုထပြန်တတ်ကြပါသည်။ ထွက်ရမည့်အချိန် ထွက်နိုင်အောင် ကြိုးစားပြင်ဆင်ရမည်မှာ အငြိမ့်၊ ဇာတ်သဘင်တို့၏ တာဝန်ဖြစ်သလို ခရီးသည်ပို့ဆောင်ရေး လုပ်ငန်းတွင်လည်း အဓိကအချိန်မီထွက်နိုင်ရန်မှာ ထိုဌာန၊ ထိုအဖွဲ့အစည်း ထိုလုပ်ငန်းရှင်၏တာဝန်သာ ဖြစ်ပါသည်။ အမှန်မှု ဘာကြောင့် ညာကြောင့်ဟု အကြောင်းပြသင့်သော ကိစ္စမဟုတ်ပါ။ အငြိမ့်၊ ဇာတ်သဘင်ပင်လျှင် မထွက်နိုင်သေးလျှင် အသံချဲ့စက်ဖြင့် ကြေညာတတ်ပါသည်။ ဆိုင်းဖြင့် ဧည့်ခံတတ်ပါသည်။ ခရီးသည် ပို့ဆောင်ရေးလုပ်ငန်း အတော်များများက အကျိုးအကြောင်း ပြောဖော်မရပါ။ ခရီးသည်တွေကို ဖုတ်လေသည့်ငပိ၊ ရှိလေသည် မထင်ကြသူများ ဖြစ်နေကြသည်။

တကယ်ဆိုတော့ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းနှင့် ခရီးသည်ဆိုသည်မှာ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီနေရသည့် ဘဝဆိုသည်ကို သူတို့မေ့နေကြသည်။ သူတို့ကိုယ်သူတို့ အမှီသဟဲခံ ပုဂ္ဂိုလ်ကြီးတွေ ထင်နေကြသည်။ တွေးကြည့်လျှင် ရယ်ဖို့ကောင်းလေစွ။

ကျွန်တော်တို့ အိုကေဝင်းကတော့ ညီသည်။ ရေယာဉ်အုပ်ဦးလွင်မောင်ကလည်း အချိန်လေးစားသည်။ ရေယာဉ်ပိုင်ရှင်

ဒေါ်မြရှင်၊ ဦးသိန်းမောင်တို့ကတော့ သူတို့အကျိုးမို့ ပြောစရာမလို၊ ကုန်စုကာနီကလည်း ပြတ်သားသည်။ ရေယာဉ်ထွက်ကာနီးမှ ပျာယီးပျာယာ ကုန်လာတင်လျှင် လက်မခံတော့။ သူ့အထာသိကြတော့လည်း ကုန်တင်မည့်သူတွေက မပေါ့ကြတော့။ အချိန်မှန်တော့ နှစ်ဦးနှစ်ဘက်အားလုံး စိတ်ချမ်းသာကြရသည်။

ကျွန်တော့်အပိုင်းကလည်း စက်နှင့်ပတ်သက်၍ မချွတ်ယွင်းရအောင် ရေယာဉ်မထွက်မီ ကြိုတင်ပြင်ဆင်ထားပြီးဖြစ်သည်။ ပျက်စီးလွယ်သော ပျက်တတ်သော စက်အပိုပစ္စည်းမှန်သမျှ ဝယ်ယူထားပြီး အသင့်ဆောင်ထားသည်။ ရေယာဉ်ပိုင်ရှင် ဦးသိန်းမောင်တို့ကလည်း ကျွန်တော့်စေတနာ ကျွန်တော့်သဘောထားကို နားလည်ပြီးဖြစ်ကြသည်။ စက်ပစ္စည်းအပို ဝယ်ထားမှုနှင့် ပတ်သက်၍ အငြိုအငြင်မရှိ။ ပိုက်ဆံထုတ် ပေးတတ်ကြသည်။ နှမြောနေ၍ ဖြစ်သည့်ကိစ္စမဟုတ်မှန်း သူတို့သိကြသည်။ ကျွန်တော့် စက်ခန်းတွင် ဟက်၊ ဂက်စကက်၊ နော်ဇယ်၊ ပလန်ချာ၊ ဘယ်ရင် ဖြူးယားပန့်၊ ရေပန့်ကြိုး၊ ပန်ကာ စက်ပစ္စည်း၊ အပိုပစ္စည်းအစုံ ဝယ်ထားသည်။

မဝယ်ထား၍လည်း မဖြစ်။ ရေယာဉ်ဆိုသည်က မော်တော်ကားကဲ့သို့မဟုတ်။ ကားကပျက်သည့် နေရာရပ်ထား။ လိုတဲ့ပစ္စည်း သွားဝယ် ပြင်လို့ဘာမှကိစ္စမရှိ။ ခရီးသည်တွေ ကားပြင်တုန်း အညောင်းအညာပြေ ဟိုလျှောက်သွား သည်လျှောက်သွား၍ ရသေးသည်။ ရေထဲမှာက သည်သို့မဟုတ်။ ရေယာဉ်စက်ပျက်သည်နှင့် ရေထဲမျောပါသွားမည်။ ဝဲရှိရာသို့ မျောပါသွားလျှင် အခက်၊ ကမ်းကိုလည်း ကပ်ချင်ရာ ကပ်၍ရသည်မဟုတ်၊ သောင်ကြောက်ရသည်။ ကျောက်ဆောင် ကြောက်ရသည်။ ရေယာဉ်



အမြုပ် ကြောက်ရသည်။ ပြီးတော့ ကမ်းကပ်ဖို့က ဗောတံတားရှိဦးမှ၊ ရေယာဉ်စက်ပျက်သည်နှင့် ကျောက်အမြန်ချရသည်။ အချက်ပြ ဗောတင်ရသည်။ ညဆိုလျှင် မီးထွန်းရမည်။

ခရီးသည်တွေ စက်ပြင်မပြီးမချင်း ရေယာဉ်ပေါ်တွင် ငုတ်တုတ် ထိုင်နေရုံသာရှိသည်။ ကားလို ကားပေါ်ကဆင်းပြီး သွားချင်ရာသွားမရ။ စက်ပစ္စည်းပျက်စီးလျှင် အစားထိုးဖို့ အပိုပစ္စည်းပါမှ အပိုပစ္စည်းမပါလျှင် ကားလမ်းကဲ့သို့ သွားဝယ်ချင်တိုင်း ဝယ်မရ။ ကားကြုံမရှိဦး ကားပေါ်စက်ဘီးတစ်စီးပါလျှင် တော်တော်တန်တန် စက်ပစ္စည်း သွားဝယ်လို့ရသည်။ ရေယာဉ်ပေါ် စက်ဘီးပါလာပေမည့် ဘာမျှလုပ်မရ။ မခက်လား။

သည်လိုအခက်အခဲတွေသိ၍ စက်ပစ္စည်းအပို ကျွန်တော်ဝယ်ထားသည်။ လမ်းတွင်စက်မချွတ်ယွင်းအောင်လည်း ခနုဖြူမှ မထွက်မီကတည်းက ကျွန်တော်ကြိုတင်ပြင်ဆင် စစ်ဆေးခဲ့သည်။

ဖြစ်ချင်တော့ သပြုအရောက်တွင် ဂက်စကက် ပေါက်သွားသည်။ ကျွန်တော်က ဘယ်ရင်ကို စိတ်မချ၍ ဘယ်ရင်ပျော်မှာစိုးပြီး အသံနားထောင်ရင်း စက်ခန်းထဲမှာပဲ လိုက်လာခဲ့သည်။ ခုတော့ ဘယ်ရင်မပျော်ဘဲ ဂက်စကက်ပေါက်သွားပြီ။

သပြုဆိပ်ကမ်းမှာပဲ ရေယာဉ်ကပ်ရသည်။ တော်သေးသည်။ ခနုဖြူနှင့် မဝေးသည့်အရပ် ဆိပ်ခံဗောရှိသည့် အရပ်မို့။ ထိုသို့မဟုတ်လျှင် ရေလယ်မှာပဲ ကျောက်ချရမည်။ ခုတော့ ခရီးသည်တွေသပြုကို တက်လည်ချင်လည်နိုင်သည် မဟုတ်ပါလား။

ဂက်စကက်ဖြုတ်လဲဖို့ ဆီလောင်း ဆန်းလွင်ကို အပိုပစ္စည်း ဂက်စကက် အယူခိုင်းလိုက်သည်။ ကျွန်တော့်အနားတွင် ဟိုယောင်ယောင်၊ သည်ယောင်ယောင်လုပ်နေ၍ အမြန်သွားခိုင်းရသည်။ တော်တော်နှင့် ပေါ်မလာသဖြင့် လှမ်းအော်တော့ သူရောက်လာသည်။ ဂက်စကက် ပါမလာ၊ “ဘယ်မလဲ ဂက်စကက်” မေးတော့ သူ့မျက်နှာဆီးရွက်လောက် ဖြစ်သွားသည်။ ကျွန်တော်မေးတာ ပြန်မဖြေ။

ကျွန်တော်စိတ် မရှည်ချင်တော့။ တစ်ခါမျှ ယခုလိုမဖြစ်ဖူး၍ ကျွန်တော်ခရီးသည်တွေကို အရမ်းအားနာလှ၏။ တချို့ခရီးသည်တွေက ရေယာဉ်ပေါ်တွင် ငုတ်တုတ်ထိုင်နေကြသည် မဟုတ်လား။

ကျွန်တော်က “ဂက်စကက် ရှာမတွေ့ခဲ့ဘူးလား” ဟု ထပ်မေးတော့ “ရေထဲကျသွားလို့” ဟုဖြေသည်။ ကျွန်တော်စိတ်ထဲ၊ ဒေါသထောင်းကနဲ ဖြစ်သွားသည်။ မဖြစ်နိုင်တာ ပြောတော့လည်း ဒေါသဖြစ်ချင်စရာ။

“ဘယ်နှယ့်ရေထဲကျရမှာလဲ ခင်ဗျားဘာတွေပြောနေတာလဲ ခင်ဗျား အရက်သောက်ထားသလား. . .”

“မသောက်ပါဘူးဆရာ ရေထဲကျလို့ ရေထဲကျတယ် ပြောတာပါ. . .”

“မဖြစ်နိုင်တာ မပြောနဲ့ဗျာ အပိုပစ္စည်းထည့်တဲ့အိတ် ယူလာခဲ့. . .”

“မရှိဘူးဆရာ ကျွန်တော်ကြောင့် ရေထဲကျသွားတာပါ. . .”

“ဘယ်တုန်းက ကျတာလဲ”

“ရန်ကုန်တုန်းက ကျတာပါ ဆရာ. . .”



“ဘာ. . .”

“ဟုတ်တယ်ဆရာ လှသီတာအောင်မှာ ဆရာစက်ပြင်တုန်းက အပိုပစ္စည်းတွေ ပြန်အသယ်မှာ ကျခဲ့တာပါ. . .”

“အံ့ရောဗျာ။ ရေထဲမျှား ကျအောင်သယ်ရတယ်လို့. . .”

“အိတ်ထဲမထည့်ဘဲ၊ လက်နဲ့ကိုင်လာမိလို့ ကျသွားတာပါ ဆရာ. . .”

“ခင်ဗျား။ ရေထဲကျသွားရင် အဲ့ဒီတုန်းက ဘာလို့ကျွန်တော့်ကို မပြောသလဲ. . .”

“ကျွန်တော်အစား ပြန်ဝယ်ပေးပါမယ် ဆရာ. . .”

“ဘာ ဒါကလေးကစားစရာ မဟုတ်ဘူးကွ။ မင်းလုပ်လိုက်တာ ခု ဘယ်လောက်ဒုက္ခရောက်ရပြီလဲ၊ ရေထဲကျကျတယ် အစက မပြောဘူး၊ ခု ဘယ့်နှယ်လုပ်မလဲ၊ ခရီးသည်တွေ ဘယ်လောက် အားနာစရာကောင်းသလဲ၊ နောက် မသိနိုးနားမလုပ်နဲ့၊ ခု ငါ့ခနေ့ဖြူ သွားရအုန်းမယ်၊ တောက်. . .”

“ဘာဖြစ်လို့လဲ မောင်နိုင်. . .”

“ခု ဂက်စကက်လဲမလို့ အယူခိုင်းတာ မမြ၊ ရန်ကုန်မှာကတည်းက ရေထဲကျခဲ့သတဲ့၊ လုပ်လိုက်ပုံများ၊ တောက်. . .”

“ရေထဲကျသွားတာသိလျက်နဲ့ ဘာလို့ ရန်ကုန်က မဝယ်ခဲ့တာလဲ မောင်စန်းလွင်. . .”

“သဘော်ာထွက်ခါနီးမှ့လို့ ကြက်တန်းသွားချိန် မရလို့ပါ အန်တီ. . .”

“တယ်ခက်တာပဲ၊ ဘာပဲဖြစ်ဖြစ် လူကြီးပြောမှပေ့၊ ခနေ့ဖြူမှာ ဝယ်ရင်လည်း ရတာပဲဟာ၊ ကဲ ရော့ ပိုက်ဆံ၊ မင်း ခု သွားဝယ် . . .”

ဒေါ်မြရှင်က ပိုက်ဆံအိတ်ထဲက ပိုက်ဆံထုတ်နေသည်။

"ကျွန်တော်ကိုယ်တိုင်ပဲ သွားတော့မယ် မမြ၊ ဒီကောင်တွေ ခိုင်းရတာ စိတ်မချဘူး၊ ပိုက်ဆံကျွန်တော့်ပဲပေး. . . "

ခရီးသည်တွေမြင်ရလေ ဆန်းလွင်ကို ဒေါသဖြစ်မိလေဖြစ်မည် စိုး၍ ဖြတ်သန်းလာသော စက်တပ်ဘောက်တူ "စိန်မင်းသား" ကို လှမ်းအော်ခေါ်ပြီး ဓနုဖြူသို့လိုက်လာခဲ့သည်။ "စိန်မင်းသား" သည် စဥ့်အိုးတန်း ဆိပ်ကမ်းသို့ အမြဲငှက်ပျောလာပို့သည့် ကျုံပျော်မှ ရေယာဉ်ဖြစ်သည်။ ပိုင်ရှင် စစိုးလွင်က ကျွန်တော်နှင့် ရင်းနှီးနေသူ ဖြစ်၍ ကျွန်တော်လှမ်းအော်ခေါ်သည်နှင့် လာကပ်ပေးသည်။

"ဘာဖြစ်လို့လဲ အစ်ကို. . . "

"ဂက်စကက်ပေါက်လို့ ညီလေး၊ ပြောကိုမပြောချင်တော့ ဘူး. . . " ကျွန်တော်က မပြောချင်သော ဆန်းလွင်အကြောင်း ပြန်ပြောပြလိုက်သည်။

စိန်မင်းသားသည် တဖြေးဖြေးအိုကေဝင်းနှင့် အတော် ဝေးခဲ့ပြီ။ မြင်ပင်မမြင်ရတော့ ဆောင်းလယ်မြစ်ပြင်သည် လှိုင်းလေ မရှိ၊ ပတ်ဝန်းကျင်က သာယာနေ၏။ ကျွန်တော်က ဆန်းလွင် အကြောင်း တွေးလာမိ၏။ ဒီကောင်ဖဲကစားသည်ကို ကျွန်တော် သိ၏။ အိုကေဝင်းပေါ်တွင် ခိုးကစားသဖြင့် ကျွန်တော်နှင့် ရေယာဉ်အုပ်ဦးလွင်မောင်တို့က ပြတ်ပြတ်သတိပေးပြောကြား ထား၍ အိုကေဝင်းပေါ်တော့ မကစားတော့။ ရန်ကုန်မှာရော ဓနုဖြူမှာပါ တခြားရေယာဉ်တွေဆီသွား၊ ဖဲကစားသည်ကို ကျွန်တော် သိထား၏။ ထိုသို့သိထား၍လည်း မကြာခဏဆုံးမပြီးပြီ။ ပြောလျှင်



တော့ "ဟုတ်ကဲ့ဆရာ" ချင်းထပ်နေသည်။ ပြီးတော့သာ လုပ်ချင်ရာ လုပ်သည်။ ပြန်မပြော နားမထောင်တော့ မခက်လား။ ခုလည်းအပို ဝယ်ထားသော ဂက်စကက်ကို ရေထဲကျသွားလို့ဟု ပြောသည်။ ဟုတ်မှဟုတ်ရဲ့လားမသိ။ ဖဲရှုံးလို့ ငွေလိုလို့ တခြားရေယာဉ် တစ်စင်းစင်းများ ခိုးရောင်းခဲ့လေသလား။

သည်လို မတွေးကောင်းမှန်းတော့ သိသည်။ ကျွန်တော့် အနေဖြင့် မရှိခိုးနိုး မလှစုန်းမျိုးမရိုးချင်၊ ထို့ကြောင့်လည်း သူ့ အပေါ် သံသယစကား မပြောခဲ့ခြင်းဖြစ်သည်။

ရေထဲကျတာလည်း ဖြစ်နိုင်သည်။ လှသီတာအောင် ရေယာဉ် စက်ခန်းအုပ် နေမကောင်းခိုက် လှသီတာအောင်ရေယာဉ် ဟက်ကွဲ သွား၍ ဟက်လဲပေးရန် အကူအညီတောင်းသဖြင့် ကျွန်တော် သွားလဲပေးခဲ့သည်။ ဟက်မလဲမီ ဖာသုံးလို့ ရ, မရ စမ်းကြည့်ရန် ဟက်ဖာဆေးမှုန့်ကို ဆီလောင်း ဆန်းလွင်အား အယူခိုင်းလိုက်သည်။ ဆန်းလွင်က စက်အပိုပစ္စည်းအိတ်ပါ ယူလာသည်။ ပစ္စည်းတွေ ထုတ်ရှာပြီး ဟက်ကိုဖာကြည့်သည်။ ရေတော့ လုံသည်။ စိတ်မချရ သဖြင့် ကျွန်တော်ဟက်အသစ်ပြန်လဲပေးပြီး အပိုပစ္စည်းအိတ်ကို အိုကေဝင်းပြန်ယူသွားခိုင်းလိုက်သည်။ အိတ်ထဲကျကျနန ပြန်ထည့် သယ်မသွားဘဲ လက်မှကိုင်သွား၍ ကျတာဖြစ်လိမ့်မည်။

"ဟယ် ဟိုပွဲထောင်မှောက်တော့မယ်၊ ဟော မှောက်မှောက် သွားပြီး။ မြုပ်သွားပြီ လုပ်ကြပါအုန်း. . . "

ကျွန်တော့်ဘေးတွင် ထိုင်လိုက်လာသော အဒေါ်ကြီး၏ အသံကြောင့် ကျွန်တော်အသိဝင်လာ၏၊ ကျွန်တော့်၏မျက်လုံး အစုံသည် မြုပ်စပြုနေသော ပွဲထောင်ဆီရောက်သွား၏။ ပွဲထောင်

ဆီမှ ကယ်ပါယူပါ အော်ဟစ်သံများပါ ကြားနေရ၏။ ကျွန်တော်သည် ဂျာကင်အင်္ကျီကိုချွတ်၊ ဖိနပ်ကိုချွတ်ပြီး ချက်ချင်းပင် ရေထဲသို့ ဒိုင်ပင်ထိုးချရင်း ပဲ့ထောင်ဆီသို့ ကူးသွားမိ၏။ ကျွန်တော့်ကဲ့သို့ပင် စိန်မင်းသား စက်တပ်ဘောက်တူပေါ်မှ လူငယ်သုံးလေးဦးတို့ကလည်း မြုပ်စပြုနေသော ပဲ့ထောင်ဆီသို့ ကူးသွားနေကြပြီ။ ပဲ့ထောင်ဆီမှ လူတစ်ချို့လည်း ကျွန်တော်တို့ ဘောက်တူဆီသို့ ကူးလာနေကြ၏။ ကျွန်တော် စိန်မင်းသားပေါ်မှ ဒိုင်ဗင်ထိုး ဆင်းလိုက်ချိန်တွင်ပင် စိန်မင်းသားကလည်း စက်ရှိန်လျှော့လိုက်ပြီး နောက်ပြန်ကွေ့စပြုနေပြီဖြစ်၏။

ကျွန်တော်သည် မြုပ်နေရာမှ ပြန်ပေါ်လာသော စတွေ့ရသည့် ကလေးငယ်တစ်ယောက်ကို ဆယ်ယူပြီး စိန်မင်းသားပေါ်သို့ တင်ပေးလိုက်၏။ ချက်ချင်းပင် ကျွန်တော်သည် ပဲ့ထောင်ဆီပြန်ကူးလာခဲ့၏။ မြုပ်နေသောပဲ့ထောင်ကို လူသုံးဦးကထိန်းပြီး ရေပေါ်မှောက်တင်နေကြ၏။ မိန်းကလေးသုံးယောက်ကိုလည်း လူအချို့က စိန်မင်းသားဆီ တွန်းသယ်သွားနေကြ၏။

ကျွန်တော်သည် ပဲ့ထောင်၏တဖက် မလှမ်းမကမ်းတွင် မြုပ်ချည်ပေါ်ချည်မျှောနေသော လူတစ်ဦးဆီအမြန်ဆုံး လက်ပစ်ကူးသွားလိုက်၏။ သူ့အနားအရောက်တွင် ကျွန်တော့်အား လှမ်းဆွဲဖက်ရာ ကျွန်တော်က ရေထဲငုပ်ချလိုက်ပြီး သူ့နောက်ကျောမှ အင်္ကျီစကို ဆုပ်ကိုင်လိုက်၏။ ၎င်းအား ရေပေါ်ဆွဲတင်ကာ စိန်မင်းသားဆီတွန်း၍ ကူးလာခဲ့၏။ စိန်မင်းသားပေါ်မှ ချပေးသော အသက်ကယ်ဗောကွင်းများတွင်လည်း လူပြည့်နေကြပြီ။



ကျွန်တော်လက်ပန်း ကျချင်လာပြီ။ " ကြိုး" ဟုကျွန်တော် လှမ်းအော်လိုက်မိ၏။ ကျွန်တော် လက်ပြောင်းလိုက်ချိန်တွင် ကျွန်တော်ဆယ်ယူလာသူသည် ရေပေါ်မှစွပ်ကနဲ ရေထဲမြုပ်သွား၏။ ကျွန်တော်ရေထဲပြန်ငုပ်ပြီး သူ့ကိုလှမ်းဆွဲယူကာ ရေပေါ်တင်ရပြန်၏။ ကျွန်တော်ရေပေါ်ပြန်ပေါ်လာသောအခါ စိန်မင်းသားမှချပေးသောကြိုး ကျွန်တော်အနားရောက်နေသည်ကို တွေ့ရ၏။ ကျွန်တော်သည် ကျန်လက်တစ်ဖက်ဖြင့် ကြိုးစကိုလှမ်းဆွဲမိချိန်တွင် ကျွန်တော်ဆယ်ယူလာသူအား မိမိရရပွေ့ယူလိုက်မိ၏။

ကျွန်တော်အအံ့သြကြီး အံ့သြနေမိ၏။ ကျွန်တော်ကို ကျွန်တော်လည်း စိတ်မလုံဖြစ်လာ၏။ လွှတ်ချလိုက်ရအောင်ကလည်း အခက်၊ လွှတ်ချလိုက်သည်နှင့် ရေထဲသို့မြုပ်သွားပေတော့မည်။ မတတ်နိုင်၊ ဘာမျှ မတတ်နိုင်၊ အသက်တစ်ချောင်း ရှင်သန်ဖို့သာ အရေးကြီးဆုံး ဖြစ်နေပြီ။ ကျန်တာတွေ အာရုံထဲမှ ဖယ်ထုတ်ပစ်လိုက်မိ၏။

ကျွန်တော်ကိုယ်က ညံ့ပါသည်။ ကိုယ်ဆယ်ယူလာသူသည် မိန်းကလေးမှန်း ယောကျ်ားလေးမှန်း အလျှင်းမသိခဲ့။ သေရေးရှင်ရေး ဖြစ်နေတော့လည်း ဒါတွေအာရုံမစိုက်မိသည်မှာ အဆန်းတော့ မဟုတ်။

ကျွန်တော်သည် သည်မိန်းကလေးအား စိန်မင်းသားပေါ် မြှောက်တင်ပေးရမှာ မဝံ့ရဲအောင်ရှိနေ၏။ တွေးမိလေ စိတ်ထဲတွင် တထင့်ထင့်ဖြင့် စိုးရိမ်ပူပန်နေမိ၏။ ကျွန်တော်စိုးရိမ်ပူပန်နေမိသည်မှာ အခြားမဟုတ်။ သည်မိန်းကလေး၌ ထဘီကျွတ်ပြီး ပါမလာမှာပဲဖြစ်၏။

မတတ်နိုင် အရှက်ထက် အသက်က အရေးကြီးနေပြီ။ ကိုယ်လုံးတည်း ဖြစ်နေလျှင်လည်း မျက်စိမှိတ် ပွေ့တင်ပေးလိုက်ရုံပဲလေ။

တော်သေး၏။ သည်မိန်းကလေးတွင် ထဘီကျွတ်မနေ။ ထဘီပါ၍ စိန်မင်းသားပေါ်တင်ရတာ အဆင်ပြေသွား၏။ ကျွန်တော်သည် စိန်မင်းသားပေါ် ရောက်သည်နှင့် ထိုမိန်းကလေးအား ပုခုံးပေါ်မှောက်ခုံ ထမ်းတင်ပြီး စိန်မင်းသားဦးမှပဲ့၊ ပဲ့မှဦးသို့ အခေါက်ခေါက် ဖြေးဖြေးချင်းထမ်းပြေးရင်း ရေတွေကိုအန်စေခဲ့၏။ စိန်မင်းသားပေါ်တွင် ကြက်စာအိတ်များ ညီညာစွာခင်းထားသဖြင့် ပြေးရတာအဆင်ပြေ၏။ "ရပါပြီ. . ." ဟု ညည်းတွားသံနှင့် ပြောသံကြားမှ ကျွန်တော့်ပခုံးပေါ်မှ ကျွန်တော့်ရင်ခွင်ဘက်ပြောင်းပွေ့ရင်း ကြက်စာအိတ်များပေါ် အသာချပေးလိုက်၏။ ပခုံးပေါ်မှ ရင်ခွင်ဘက်ပြောင်းအပွေ့တွင် သူမကိုအကြည့်၌ အကြည့်ချင်းဆုံဖြစ်၏။

အသက်တစ်ချောင်း ကယ်ရေးမှတစ်ပါး အခြားဘာအာရုံမှ မရှိခဲ့သော မခံစားတတ်ခဲ့သော ကျွန်တော်သည် ကျွန်တော့်ရင်ခွင်ထဲမှ ကြက်စာအိတ်များပေါ်သို့ ချလိုက်ချိန်တွင် မိန်းကလေး၏ ကျေးဇူးတင်အကြည့်နှင့် ထပ်ဆုံမိခဲ့ရာ ကျွန်တော့်ရင်ထဲတွင် ဆင်ပွတ်ခံရသည့် ဝါးပင်လို ယိမ်းထိုးလှုပ်ခတ်သွားခဲ့၏။ ရင်ထဲ၌လည်း ဖော်ပြမစွမ်းသော သာယာကြည်နူးမှု ဝေဒနာတို့ကို နှစ်လိုစွာခံစားလိုက်ရ၏။

ကျောင်းနေစဉ်က ခင်မမအပါအဝင် ကျောင်းသူ သူငယ်ချင်းများနှင့် အကြည့်ချင်း အကြိမ်ကြိမ်ဆုံခဲ့ဖူးသော်လည်း ယခုကဲ့သို့



မခံစားဘူးခဲ့၊ ရန်ကုန် ဓနုဖြူအစုန်အဆန် အမြဲသွားလာစဉ် ခရီးသည်မိန်းကလေးများစွာနှင့် အကြည့်ချင်းဆုံခဲ့ဖူးသော်လည်း ရင်မခုန်ဘူးခဲ့၊ သူမနှင့်ကျမှ ကျွန်တော် ရင်ခုန်ရလေပြီ၊ သူမကို ကျွန်တော်ပွေ့ပိုက်ထားခဲ့မိ၍လား၊ ပခုံးပေါ်တင်ခဲ့မိ၍လား။ မဖြစ်နိုင်ပါ။ လုံးလုံးမဖြစ်နိုင်ပါ၊ ထိုစဉ်အချိန်များက အသက်တစ်ချောင်း လုယူနေခြင်း အာရုံမှတစ်ပါး အခြားမရှိ၊ အတွေ့အထိ သာယာမှု မရှိခဲ့ပါလေ။

ကျွန်တော်သူမကို မငုံ့မရဲကြည့်မိ၏။ တကယ်တော့ မကြည့်ရဲလောက်အောင် သူမ၏အလှတို့က ရေစိုစိုကြောင့် ပေါ်လွင်ထင်ရှားလွန်းနေသည်။

ကျွန်တော်ကြည့်ရမှာ မငုံ့ရဲတော့၊ မငုံ့ရဲ၍ မျက်နှာလွှဲထားသည့်တိုင် သူမရုပ်သွင်က မျက်ဝန်းတွင်ထင်၍ အတွေးတွင်စွဲနေပြီ၊ အာရုံရောက်နေပြီ၊ ကျစ်ဆံမြီးကျစ်ပြီး ခေါင်ခွေပတ်ထားသည့် ဆံပင်အုံကပင် နည်းနည်းနောနောမဟုတ်၊ ကျစ်ဆံမြီးခွေကို ဆံညှပ်ဖြင့်ထိုး၍ ဆံအုပ်ဖြင့်အုပ်ထားသည်။ နဖူးမကျဉ်း မကျယ်၊ ရေစိုနေသော ဆံယဉ်စလေးများက ကပ်နေသည်။ နဖူးကအမြင့်ချည်းလည်းမဟုတ်၊ နိမ့်နိမ့်လေးလည်းမဟုတ်၊ မျက်ခုံးကထူထူတန်းတန်း နက်မှောင်စိမ်းမြနေသည်။ မျက်ရစ်များဖြင့် အလှဆင်နေသော မျက်တောင်ကော့ကော့ကြီးများနှင့် မျက်လုံးအစုံ၊ မျက်သားဖြူထဲမှ မျက်ဆန်နက်ကြည်ဖြင့် အကြည့်သည် ကျွန်တော့်ရင်ထဲ၌ ကျွန်တော့်မျက်ဝန်းထဲ၌ စွဲအထင်ဆုံး၊ အောက်မျက်ခွံမို့မို့ကြောင့် သူမမျက်လုံးများက ပိုလှနေသည်ကို တွေ့ရသည်။ နှာတံက မချွန်မပိ။ လွင်လွင်လေး ပေါ်နေသည်။ အောက်နှုတ်ခမ်း

ထူထူလေးနှင့် လေးကိုင်းသဏ္ဍာန်အပေါ်နှုတ်ခမ်းကို ဖိကပ်စေ့ထားသည်ပင် ရှက်ပြုံးရိပ်ထင်နေသည်။ ပြုံးများပြုံး ရယ်များရယ်လျှင် ဘယ်လောက်နှစ်လိုဖွယ် ကောင်းလိုက်လေမလဲ။ ဘယ်လောက်ချစ်စဖွယ် ကောင်းလိုက်လေမလဲ၊ နှင်းဆီနီရောင် သွေးထနေသော နှုတ်ခမ်းအစုံသည်လည်း ကျွန်တော့်ကို ကျေးဇူးတင်အကြည့်တွင် လှုပ်ရှားတွန့်ကွေးသွားရာ ပွင့်အာလာမည့် နှင်းဆမ်းနှင်းဆီလို ကြွရွနေသည်။ သူမ၏ ရှက်ပြုံးနှင်းဆီသည်လည်း ကျွန်တော့်ရင်ထဲစွဲစေ၏။ မချွန်မဝိုင်းလွန်းသောမေး သွယ်လျှဟန်ရှိသော မျက်နှာတို့သည် ဖြည့်တင်းဖူးသစ်သော ပါးမို့မို့များကြောင့် ပို၍လှ ပို၍ချစ်စရာကောင်းနေသည်။ လှပသောနားနှင့် ကျော့ရှင်းသော လည်တိုင်တို့တွင် ပါးပါးသေးသေး ရွှေနားကပ်လေးနှင့် သေးသေးမျှင်မျှင် ရွှေဆွဲကြိုးလေးတစ်ကုံးကို တွေ့ရ၏။

ရေညှိရောင် တတ်ထရက်စ အနွေးထည် ပန်းနုရောင်ရှန်သား အင်္ကျီအဖြူနှင့် အစိမ်းကွက်စိပ်စိပ် ဖောက်ထားသော ဟံဇားထဘီတို့သည် ရေစိုနေမှုကြောင့် ငါးရံ့ကိုယ်အလှ ပေါ်လွင်လွန်းလှ၏။ သူမ၏အသားအရေသည် ဖလံတောင်မွှေး ရွှက်နုလိပ်လို ဝင်းစိုနုသစ်နေသည်။

ကျွန်တော်သည် သူမကို တစ်ချက်မျှကြည့်မိပြန်ပြီ။ သူမကို ကြည့်ရင်းကြည့်ရင်း ရှင်တေဇောသာရ၏ “ရွှေရုပ်သွင်” ကို သတိရလာ၏။ ထိုအတူ တိုးတိုးလေးဆိုကြည့် ဖြစ်သွားသည်။

“သည်သခင်မူ၊ ရုပ်သွင်ပျိုချော၊ တင့်မောလေစွ၊ သဘောတည်ကြည် မျိုးမြတ်မည်နှင့် ရွှေရည်ရုပ်တု ပုံသွင်းပြုသို့၊ ပျိုနုလတ်လတ်၊ ဝင်းရှိန်းမတ်မူ၊ သွယ်ပတ်ဝေဝေ၊ ထုံးနောက်ခွေနှင့်. . .”



တကယ့်ရွှေရည်ရုပ်တုလို လှရက်သူကို ကျွန်တော်စူးစူးရဲရဲကြည့်နေချင်မိ၏။ ကြည့်သင့်သည်မဟုတ်၍ ခိုးဝှက်၍သာကြည့်မိ၏။ သူမအလှတွင်တိမ်းမူးနေမိသော ကျွန်တော့်ကိုကျွန်တော် မကျေနပ်ချင်တော့။ ကိုယ့်ကိုကိုယ်ဒါဏ်ခတ် အပြစ်ပေးလိုက်ချင်မိ၏။ ချက်ချင်းပင် အဒေါ်ကြီးခြင်းတောင်းပေါ်မှ ကျွန်တော်ဂျာကင်အင်္ကျီကိုကောက်ယူပြီး သူမကိုခြုံပေးလိုက်မိ၏။ ဆတ်ဆတ်တုန်အောင်ချမ်းနေသော သူမက လက်ကာငြင်းဆန်နေသေးသော်လည်း ကျွန်တော်၏ဇွတ်တရွတ် ခြုံပေးမှုကြောင့် လက်ခံသွားသည်။

ပဲ့ထောင်လည်း ရေပေါ်ပုံမှန် အနေအထားပြန်ရောက်သွားပြီ။ စက်နှိုးမရတော့သဖြင့် စိန်မင်းသားနောက်မှ ကြိုးချည်ဆွဲလာခဲ့သည်။ စိန်မင်းသားသည် ဓနုဖြူမြို့ဆီသို့ စက်ရှိန်မြှင့်၍ ဆက်လက်ခုတ်မောင်းနေပေပြီ။

“သမီးတို့က ဘယ်သွားကြမှာလဲ. . .”

ဘေးနားမှ အဒေါ်ကြီးက စပ်စပ်စုစုမေးသည်။

“သပြုသွားမှာပါ ဒေါ်ဒေါ်. . .”

သူမက ကျွန်တော့်ဂျာကင်အင်္ကျီကို တင်းတင်းရင်းရင်းဆွဲစေ့ရင်း ဖြေသည်။

“သမီးက သပြုမှာ နေတာလား. . .”

“နေတယ် ပြောပါတော့၊ အိမ်က ဓနုဖြူမှာပါ. . .”

ကျွန်တော်သည် လျှာရှည်သော အဒေါ်ကြီးကို ဒေါသဖြစ်နေအမြင်ကပ်နေမိသည်။ သူမ၏ နှင်းဆီနီနှုတ်ခမ်းသားလေးများပင် အညိုရောင်ပြောင်းသွားအောင် ချမ်းနေရှာသည်ကိုကြည့်ပြီး သူမကို ကျွန်တော်သနားနေမိသည်။

"သပြုကို အလုပ်သွားလုပ်တာပေါ့၊ ဘာအလုပ်လဲဟင် သမီး. . ."

"ဆရာမပါ. . ."

"သမီးတို့ ပွဲထောင်က ဘာလို့မှောက်သွားရတာလဲ. . ."

"စက်ပျက်လို့ စက်ပြင်နေတာ၊ ပွဲထောင်မျှောနေတုန်း အဒေါ်တို့ ရေယာဉ်ဖြတ်သွားတဲ့ လှိုင်းကြောင့်ရော ပွဲထောင်ပေါ်က အငြိမ်မနေတတ်တဲ့ လူတွေကြောင့်ရော တိမ်းမှောက်သွားတာပါ ဒေါ်ဒေါ်. . ."

"တော်သေးတာပေါ့ သမီးရယ် ဒေါ်ဒေါ်က နောက်ပြန်ကြည့်မိလို့ မှောက်မှန်းသိလိုက်တာ၊ သမီးလည်း ဒီလူလေးကယ်လို့ပေါ့၊ သမီးက ရေမကူးတတ်ဘူးလား. . ."

သူမက ကျွန်တော့်ကို ခေါင်းမော့လှမ်းကြည့်သည်။ ပြီးတော့ နှင်းဆီပွင့်အာသကဲ့သို့ ပြုံးပြသည်။ သွားလေးမပေါ်တပေါ် အပြုံးတွင် နှစ်လိုဖွယ်ပါးချိုင့်ကြီးကြီး နှစ်ခုကို ပြည့်တင်းဖူးသစ်သော ပါးမို့မို့နှစ်ဖက်၌ အထင်ကရတွေ့ရသည်။ အလှသရဖူဆောင်းစေသော ပါးချိုင့်ပိုင်ရှင်အား ကျွန်တော်ပြန်ပြုံးပြမိ၏။

"ရေကူးတော့ ကူးတတ်တာပဲ ဒေါ်ဒေါ်၊ ရေမကူးတာလည်း ကြာပြီလေ၊ ကလေးဘဝတုန်းကလောက်ပဲ ကူးခဲ့တာ မဟုတ်လား၊ ဒီက အစ်ကို့ကိုလည်း ငွေးကျေးဇူးတင်ပါတယ်. . ."

"ရပါတယ်ဗျာ. . ."

ကျွန်တော်သည် သည်မျှသာ စကားဆိုပြီး ပြုံးပြဖြစ်ခဲ့သည်။ ကျွန်တော့်ရင်ထဲတွင်တော့ "ဒေဝစ္ဆရာလို လှပနေတဲ့ ငွေးကို



ဆယ်ယူခွင့်ရခဲ့တဲ့ ကျွန်တော်ဟာ၊ အလွန်အလွန် ကံကောင်းသူ တစ်ယောက်ဖြစ်နေတယ်လို့ ထင်မိပါတယ် ငွေး. . ." လို့ ပြောနေမိပါရဲ့။

"သမီးဘာပစ္စည်းတွေ ပါသွားသေးတုံး. . ."

"ခြင်းရယ် စတီးသုံးဆင့်ချိုင့်လေးနဲ့ ပိုက်ဆံအိတ်ရယ်ပါ ပိုက်ဆံက သိပ်မပါပါဘူး၊ ခြင်းနဲ့စတီးသုံးဆင့်ချိုင့်လေးပဲ နှမြောနေမိတာပါ၊ ဝယ်ပြီးကာစလေးရယ်. . ."

သူမမျက်နှာလေး ညှိုးကျသွားသည်ကို တွေ့ရတော့ ကျွန်တော် စိတ်မကောင်းတော့။

"ပစ္စည်းသဉ်ါရ လူသဉ်ါရပဲကွယ်၊ သမီးအသက်မသေတာပဲ ကံကောင်းလှပါပြီ၊ ပွဲထောင်ပေါ်ပါလာတဲ့ လူတချို့ကလည်း ရေကူးတတ်လို့သာပေါ့၊ နို့မဟုတ်ရင် ခုလိုအကုန်လုံး အသက်ရှင်မှာ မဟုတ်ဘူး. . ."

ကျွန်တော်သည် ရှေ့တူရူမှ မောင်းနှင်လာသော စက်တပ်ဘောက်တူတစ်စင်းကို တွေ့ရသဖြင့် မှောက်သွားသော ပွဲထောင်ပေါ်မှပါလာသည့် လူများအား " သပြုပြန်သွားမလား" ဟု မေးကြည့်သည်။ အားလုံးက "သွားမယ်" ဟုပြောကြသဖြင့် စိန်မင်းသားမောင်းသူ စစိုးလွင်အား ယှဉ်ကပ်ပေးရန်ပြောလိုက်သည်။

ကျွန်တော်သည် စိန်မင်းသားဦးပိုင်းသွားပြီး တူရူမှလာသော စက်တပ်ဘောက်တူကို လက်ဝှေ့ရမ်းတားလိုက်သည်။ စိန်မင်းသား

စက်ရှိန်လျှော့သွားသလို တူရူမှလာသော စက်တပ်ဘောက်တူသည်လည်း မလှမ်းမကမ်းအရောက်တွင် စက်ရှိန်လျှော့သွားလေပြီ။

ရေယာဉ်နှစ်စင်းယှဉ်ကပ်မိသည့်အခါ ကျွန်တော်က ဓနုဖြူဘက်မှလာသော ရေယာဉ်မောင်းသူအား အကျိုးအကြောင်း ရှင်းပြပြီး အကူအညီတောင်းလိုက်သည်။ ရေယာဉ်မောင်းသူက ရှောရှောရှူရှူခွင့်ပြုသဖြင့် သပြုသွားမည့်သူများအား ရေယာဉ်ပြောင်းစီးဖို့ ပြောလိုက်သည်။ အားလုံးတစ်ဖက်ရေယာဉ်သို့ ပြောင်းသွားကြသော်လည်း ကျွန်တော့် ဒေဝစ္ဆရာက မပြောင်းဘဲ ထိုင်မြဲထိုင်နေသည်။

"ဆရာမ သပြုကို လိုက်မသွားဘူးလား. . ."

"မလိုက်တော့ဘူးအစ်ကို ဒီသတင်းကြားရင် မေမေက စိတ်ပူနေမှာ၊ မေမေ့ကို အကျိုးအကြောင်းပြောပြီးမှ ပြန်သွားတော့မယ်. . ."

ရေယာဉ်နှစ်စင်း ကျောချင်းပေးပြီး တရွေ့ရွေ့ခွာခဲ့လေပြီ။

ကျွန်တော်သည် ရေယာဉ်ဦးခန်းကိုမှီ၍ရပ်ရင်း ရုပ်ရှင်ဆန်ဆန် တွေ့ရလေသော ဆရာမငွေးနှင့်ပတ်သက်ပြီး ဝတ္ထုဆန်ဆန်တွေးနေမိသည်။

"ရော့ အစ်ကို. . ."

ငွေးဆိုသော မိန်းကလေးက ကျွန်တော့်ဂျာကင်အား လှမ်းပေးမှ ကျွန်တော်သတိဝင်လာသည်။ ကျွန်တော့်အသိစိတ်တွေ



ပြန့်လွင့်နေခဲ့၍ ဓနုဖြူဆိပ်ကမ်းသို့ စိန်မင်းသားကပ်စပြုနေပြီကိုပင် ကျွန်တော်မသိခဲ့။ ကျွန်တော်အသိဝင်လာချိန်တွင် သူမသည် ကျွန်တော့်ဘေးလာရပ်နေသည်ကို တွေ့ရသည်။

ကျွန်တော်သည် သူမကမ်းပေးသော ကျွန်တော့်ဂျာကင်ကို လှမ်းယူရင်း သူမတစ်ကိုယ်လုံးကို ရီဝေစွာငေးကြည့်လိုက်မိသည်။

"ဒီဖိနပ်စီးသွားနော် ဆရာမ နည်းနည်းပဲကြီးမှာပါ. . ."

ကျွန်တော်က ဝတ်ထားသော ရွှေခြသေ့်သားရေဖိနပ်လေးကို ချွတ်ပြီးသူမကိုပေးလိုက်သည်။

"အားနာစရာကြီး အစ်ကိုရယ် နေပါစေ၊ ငွေးဘာသာ လမ်းကျမှ ဝယ်စီးသွားပါမယ်. . ."

"အားနာစရာမရှိပါဘူး ဆရာမရယ်၊ ကျွန်တော်က ဒီဘောက်တူပေါ်မှာ ဘယ်ဖိနပ်ကောက်စီးစီး ရပါတယ်၊ ပြီးတော့ ဆရာမ ပိုက်ဆံအိတ်က ရေထဲကျသွားပြီပဲဟာ၊ ဝယ်စီးရမှာအတူတူ ဒီဖိနပ်လေးသာ စီးသွားပါဗျာ. . ."

"အားနာလို့ပါအစ်ကို၊ ပြီးတော့ဖိနပ်ကအသစ်ကြီး. . ."

"သစ်သစ်ဟောင်းဟောင်း ဖိနပ်ကဖိနပ်ပါပဲ၊ ကဲ ဘောက်တူလည်းဆိုက်ပြီ၊ ဒီဖိနပ်လေး စီးသွားတော့နော်. . ."

"အစ်ကို့ကို ငွေးအရမ်းကျေးဇူးတင်တယ် အစ်ကို၊ ငွေးသွားတော့မယ်နော်. . ."

ဆည်းလည်းသံသည် ကျွန်တော့်နားစည်ဝမှ ရင်ထဲနှလုံးသည်း ပွတ်ထဲသို့တိုင် ချိုချိုမြမြစီးဝင်သွားသည်။ နှင်းသောက်

နှင်းဆီလို သူမ၏အပြုံးမျက်နှာသည် ကျွန်တော့်မျက်ဝန်းထဲ၌ စွဲထင်ကျန်ရစ်ခဲ့လေပြီ။ ကျွန်တော့်ရင်ထဲသို့ ရင်ခုန်လှိုင်းများ ဘောင်ဘင်ခတ်သွားအောင် သူမသည် ပြုစွမ်းနိုင်ခဲ့ပြီ၊ အိမ်ခြေရရ ဆင်းသွားသော သူမကို မျက်စိတစ်ဆုံး ကျွန်တော်ငေးကြည့်နေမိသည်။

အခိုက်အတန့်အားဖြင့် ကျွန်တော်ဘဝမေ့နေခဲ့လေပြီ။ တဖြည်းဖြည်းကျွန်တော့်ရင်သည် ပွဲပြီးသည့်ဇာတ်ရုံလို ခြောက်ကပ်ဟာဆင်းလာသည်။ ရင်ထဲတွင် ဆွေးဆွေးမြေ့မြေ့ ခံစားလာရသည်။ ရယ်တော့လည်း ရယ်ချင်စရာ စိတ်ကူးယဉ်လိုက်သည့် ကျွန်တော့်အဖြစ် ငွေးဆိုသော နာမည်တစ်လုံးနှင့် သပြေမှ ဆရာမဟုသာ သိရသောမိန်းကလေးအား ကျွန်တော်တိတ်တခိုး မြတ်နိုးမိပါသည်ဟုဆိုလျှင် ရယ်ချင်စရာဖြစ်မနေပေဘူးလား၊ စိတ်ကူးယဉ်ဆန်လွန်းမနေပေဘူးလား။

စိန်မင်းသားပေါ်တွင် နာရီပိုင်းမျှသာ တွေ့ခဲ့ရသော မိန်းကလေး၊ နာမည်ကိုပင် ပြည့်ပြည့်စုံစုံ ပြောပြမသွားသည့် မိန်းကလေး၊ သပြေတွင် ဆရာမလုပ်သည်တဲ့၊ ဘာဆရာမပါလိမ့်၊ ကျောင်းဆရာမလား၊ စက်ဆရာမလား၊ ဝမ်းဆွဲဆရာမလား၊ သူနာပြုဆရာမလား၊ ဓနုဖြူမြို့ပေါ်နေသည်ဆိုသော်လည်း ဘယ်ရပ်ကွက် ဘယ်လမ်းနေမှန်းမသိ၊ ဤမျှသောသူမနှင့် ပတ်သက်သမျှသည်ပင် ကျွန်တော့်အား ပြောပြခြင်းမဟုတ်၊ စိန်မင်းသားပေါ်မှ စပ်စပ်စုစုအဒေါ်ကြီးကို ပြောပြခဲ့ခြင်းသာ၊ သူမအကြောင်း ဤမျှသိလိုက်ရသည်ကိုပင် ကျွန်တော်ဒေါသဖြစ်မိ အမြင်ကပ်မိသော ထိုအဒေါ်ကြီးအား ခုတော့ကျေးဇူးတင်နေမိပြီ။



အနားသို့ စတိုးလွှင်ရောက်လာမှ အသိဝင်လာသည်။ ကျွန်တော့် အလုပ်ကို သတိရလာသည်။ အိုကေဝင်းပေါ်တွင် ခရီးသည်တို့ မျှော်နေချေရော့မည်။

ကျွန်တော်သည် စတိုးလွှင်တို့ထံမှ ဖိနပ်တစ်ရံငှားစီးပြီး မြို့ထဲသို့အပြေးလာခဲ့သည်။ ဂက်စကက်နှင့် ဖိနပ်အသစ်တစ်ရံ ဝယ်ရဦးမှာပါလား။

# ဝေဒနာ သန္ဓေတည်

"မောင်နိုင် ဘာဖြစ်နေလဲ ငါ့မောင်ကြည့်ရတာ တမှိုင်မှိုင်" နဲ့ အရင်လိုမဟုတ်ဘူး မမြတို့ဘာကူညီရမလဲ ငွေလိုလို့လား. . ."

ရေယာဉ်ပိုင်ရှင်ဒေါ်မြရှင် ရိပ်မိလာလောက်အောင် ကျွန်တော့် အခြေအနေ ပျက်ယွင်းနေသည်ကို ကျွန်တော်မသိ၊ ကျွန်တော့် ရင်ထဲတွင် နေလို့ပူ မီးလိုတောက်အောင် ခံစားနေရသည်ကတော့ အမှန်၊ ကျွန်တော့်ဘဝတစ်သက်တာတွင် တစ်ခါမျှ သည်သို့မခံ စားဖူးခဲ့၊ အလုပ်လည်း လုပ်ချင်စိတ်မရှိ ပုံမှန်အလုပ်ကိုပင် မလုပ် ချင်တော့။ စက်ခန်းကို အားကိုးစိတ်ချရသော တပည့်မောင်ဝင်းနိုင် ကိုသာ လွှဲထားခဲ့သည်။ မလွှဲမကင်းသာသော ကိစ္စမှသာ ဝင်လုပ် ပေးခဲ့သည်။ သည်ပုံနှင့် စက်ခန်းထဲဝင်လုပ်လို့မဖြစ်၊ စိတ်မတည် ငြိမ် စိတ်လေနေတော့ ကျွန်တော့်အတွက် အန္တရာယ်များသလို စက်ခန်းတွင်လည်း အမှားအယွင်းဖြစ်နိုင်သည်။ စက်ခန်းအမှား အယွင်း အဖြစ်ခံ၍မဖြစ် စက်ခန်းမှားယွင်း၍ ရေယာဉ်တစ်ခုခု





အမှားအယွင်းဖြစ်သွားလျှင် လူ့အသက်တွေ ဆုံးရှုံးသွားနိုင်သည်။ ကုန်ပစ္စည်းတွေ ဆုံးရှုံးသွားနိုင်သည်။ ထိုသို့ ဘယ်နည်းနှင့်မျှအဖြစ် မခံနိုင်၊ ကျွန်တော့်စိတ် ကျွန်တော်မနိုင်နိုင်သေးလျှင် စက်ခန်း ကျွမ်းကျင်သူတပည့် မောင်ဝင်းနိုင်အား ခေတ္တလွှဲထားသည်က အန္တရာယ်ကင်းမည် မဟုတ်ပါလား။

ကျွန်တော်အိပ်ခန်းထဲတွင်သာ အချိန်ကုန်သည်ကများ သည်။ အိပ်ယာပေါ်အိပ် နဖူးပေါ်လက်တင် စဉ်းစားခန်းဝင်နေသည် က များသည်။ တကယ်တော့ စဉ်းစားခန်းဝင်နေတာထက် သပြုမှ ဆရာမလေးငွေးကို လွမ်းဆွတ်အောက်မေ့ သတိရနေခြင်းသာ၊ ကျွန်တော့်မျက်ဝန်းတွင် ငွေး၏ရွှေရုပ်လွှာသည် အမြဲရှိ၍ ကျွန်တော်၏နားတွင် ငွေး၏ဆည်းလည်း လှုပ်ခတ်သံသည် အစဉ် ချိုချိုမြမြ ကြားနေရသည်သာ၊ ကြည့်လိုက်တိုင်းသည် ငွေးကိုသာ မြင်နေရပြီး ကြားရသမျှသည် ငွေးအသံသာဖြစ်နေသည်။

မျက်နှာကြက်ကိုကြည့်လျှင် မျက်နှာကြက်တွင် ငွေးရွှေရုပ် လွှာကပေါ်လာသည်။ မြစ်ပြင်ကို ကြည့်လျှင်ကြည့်သည့် မြစ်ပြင် နေရာ၌ ငွေးရွှေရုပ်လွှာက ပေါ်လာမြဲ။ မတက်သာ၍ စက်ခန်းထဲ ဝင်လျှင်ပင် ငွေးကိုမြင်နေရ တွေ့နေရတတ်သည်။ ကျွန်တော့်စိတ် အစဉ်တွင် ငွေးသာလျှင် လွှမ်းမိုးနေခဲ့သည်။

စားလည်း သည်စိတ် သွားလည်း သည်စိတ် ဖြစ်ခဲ့သည်။ စားစားသွားသွား နားနားနေနေ ငွေးကိုသာ သတိရနေမိသည်။ သည်မျှဖြစ်နေတော့လည်း ဒေါ်မြရှင်တို့သာမက လုပ်ဖော်ကိုင်ဖက် အားလုံးလည်း ကျွန်တော့်ပြောင်းလဲမှု အခြေအနေကို သိနေကြ မည်ပေါ့။

"ဘာမှမဖြစ်ပါဘူး မမမြ အိမ်ကိုသတိရလို့ပါ ငွေလည်း မလိုပါဘူး. . . "

ကျွန်တော်သည် ဒေါ်မြရှင်ကို မုသားမပါ လင်္ကာမချော ပြောလိုက်မိသည်။

"ဘာပဲဖြစ်ဖြစ် ပွင့်ပွင့်လင်းလင်းပြောကွယ်၊ မင်းအစ်ကိုက မင်းကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေတာ၊ မေးကြည့်ပါအုန်းဆိုလို့ . . . "

"ကျွန်တော့်အတွက် ဘာမှပူမနေကြပါနဲ့၊ စက်ခန်းအတွက် လည်းပူမနေကြပါနဲ့ ကျွန်တော့်အလုပ်ကို ကျွန်တော်ဂရုစိုက်ပါ့မယ် မမမြ. . . "

"အစ်ကိုမောင်ကိုပဲ ရှင်းပြပါမမမြ။ ကျွန်တော် ဘာမှ မဖြစ်ပါဘူးလို့. . . "

ဦးသိန်းမောင်၏ စေတနာမေတ္တာကို ယခင်ကတည်းက သိပြီး ဖြစ်ပါ၏။ ကျွန်တော့်ကို ညီအရင်းအချာလို သဘောထား သူဖြစ်၏။ အရိပ်တကြည့်ကြည့် နေတတ်သူဖြစ်၍ ကျွန်တော့် ပြောင်းလဲမှုကို ဦးသိန်းမောင်စသိခြင်း ဖြစ်ပေလိမ့်မည်။ ကျွန်တော့်ကို တိုက်ရိုက်မမေးရက်သဖြင့် သူ့ဇနီးဒေါ်မြရှင်ကို မေးခိုင်းခြင်း ဖြစ်ပေလိမ့်မည်။

ကျွန်တော့်အဖြစ်မှန်ကို ဦးသိန်းမောင် ဒေါ်မြရှင်အပါ အဝင် လုပ်ဖော်ကိုင်ဖက်အားလုံး မသိကြ၍ တော်သေး၏။

ကျွန်တော်သည် မြို့ထဲဂက်စကက်သွားဝယ်ရင်း ငွေးကို ဟိုမှာ တွေ့နိုးသည်မှာတွေ့နိုးနှင့် ရှာခဲ့ဖွေခဲ့၏။ ခပ်လှမ်းလှမ်းတွင် ငွေးနှင့် ဆင်ဆင်တူသူတွေ့လျှင် ကျွန်တော်ခြေလှမ်းကျဲကျဲဖြင့်



မီအောင်လိုက်ပြီး ကျော်တက်ကာ မသိမသာ ကြည့်ဖြစ်သည့်အထိ ဖြစ်ခဲ့ရသည်။ အားနာတတ်လွန်းသော စာနာတတ်လွန်းသော ကျွန်တော်သည် သူမကြောင့် သပြေတွင်ကပ်ထားသည့် အိုကေဝင်း ကို မေ့နေခဲ့၏။ ခရီးသည်တွေကို မေ့နေခဲ့မိ၏။ ခရီးသည်တွေကို အားနာရမှန်း စာနာရမှန်းမသိတော့၊ ကျွန်တော် ဂက်စကက် ဝယ်ပြီးပေမယ့် ကမ်းနားသို့ ချက်ချင်းပြန်မဆင်းဘဲ ဟိုလမ်း ဝင်သည်လမ်းထွက် ငွေးကိုလိုက်ရှာနေမိသည်။

စိန်မင်းသားပေါ်မှ ငွေးဆင်းသွားစဉ်က ငွေးနောက်သို့ မသိ မသာ နောက်ယောင်ခံ မလိုက်မိသည်ကို ကိုယ့်ကိုယ်ကိုယ် မကျေ မနပ် ဖြစ်နေမိ၏။

အချစ်နတ်ပူးလာလျှင် ဟီရိသြတ္တပ္ပ အရှက်အကြောက် တရားမဲ့လာသည်ကို ခုပြန်စဉ်းစားကြည့်တော့ မြင်လာရသည်။ ထိုအချိန်က ရှက်ရမှန်းမသိ၊ ကြောက်ရမှန်းမသိ၊ အဓိပ္ပါယ်မဲ့စွာ တစ်လမ်းဝင် တစ်လမ်းထွက် သွားနေမိသည်။

စစိုးလွင်က "အစ်ကို ဘာလုပ်နေတာလဲ။ ဘယ်သူ့ကို ရှာ နေတာလဲ။ သပြေမပြန်သေးဘူးလား. . . "ဟုမေးတော့ ကျွန်တော် ဘာပြန်ဖြေရမှန်း မသိအောင်ဖြစ်ပြီး "ဖိနပ်ဆိုင်လိုက် ရှာနေတာ" ဟု ရှက်ကိုးရှက်ကန်း ပြန်ဖြေမိ၏။ ကျွန်တော်အဖြေ မှားသွားပြီကို ချက်ချင်းသိလိုက်ပါ၏။ သွားနေသည်က ဈေးဆိုင် မရှိသည့် မြို့ထဲ၊ လက်ထဲတွင်လည်း သားရေဖိနပ်အသစ် တစ်ရံ ကိုင်လို့။ စစိုးလွင်က ပြုံးစိစိလုပ်ထွက်သွားရှာပြီ။

သည်တော့မှ ကျွန်တော်ကမ်းနားသို့ ပြန်ဆင်းလာမိသည်။ ကမ်းနားတွင် သပြေသွားမည့်ရေယာဉ်ပေါ်ထိုင်ရင်း ငွေးကိုမျှော်နေ

မိသည်။ သပြုအသွားခရီးတွင် ဌေးနှင့်အတူသွားချင်မိ၏။ ဌေးနှင့် အတူစကားပြောချင်မိ၏။ သည်တစ်ခါပြန်တွေ့လျှင် ဌေးအကြောင်း ဌေးလိပ်စာသိအောင် မေးထားမည်ဟု စိတ်ကူးမိ၏။ ကျွန်တော့် အဖြစ်မှန်ကိုသာ သူတို့သိကြပါလျှင် အားနာသဖြင့် ခွက်ထိုး ခွက်လန်မရယ်တောင် ပြုံးစိစိတော့ဖြစ်မိကြပေလိမ့်မည်။

သာမန်လူတွေအတွက် ရယ်စရာဖြစ်မည်ဖြစ်သော်လည်း ကျွန်တော်အဖို့တော့ ဆွေးမြေ့စရာ တမ်းတစရာဖြစ်နေသည်။

သပြုတွင် ရေယာဉ်ပျက်သည့်နေ့သည် ကျွန်တော့်အား ရင်ခုန်လှိုင်းထစေသလို အချစ်ရောဂါ ကိုယ်တွင်းနာသန္ဓေ စတည် သည့် နေ့လည်းဖြစ်ပါ၏။

မမေးမိသည့်ခပ်အအ ကိုယ့်အဖြစ်၊ ကိုယ့်အပြစ်၊ ဌေး လိပ်စာမတောင်းမိသလို ကိုယ်ဘယ်သူဘယ်ဝါပါ၊ ဘယ်ကပါဆို တာလောက်ပင် ဌေးကို မပြောပြဖြစ်သည့်ခပ်ထိုင်းထိုင်း ကိုယ့် အဖြစ်၊ ကိုယ့်အပြစ်၊ စိန်မင်းသား ရေယာဉ်ပေါ်မှ ဆင်းသွားသော ဌေးနောက်သို့ မယောင်မလည်မလိုက်မိ ဌေးအိမ်မစုံစမ်းမိသည့် ခပ်နုံနုံကိုယ့်အဖြစ်၊ ကိုယ့်အပြစ်၊ ဂက်စကက် အမြန်ပြေးဝယ် ကမ်းနားပြန်စောင့်မနေဘဲ ကောက်ရိုးပုံထဲ အပ်လိုက်ရှာနေသလို မရေမရာ မြို့ထဲလျှောက်ရှာနေသည့် ခပ်ညံ့ညံ့ ကိုယ့်အဖြစ်။ ကိုယ့် အပြစ်၊ စဉ်းစားမိလေတိုင်း ကျွန်တော့်အပြစ်တွေသာ ကျွန်တော် မြင်နေမိသည်။

ဌေးသည် ကျွန်တော်မြို့ထဲ သူမကိုလိုက်ရှာနေစဉ် သပြုကို ပြန်သွားနှင့်လေပြီလားဟု တွေးမိသောအခါ ကိုယ့်ကိုကိုယ်ဒေါသ ဖြစ်မဆုံးတော့။



တကယ်တော့လည်း ကျွန်တော်သည် အချစ်ကိစ္စ၌ သတ္တိ ရှိသူ မဟုတ်ပါ၊ သတ္တိသာအမှန်တကယ် ရှိခဲ့လျှင် ခုလိုမချိမဆန့် ခံစားနေရမည်မဟုတ်၊ ရန်ကုန်မှ နောက်တစ်ခေါက် ဓနုဖြူမြို့ ပြန်ရောက်သည်နှင့် ဌေးအကြောင်းလိုက်စုံစမ်းမည်ဟု စဉ်းစား ဆုံးဖြတ်ထားခဲ့သမျှ ဓနုဖြူမြို့ရောက်သည်နှင့် ကြက်ပျောက် ငှက်ပျောက် ပျောက်သွားတော့သည်။ မစုံစမ်းရဲ သတ္တိမရှိ၊ မြို့ထဲမှလူများကို ဌေးအကြောင်း လျှောက်မေးရမှာ အထူးသဖြင့် ရှက်နေသည်။ ဌေးကိုချစ်နေမိသည့် ကျွန်တော့်အခြေအနေကို ကျွန်တော်တို့ ရေယာဉ်မှ လုပ်ဖော်ကိုင်ဖက်များသိသွားမှာ အရှက်ဆုံး ဖြစ်နေ သည်။ တစ်ဘီးတည်း လိမ့်နေတော့လည်း ရှက်စရာပဲမဟုတ်လား။

တကယ်ဆိုလျှင် ဓနုဖြူမြို့က ရန်ကုန်လိုမဟုတ် ရန်ကုန် မှာ တစ်ဖက်ခန်းနှင့်တစ်ဖက်ခန်း မသိကြပေမယ့် ဓနုဖြူမြို့မှာက မင်းပိုင်းရပ်မှာနေသူကို မင်းပိုင်းရပ်တွင် နေသူတစ်ဦးဦးအား မေးလျှင်သိသည်။ တရုတ်တန်းနေသူကို တရုတ်တန်းရပ်နေသူ တစ်ဦးဦးအား မေးလိုက်သည်နှင့် သိသည်။ တစ်မြို့လုံးသိသူများ လည်း ရှိသည်။ “သပြုမှာ ဆရာမလုပ်တဲ့ မဌေး” ဟုမေးလိုက်လျှင် အလွယ်ကလေးနှင့် သိနိုင်မည်ကို သိသော်လည်း ကျွန်တော်မေးရ မှာ ရှက်နေသည်။ စုံစမ်းရမှာ ရှက်နေသည်။

လိုက်စုံစမ်းမေးမြန်းရမှာ ရှက်နေလျှင် ဓနုဖြူတွင် ရေယာဉ် နားနေတုန်း သပြုသွားဖို့မကောင်းဘူးလား။ သပြုသို့သွားချင် သည်မှာလည်း နန့်နန့်တက်ဖြစ်နေသည်။ ပွဲထောင်ပေါ် ရောက်ပြီး မှ ပြန်ဆင်းလာသည်ပင် နှစ်ကြိမ်သုံးကြိမ်ရှိခဲ့ပြီ။ တကယ့် တကယ် တော့ ကျွန်တော်ဌေးကို သက်သက်ကြီးသွားမတွေ့ရဲပါ။ ဌေးကို

သက်သက်ကြီး သွားတွေ့ရမှာ ရှက်နေပါသည်။ လိပ်ပြာမလုံ ဖြစ်နေပါသည်။ ကြောက်နေပါသည်။ အထူးသဖြင့် ဌေးကျွန်တော့်ကို အထင်သေးမှာ အထင်လွဲမှာ အကြောက်ဆုံး ဖြစ်သည်။

မသိမသာ ခရီးသွားဟန်လွဲတွေ့လိုသဖြင့် ဓနုဖြူဆိပ်ကမ်းဟိုလျှောက်သည်လျှောက် လျှောက်ရသည်မှာလည်း ခြေတိုလောက်ပြီ။ ဓနုဖြူရောက်တိုင်း ပွဲထောင်ဆိပ်နား မယောင်မလည်သွားနေခဲ့သည်မှာလည်း ကျွန်တော့်ကို မသင်္ကာစရာ ဖြစ်လောက်ပြီ။ ရဲနှင့်တွေ့လျှင် မသင်္ကာမှုနှင့်များ အရေးယူခံရမည်လားမသိ။

ဓနုဖြူမြို့ထဲသို့ ရှာပုံတော်ဖွင့်မိသည်မှာလည်း ထီးဖြူဖိနပ်ပါးဖြစ်လောက်ပြီ၊ ရှိစုမဲ့စု အဝတ်များကို အလှည့်ကျဝတ်သော်လည်း ကျွန်တော့်ကိုဓနုဖြူသူ ဓနုဖြူသားတို့က မှတ်မိလောက်အောင် ကျွန်တော်သွားခဲ့လာခဲ့မိ၏။

ဌေးကိုမတွေ့လေ ကျွန်တော်အဖို့ နေမြင့်လေ အရှူး ရင့်လေဆိုသလို ခံစားလာရသည်။ ဌေးနှင့်တွေ့ပြီးနောက် ဌေးအတွက် ရည်ရွယ်ပြီး ရန်ကုန်မှ ဝယ်ခဲ့သော စတီးချိုင့်သုံးဆင့်ချိုင့်လေးနှင့် ပလပ်စတစ်ခြင်း ပျော့နီနီရဲရဲလေးတစ်လုံးက ကျွန်တော့် အခန်းတွင် ကြာမြင့်စွာလဲလျောင်းနေရ၏။ ဌေးကိုအောက်မေ့တိုင်း သည်ပစ္စည်းများကို ကျွန်တော်ငေးကြည့်နေမိ၏။ ဌေးတို့ပွဲထောင်မှောက်သည့်နေ့က ဌေးမျက်နှာလေး ပြန်မြင်ယောင်မိသဖြင့် စတီးချိုင့်နှင့်ခြင်းကို ဝယ်ခဲ့မိခြင်းသာ။ စတီးချိုင့်နှင့် ခြင်းလေးကို နှမြောတသဖြစ်နေသော ဌေးမျက်နှာလေးက ကျွန်တော့်အာရုံ ကျွန်တော့်မျက်စိ၌ ယနေ့တိုင်မထွက် ဌေးဝတ်ပုံစားပုံ ပြောပုံဆိုပုံ



ကိုကြည့်ပြီး အနေရိုးပြီးနွမ်းပါးသူ ဖြစ်ရမည်ဟု ကျွန်တော်ထင်နေမိ၏။

စတီးချိုင့်နှင့် ပလပ်စတစ်ခြင်းပျော့ကို ဌေးက အားနာ၍ လက်မခံလျှင် စိန်မင်းသားကြောင့် ပျောက်သည့်အတွက် အစားဝယ်ပေးတာဟု မုသားစကားပြောသင့်က ပြောရပေလိမ့်မည်။ သည်ပစ္စည်းများကို ဌေးအားအမြန်ပေးချင်လှပြီ၊ အမြန်ပေးချင်မှ ဌေးကရှာမတွေ့။

သည်ပစ္စည်းများကို မျက်စောင်းထိုးနေသူကလည်း ရှိသည်။ ဟိုသူက ငှားချင်၊ သည်သူက ငှားချင်၊ ဌေးအတွက် ရည်ရွယ်ထား၍ အမုန်းခံကာခပ်ပြတ်ပြတ် ပြောနေရ၏။

တစ်ရက်တည်း နာရီပိုင်းလေးတွင်သာ တွေ့ခဲ့ရသော ဌေးအား ကျွန်တော်ရှာခဲ့ဖွေခဲ့သည်မှာ နှစ်လကျော်ရှော့မည်။ ဌေးကြောင့် စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်နေသည်ကို ခု မမြတို့က မေးလာချေပြီ။

သည်ပုံအတိုင်း ဆက်နေ၍မဖြစ်တော့။ ရေယာဉ်အလုပ်ဆိုသည်မှာ ဖြစ်လာလျှင် ထိခိုက်လာလျှင် လူအသက်ဆယ်နှင့်ချီ ရာနှင့်ချီ ထိခိုက်တတ်သည်။ ပစ္စည်းဆိုလျှင်လည်း နည်းနည်းနောနောမဟုတ်။ ရေယာဉ်တစ်စင်းတွင် ရေယာဉ်မောင်းသူ ရေယာဉ်အုပ်က အရေးကြီးသလို စက်ခန်းအုပ်တာဝန်ကလည်း မသေးပါ၊ ကျွန်တော်တို့ပေါ့လျော့မှုကြောင့် အများသူငါ မနစ်နာသင့်ပါ။ ဖြစ်သွားလျှင် ရေယာဉ်ပိုင်ရှင်မှာလည်း နစ်နာလွန်းလှသည်။

လက်အောက်ငယ်သား ကျွမ်းကျင်သည်မှာ တရားဝင်မဟုတ်ပါ၊ ဖြစ်လာလျှင်ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ကျွမ်းကျင်မှု လက်မှတ်ထုတ်ပေးထားသည့် ရေယာဉ်အုပ်နှင့် စက်ခန်းအုပ်ကျွန်တော်တို့နှစ်ဦး တာဝန်သာဖြစ်ပါ၏။ ကျွန်တော့်စက်ခန်းကို ဆီလောင်းမောင်ဝင်းနိုင်နှင့် လွှဲထားသည်မှာ နှစ်လခန့်ရှိပါပြီ၊ ဒါကိုလည်းဦးသိန်းမောင် ဒေါ်မြရှင်တို့မသိမဟုတ် သိမည်ထင်ပါသည်။ သိ၍လည်း ယနေ့ကျွန်တော့်ကို မေးမြန်းလာခြင်း ဖြစ်ပါလိမ့်မည်။

ကျွန်တော်၏မရေမရာသော ကိုယ်ရေးကိုယ်တာကိစ္စတွင် ကျွန်တော် အချိန်တွေဖြုန်းနေ၍ မဖြစ်မှန်းသိလာပါပြီ၊ ခရီးသည်များအသက် ခရီးသည်များပစ္စည်း အထိအခိုက်မဖြစ်စေရေးအတွက် ကျွန်တော်တာဝန်ကျေဖို့ လိုလာပါပြီ။

ကျွန်တော်ယတိပြတ် ဆုံးဖြတ်လိုက်ပါ၏။ သည်တစ် ခေါက်ခနုဖြူရောက်လျှင် သပြုသို့ရဲရဲဝံ့ဝံ့သွားမည်။ ငွေးကို တွေ့မည်။ ကျွန်တော့်ရင်ထဲ တွင်ခံစားနေရသော ဝေဒနာတွေကို ဖွင့်ပြောမည်။ ကျွန်တော့်အပေါ် နားလည်သည်ဖြစ်စေ နားမလည်သည်ဖြစ်စေ ကျွန်တော့်ဘဝမေ့နေ၍ မဖြစ်တော့ ဆရာကြီး ဦးခင်လှ၏ စကားကို မေ့ထား၍မဖြစ်တော့။

ဘာလုပ်လုပ် စေတနာထားရမည် မဟုတ်လား။ အတ္တပရမျှတရမည် မဟုတ်ပါလား။

✵ ✵ ✵



“ရေ၏အလယ် စင်ကြယ်သန့်ရှင်း ပုလဲခင်းသို့ ဖြူဝင်းဆွတ်ဆွတ် ကျွန်းပြင်ထွတ်ဝယ် တွတ်တွတ်ကျာကျာ မြည်သံသာနှင့် ထွေလာဆန်းပြား စကားသံချို လူနှယ်ဆိုလျက် မယ်ညိုရေကြက် စက္ကဝက်နှင့် ဆက်ရက်ကျေးမူ သောင်းသောင်းဆူမျှ ဘယ်သူမလာ လွမ်းစေရှာ၍ ကြူးလှာသနည်း အူသည်းပျောင်းညံ့ ဆွတ်ပျံ့မတည် . . . ”

နဝဒေးကြီး၏ ရေလားရတုကို ကျွန်တော်တိုးသက်စွာဆိုနေမိ၏။

နွေဦးပေါက်ဖြစ်၍ လေမထန် လှိုင်းမရှိလှိုင်းကြက်ခွပ်များပင်မရှိ။ လှိုင်းနှင့်မတူသော ရေစီးလှိုင်းအိအိများသည် ရေသင်ဖြူးခင်းသလို ဖြစ်နေ၏။ နွေဦးပေါက်ပြီမို့ ရေနည်းစပြုလာပြီ၊ အချို့နေရာသောင်တွေ ထွန်းလာပြီ။ နေရောင်တွင်တပြောင်ပြောင်တလက်လက်ဖြစ်နေသည့် သဲပွင့်များက ပုလဲလုံးတွေ ခင်းထားသကဲ့သို့ အဝေးမှထင်မှတ်မှားအောင် ပြောင်လက်တောက်ပနေ၏။

သောင်စပ်နှင့် ရေပြင်သို့ ခေါက်တုန့်လူးလာ ပျံသန်းနေကြသော မယ်ညိုရေကြက်ငှက်တို့က လွမ်းဖွယ်အောင်ဖန် ဆွေးစေအောင် ညွှန်းနေသည်။

ကျွန်တော်သည် သဘာဝပတ်ဝန်းကျင်ကို ငေးမောရင်းပွဲထောင်ပေါ်တွင် လိုက်ပါလာခဲ့ရာ ပွဲထောင်၏စက်သံနှင့် ပန်ကာ

ရေယက်သံကိုပင် သတိမထားမိ။ သတိထားမိချိန်တွင် ပဲ့ထောင်စက်သံနှင့် ပန်ကာရေယက်သံတို့က ရေပျော်ငှက်တို့ကိုပင် လန့်ဖြန့်ပျံတက်အောင် မြစ်ပြင်၌အထင်ကရ လွှမ်းမိုးနေသည်ကို တွေ့ရ၏။

ပဲ့ထောင်မောင်းသူသည် ပဲ့ထောင်ကိုသပြုဆိပ်ကမ်းသို့ ကွှမ်းကျင်စွာကပ်နေပေပြီ။ ဌေးနှင့်တွေ့ရတော့မည်မို့ ကျွန်တော်ရင်ထဲ၌ ရင်ခုန်သံသည် ပဲ့ထောင်စက်သံလို အဆက်မပြတ် ညံနေ၏။ မြန်နေ၏။ စိုးရိမ်ထိတ်လန့်မှု ဝေဒနာသည်လည်း ရင်ထဲ၌ ပန်ကာယက်သော ရေလိုဗလောင်ဆန်နေသည်။

ကျွန်တော်သည် အားလုံးဆင်းသွားပြီးမှ ပဲ့ထောင်မှ နောက်ဆုံးဆင်းလိုက်၏။ ကျွန်တော့်လက်ထဲမှ ခြင်းနီနီနှင့် စတီးချိုင့် သုံးဆင့်ချိုင့်လေးကိုကြည့်ပြီး ကျွန်တော့်ရင်ထဲတွင် လှုပ်ခတ်လာပြန်သည်။ အတင်းပေးမရဘဲ ပြန်ယူလာရလျှင် ရှက်ဖို့ကောင်းလွန်းပေလိမ့်မည်။ ပဲ့ထောင်ပေါ် ပြန်ထားခဲ့ရကောင်းမည်လားဟု စဉ်းစားနေမိ၏။ ဒါလည်းမဖြစ်သေး၊ ပဲ့ထောင်မောင်းသူက ကျွန်တော်ပြန်လာသည်ထိ စောင့်ချင်မှစောင့်မည် မဟုတ်လား။

အတင်းပေးလို့မှ မယူလျှင် ဆင်းရဲသည့်အိမ်ပေးပစ်ခဲ့မည်ပေါ့ဟု ဆုံးဖြတ်ပြီး ရဲရဲဝံ့ဝံ့ကိုင်ဆွဲလာခဲ့၏။

ဟိုမေးသည်မေးနှင့် သပြုကျောင်းရှေ့ရောက်လာသည်။



ကျွန်တော့် ရင်တို့မောရပြန်ချေပြီ၊ ကျောင်းတွင်လူတစ်ယောက်မျှ မရှိ ကျောင်းပိတ်ထားပြီပဲ။

ကလေးတစ်ယောက်ကို ကျောင်းဆရာအိမ် လိုက်ပြခိုင်းရသည်။ ရွာတန်းရှည်ရွာလယ်လမ်းအတိုင်း လျှောက်လာခဲ့ပြီး ကလေးညွှန်ပြသည့် အိမ်သို့ကျွန်တော်လှမ်းဝင်ခဲ့၏။

“ဘာကိစ္စပါလဲခင်ဗျာ ဘာအကူအညီပေးရမလဲ . . .”

အသက်လေးဆယ်ခန့် ပိန်ပိန်ရှည်ရှည် ရည်ရည်မွန်မွန်ရှိသူက စမေးမြန်းသည်။

“တခြားမဟုတ်ပါဘူးခင်ဗျာ ဆရာက ဒီကျောင်းက ဆရာနော်. . .”

“ဟုတ်ပါတယ် ဘာကူညီရပါမလဲ ပြောပါခင်ဗျာ . . .”

“ကျောင်းပိတ်ထားတယ်နော် . . .”

“ဟုတ်ပါတယ် တစ်နေ့ကပဲ အစိမ်စာမေးပွဲကြီး ဖြေပြီးလို့ ကျောင်းပိတ်လိုက်ပါပြီ. . .”

“ဒါ ဒါဆိုဆရာမဒေါ် . . . ဒေါ်ဌေးရောပြန်သွားပြီပေါ့နော် . . .”

“အော် ဒေါ်စပယ်ဌေးမိတ်ဆွေကိုး၊ ဟုတ်ပါတယ်ခင်ဗျ၊ မနေ့ကပဲ ဆရာမဒေါ်စပယ်ဌေး ဓနုဖြူပြန်သွားပါပြီ. . .”

“အားတော့နာပါရဲ့ ဆရာ၊ ဆရာမဒေါ်စပယ်ငွေးလိပ်စာလေး ဆရာသိရင်တဆိတ်လောက် ပြောပေးပါလားဆရာ. . . ”

“ဒါ အားနာစရာမဟုတ်ပါဘူး မင်းပိုင်ရပ် မဟာဗန္ဓုလ လမ်းမှာနေပါတယ် မဟာဗန္ဓုလလမ်းရောက်ရင် ဘယ်သူ့ကို မေးမေးသိပါတယ်. . . ”

“ကျေးဇူးတင်ပါတယ်ဆရာ ကျွန်တော့်ကို သွားခွင့်ပြုပါအုန်း”

“ဩော် ဒါနဲ့ ဆရာမနဲ့တွေ့ရင် ပြောရအောင် ဘယ်သူလာ တယ်လို့ပြောလိုက်ရမတုန်း. . . ”

“စဝ်ထွန်းနိုင်လို့ပဲပြောပါဆရာ ကျွန်တော့်ကိုခွင့်ပြုပါအုန်း” အလာတွင် ရင်ဖိုခဲ့ရသလောက် အပြန်တွင် ရယ်စရာဖြစ်လာရ သည်။ တကယ်လည်း ရယ်စရာပါ၊ ကျောင်းပိတ်ချိန်မှန်း ဘာမှန်း မသိသော ကျွန်တော့်အဖြစ်က ရယ်စရာဖြစ်နေ၏။ ပြီးတော့ “စဝ်ထွန်းနိုင်” ဟုလည်းပြောခဲ့သေး၏။ ဆရာမ မစပယ်ငွေးနှင့် ရင်းနှီးသိကျွမ်းသည့်ဂိုက်ဖမ်းခဲ့သည်။ ဆရာမ မစပယ်ငွေးကို စဝ်ထွန်းနိုင်သိပေမယ့် ဆရာမ မစပယ်ငွေးက စဝ်ထွန်းနိုင်ကို သိမည်မဟုတ် ရယ်စရာဖြစ်မနေဘူးလား။

ဘာပဲဖြစ်ဖြစ် မစပယ်ငွေးလိပ်စာရပြီမို့ ရန်ကုန်မပြန်မီ အရောက်သွားမည်ဟု ဆုံးဖြတ်လိုက်၏။



ဖြစ်နိုင်လျှင် အိုကေဝင်းသို့မဝင်ဘဲ မစပယ်ငွေးအိမ် အရောက်သွားချင်၏။ သည်ခြင်းနှင့် သည်ချိုင့်ကို ဆွဲလာလျှင် “ဘယ်ကျောင်းကို ဆွမ်းသွားပို့ပြန်လာတာလဲ . . . . ” ဟုနောက်ကြ စကြပေဦးမည်မဟုတ်ပါလား။

## ရင်ထဲက ဝေဒနာ

“ချစ်×  ×သမျှ×ကို××××မြင့်မိုရ်××ရွှေတောင်×××လုံး
×××သာပ××လေ××လေး××ဆူ×ဒီပါ×××သီတာ  ××
ရေ×မြေ×××ဆုံး××စေတော့  ×လေး×××။

အို×××ဘယ်××မမုန်း××ပါတော့××နိုင်××ကပ်လုံး××
ပ×ဆုံး×××တိုင်××တိုင်××။

ရုံးညာပိုင်××အုံးပြိုင်သဥ္စာ××ကြွေ့မှာလ××လေ×××
ကြိုးမည့်နောင်တာ××ကမ္ဘာ××ရေမြေ×××
ရွှေ့စေတော့××လေး×××။

မှန်သရွှေ့×ကိုလ××ဖန်စေ့ငယ်××ရေ××ရေ×××ကိုး
××ကိုးဂုဏ်ရှင့်××ဂူတော်မွေ×××။





တူမသွေ××ပါစေ××မယ်နှင့်သား×××လျှစ်ကြူး××
မြွက်ကြား×××ဝှက်မထား×××မြတ်ရှင်ပင်××တန်ခိုး
×××အား××××မခြား××သိစေကြောင်း××ပန်ထွာတည့်
×ခဝပ်ညောင်း×××။

တူပြိုင်××ဂူလိုဏ်××စကား×သစ္စာ××ခိုင်×××
သံသာလေ××ကမ်းတိုင်××တူပြိုင်×လေ××ကူးမယ်
×××ဆုထူး×ငယ်××  ပန်ရွယ်×သွန်း×××ချစ်လို့ရယ်တဲ့
မကုန်××ဝသုန်×ဤမြေ×××သိကြားစေ××
သက်သေညွှန်း×××”

ချစ်သမျှကိုပတ်ပျိုးသီချင်းသံက  ကျွန်တော့်ခြေအစုံအား ရပ်တန့်စေ၏။ ဆိုပုံဆိုသံက ကြားရသူကျွန်တော်နားစည်ဝသို့ ချိုမြစိမ့်အေးသွားစေသကဲ့သို့ ကျွန်တော့်ကိုယ်အနှံ့ပါ သာယာကြည်နူးမှုအားလုံး ဖြာဆင်းပြန့်နှံ့သွားစေပါ၏။ သီဆိုသူ၏အသံသည် နူးညံ့သိမ်မွေ့ယဉ်ကျေးလှသဖြင့်  ချွဲချွဲနွဲ့နွဲ့ဆိုနေသည်သို့  ခံစားရပြီး ရင်ထဲတွင်  တသိမ့်သိမ့်ကြည်နူးသွားစေ၏။

ကျွန်တော်သည်  ဂီတနှင့်ပတ်သက်၍  နှံ့စပ်သူမဟုတ်ပါ။ ပိုမို၍  အနီးစပ်ဆုံးစကားနှင့်  ဆိုရသော်  ခြေခြေမြစ်မြစ်ယဉ်ပါးသူမဟုတ်ပါ။  သို့သော်  သီချင်းဂီတသံကို  မွေ့ပျော်တတ်သူဖြစ်ပါ၏။ သီချင်းသံဂီတသံထဲတွင်  နစ်မျှောနေတတ်သူဖြစ်ပါ၏။

ယခုချစ်သမျှကို  ပတ်ပျိုးကိုဆိုသူကလည်း  ကောင်း၏။ ပတ္တလားတီးသူကလည်း  တော်၏။  ဆိုသံနှင့်တီးသံမှာ  ကျွန်တော့်

နားထဲ၌ စွဲသွားအောင် သာယာနာပျော်ဖွယ်ရှိလှ၏။ နယ်ကုန်အောင် ကောင်းသည်ဟုပင် ပြောရမလိုဖြစ်နေသည်။

ကျွန်တော်သပြုက ပြန်လာပြီးနောက် အခန်းအောင်းနေခဲ့၏။ မြန်မြန်နေဝင်၍ မြန်မြန်မိုးချုပ်စေချင်မှ အချိန်ကကုန်ခဲလှ၏။ ညနေစာကိုပင် ကျွန်တော်ဟုတ္တိပတ္တိ မစားဖြစ်။ မစပယ်ဌေးဆီသွားချင်သည့်စိတ်ကြောင့် ဆာလောင်မွတ်သိပ်မှုမဖြစ်။

ညီအစ်ကိုမသိတသိ အချိန်တွင် အိုကေဝင်းမှစထွက်ရန် စီစဉ်ထားခဲ့သည်။ သိပ်စောစောကြီးသွား၍လည်း မဖြစ်သေး၊ ခြင်းနီနီနှင့် စတီးချိုင့်ကို ဆွဲသွားရမည်မဟုတ်ပါလား။ သည်ခြင်းနှင့် စတီးချိုင့် ခဏခဏဆွဲသွားတတ်သဖြင့် ရေယာဉ်ပေါ်မှ လူများက ကျွန်တော့်ကို စိတ်ဝင်စားနေပြီကို ကျွန်တော်ရိပ်မိသည်။ မြင်မြင်ထင်ထင်အချိန် သည်ပစ္စည်းတွေကိုဆွဲပြီး မြို့ထဲထွက်သွားလျှင် တွေ့လိုက်သူ တစ်ယောက်မဟုတ် တစ်ယောက်ကလိုက်ချောင်းနိုင်သည် မဟုတ်လား။ ကျွန်တော်နှင့် မစပယ်ဌေး အခြေအနေမှာ ကကြီးရေ “က” အဆင့်တောင်မရှိသေး၍ ကျွန်တော့်အခြေအနေကို မည်သူမျှမသိစေချင်။

မှောင်ရီပျိုးလာပြီဖြစ်၍ စတီးချိုင့် နှင့်ခြင်းကိုင်ဆွဲ ထွက်မည့်အလုပ် ကျွန်တော့်အခန်းပိတ်သည့် သော့ခလောက် မျောက်လက်ကွင်းတွင် မရှိသဖြင့် လိုက်ရှာနေရသေး၏။ ခါတိုင်းဆိုလျှင် တံခါးမျောက်လက်ကွင်းတွင် သော့ကိုချိတ်၍ ခတ်ထားနေကျ၊ မနက်က သပြုမှပြန်လာတော့ ခြင်းနှင့်ချိုင့်ကို မျက်လုံးစုံ ဝိုင်းအုံကြည့်နေကြတော့ တံခါးဖွင့်ပြီး အခန်းထဲတန်းဝင်ခဲ့သည် မဟုတ်လား။



သော့ခလောက်နှင့်သော့တွေ့၍ အခန်းမှထွက်မည့်အလုပ် ဦးသိန်းမောင်နှင့် ဒေါ်မြရှင်တို့လင်မယား ရောက်လာသည်။ မနက်က သပြုသွားသည့် ကိစ္စလာမေးရင်း ကျိုက်ကလွန်ပွန်း ဘုရားသွားဖူးရအောင် လာခေါ်ခြင်းဖြစ်သည်။ ကျွန်တော်က သပြုကိစ္စကိုမှုသား မပါလက်ာမချော ပြောလိုက်သလို ကျိုက်ကလွန်ပွန်းဘုရားသို့လည်း ခေါင်းနည်းနည်းကိုက်နေ၍ မလိုက်လိုကြောင်း ပြောလိုက်မိ၏။ ကျွန်တော်ခေါင်းကိုက်သည်ပြော၍ ဦးသိန်းမောင်က သူ့ဇနီးအား ဆေးရှာခိုင်း ပရုပ်ဆီယူခိုင်းပြီး ဘုရားမသွားတော့ဘဲ ကျွန်တော့်အနားက မခွာတော့။

ကျွန်တော့်မှာ ကိုယ့်စကားနှင့်ကိုယ် ဒုက္ခတွေ့နေ၏။ မသောက်ချင်သော ဆေးသောက်ရ၊ မလိမ်းချင်သောပရုပ်ဆီလိမ်းရ အိပ်ယာပေါ်လှဲခိုင်း၍ လှဲနေရ၏။ ဦးသိန်းမောင်တို့လင်မယားက အခန်းမှအတော်နှင့်မပြန်။ လင်မယားနှစ်ယောက် စကားတပြောပြောနှင့် ကျွန်တော့်အခန်းမှာပဲ ထိုင်နေကြသည်။ ကျွန်တော်က “သက်သာပါပြီ၊ အစ်ကိုမောင်နှင့် မမမြတို့ ပြန်ကြပါတော့ . . .” ဟုပြောမှ ပြန်သွားကြ၏။ သူတို့လင်မယား ထွက်သွားပြီးနောက် နာရီကြည့်လိုက်တော့ ည ၈ နာရီကျော်နေပြီ။

ကျွန်တော်သည် မစပယ်ဌေးအိမ်သို့ သွားသင့်မသွားသင့် ချိန်ဆစဉ်းစားနေမိ၏။ နောက်ဆုံးတော့ အိမ်တံခါးပိတ် အိပ်နေကြပြီဆိုလျှင်လည်း လှည့်ပြန်လာမည်။ မအိပ်ကြသေးလျှင်လည်း ဝင်တွေ့ပြီးခြင်းနှင့် စတီးချိုင့်ပေးပြန်လာမည်ဟု ဆုံးဖြတ်လိုက်သည်။ ဦးသိန်းမောင်တို့ လင်မယားမသိအောင် ခြင်းနှင့်ချိုင့်ဆွဲပြီး

ချွတ်နင်းကာ အိုကေ၀င်းပေါ်မှ ထွက်လာခဲ့၏။ လမ်းတွေ့သူကိုမေး ရင်း မစပယ်ငွေးတို့ အိမ်ရှေ့ရောက်လာခဲ့သည်။

အိမ်ခြံ၀ရောက်သည်နှင့် ပတ္တလားသံကို စကြားရ၏။ ပြီးတော့ မိန်းကလေးတစ်ယောက်၏ ဂွမ်းဆီထိသလို တအိအိနား အရသာရှိလှသော ချိုမြအေးဆိမ့်သည့် ချစ်သမျှကိုပတ်ပျိုးသီချင်း ကိုကြားရသည်။ ဆိုပုံဆိုနည်းနှင့် တီးကွက်များက စည်း၀င်စည်း ထွက်ပါ သဟဇာတဖြစ်ကာ ပြေပြစ်ချောမောနေသဖြင့် တစ်ဦး တည်း ဆိုတီး တီးနေသည်ဟုပင် ကျွန်တော်ထင်မိ၏။

ကျွန်တော်သည် လာရင်းကိစ္စပါ မေ့သလိုဖြစ်သွား၏။ ချစ်သမျှကိုပတ်ပျိုး သီချင်းသံက ကျွန်တော့်ကိုဖမ်းစားလိုက်သဖြင့် သီဆိုရာသို့ တရွေ့ရွေ့ အလိုလိုရွေ့လာခဲ့မိသည်။ အမှောင်ထဲမှ ကျွန်တော်သည် အလင်းထဲမှ မြင်ကွင်းကို တွေ့လိုက်ရသည့်အခါ ကြက်သေသေသွားသကဲ့သို့ဖြစ်သွား၏။

ရင်ထဲတွင် ၀မ်းနည်းကြေကွဲမိသလို ခံစားလိုက်ရ၏။ ရင်ခုန် သံသည် ပုံမှန်မဖြစ်တော့။ နှလုံးသည်းပွတ်ထဲတွင် ဆွေးဆွေး မြေ့မြေ့ ဝေဒနာသည် တက်နေနှင့်တက်ရေလို တရိပ်ရိပ်မြင့်တက် ခံစား လာရ၏။

ချစ်သမျှကို ပတ်ပျိုးသည်ပင် မကြားတစ်ချက်ကြား တစ်ချက်ဖြစ်လာသည်။ ပတ္တလားတီးနေသော အရွယ်တူယောကျ်ား ပျို့အနီးတွင်ထိုင်၍ စည်းနှင့်၀ါးကိုင်ကာ ခွဲခွဲနွဲ့နွဲ့ဖြင့်ချစ်သမျှကို ပတ်ပျိုးကို သီဆိုနေသည့် မစပယ်ငွေးကိုကြည့်ရင်း ကျွန်တော့်ရင်ထဲ နာကျင်လာ၏။ တိတ်တခိုး မြတ်နိုးတွယ်တာခဲ့ရသူပီပီ မကျေနပ်မှု



မနာလိုမှုတို့သည် ရင်နှင့်မဆန့်အောင် ခံစားလာရ၏။ မစပယ်ငွေး ကို မတွေ့တော့ဘဲ အမှောင်ရိပ်က လှည့်ပြန်ရန်ပြင်လိုက်သည်။

“ဘယ်သူပါလိမ့်၊ အထဲ၀င်ထိုင်လေ. . . ”

အမျိုးသမီးကြီးတစ်ဦး၏ အသံက ကျွန်တော့်အားလန့် ထိတ်သွားစေခဲ့သည်။ ထိုအမျိုးသမီးကြီးသည် အိမ်ရှေ့မှ ၀င်လာ ခြင်းလည်း မဟုတ်။ အိမ်ထဲမှထွက်လာခြင်းလည်း မဟုတ်သည်ကို ကျွန်တော်သိ၏။ ကျွန်တော်အခြေအနေကို လေ့လာကြည့်မိတော့ နီကျင်ကျင်ရောင် မီးထွန်းထားသည့် အိမ်သာဆီမှ ထွက်လာခြင်း ဖြစ်ပေလိမ့်မည်။

“အိမ်ထဲ၀င်ပြီး ထိုင်နားထောင်ပါကွဲ့၊ မှောင်ကြီးထဲ ရပ်နား ထောင်မနေပါနဲ့ . . . ”

ဒုတိယအကြိမ် ပြောသည့်အခါ ကျွန်တော်မနေသာတော့။ မှောင်ရိပ်မှ အလင်းရောင်ရှိရာ အိမ်ထဲသို့လှမ်း၀င်လိုက်ရသည်။

“ဟယ် အစ်ကို အစ်ကိုဘယ်တုန်းက ရောက်နေတာလဲ ဟင်. . . ”

မစပယ်ငွေးက စည်းနှင့်၀ါးကိုချပြီး ကျွန်တော့်ဆီ ချက်ချင်း ပြေးလာ၏။ ပတ္တလားတီးနေသူပင် နားမလည်နိုင်စွာ မစပယ်ငွေး နှင့် ကျွန်တော့်ကိုကြည့်ရင်း ချစ်သမျှကိုပတ်ပျိုး ဆက်တီးနေသည်။ မစပယ်ငွေးက ကျွန်တော့်ကိုနှစ်ပေါင်းများစွာ ကွဲကွာနေရသော အစ်ကိုရင်းချာပမာ ကျွန်တော့်လက်မောင်း နှစ်ဖက်ကိုကိုင်၍ ဖက်လဲတကင်းနှုတ်ဆက်သည်။ ကျွန်တော် သတိထားကြည့်လိုက်မိ

တော့ သူမမျက်ဝန်းတွင် မျက်ရည်ကြည်တွေ ဝေ့တက်လာသည်ကို တွေ့ရ၏။ သူမရင်ထဲတွင် ဆွေ့ဆွေ့ခုန်အောင် ဝမ်းသာနေသည်ကို မျက်နှာကိုကြည့်၍ ကျွန်တော်သိသည်။

“မှောင်ကြီးထဲရပ်ပြီး သီချင်းနားထောင်နေလို့ အိမ်ထဲဝင်ခိုင်းရတာ၊ ဒီအိမ်လာတဲ့ဧည့်သည်မှန်း မေမေမသိဘူး . . .”

“မေမေ ဒါပဲ့ထောင်မှောက်တုန်းက သမီးအသက်ကို ကယ်ခဲ့တဲ့ အစ်ကိုလေ၊ အစ်ကို ဒါဟာ ဌေးမေမေ ဒေါ်အေးအေးတဲ့ . . .”

“တွေ့ရတာဝမ်းသာပါတယ် ဒေါ်ဒေါ်. . .”

“အေး ဒေါ်ဒေါ်တို့ကလည်း လူလေးခုလိုလာလည်တာကို သိပ်ဝမ်းသာလှပါတယ်၊ သမီးကလူလေးအကြောင်း မကြာ မကြာ ပြောပြောနေတာ၊ နာမည်နဲ့လိပ်စာ မမေးခဲ့တာကိုပဲ သမီးက စိတ်မကောင်း ဖြစ်နေတာ လူလေးရဲ့၊ လူလေးနာမည်ကရော. . .”

“စဝ်ထွန်းနိုင်ပါ ဒေါ်ဒေါ် . .”

“အစ်ကို ခဏနော် . . .”

မစပယ်ဌေးက ကျွန်တော့်လက်ကိုဆွဲပြီး ပတ္တလားတီး နေသူထံ ခေါ်သွား၏။ ပတ္တလားတီးနေသူက အတီးရပ်ပြီး မတ်တပ်ထလိုက်သည်။

“အစ်ကို ကိုဦးက ဌေးနဲ့ကျောင်းနေဖက် သူငယ်ချင်း၊ ဌေးလိုပဲ ဘဝတူကျောင်းဆရာလေ၊ ကိုစောဦးတဲ့၊ ကိုဦး၊ ဒါက ဌေးပြောပြဖူးတဲ့ ဌေးအသက်ကယ်ခဲ့ဖူးတဲ့ အစ်ကိုလေ၊ ကိုစဝ်ထွန်းနိုင်တဲ့ . . .”

ကျွန်တော်နှင့် ကိုစောဦးတို့ တွေ့ရတာဝမ်းသာကြောင်း ပြောပြီး အလေးအနက် လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။ ဌေးက



ကျွန်တော်တို့ နှစ်ယောက်ရင်းရင်းနှီးနှီး နှုတ်ဆက်သည်ကို ကလေးငယ်တစ်ယောက်လို ပြုံးပြုံးရယ်ရယ်ကြည့်နေသည်။ အလှသရဖူပါးချိုင့်ကြီးနှစ်ဖက်က ကခုန်နေသလား အောက်မေ့ရလောက်အောင် ချိုင့်လိုက်ဖောင်းလိုက်ဖြစ်နေသည်ကို ကျွန်တော်သတိထားဖြစ်သည်။

“စပယ်ရေ ဒီည ဆက်မဆိုတော့ဘူး မဟုတ်လား။ ကိုဦးပြန်တော့မယ်နော် . . .”

ကိုစောဦးက နှုတ်ဆက်သည်။

“မဆိုတော့ဘူးကိုဦး၊ ဝေဝေလာအောင် မစောင့်တော့ဘူးလား. . .”

“မစောင့်တော့ဘူးလေ၊ ညီမလေးကို ကိုဦးပဲ ဝင်ခေါ်တော့မယ် . . .”

“သားပြန်တော့ မလို့လား၊ အမေတို့ကို ကူညီပါအုန်းကွဲ့၊ ဒီကလူလေးအတွက် ဧည့်စာရင်းတိုင်ပေးပါအုန်း. . .”

“ကျွန်တော်ဒီမှာ မအိပ်ပါဘူး ဒေါ်ဒေါ်၊ ခုပဲပြန်မှာပါ. . .”

“ဒါဖြင့်လည်း သားပြန်တော့လေ . . .”

“ဟုတ်ကဲ့ အမေ၊ ကိုစဝ်ထွန်းနိုင်၊ ကျွန်တော်ကိုပြန်ခွင့်ပြုပါအုန်း၊ စပယ်ရေ ကိုဦးပြန်တော့မယ်နော် . . .”

“ဟုတ်ကဲ့ ကိုဦး . . .”

မစပယ်ဌေးက ကျွန်တော့်ကို ဆက်တီကုလားထိုင်တွင် လက်ဆွဲထိုင်ခိုင်းသည်။ မစပယ်ဌေးကို ကြည့်ရသည်မှာ အပြစ်မဲ့သည့် ကလေးလေးလို ပျော်ရွှင်နေသည်ကို တွေ့ရသည်။ စိန်မင်းသားပေါ်တွင် တွေ့ရသည့် ပုံစံနှင့်လုံးဝမတူတော့။

“ဩော် နေပါအုန်း၊ လူလေးက ဘယ်မှာတည်းလို့တုန်း . . .”

“အိုကေဝင်း ရေယာဉ်မှာပါ ဒေါ်ဒေါ်၊ ကျွန်တော် အိုကေဝင်း ရေယာဉ်က စက်ခန်းအုပ်ပါ . . .”

“ဩော် အဒေါ်က ဒီမြို့အလည်လာတဲ့သူလားလို့၊ ကဲ လူလေးတို့ မောင်နှမစကား ပြောနေကြအုန်းနော်၊ အဒေါ် လူလေး အတွက် တစ်ခုခုသွားလုပ်လိုက်အုန်းမယ် . . .”

“နေပါစေဒေါ်ဒေါ်၊ ကျွန်တော်ခုပဲ ပြန်တော့မှာပါ. . .”

“ရောက်တုန်းရောက်ခိုက် နေပါအုန်းကွဲ့၊ ခဏလေးပါ . . .”

မစပယ်ငွေမေမေက တစ်ဖက်ခန်းကူးသွားသည်။

“ငွေအတွက်ပေးဖို့ အစ်ကိုဝယ်ထားတာကြာပြီ၊ ငွေနဲ့ မတွေ့တာနဲ့ မပေးဖြစ်တာပေ့ါ၊ ရော့ ယူလေ . . .”

“ခဏနော်၊ အစ်ကို ခဏလေး . . .”

မစပယ်ငွေက ကလေးလေးလို သွက်လက်စွာထပြီး အခန်းတစ်ခုထဲ ဝင်သွား၏။ ခဏကြာတော့ ပြန်ထွက်လာသည်။ သူမလက်ထဲတွင် စက္ကူထုပ် နှစ်ထုပ်ပါလာ၏။

“ငွေလည်း အစ်ကို့အတွက် ဝယ်ထားတာကြာပြီ၊ ဒါက အစ်ကိုဝတ်ဖို့ ယောပုဆိုး ဒါကအစ်ကိုစီးဖို့ ရွှေခြည်သွေ့ဖိနပ်လေး ဟုတ်လား. . .”

“မဟုတ်တာ ငွေရယ် အစ်ကို့ဖိနပ်က အသစ်မှ မဟုတ် တာ၊ အစ်ကိုမယူပါရစေနဲ့၊ ဒီစတီးချိုင့်နဲ့ ခြင်းကိုတော့ အစ်ကိုက အစားဝယ်ပေးတာမို့ ယူနော်ငွေ . .”



“ငွေပေးတာတွေ အစ်ကိုလက်ခံရင် အစ်ကိုပေးတာလည်း ငွေလက်ခံမယ်၊ ငွေအသက်ကို ကယ်ခဲ့တဲ့ကျေးဇူးရှင်အစ်ကို့ကို ငွေသာတတ်နိုင်ရင် အို၊ အစ်ကိုရယ်၊ ငွေမပြောလိုတော့ပါဘူး”

ငွေ၏မျက်နှာလေးက လက်ထိ ထိကရုန်းပင်လို ချက်ချင်း ညှိုးကျသွား၏။ သည်တော့လည်း ကျွန်တော်စိတ်မကောင်းတော့၊ ကျွန်တော့်ရင်ထဲတွင် ငွေကိုသနားစိတ်တွေ တဖွားဖွားပေါ်လာ၏။

“ကောင်းပြီလေ၊ ငွေပေးတာ အစ်ကိုလက်ခံမယ်၊ အစ်ကို ပေးတာလည်း ငွေလက်ခံနော်. . .”

“ဝမ်းသာလိုက်တာ အစ်ကိုရယ်၊ အစ်ကို့ကျေးဇူးတွေက ငွေအပေါ်မှာ တစ်ပြုံကြီးပါ၊ အသက်တင်မကဘူး၊ အရှက်ပါ ကာကွယ်ခဲ့တာပါ၊ ဖိနပ်မပါဘဲ အိမ်ပြန်ရမယ့် ငွေလေ၊ အစ်ကို့ ဖိနပ်လေးကြောင့် အဆင်ပြေသွားတာပေ့ါ. . .”

“အစ်ကို ဒီနေ့သပြုရောက်သေးတယ်၊ ငွေ ခနုဖြူကို မနေ့ ကတည်းက ပြန်သွားပြီလို့ဆရာကြီးတစ်ယောက်က ပြောလိုက်လို့ လိပ်စာမေးပြီးလိုက်လာတာ . .”

“ဩော် အစ်ကိုရယ် . .”

မစပယ်ငွေက ကျွန်တော့်ကို ငေးကြည့်ရင်း သည်မျှသာ ဆို၏။

“ငွေဆီ ကျွန်တော်လာဖို့ကြိုးစားတာတော့ ကြာပါပြီ၊ မလာရဲတာနဲ့ မရောက်ဖြစ်တာပါ . . .”

“ငွေလည်း ဒီပစ္စည်းတွေဝယ်ပြီးကတည်းက အစ်ကို့ကို ရှာခဲ့ပါသေးတယ်၊ စိန်မင်းသားတွေ့တိုင်းလည်း အစ်ကို့ကို ရှာကြည့် ပါတယ်၊ မတွေ့ပါဘူး၊ မေးလည်း မမေးရဲဘူးလေ . . .”

"လူလေးရေ၊ ညကြီးမင်းကြီးဆိုတော့ ရှိတာပဲ ဧည့်ခံနိုင်တယ်နော်၊ ရေနွေးကြမ်းသောက်၊ လက်ဖက်စားနော်. . ."

"ရပါတယ်ဒေါ်ဒေါ်ရယ်၊ အချိန်မတော်ကြီး ဒေါ်ဒေါ့်ကို ဒုက္ခပေးသလို ဖြစ်ရတာပဲ အားနာနေတာ. . ."

"ရပါတယ်ကွယ်၊ လူလေးလည်း ခနေဖြူရောက်ရင် အိမ်လာလည်နော် . . ."

"ဟုတ်ကဲ့ပါ ဒေါ်ဒေါ်. . ."

"မေမေရေ ကြည့်ပါအုန်း၊ အစ်ကိုက ရေထဲကျသွားတဲ့ သမီးခြင်းနဲ့ချိုင့်အတွက် အစားဝယ်ပေးတာတဲ့၊ အံ့သြစရာဘယ်လောက်ကောင်းလိုက်သလဲ . ."

"ဟုတ်ပါရဲ့ကွယ်၊ သမီးက ဒီအရောင်နဲ့ ဒီအရွယ်အစားတွေ အဝယ်ခိုင်းလိုက်တာလား . ."

"မဟုတ်ပါဘူး မေမေ၊ သမီးက အဝယ်မခိုင်းပါဘူး၊ သမီးက အသစ်လေးတွေမို့ နှမြောနေတာ အစ်ကိုသိပြီး အစ်ကို့ဘာသာဝယ်လာတာဖြစ်မှာပေ့ါ၊ ရေထဲကျသွားတဲ့ချိုင့်နဲ့ခြင်းနဲ့ တစ်ဆိုက်ထဲတစ်ရောင်ထဲ. . ."

"ဟဲ့ ဒါဆိုရင် အတော့်ကို အံ့သြစရာကောင်းနေပြီ၊ မေမေက လူလေးရေထဲက ပြန်ဆယ်ရလို့ ယူလာတယ်အောက်မေ့နေတာ၊ သမီးအကြိုက်ကို လူလေးသိနေတာ အံ့သြစရာနော် . ."

မစပယ်တို့သားအမိ အချီအချပြောနေကြသည့် စကားကို ပထမတော့ ကျွန်တော်နားမလည်။ နောက်မှ သဘောပေါက်လာမိသည်။ ကျွန်တော့် စိတ်ကူးစိတ်သန်းကို ကျွန်တော်လည်း အံ့သြနေမိသည်။ ကျွန်တော်သည်

ငွေးအကြိုက် သိနေသူပါတကား။



ကျွန်တော်သည် ရေနွေးသောက် လက်ဖက်တစ်ဇွန်းစားပြီး မတ်တပ်ထလိုက်သည်။

"အစ်ကိုပြန်တော့မယ်နော်ငွေး၊ ဒေါ်ဒေါ် ကျွန်တော့်ကို ပြန်ခွင့်ပြုပါအုန်း. . ."

"အစ်ကိုတစ်ယောက်ထဲ ဖြစ်ပ့ါမလား. . ."

"ဖြစ်ပါတယ်ငွေး၊ အစ်ကို့မှာ ဓါတ်မီးလေး အဖော်ပါတယ်လေ . . ."

"အစ်ကိုနက်ဖြန် လာအုန်းမလား၊ ငွေးထမင်းချက်ထားလိုက်မယ်လေ . . ."

"လာနိုင်မှာ မဟုတ်ဘူးငွေး၊ မနက်ဖြန်အစ်ကိုတို့ ရေယာဉ်ရန်ကုန်ပြန်ထွက်ရမယ့် အလှည့်လေ၊ နက်ဖြန် ရန်ကုန်ပြန်ရမယ် . . ."

"ဒါဆို နောက်တစ်ခေါက် ပြန်ရောက်ရင် အိမ်လာခဲ့နော် . . ."

"အင်း၊ အစ်ကိုလာခဲ့မယ်လေ၊ ရန်ကုန်ကိုဘာမှာအုန်းမလဲ . . ."

"ဘာမှ မှာစရာမရှိပါဘူး အစ်ကို. . ."

"အစ်ကိုသွားမယ်နော်၊ ခွင့်ပြုပါအုန်း ဒေါ်ဒေါ်. . ."

ကျွန်တော်က မစပယ်ငွေးတို့သားအမိကို နှုတ်ဆက်ပြီး လာလမ်းအတိုင်း လှည့်ပြန်ခဲ့သည်။ လမ်းမှောင်ကြီး မဲကြီးထဲတွင် မစပယ်ငွေး၏ရွှေရုပ်လွှာက အထင်းသားပေါ်လာသည်။

ရိုးရိုးယဉ်ယဉ်လေးနှင့် မစပယ်ငွေး၊ ရှားရောင်တက်ထရွှန်လုံချည် အနွမ်းနှင့် ချောကလက်ရောင် ရှမ်းသားလက်ရှည်အင်္ကျီဝတ်ထားသည်။ ဆံပင်က နောက်တွဲထုံးထားသည်။ မျက်နှာမှာ သနပ်ခါးရည်ကျဲ လိမ်းထားပြီး ပါးနှစ်ဖက်တွင် ပါးကွက်ကွက်ထားသည်။

ယဉ်လိုက်သည့် မစပယ်ငွေး၊ မစပယ်ငွေးအလှကြောင့်

စလေ ဆရာကြီးဦးပုည၏ "သူ့ဂိုဏ်းသင့်မယ်" တေးထပ်ကို သတိ ရလာသည်။

"မပြုမပြင် ပင်ကိုယ်လှ ယဉ်ဆိုသမျှယဉ်ထက်ယဉ်၊ ယဉ်မျိုး စုတဲ့ ကြော့သူခင်ရယ်၊ ရွှေဖော့ရုပ်သွင် စံတန္တန်း၊ တုမနိုင်းနှင့် လှတိုင်းလယ်မှာ သူ့ဂိုဏ်းသင့်မယ်ဆိုလောက်ပေငဲ့ဘုန်း. . . "

ဟုတ်ပါသည်။ မစပယ်ငွေးနှင့် နှိုင်းယှဉ်နိုင်လောက်အောင် လှသူ ယဉ်သူ ကျွန်တော်မတွေ့မိပါ။ သတိမမူမိ၍ ဂူမမြင်မိခြင်း လားတော့ မပြောတတ်ပါ။ မစပယ်ငွေးနှင့် ပတ်သက်၍ ရှမ်းကြိုက် နွားချောဖြစ်နေခြင်းလည်း မဟုတ်ပါ။ မစပယ်ငွေးကို မြင်ဖူးသူ တိုင်းက ကျွန်တော့်လိုပင် မှတ်ချက်ချမည်ထင်ပါသည်။

မစပယ်ငွေးနှင့် သူမမေမေဒေါ်အေးအေးက ရုပ်ချင်း သိပ်မဆင်၊ ဒေါ်အေးအေးက မျက်နှာဝိုင်းသည်။ ပါးချိုင့်မပါ၊ အသားညိုစိမ့်စိမ့်၊ ဆံပင်သိပ်မကောင်း။ မစပယ်ငွေးလောက် လည်း အရပ်မမြင့်။ ကိုယ်လုံးက မစပယ်ငွေးလို ငါးရံ့ကိုယ်၊ အသက် ၄၀ ကျော်လောက်ပဲ ရှိဦးမည်။

ကျွန်တော့်အာရုံတွင် နောက်ပေါ်လာသူက ကျောင်းဆရာ ကိုစောဦး မစပယ်ငွေးနှင့် ရုပ်တူမောင်းတူ၊ ယောကျ်ားပီသသည့် အသားညိုချော၊ ကျွန်တော်နှင့် သက်တူရွယ်တူလောက်ပင်၊ မစပယ်ငွေးနှင့်ကွာလှ တစ်နှစ်နှစ်နှစ်လောက်ရှိပေမည်ပေါ့။

ကျွန်တော့်အာရုံတွင် သည်သုံးဦးက မြုပ်ချည်ပေါ်ချည် ဖြစ်နေသည်။ ကျွန်တော့်အာရုံတွင် အချိန်ကြာကြာအထင်ကရ နေရာယူသူမှာ မစပယ်ငွေး၊ ပွင့်လင်းဖော်ရွေမှုက ကလေးငယ်



တစ်ယောက်နှင့် တူသည်။ ပြောပုံဆိုပုံက ဆရာမတစ်ယောက်နှင့် ပင် မတူတော့ ကျွန်တော့်ကို ဆက်ဆံပုံက သူမအစ်ကိုရင်းချာလို၊ သူမကို သူမနှမငယ်လေးတစ်ယောက်လို ဖြစ်နေသည်။ သူမ၏ အပြုအမူကြောင့် ကျွန်တော့်ရင်ထဲတွင် ခံစားနေရသော ဝေဒနာ တွေပင် မေ့သလိုဖြစ်သွားခဲ့၏။ သူမနှင့်တွေ့လျှင် ဖွင့်ပြောမည်ဟု ဆုံးဖြတ်ထားသော ကျွန်တော့်ရင်ထဲမှ ဝေဒနာစကားတို့သည် နေလာနှင်းပျောက်ဖြစ်ကုန်ကြပြီ။

မစပယ်ငွေးအကြောင်း စဉ်းစားလာရင်း တွေးလာရင်းနှင့် ပင် ကမ်းနားသို့ပြန်ရောက်လာခဲ့၏။ အိုကေဝင်းပေါ်သို့ ချွတ်နင်း တက်ကာ အခန်းထဲဝင်ခဲ့၏။

အိပ်ယာပေါ် လှဲအိပ်ရင်း ရင်ဘတ်ပေါ်တွင် မစပယ်ငွေး ပေးလိုက်သည့် လုံချည်နှင့်ဖိနပ်ကိုတင်ကာ ပွေ့ပိုက်ထားလိုက်မိ၏။

အိပ်ယာမှထကာ မစပယ်ငွေးပေးလိုက်သည့် ဖိနပ်ကို စီးကြည့်ပြီး ယောလုံချည်ကို ဖြန့်ကာကိုယ်နှင့် ကပ်ထားကြည့်မိ ပြန်၏။ ကျွန်တော် သဘောတွေကျ ပီတိတွေဖြစ်နေစဉ်မှာပင် ကိုစောဦးနှင့်ဒေါ်အေးအေးတို့၏ ပုံရိပ်များက တိုးဝင်လာ၏။ သူတို့ ပြောပုံဆိုပုံ ပြောသံဆိုသံများကို ကျွန်တော့်မျက်စိတွင် မြင်ယောင်၍ နားတွင်ကြားယောင်လာ၏။

ကျွန်တော်သည် ယောလုံချည်ကို ပြန်ခေါက်ဖိနပ်ကို ပြန် ချွတ်ပြီး ခုံလေးပေါ်တင်ထားလိုက်ကာ အိပ်ယာပေါ်လှဲအိပ်လိုက် ၏။ နဖူးပေါ်လက်တင်ပြီး မစပယ်ငွေးအကြောင်းတွေးနေမိပြီ။

"စပယ်ရေ၊ ဒီညဆက်မဆိုတော့ဘူး မဟုတ်လား၊ ကိုဦး ပြန်တော့မယ်နော် . . ."တဲ့၊ ဘယ်လောက်ကျွမ်းဝင် ရင်းနှီးနေသည့်

အသံပါလဲ၊ လေယူလေသိမ်း ပြောပုံဆိုပုံတို့က ကျွန်တော့် အာရုံတွင် ကြားယောင်မြင်ယောင်လာ၏။ ကိုစောဦး၏စကားသွား စကားလာကို ထောက်ကြည့်ခြင်းဖြင့် ကိုစောဦးနှင့် မစပယ်ငွေးတို့သည် ညစဉ်ညဥ့်နက်သန်းခေါင်တိုင် ဆိုတီးခဲ့ကြလေသလား။ ကျွန်တော် ရောက်လာ၍သာ ချစ်သမျှကိုသည် အဆုံးမသတ်နိုင်ခြင်းသာ။ တစ်ဝက်တစ်ပျက် ဖြစ်သွားခြင်းသာ ကျွန်တော်သာ ရောက်မလာခဲ့ပါလျှင် ကျွန်တော်ဆက်မတွေးချင်တော့ပါ။

အသိစိတ်ကသာ ဆက်မတွေးချင်ပေမယ့် မသိစိတ်က မစပယ်ငွေးနှင့် ကိုစောဦးတို့ဆီ ရောက်နေသည်။ တကယ်တော့ ကိုစောဦးနှင့် မစပယ်ငွေးတို့သည် အပြစ်ပြောစရာမရှိအောင် အတွဲညီကြသူတွေဖြစ်သည်ကို ကျွန်တော်မြင်ရုံနှင့် သိသည်။ အလုပ်ချင်းတူ ဝါသနာချင်းတူသူတွေ မဟုတ်လား။

“အစ်ကို၊ ကိုဦးက ငွေးနဲ့ ကျောင်းနေဖက်သူငယ်ချင်း၊ ငွေးလိုပဲ ဘဝတူကျောင်းဆရာလေ၊ ကိုစောဦးတဲ့. . .”

မစပယ်ငွေးအသံကို ကျွန်တော်ကြားယောင်လာပြန်သည်။ ကျောင်းနေဖက် သူငယ်ချင်း၊ သူတို့နှစ်ယောက်သိခဲ့ ကျွမ်းခဲ့ကြတာကြာလှပြီပဲလေ၊ ကလေးအရွယ်ငယ်ကတည်းက စွဲချစ်ခဲ့ကြသူတွေလား၊ ခေါ်ပုံက ကိုဦးတဲ့ ဘဝတူကျောင်းဆရာတဲ့၊

ကျွန်တော့်ရင်ထဲ၌ နှလုံးသည်းပွတ်အား အရွယ်ဖျား ကြီးကြီးလုံကြီးတစ်စင်းနှင့် ထုတ်ချင်းခတ်ထိုး ဖောက်ခံလိုက်ရသလို မခံမရပ်နိုင်လောက်အောင် စစ်စစ်ကျင်ကျင် ပြင်းပြင်းထန်ထန် ခံစားလိုက်ရ၏။



မစပယ်ငွေးမေမေ ဒေါ်အေးအေးကလည်း ကိုစောဦးကို “သား ပြန်တော့မလို့လား”တဲ့ “ သားပြန်တော့လေ” တဲ့ သားမက်လောင်းအဖြစ် သတ်မှတ်ထားလိုက်လေပြီလား၊ ဘယ်အခြေအနေထိ ရောက်နေကြပါလိမ့်၊ စေ့စပ်ကြောင်းလမ်း ပြီးပြီလား၊ လက်ထပ်တော့မည်လား။

ကျွန်တော်သည် ရုတ်တရက် ထထိုင်ပြီး ခေါင်းတွင်တွင်ရမ်းလိုက်မိသည်အထိ ဖြစ်သွား၏။ “မဖြစ်နိုင်ဘူး မဖြစ်နိုင်ဘူး . . .” ဟုလည်း အော်လိုက်မိ၏။ ကျွန်တော့်ရင်ထဲတွင် မုန်တိုင်းကျသည့် ပင်လယ်ပြင်လို စိုးရိမ်သောက ပူလောင်မှု လှိုင်းတံပိုး ဝေဒနာတွေ ပြောင်းဆန်အောင် ခံစားနေရပြီ။

ကိုစောဦးနှင့် မစပယ်ငွေးတို့ကို စေ့စပ်ထားမှာ လက်ထပ်တော့မှာ မဖြစ်စေချင်လွန်း၍သာ “ မဖြစ်နိုင်ဘူး” ဟု ကျွန်တော် အော်နေမိပေမယ့် ချဉ်သီးနှင့် ဆားအတူထားခံရနေသည်က ကိုစောဦးနှင့် မစပယ်ငွေး မဟုတ်လား၊ မစပယ်ငွေး မေမေ ဒေါ်အေးအေးကလည်း ကြိုးချင်းငြိစေလိုဟန် အိုးချင်းထိစေလိုဟန်ရှိသည်။ ကြိုးချင်း ခွဲမထား၊ အိုးချင်းခွဲမထား၊ ပြီးတော့ စိတ်ကို သွယ်ပျောင်းနစ်မျှောစေသော ဂီတလှိုင်းထဲတွင် ကိုစောဦးနှင့် မစပယ်ငွေးတို့ တူပြိုင်လေကူးနေကြသည် မဟုတ်ပါလား။

ကျွန်တော့်ရင်ထဲတွင် နှလုံးသည်းပွတ်အား ရှားမီးနှင့် အကင်ခံရသလို မခံမရပ်နိုင်လောက်အောင် ပူလောင်ပြင်းပြစွာ ခံစားနေရပြီ၊ ဘယ်လူးညာလှိမ့်ဖြင့် တစ်ညလုံးအိပ်မပျော်တော့။

မစပယ်ဌေးကို ချစ်မိသောအချစ်သည် တဖောင်းပင်ကို စွဲသော ပျားအုံမှ ပျားရည်ကို လျက်ရသလိုမျိုးပါလား၊ ချိုပေမယ့် ပူလွန်းလှသည်လေ။

# သီတာရေမြေ ဆုံးစေတော့

ခနုဖြူမှ ရန်ကုန်သို့ပြန်လာကတည်းက မစပယ်ဌေးကို သွားမတွေ့တော့၊ မစပယ်ဌေးအိမ်မသွားတော့ဟု ကျွန်တော် ဆုံးဖြတ်ခဲ့၏။ မစပယ်ဌေးကို မေ့နိုင်သမျှမေ့အောင် ကျွန်တော့် အခန်းထဲ ရှိသမျှစာအုပ်တွေ ဖတ်နေခဲ့၏။ စာဖတ်နေသည့်ကြားမှ မစပယ်ဌေး၏ ရွှေရုပ်လွှာက စာလုံးများကြားတွင် ပေါ်လာတတ် ၏။ မစပယ်ဌေးအသံက နားထဲတွင်ကြားယောင်လာတတ်၏။ မစပယ်ဌေးကို သတိမရအောင် စာမဖတ်တော့ဘဲ အခန်းကို သော့ခတ်ကာ လူစုစုရှိရာ သွားနေခဲ့၏။ ထွေရာလေးပါး ပြောကြ သည့်စကားဝိုင်းတွင် စကားမပြောဖြစ်သော်လည်း ဝင်နားထောင် နေခဲ့၏။ ရယ်စရာ အလွန်ပြောတတ်သည့် တက်မကိုင် ကိုသန်းထိုက် စကားနားထောင်နေရလျှင် မစပယ်ဌေးကို မေ့ဖြစ်၏။ သူပြော သည်က ရယ်ချင်စရာမို့ မရယ်ဘဲမနေနိုင်။ ရယ်ရတော့လည်း ဝေဒနာတွေ မေ့သည်ပေါ့၊ စိတ်ဆင်းရဲမှု သက်သာသည်ပေါ့။

ပြီးတော့ သီချင်းဆိုကောင်းသည့် ကိုညီညီလွင်၏ သီချင်းသံ နားထောင်နေရလျှင် ရင်ထဲပေ့ါသလို ခံစားရ၏။ အလွမ်းသီချင်း ဆိုလျှင်တော့ မစပယ်ဒွေးကို သတိရသည်သာ။

တကယ်တော့ ကျွန်တော်မစပယ်ဒွေးကို မေ့နိုင်စွမ်းမရှိ။ ကျွန်တော်ပိုးဖလံကောင်လေးလို ဖြစ်နေပြီ၊ မီးနတ်သမီးလေးထံ ခစားဝင်ချင်နေ၏။ သည်စိတ်ကလေး ဝင်လာတော့ ရွှေပုစွန်သို့ သွားမိ၏။ မစပယ်ဒွေးအတွက် ရည်ရွယ်၍ ရွှေပုစွန်ကိတ် နှစ်လုံး ဝယ်ဖြစ်သည်။ မသွားဖြစ်တော့လည်း စားပစ်ရုံပေ့ါ။

နောက်တစ်ခေါက် ဓနုဖြူပြန်ရောက်သည်နှင့် မစပယ်ဒွေး တို့ အိမ်သွားချင်သည့်စိတ်က ရှုပိုးထိုးလာသည်။ မစပယ်ဒွေးတို့အိမ် မသွားတော့ဘူးဟု ဆုံးဖြတ်ချက်သည် ကြက်ပျောက်ငှက်ပျောက် ဘယ်ဆီရောက်သွားသည်မသိ။

မစပယ်ဒွေးအပေါ် မြင်ပုံတွေ ပြောင်းလာမိ၏။ မစပယ် ဒွေးအိမ်ရောက်စဉ်က သူမနှစ်နှစ်ခြိုက်ခြိုက် သီဆိုနေသော "ချစ် သမျှကို" ပတ်ပျိုးကို ဖြတ်ကနဲ တိကနဲဖြတ်ပြီး ကျွန်တော်ကို မြင်မြင်ချင်း ကျွန်တော်ဆီ ပြေးလာခဲ့ပုံ၊ ကိုစောဦးအား ပစ်ထားခဲ့ပုံ၊ ကိုစောဦးပြန်မည် နှုတ်ဆက်သည့်အခါ ဟန်ဆောင်၍ပင် မတားခဲ့ပုံ၊ ကျွန်တော်ပြန်မည် နှုတ်ဆက်တော့ ကျွန်တော့်အတွက် စိုးရိမ်နေပုံ အိမ်ကိုလာဖို့ အကြိမ်ကြိမ်ခေါ်ခဲ့ပုံတို့ကို မြင်ယောင်လာပြီး မစပယ်ဒွေး၏ တွယ်တာမှု သဃောဇဉ်တွေကို သတိပြုလာမိသည်။ မစပယ်ဒွေး၏ ကျွန်တော့်အပေါ်ပြုမူ ဆက်ဆံပုံသည် အသက်ကယ် သည့်ကျေးဇူးရှင်တစ်ယောက် အနေမျိုးထက်ပိုသည်ဟု ကျွန်တော် ထင်လာမိ၏။ မြင်လာမိ၏။



သည်တော့လည်း မစပယ်ဒွေးတို့အိမ် သွားလိုစိတ်ဖြစ်လာ ၏။

ညနေစာစားပြီးသည်နှင့် ကျွန်တော် မစပယ်ဒွေးတို့အိမ် ထွက်လာခဲ့သည်။

"ဟော အစ်ကိုလာပြီ၊ အစ်ကို ခဏထိုင်နေအုန်းနော်၊ ဒွေး အလုပ်တွေ လက်စသပ်လိုက်အုန်းမယ်၊ အစ်ကိုပျင်းနေရင် စားပွဲ ပေါ်မှာ မဂ္ဂဇင်းစာအုပ်ရှိတယ်၊ ခဏလေးနော်. . ."

ပြုံးရွှင်သောမျက်နှာ ချိုမြသည့်အသံတို့ဖြင့် ခရီးဦးကြိုပြု သော မစပယ်ဒွေးကိုကြည့်ပြီး ကျွန်တော့်ရင်မြစ်ပြင်ထဲတွင် ကြည်နူး မြူးပျော်မှု လှိုင်းကြက်ခွပ်များ တဖျပ်ဖျပ်ဖြစ်ပေါ်လာသည်။

တစ်ပတ်လျှိုဆံထုံး သနပ်ခါးအဖွေးသားနှင့် မျက်နှာ၊ ခပ်နွမ်း နွမ်း ပန်းနုရောင်ဘလောက်(စ်) အင်္ကျီပျော့ပျော့နှင့် အရောင်လွင့် နေသော ကျောင်းထဘီကို ဝတ်ထားသည်။ မစပယ်ဒွေး၏အလှက ရိုးရိုးယဉ်ယဉ်လေးနှင့် လှနေ၏။ ပြုံးရယ်၍ နှုတ်ဆက် စကားဆိုစဉ် ဖြူဖွေးညီညာသော သွားများနှင့် ချိုင့်ဝင်လှပ်ရှားနေသော ပါးချိုင့် ကြီးနှစ်ဖက်ကြောင့် ပို၍အလှပိုနေသည်ဟု ကျွန်တော်ထင်မိ၏။ သူမ၏ အပြုံးသည် ရင်ကိုအေးမြသွားစေ၏။

ကျွန်တော်သည် ဆက်တီစားပွဲပေါ်တွင် ရွှေပုစွန်ကိတ်မုန့် ထုပ်ကို တင်လိုက်၏။ ဆက်တီတွင် မထိုင်ဘဲ ဧည့်ခန်းကျယ်ကြီး ထဲတွင် သီးသန့်တစ်ပေခန့် အမြင့်ရှိသော သစ်သားကွပ်ပျစ်ပေါ် တွင်ရှိနေသည့် ဝါးပတ္တလားကို အသံမြည်ရုံ ခေါက်ကြည့်နေမိ၏။ ဝါးပတ္တလားကအရောင်လက်နေ၏။ တစ်ဖက်ဘေး ခုံငယ်တစ်ခု

ပေါ်တွင် သားရေအိတ်နှင့် တယောတစ်လက်၊ စည်း၊ သံလွင် ဝါးအားလုံး ဖုန်တစ်စက်မျှမရှိ။

"အစ်ကို ပျင်းနေပြီလား. ."

"မပျင်းပါဘူး ငွေး၊ ဝါးပတ္တလားကို စိတ်ဝင်စားလို့ တီးကြည့်နေမိတာပါ. . ."

"အစ်ကို ပတ္တလား တီးတတ်သလားဟင်. . ."

"မတီးတတ်ပါဘူး ငွေး၊ အစ်ကိုဟင်းပဲ မြည်းတတ်သူပါ။ ဟင်းမချက်တတ်ပါဘူး၊ အနုပညာရဲ့ အရသာကိုတော့ ခံစားတတ်တယ်၊ ကိုယ်တိုင်ကျတော့ သီချင်းတစ်ပုဒ် မဆိုဖူးပါဘူး. . ."

"အစ်ကို ဒီနေ့ပဲ ရောက်တာလား. . ."

"ဟုတ်တယ် ငွေး၊ ငွေး အလုပ်ပြီးပြီလား. . ."

"ပြီးပါပြီ၊ ကျန်တာတွေကိုတော့ အိပ်ရာဝင်ကာနီးမှ လုပ်တော့မယ်၊ မနက်စောစောထ လုပ်ရင်လည်း ဖြစ်ပါတယ် အစ်ကို. . ."

"ငွေး ဘာတွေလုပ်နေတာလဲ. . ."

"ခု ငါးမြစ်ချင်းပြုတ်နေတာ၊ ငွေးမေမေက မနက်ဆိုရခိုင်မုန့်တီရောင်းတယ်လေ၊ မေမေဝယ်လာတဲ့ ငါးကိုကိုင်ပြီး ပြုတ်ပြီးပြီ၊ ခု ငရုပ်သီးစိမ်းပြုတ်ပစ်ခဲ့တယ်. . ."

"ငွေးမေမေရော. . ."

"လူမမာ သွားမေးတယ်အစ်ကို. . ."

"ကိုစောဦးရော မလာဘူးလား. . ."

"ညတိုင်းမလာပါဘူး အစ်ကိုရာ၊ လာရင်လည်း ခုနှစ်နာရီလောက်မှ လာမှာ. . ."



"ငွေးကသီချင်းဆို သိပ်ကောင်းတာပဲနော်၊ ချစ်သမျှကို ပတ်ပျိုးဆိုသံ ပထမကြားတော့ ငွေးလို့တောင် အစ်ကိုမထင်မိဘူး၊ ရေဒီယို အဆိုကျော်တစ်ဦးဆိုနေတယ် အောက်မေ့နေတာ. . ."

"အစ်ကိုကတော့ လုပ်ပြီ၊ ငွေးက ဝါသနာအရ ဆိုနေတဲ့သူပါ၊ တစ်ခုတော့ ရှိတယ်လေ၊ ဖေဖေရှိတုန်းက ကုန်းဘောင်ပရမေဘုံပျံနေနန်း မှိုင်းပြာမှုံဝေ အထူးထူးပတ်ပျိုးကြီးလေးပုဒ်နဲ့ ချစ်သမျှကိုပတ်ပျိုးကို လျှာ၊ အာ၊ နှာ၊ ဝမ်းတွင်းသံ၊ ဒါတွေနဲ့တစ်လုံးစီစေ့စေ့ပေါက်ပေါက် ကျကျနန သင်ပေးခဲ့တယ်၊ ဖေဖေက စည်းဝင်စည်းထွက် ဟန်အမူအရာ အချွဲအနွဲ့ပါမကျန် အဆိုအင်္ဂါ ကုန်အောင် သင်ပေးထားတဲ့ ကျေးဇူးတွေပေါ့ အစ်ကိုရယ်. . ."

"ငွေး ဖေဖေက ဂီတဆရာကြီးလား. . ."

"ဂီတဆရာကြီးတော့ မဟုတ်ပါဘူးအစ်ကို၊ အလုပ်အကိုင်ကတော့ ကုန်သည်ပွဲစားပါ၊ ဖေဖေဟာလည်း ဝါသနာရှင်ပါပဲ၊ ဖေဖေက မန္တလေးသားလေ၊ မေမေက ဓနုဖြူသူပေါ့. . ."

"ငွေးတို့ ဖေဖေဆုံးတာ ကြာပြီလားဟင်. . ."

"ဖေဖေဆုံးတာ သုံးနှစ်ရှိပြီအစ်ကို၊ မေမေဆုံးတာကတော့ ကြာပြီ၊ ငွေးသုံးလေးနှစ်သမီး အရွယ်ကတည်းကပါ. . ."

"ဗျာ ငွေးအမေဆုံးပြီ၊ ဒေါ်အေးအေးက ငွေးအမေ မဟုတ်ဘူးလား. . ."

"ဒေါ်အေးအေးက ငွေးရဲ့ မိထွေးပါ၊ သူမရှိတုန်းမို့ မိထွေးလို့ ပြောမိတာပါ၊ သူရှိနေရင် ငွေးပါးစပ်က မထွက်ရက်ပါဘူး၊ ငွေးအပေါ် အမေအရင်းလို ကောင်းတဲ့သူပါအစ်ကို. . ."

ကျွန်တော့်စိတ်တွေ လှုပ်ရှားပြန့်လွင့်သွားပြန်ပါပြီ၊ ချက်ချင်း မိထွေးနန်းစံပေါင်း၏ ရုပ်သွင်က အာရုံတွင်ပေါ်လာ၏။ မိထွေး ကြောင့် ဘဝပျက်ခဲ့ရသူမို့ ဒွေး၏စကားတို့သည် ကျွန်တော့်အဖို့ မယုံကြည်နိုင်စရာ ဖြစ်နေ၏။ ဒဏ္ဍာရီ ပုံပြင်ဆန်နေ၏။ တကယ့် အခြေအနေမှန်ကို ဒွေးအသိဆုံးမို့ ဒွေးစကားကို ကျွန်တော် မယုံရန် အကြောင်းမရှိတော့ပါ။ တစ်ညတည်းသာ တွေ့ခဲ့ရသော ဒေါ်အေးအေး အနေအထားက နန်းစံပေါင်းနှင့် တခြားစီဖြစ်နေသည် မဟုတ် လား။

“ဘာငိုင်နေတာလဲ အစ်ကို၊ ဘာတွေစဉ်းစားနေတာလဲ. . . ”

“ဩော် အစ်ကိုဘဝနဲ့ ဒွေးဘဝတူနေလို့ပါ၊ မတူတာတွေ လည်း ရှိပါတယ်လေ၊ ဒွေးအဖေ နောက်အိမ်ထောင်ပြုခဲ့တာ ကြာပြီ လား. . . . ”

“ဒွေးစိတ်ထဲမှာ အစ်ကို့ကို ဆွေမျိုးရင်းချာလို အောက်မေ့ နေမိတယ်။ ဒွေးတို့အကြောင်းကို အစ်ကိုသိအောင် အကျဉ်းချုံး ပြောပြမယ်နော် ဟိုမှာသွားထိုင်ရအောင်. . . ”

ဒွေးကကျွန်တော့်ကို ဆက်တီဆီ ခေါ်သွားရင်း ဆက်ပြော သည်။

“ဒွေးဖေဖေနာမည်က ဦးလွင်ဒွေးတဲ့၊ မေမေနာမည်က ဒေါ်ပန်းနွယ်တဲ့၊ ဖေဖေဟာ ဂီတအနုပညာမှာ ဝါသနာထုံသလို စီးပွားရှာတာလည်း တော်ပါတယ်အစ်ကို။ ဖေဖေမှာ စည်းရှိတယ်၊ အလုပ်လုပ်ချိန်မှာ ဇွဲလုံ့လ ဝီရိယနဲ့လုပ်တယ်၊ အနားယူချိန်မှာ ပတ္တလားတီး။ တယောထိုး သီချင်းဆိုပေါ့၊ ဒွေးဟာ တစ်ဦးတည်း



သော သမီးပါ၊ ဖေဖေဟာ သမီးကိုချစ်သလို မေမေ့ကိုလည်း မြတ်နိုးပါတယ်အစ်ကို. . . ”

“မေမေဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ လေ့မှောက်လို့ ဆုံးခဲ့တယ်၊ မေမေဆုံးတာနဲ့ ဖေဖေဟာ အရူးလိုဖြစ်သွားပြီး စိတ်တွေလေနေခဲ့ တယ်၊ စီးပွားဥစ္စာလည်း အရင်လိုကြိုးစား မရှာတော့ဘူး၊ စီးပွားရေး လည်း တဖြည်းဖြည်းကျလာတယ်. . . ”

“မေမေဆုံးပြီး လေးနှစ်လောက်ရှိတော့ ကျုံပျော်သူ ဒေါ်အေးအေးနဲ့ အိမ်ထောင်ပြုခဲ့တယ်။ ဒေါ်အေးအေးကလည်း အဆိုအကဝါသနာထုံသူမို့ တွေ့ကြတယ်ထင်ပါရဲ့၊ ဒေါ်အေးအေး မိဘတွေက ပိုက်ဆံရှိပါတယ်၊ ဖေဖေက မုဆိုးဖိုဆိုတော့ သဘော မတူကြဘူးပေါ့. . . ”

“ဒေါ်အေးအေးဟာ အမွေပြတ်ခံပြီး ဖေဖေ့နောက်လိုက် လာခဲ့တယ်၊ ဒေါ်အေးအေးခမျာ သနားစရာပါအစ်ကိုရယ်၊ ဖေဖေနဲ့ ရတော့ သူ့ဝါသနာပါတဲ့ အဆိုအကဘာတစ်ခုမှ မလုပ်နိုင်ရှာပါဘူး။ ဖေဖေနဲ့ ဒိုးတူပေါင်ဖက် ရုန်းကန်လှုပ်ရှားခဲ့ရတယ် အစ်ကို. . . ”

“ဒေါ်အေးအေးဟာ မျက်နှာလိုမျက်နှာရ မလုပ်တတ်သ လို ဆုံးမစရာရှိရင်လည်း ရဲရဲရင့်ရင့်ပြောဆို ဆုံးမတတ်တယ်၊ ဖအေနဲ့သမီးကြား စကားခလောက်မဆန်ဘူး၊ ဖေဖေလေဖြတ်တော့ အိမ်ထောင့်တာဝန်အားလုံး ဒေါ်အေးအေးအပေါ်ကျသွားတယ်၊ ဒေါ်အေးအေးဟာ အလုပ်မျိုးစုံလုပ်ပြီး ဖေဖေ့ကို ပြုစုကုသခဲ့ပါ တယ်. . . ”

“ဖေဖေဆုံးပြီးတော့ ဒွေးတို့ဟာ တအားဆင်းရဲနွမ်းပါး သွားခဲ့ပါတယ်၊ ဖေဖေဆုံးပြီးတဲ့နောက်ပိုင်း ဒေါ်အေးအေးဟာ

ဒွေးလက်ကို ကျစ်ကျစ်ပါအောင်ပိုပြီး ဆုပ်ကိုင်လာတယ်၊ ပိုပြီး ဂရုစိုက်လာတယ်၊ ဒွေးကိုအရိပ်တကြည့်ကြည့်နဲ့ ပိုချစ်လာခဲ့တယ်၊ ဒွေး ဘွဲ့တစ်ခုရလာတာဟာ ဒေါ်အေးအေးကျေးဇူးပါ အစ်ကို. . . ”

“ပြောရအုန်းမယ် ဒွေးသပြုမှာ ဆရာမသွားလုပ်စကဆို စိတ်မချလို့ဆိုပြီး အိမ်သော့ခတ်လိုက်လာခဲ့တယ်၊ အတင်းပြန်လွှတ် တာတောင် နှစ်ပတ်ကျော်ကျော်လောက် နေသွားသေးတယ် အစ်ကို . . . ”

ကျွန်တော်ဒေါ်အေးအေးနှင့် နန်းစံပေါင်းကို နှိုင်းယှဉ် ကြည့်နေမိသည်။ ဆီနှင့်ရေ၊ နံ့သာဆီနှင့်အီးလို ကွာခြားနေသည်။ “ မိထွေး” ဆိုသော ဝေါဟာရ၊ “ မိထွေး” ဘဝကို ကျွန်တော် နားလည်တတ်လာပြီ၊ အဓိက က “လူ” ပဲဖြစ်သည်ကို ကျွန်တော် သဘောပေါက်လာပြီ။ မိထွေးဘဝပဲဖြစ်ဖြစ် ဘယ်လိုနေရာ ဘယ်လို ဌာနမှာပဲဖြစ်ဖြစ် “လူ”သည် အခရာဖြစ်သည်။ လူဆိုးတွေများ နေလျှင် နာမည်ဆိုးမည်။ စိတ်ကောင်းနှလုံး ကောင်းရှိသူတွေများ နေလျှင် နာမည်ကောင်းမည် မဟုတ်လား၊ “မိထွေး” ဆိုတိုင်း ဆိုးရ မည်ဟု မမှတ်ရဲတော့။

ဒွေးက မီးဖိုခန်းဘက် ခဏထွက်သွားပြီး ပြန်လာသည်။

“အစ်ကိုဘာတွေ တွေးနေတာလဲဟင်၊ ဒွေးဘဝက အစ်ကို့ ဘဝနဲ့ တူနေလို့လား. . . ”

“တူတာလည်း တူတာပေါ့လေ မတူတာလည်း မတူဘူးပေါ့ အစ်ကိုဘဝကိုလည်း ဒွေးသိအောင် ပြောပြမယ်နော်. . . ”

ကျွန်တော်က ကျွန်တော့်ဘဝဖြစ်စဉ်ကို မစပယ်ဒွေးအား အသေးစိပ် ပြောပြလိုက်သည်။



“ဟင်၊ ဒွေး ငိုနေတယ်၊ ဘာလို့ငိုရတာလဲ ဒွေးရယ်၊ တိတ် တော့နော်၊ တိတ်တော့. . . ”

ကျွန်တော်က ရှိုက်သံကြားမှ သတိပြုမိပြီး ကျွန်တော်၏ ခါးကြားမှ လက်ကိုင်ပုဝါကို ဒွေးအားလှမ်းပေးလိုက်ပြီး မျက်ရည် များကို သုတ်ခိုင်းလိုက်သည်။

“အစ်ကို့ကို သနားလို့ပါအစ်ကို၊ အစ်ကိုဘဝဟာ မိထွေး ကြောင့် အရမ်းကွာဟသွားတယ်နော်၊ အမြင့်ဆုံးက အနိမ့်ဆုံး ရောက်သွားတယ်၊ အအေးဆုံးက အပူဆုံးဖြစ်လာရတယ်၊ အစ်ကို့ ဘဝက တကယ့်ကို သနားစရာကောင်းတဲ့ ဘဝပါလား အစ်ကို ရယ်. . . ”

“ဖြစ်သမျှအကြောင်း အကောင်းချည်းလို့ သဘောထားရ မှာပေါ့လေ. . . ”

“တကယ်ဆိုရင် အစ်ကိုက ချိ(ပ်)အင်ဂျင်နီယာ ဆရာဝန် တို့လောက်ဖြစ်နေရမှာ ဒွေးလေ အစ်ကို့ကို နေရာမှန်ပြန်ရောက် အောင် ပို့ချင်လိုက်တာ၊ ဒွေး အစ်ကို့ကို အရမ်းသနားတယ်. . . ”

“ရပါတယ် ဒွေးရယ်၊ ဒါတွေထားလိုက်ပါတော့ လက်ရှိ ဘဝမှာပဲ ပျော်ပျော်နေလိုက်ရအောင်ပါနော်၊ ဪ ဒါထက် ဒွေး မြန်မာ့အသံတို့ မြန်မာ့ရုပ်မြင်သံကြားတို့မှာ ဝင်ဆိုနိုင်အောင် မကြိုး စားဘူးလား. . . ”

“ဟင်း ဟင်း ဟင်း. . . ”

“အစ်ကိုကတော့ လုပ်ပြီ၊ ဒွေးတို့ဟာ ခံပွင့်လေးတွေပါ အစ်ကို၊ တောလေ့ရွာ သုံးဘဝနဲ့ပဲ ကျေနပ်လှပါပြီ. . . ”

"ထင်ပေါ်ရင် စင်တော်က ကောက်မှာပေါ့ ဒွေးရယ်၊ အားလျှော့လှချည့်လား၊ ဒွေး ခေတ်ပေါ်တေးဂီတတွေရော စိတ်မဝင်စားဘူးလား. . ."

"စိတ်မဝင်စားဘူးရယ်လို့လည်း မဟုတ်ပါဘူး အစ်ကို၊ ဒွေးတို့က သီချင်းကြီးတို့ မြန်မာ့အာ မြန်မာ့လျှာနဲ့တွေ့တဲ့ မြန်မာသီချင်းတွေပဲ အဆိုများနေတော့၊ ကိုယ့်လမ်းကိုယ်လျှောက်သလို ဖြစ်နေတာပေါ့. . ."

"ကိုယ်လမ်း ကိုယ်မလျှောက်လို့ မဖြစ်ဘူးလေ၊ လျှောက်မယ့်သူမရှိရင် ပေါင်းမြက်ထူ လမ်းကောပြီး လမ်းပါပျောက်သွားမှာပေါ့"

"ဟုတ်တယ် အစ်ကို၊ ဖေဖေကလည်း အမြဲပြောတယ်။ ကိုယ်လမ်းကိုယ်လျှောက်ပါတဲ့၊ ဖေဖေလျှောက်ခဲ့တဲ့လမ်း သားစဉ်မြေးဆက် လျှောက်စေချင်တယ်တဲ့. . ."

" ဒွေး ဖေဖေကိုယ်တိုင် လျှောက်ခဲ့တဲ့လမ်း ဖြစ်ပါစေအုန်း၊ လမ်းဆိုးလမ်းကောက်ဆိုရင် ဒွေးဖေဖေက သမီး အဲဒီ လမ်းမသွားနဲ့လို့ မှာခဲ့မှာပဲလေ၊ လမ်းကောင်းလမ်းဖြောင့်မို့သာ ဆက်အသွားခိုင်းခဲ့တာပေါ့၊ လမ်းကောင်းလမ်းဖြောင့်မို့ လမ်းမပျောက်အောင်လုပ်ဖို့ဟာ အဲဒီလမ်းလျှောက်ကြတဲ့ လူတွေရဲ့ တာဝန်ပဲပေါ့ ဒွေး . . ."

"မှန်ပါတယ် အစ်ကို၊ ဒါကြောင့်လည်း ဖေဖေထားခဲ့တဲ့ ဖေဖေ မြတ်နိုးတဲ့ အနုပညာဒီပစ္စည်းလေးတွေကို မပျောက်မပျက်အောင်ထိန်းပြီး ဖေဖေအမွေကို ကိုဦးနဲ့နှစ်ယောက် ဆက်ထိန်းနေရတာပေါ့ အစ်ကို. . ."



မစပယ်ဒွေးက ကိုစောဦးအား "ကိုဦး" ဟုခေါ်လိုက်သည်ကို ကျွန်တော့်ရင်ထဲတွင် ခိုးလိုးခုလု ဖြစ်သွား၏။ မစပယ်ဒွေးက "ကိုစောဦး" ကို "ကိုဦး"ဟု ခေါ်သည်ကို မနှစ်မြို့နိုင်၊ မစပယ်ဒွေး အနေဖြင့် သာမန်ခေါ်ရိုးခေါ်စဉ် ဖြစ်မည်ဖြစ်သော်လည်း ကျွန်တော့်နားထဲ၌ ခါးသလိုရှိ၏။ ရင်ထဲတွင် ရင်းနှီးလွန်းသည့် အခေါ်အဝေါ်ဟု ထင်နေမိ၏။ ကျွန်တော့်စိတ်တွေက ကိုစောဦးအပေါ် မနာလိုဖြစ်နေသည်လားဟု စဉ်းစားမိတော့ ရယ်ချင်လာ၏။ နောက်မှပေါက်သည့် ရွှေကြာပင်က ကျွန်တော်မဟုတ်လား။

"ကိုစောဦးက ဒွေး ဖေဖေတပည့်လား. . ."

"ဟုတ်တယ် အစ်ကို၊ ဒွေးတို့တစ်တွေ အလယ်တန်းကျောင်းသားဘဝကတည်းက ဖေဖေ့ဆီမှာ သီချင်းကြီးသီချင်းခန့် ကာလပေါ်တေးတွေ သင်ခဲ့ကြတာပါ၊ သင်တုန်းကတော့ အများကြီးပဲ အစ်ကို၊ ခုတော့ ဒွေးနဲ့ ကိုဦးပဲ ကျန်တော့တယ်. . ."

"ဘယ်လိုဖြစ်ကုန်တာလဲ ဒွေး၊ ဒီမြို့မှာ ဆရာကြီး တပည့်တွေ အတော်များသလား. . ."

"များပါတယ်အစ်ကို၊ တချို့လည်း စီးပွားရေး လူမှုရေး အခြေအနေတွေကြောင့် မေမေဒေါ်အေးအေးလို မစွန့်ချင် စွန့်ချင်နဲ့ ဝါသနာတွေကို စွန့်ကြသူတွေ ရှိသလို လမ်းပြောင်းသွားသူတွေလည်း ရှိပါတယ်အစ်ကို. . ."

"အသုံးမခံတဲ့ငွေကို အရှာရခက်တဲ့ ကာလတွေ ရောက်လာတာနဲ့ အမျှ အနုပညာသမားတွေဟာ အနုပညာလောကကို စွန့်ခွာသွားရမှာပဲလေ၊ အသက်ရှင်သန်ဖို့က အရေးကြီးတယ် မဟုတ်လား၊ အိပ်ချိန်ကလွဲပြီး နားနေချိန်မရှိအောင် ဘဝရှင်သန်ဖို့ ရုန်း

ကန်လှုပ်ရှားနေရတဲ့ မထင်ရှားတဲ့ အနုပညာသမားတွေဟာ အနုပညာတွေကို ဈာန်ဝင်နိုင်ဖို့မပြောနဲ့ လေချွန်တာတောင် မေ့နေလိမ့်မယ်ထင်ပါတယ်ဗျေး. . . ”

“မှန်လိုက်လေ အစ်ကိုရယ်၊ ဆန္ဒနဲ့ဘဝ တစ်ထပ်ထဲမကျတော့လည်း ဝါသနာကိုစွန့်ကြရတာပေါ့။ နက်နဲသိမ်မွေ့တဲ့ မြန်မာ့ဂီတအနုပညာကို လိုက်စားတဲ့ ဗျေးတို့လို ဝါသနာရှင်တွေအဖို့ ပိုပြီးအခက်အခဲ အဟာန့်အတားတွေက အများကြီးပါအစ်ကို. . . ”

“ခေတ်ကုန်ပြီ၊ သီပေါမင်းဘုတာမှာ အိပ်နေခဲ့မှာလား၊ အဲဒီလို လျှောင်ပြောင်မှုတွေလည်း ခံခဲ့ရပါတယ်၊ ဖေဖေ့တပည့်တစ်ချို့လည်း၊ အဲဒီလိုအလှောင်မခံနိုင်လို့ လိုင်းပြောင်းသွားကြတာလည်း ရှိပါတယ် အစ်ကို. . . ”

“ခေတ်ဆိုတာ ပြောင်းလဲနေတဲ့ နိယာမတစ်ခုပါဗျေး၊ ဒီနေ့စတီရီယိုတေးတွေ စင်တင်တေးဂီတာတွေဟာလည်း အစဉ်တည်တန့်နေမှာ မဟုတ်ပါဘူး၊ ခေတ်ရေစီးကြောင်း ပြောင်းသွားသလို ပြောင်းလဲသွားမှာပါပဲ. . . ”

“ခေတ်ဆိုတာ ရာသီဉတုလိုပါပဲ တားမရပါဘူး၊ ပြောင်းလဲနေတာပါပဲဗျေး၊ ခေတ်ရေစီးချောင်းဟာ မြစ်ထဲပင်လယ်ထဲသမုဒ္ဒရာထဲ ရောက်နေလည်း ရပ်မနေပါဘူး၊ ဆက်စီးနေမှာပါ။ ရွေ့လျားနေမှာပါ။ နေကိုတန့် လကိုတားလို့ မရသလိုပါဗျေး . . . ”

“ဒီနေ့ဗျေးတို့ကြုံတွေ့သလို ခေတ်အဆက်ဆက်မှာလည်း အနုပညာလောကမှာ အပြောင်းအလဲတွေ အသစ်အဆန်းတွေရှိခဲ့တာပါပဲ၊ အစ်ကိုဖတ်ဖူး ကျက်မှတ်ထားဖူးတဲ့ သံတော်ဆင့်ဆော မြို့စားဦးစီရဲ့“ပိုက်ဆံသယ်” ဆိုတဲ့ တေးထပ်ကို အစ်ကိုဆိုပြမယ်နော်. . . ”



“မှုပေါ်ရင် တော်အောင်ပြု ခုကာလအနေ ရွှံ့ရုပ်နှင့်ကြွက်သေ၊ ကြောင်ပေလို့မခြား၊ ကရဏီယနှင့် ဆွမ်းမြင်သည်၊ ကျမ်းမသင် ပြီးတဲ့ရှင်များ၊ နေရာကျပြောပြန်လျှင် လောကဓံတရား၊ သင်္ချိုင်းရစကားနှင့် ကြားလူကပျက်ရယ်၊ ဇာတ်ရုပ်စုံမစွဲ ပုံရှည်ပွဲသာတဲ့ခေတ်ဝယ်၊ ကုန်သည်စု မျက်နှာငယ်၊ ပိုက်ဆံသယ် ငွေလဲနှင့် ငကဲခုံဆိုင်တွေ၊ ရောင်းဝယ်မှုပွေ၊ ရေကျော်ဖြတ် ဉာဏ်ကြွက် ခြေငယ်ကံသက်သေအရင်းပလေး” တဲ့. . . ”

“သံတော်ဆင့်ဆော မြို့စားဦးစီက ကမောက်ကမဖြစ်နေတဲ့ သူတို့ခေတ်ကာလကို သရော်ရေးထားတာပါ။ အစ်ကိုပြောချင်တာက “ဇာတ်ရုပ်စုံမစွဲ ပုံရှည်ပွဲသာတဲ့ခေတ်ဝယ်” ဆိုတဲ့ စကားလေးပါပဲ၊ ပုံရှည်ပွဲပေါ်လာတော့လည်း ဇာတ်ပွဲရုပ်သေးပွဲတွေ တိုးလို့မရအောင် ဖြစ်တတ်တာပဲမဟုတ်လား ဗျေး. . . ”

“သံတော်ဆင့်ဆော မြို့စားဦးစီတို့ခေတ်က ထင်ပေါ်ကျော်ကြားခဲ့တဲ့ ပုံရှည်ပွဲ ခုဘယ်မှာလဲလို့ အစ်ကိုမမေးချင်ဘူး၊ ဒါပေမယ့် ဇာတ်ပွဲရုပ်သေးပွဲတွေကို လူတွေ ခုထိကြည့်နေကြတုန်းပါဘဲ အားပေးနေကြတုန်းပါဘဲ၊ ပတ္တမြားမှန်ရင် နွံ့ထဲနှစ်ထားပေမယ့် ဘယ်တော့မှ ညစ်မသွားပါဘူး မှိန်မသွားပါဘူး ရေဆေးလိုက်ရင် ပြောင်လက်အရောင် ထွက်နေပါလိမ့်မယ် ဗျေးတို့လို ပတ္တမြားရှင်တွေက ချောင်းထိုးမထားဖို့တော့ လိုပါလိမ့်မယ်ဗျေး . . . ”

“ဗျေးဝမ်းသာတယ် အစ်ကို၊ ဗျေးအရမ်း ဝမ်းသာတယ်၊ အစ်ကိုရဲ့ အားပေးစကားတွေကြောင့် ဗျေးအားတွေအင်တွေ ဖြစ်လာတယ်၊ ဗျေး အားမငယ်မိတော့ဘူး၊ အစ်ကို့စကားတွေသာ ကိုဦးကြားရရင် အရမ်းဝမ်းသာမှာ . . . ”

"ကိုစောဦးတို့ ဌေးတို့လိုဝါသနာရှင်တွေ အခြားအခြားသော ပညာရှင်တွေက ရိုးရာအမွေအနှစ်တွေကို ထိန်းသိမ်းထားကြမှ လက်ဆင့်ကမ်းကြမှ တည်တန့်မှာ ပျောက်ကွယ်မသွားမှာ၊ မှန်စီရွှေချစောင်းကြီးကို အိမ်ဦးခန်းကျွန်းဗီရိုပေါ် ကျွန်းစားပွဲပေါ် တင်ထားရုံနဲ့ မြန်မာ့ရိုးရာ တေးဂီတတွေ တည်တံ့မှာ မဟုတ်ဘူး ဌေး. . ."

"မှန်လိုက်တာ အစ်ကိုရာ၊ အနုပညာ ဗီဇဝါသနာပါတဲ့ ကျောင်းက ကလေးတွေကို ဌေးသင်ပေးမယ်၊ ရိုးရာအမွေအနှစ်တွေ တည်တန့်ပြန့်ပွားအောင် ဌေးတတ်စွမ်းသမျှ ဆောင်ကျဉ်းပေးပါ့မယ် အစ်ကို. . ."

"ဝမ်းသာလိုက်တာ ဌေးရယ်၊ အစ်ကိုဟာ အနုပညာသမား မဟုတ်ပေမယ့် အနုပညာကို မြတ်နိုးအားပေးတတ်သူပါ၊ အစ်ကို ဌေးကို အမြဲတမ်းအားပေးနေပါ့မယ်. . ."

ကျွန်တော့်စကားကြောင့် ဌေး၏ လမင်းကြီးလို ဝင်းလက်တောက်ပနေသည့် လှပသောမျက်နှာကို မြင်ရသည့်အခါ ကျွန်တော့်ရင်ထဲတွင် ကြည်နူးချမ်းမြေ့မှု နက်ရှိုင်းစွာ ခံစားလိုက်ရသည်။ ကျွန်တော်ဌေးကို ငေးမောကြည့်နေတော့ ဌေး မျက်လွှာချသွားသည်။

ထိုစဉ် အိမ်ရှေ့တံစက်မြိတ်၌ ကိုစောဦးကို လှမ်းမြင်လိုက်ရ၏။ ကျွန်တော်ခေါ်မည်ပြုစဉ် နောက်ပြန်လှည့်သွားလေပြီ။ ကိုစောဦးသည်လည်း ကျွန်တော့်လို မနာလိုဝန်တို ဖြစ်နေလေပြီလား။ ကျွန်တော်က ဌေးကို ကြည့်နေစဉ် ဌေးကမျက်လွှာပင့် အကြည့်နှင့် တိုးပြန်ပြီ။ ဌေးချက်ချင်း မျက်လွှာချသွား၏။ ဌေး ရင်ထဲတွင် မည်သို့ခံစားနေရသည်ကို မသိရလင့်ကစား ကျွန်တော့်ရင်ထဲတွင် ရင်ခုန်သံမြန်နေ၏။



"ပတ္တလားကြီးက အရောင်လှတယ်နော်၊ ဌေး ဘယ်လိုလုပ်ထားလဲ. . ."

"ရေနံဖတ်ရိုက်ပြီး ပိုးစနဲ့ တိုက်ထားတာပါအစ်ကို ရေနံဖတ်ကလည်း ရေနံချေးပါရုံလေး ပါရတာ၊ ပတ္တလားအရွက်တွေကို ကြက်ဆီသုတ်ပေးရင် အရောင်တော့လှပါရဲ့၊ ပတ်ကြားအက်တတ်တယ် အစ်ကို. . ."

ကျွန်တော်က ဆက်တီမှထပြီး ပတ္တလားဆီလျှောက်လာခဲ့ရာ မစပယ်ဌေးကပါ ကျွန်တော့်ဘေးမှ ပါလာသည်။

"ဒီပတ္တလားမှာ ပတ္တလား ဘယ်နှစ်ရွက်ရှိလဲ ဌေး. . ."

"၂၄ ရွက်ရှိတယ်၊ ပတ္တလားရဲ့ အလျားက ၄၅ လက်မရှိတယ် အစ်ကို. . ."

"ရှေးမြန်မာတွေဟာ ဝါးကို ကောင်းကောင်း အသုံးချခဲ့တာပဲ နော်. . ."

"ဟုတ်တယ် အစ်ကို ဝါးပတ္တလားဟာ အဖွဲ့၊ အနွဲ့၊ အသတ်စတဲ့ အတီးစည်းကမ်းတွေကို လိုသလို လုပ်နိုင်တယ်၊ ဝါးပတ္တလားသံဟာ ဆိုင်းသံဗုံသံလိုလို စောင်းသံလိုလို ချိုမြတဲ့ မြန်မာသံစစ်စစ်ပဲ အစ်ကို. . ."

"အစ်ကို ဝါးပတ္တလားလုပ်နည်းရော သိရဲ့လား၊ ဒီဝါးပတ္တလားကို ဖေဖေကိုယ်တိုင်လုပ်ထားတာ၊ ဝါးပတ္တလားလုပ်တာက သိပ်စည်းကမ်း စနစ်တကျရှိတာ အစ်ကိုရဲ့. . ."

"ပြောပြပါအုန်း ဌေး ဗဟုသုတအဖြစ် မှတ်ထားရအောင်. . ."

"ဝါးပတ္တလားလုပ်တဲ့ဝါးဟာ ကဒုံဝါးဖြစ်ရမယ်အစ်ကို ဝါးသက်တမ်းကလည်း သုံးနှစ် ခြောက်နှစ်အတွင်း ဖြစ်ရမယ်၊ သုံးနှစ်သား ဝါးဆိုရင် အသံချိုတယ်၊ လေးနှစ်ဆိုရင် မချိုလွန်း မမာလွန်းပေါ့ ငါးနှစ်ကခြောက်နှစ်အတွင်းဆိုရင် အသံမာသတဲ့ အစ်ကို. . ."

"ကဒ့်ဝါး သုံးရာမှာလည်း အဖျားကျိုးရင် မသုံးရဘူး၊ အဲဒီဝါးရုံဟာ ကုန်းပေါ်မှာပေါက်တဲ့ ဝါးရုံဖြစ်ရမယ်၊ အဲဒီဝါးရုံရဲ့ အလယ်က ဖြောင့်နေတဲ့ ဝါးပဲဖြစ်ရမယ်၊ ကျပ်နဲ့မှဲ့တွေ မပါရဘူး၊ အဲဒီဝါးကို လေးခြမ်း ခြမ်းပြီး နေပူခံ နှစ်ခြမ်းကို ယူရမယ် အစ်ကို. . ."

"အဲဒီဝါးကို ခုတ်ပြီးတာနဲ့ လိုချင်သလောက် စိတ်နေပျောက် မထိုးတဲ့နေရာမှာ ခုနှစ်ရက်ထောင်ထားရမယ်၊ ပြီးတော့ ရေလေး ဆယ့်ငါးရက် စိမ်ရမယ်၊ တစ်နေ့တစ်ခါ ရေလဲပေးရမယ်၊ ရေရှင် ဆိုရင်တော့ လဲစရာမလိုဘူးပေါ့ အစ်ကို. . ."

"၄၅ ရက်စေ့တော့ ရေထဲကဆယ်ပြီး နေပျောက်မထိုးတဲ့ နေရာ ခုနှစ်ရက်ပြန်ထောင်ထားရမယ်၊ အဲဒီနောက်ကျပ် ခိုးစင်မှာ ကျပ်ခိုးကောင်းကောင်းနဲ့ သုံးနှစ်ထားရင် သိပ်အသံကောင်းတဲ့ ပတ္တလားလုပ်လို့ရသတဲ့ အစ်ကို. . ."

"တယ်မလွယ်ပါလား ငွေး. . ."

"ဝါး ခုတ်မယ့်ရက်လည်း ရွေးရတယ်အစ်ကို တန်ဆောင် မုန်းလဆုတ် ပက္ခမှာခုတ်ရတယ်။ အဲဒီလဆုတ် ၈ ရက်၊ ၉ ရက်၊ ၁၀ ရက်မှာ ခုတ်ရင်ပိုကောင်းတယ်အစ်ကို ရေထရက် ခုတ်မိရင် အသံပြောင်းသွား တတ်သတဲ့အစ်ကို. . ."

"အင်း မြန်မာ့ဂီတတို့ မြန်မာ့တူရိယာတို့ဟာ လွယ်လွယ် လုပ်ထားတာ မဟုတ်ဘူးနော် ငွေး သူ့အမိပ္ပါယ်နဲ့သူ သူ့စည်းကမ်းနဲ့ သူ ဒီပညာကို ပေ့ါပေ့ါတန်တန် တော်ရုံနဲ့တော့ တတ်ဖို့မလွယ်ဘူး နော်. . ."

"ဪ လူလေးတောင် ရောက်နေမှကိုး ရောက်တာကြာ ပြီလား၊ သမီးရေ၊ မေမေလည်း ဒေါ်ခင်ဥတို့ကို သွားကြည့်တာ



ဆေးရုံရောက်တဲ့ အထိပဲ၊ ဆေးရုံမတက်ဘဲပေနေလို့ မနည်းတင် ခဲ့ရတယ်၊ လူလေးကို ဘာမှဧည့်မခံဘူးလား သမီး ဟင်၊ ဒီရွှေပုစွန် ကိတ်မုန့်တွေ လူလေးယူလာတာလား၊ ဒုက္ခရှာလို့ကွယ်၊ တို့သား အမိနှစ်ယောက်ထဲနေတာ ဘာမှမလိုပါဘူး နောက်ယူမလာနဲ့နော်. . ."

"အစ်ကိုနဲ့ ဂီတအကြောင်း စကားကောင်းနေတာနဲ့ ဘာမှ ဧည့်မခံရသေးဘူး မေမေ၊ အစ်ကိုခဏနော်. . ."

"ငွေး အစ်ကိုပြန်တော့မယ်၊ ဒေါ်ဒေါ် ကျွန်တော့်ကို ပြန်ခွင့် ပြုပါအုန်း. . ."

"နေပါအုန်းလားကွဲ့၊ အဒေါ် လူလေးယူလာတဲ့ ကိတ်မုန့် လေး လှီးလိုက်အုန်းမယ်. . ."

"နေပါစေ ဒေါ်ဒေါ်၊ ၉ နာရီတောင် ထိုးတော့မယ်၊ ပြန် တော့မယ်နော် ငွေး. . ."

"နက်ဖြန် ထမင်းလာစားလေ၊ မနက်စောစော လာရင် တော့ ရခိုင်မုန့်တီပါ စားရမယ်၊ ညနေစာ ချက်ထားလိုက်မယ်၊ ဆက်ဆက်လာခဲ့နော် အစ်ကို. . ."

"အင်း၊ လာခဲ့မယ်လေ၊ အစ်ကိုပြန်မယ်နော်. . ."

"လမ်းကို ဂရုစိုက်သွားနော်၊ ငွေးသာ ယောကျ်ားလေးဆို အစ်ကို့ကို လိုက်ပို့ပါတယ်. . ."

ကျွန်တော် မစပယ်ငွေးတို့အိမ်မှ တရွေ့ရွေ့ထွက်ခွါလာခဲ့ လင့်ကစား ကျွန်တော်စိတ်တွေသည် ချစ်ခင်နှစ်လိုဖွယ်ကောင်း သော မစပယ်ငွေးဆီသာ ကျန်ရစ်ခဲ့ပါသည်။

ကျွန်တော့်အနေဖြင့် မစပယ်ငွေးကို သီတာရေမြေဆုံးစေ တော့ မုန်းဖို့မေ့ဖို့ လွယ်နိုင်မည်တဲ့လား။

# ဝီရ စံအိမ်

ကျွန်တော်သည် ဌေးနှင့်သိကျွမ်းပြီးနောက် တစ်နှစ်ခန့် ဆိုသော အချိန်သည် ခဏလေးနှင့် ကုန်သွားသည်ဟု ထင်လိုက်ရ၏။ ကျောင်းပြန်ဖွင့်တော့ ဌေးလည်း သပြုမှ ခနေဖြူကျောင်းသို့ ပြောင်းမိန့်ကျ၍ သွားရေးလာရေး အဆင်ပြေသွား၏။ ခနေဖြူဆိပ်ကမ်းရောက်သည်နှင့် ကျွန်တော်သည် ဌေးအားသွားရောက်ဖူးမျှော်မြဲ။ ကိုစောဦးနှင့် ဌေးတို့ တီးကြဆိုကြသည့် သီချင်းကြီး သီချင်းခန့် ပတ်ပျိုး ကာလပေါ်သီချင်းများကို နားထောင်ရင်း ဂီတအနုပညာ အကြောင်းများ ဆွေးနွေးရင်းဖြင့် အချိန်သည် ကုန်မှန်းမသိကုန်သွားခဲ့၏။

အချိန်ကြာညောင်း လာသည်နှင့်အမျှ ကျွန်တော်နှင့် ဌေး၏ ခင်မင်ရင်းနှီးမှု အတိုင်းအတာမှာလည်း တိုးတက်မြင့်မားလာခဲ့လေပြီ။ ဌေး၏ အကြင်နာစကားများ ဂရုတစိုက်ရှိပုံများသည် ကျွန်တော့်အား များစွာစိတ်ချမ်းသာစေခဲ့ပါ၏။





ခက်သည်က ဌေးသည် ကိုစောဦးကိုလည်း ကျွန်တော့်လိုပင် ဆက်ဆံနေခြင်းပင်။ ကိုစောဦးနှင့် ကျွန်တော် ထူးခြားချက်မှာ ကျွန်တော်ကဌေးအား အကြင်နာမျက်လုံးများနှင့် မကြာခဏကြည့်တတ်သော်လည်း ကိုစောဦးက ဌေးအားစူးစူးစိုက်စိုက် ကြည့်သည်ကို မတွေ့မိခြင်းသာ ထူးခြားပါသည်။ ကျွန်တော့်အနေဖြင့် ဌေးနှင့် အကြည့်ချင်းဆုံလေတိုင်း ရင်ခုံရမြဲပင်။ ကျွန်တော်နှင့် အကြည့်ချင်းဆုံလေတိုင်း ဌေး မျက်လွှာချသွားတတ်မြဲ။ ဌေးသည် ကျောင်းဆရာမပီပီ အိန္ဒြေရလွန်းသဖြင့် ကျွန်တော့်အပေါ် ပြန်လည်စိတ်ဝင်စားမှုရှိ မရှိ ခန့်မှန်းရခက်နေသည်။

ကျွန်တော့်ရင်ထဲ၌ ဌေးအား မြတ်နိုးတွယ်တာရသလောက် မြတ်နိုးတွယ်တာမှုနှင့်အညီ မနာလိုမှု ဝန်တိုမှု မကျေနပ်မှုလေးများလည်း ဖြစ်ရတတ်ပါသည်။

ကိုစောဦးက ဌေးအားကြည့်ပြီး "ပပငယ်လေဝင်းဝင်း" မယ်ဘွဲ့ပတ်ပျိုးဆိုလျှင် ကျွန်တော့်ရင်ထဲ၌ မီးမြိုက်ခံရသလို ပူပူလောင်လောင် ခံစားရ၏။ မကျေမနပ် ဖြစ်ရ၏။ ကိုစောဦးကို မနာလိုဖြစ်ပြီး ကြည့်မရချင်တော့။ ကိုစောဦးကလည်း ကျွန်တော့်ကို အကဲခတ်နေသူဖြစ်၏။ တစ်ခါတလေ ကျွန်တော့်ကို ရွဲ့တတ်၏။ ကျွန်တော်တို့နှစ်ယောက်က ခင်ခင်မင်မင် ရင်းရင်းနှီးနှီးရှိသည်မှာ မှန်သော်လည်း ဌေးနှင့်ပတ်သက်လာလျှင် စိတ်ခုတတ်စိတ်ကောက်တတ်ကြ၏။ ဌေးကကျွန်တော့အား အရမ်းဂရုစိုက်လွန်းနေလျှင် ကိုစောဦးက ထပြန်သွားတတ်သလို ကိုစောဦး နှင့် ဌေးရယ်ရယ်မောမောဖြစ်နေလျှင် ကျွန်တော့်ရင်ထဲ နေဆယ်စင်းထွက်သလို ခံစားရပြီး ကျွန်တော့်မျက်နှာသည် ပြုံတော့မယ့်မိုးလို ညှိုလာတတ်၏။

ကျွန်တော်သည် ဟန်ဆောင်နိုင်စွမ်းမရှိ။ သိသာလွန်းလှ၏။ ကျွန်တော့်မျက်နှာညိုနေလျှင် ဒွေး မနေတတ်သည်ကိုလည်း ကျွန်တော်သိ၏။ "အစ်ကိုဘယ်လို ဖြစ်နေတာလဲ . . ." ဟုပြောရင်း ကျွန်တော်မျက်နှာ ကြည်လင်လာအောင် ချော့တတ်၏။ တစ်ခါ တစ်လေ ကိုစောဦးကိုပင် အပြန်ခိုင်းတတ်၏။

နောက်တစ်ခုက ကိုစောဦးနှမ မစောဝေ၊ မစောဝေက အသက် ၁၈ နှစ်ခန့်သာရှိသေး၏။ ၁၀ တန်းကျောင်းသူ၊ ကိုစောဦး တို့တွင် မောင်နှမ နှစ်ယောက်သာရှိ၏။ သူတို့မိဘများက သင်ဖြူး ရောင်းကြသည်။ သူတို့ အိမ်တစ်ခေါက်ရောက်ဖူး၍ ပြေပြေလည်လည် ရှိသည်ကို သိခဲ့ရ၏။ မစောဝေကလည်း ကိုစောဦးလို အသားညိုချော၊ မျက်နှာဝိုင်းဝိုင်းလေးနှင့် ချစ်စရာကောင်း၏။ ဖော်ရွေတက်သော အပြုံးပိုင်ရှင်မလေးဖြစ်သည်။ ကိုယ်လုံးက တကယ့်ငါးရံ့ကိုယ်၊ ဒွေးထက်ပင် ကိုယ်လုံးကိုယ်ပေါက်လှ၏။ အရပ်ကတော့ ဒွေး လောက်မရှိ။ ကျွန်တော့်ကိုလည်း "အစ်ကိုကြီး အစ်ကိုကြီး. . ."နှင့် ရင်းရင်းနှီးနှီး ဖက်လဲတကင်း ဆက်ဆံသည်။ စကားပြောလျှင် ကျွန်တော့်လက်ကိုကိုင်၍ ပြောတတ်သည်။ မစောဝေပြန်သွားလျှင် ဒွေးကကျွန်တော့်ကို အနေအထိုင်အပြောအဆို ဆင်ခြင်ဖို့သတိပေး တော့သည်။ ပြီးတော့ ဒွေးမျက်နှာသုန်သုန်မှုန်မှုန် ဖြစ်နေတတ်၏။ တကယ်တော့ ကျွန်တော့်ကို ပြောစရာမလို၊ ကျွန်တော်က မစောဝေနှင့် ပတ်သက်လာလျှင် သစ်ငုတ်လိုနေသည့်သူ၊ မစောဝေ လို ရောရောနှောနှောတော့ မပြောမိ၊ "ဒွေးကလည်းကွာ အစ်ကိုက ဘယ်လိုလုပ်နေလို့လဲ . ." ဟုပြန်ပြောလျှင် "ဟိုက မနူးမနပ် အရွယ်မို့ အစ်ကိုဆင်ခြင်နိုင်အောင်လို့ ပြောတာပါ. . ." ဟု ပြောတတ်၏။



ကျွန်တော့်မျက်နှာရိပ် မျက်နှာကဲကြည့်ပြီး ဒွေးပြင်တတ်၏။ ပြောင်းတတ်၏။ မစောဝေလာသည့်နေ့တွင်သာ ဒွေးမျက်နှာ တိမ်ဖုံးသလို မကြည်မလင်ဖြစ်တတ်သည်မှအပ ကျွန်တော်နှင့် စကားလက်ဆုံကျနေစဉ် ကာလတစ်လျှောက်လုံး မျက်နှာဝွေလဖြင့် ပြုံးရယ်နေတတ်၏။ ဒွေးမျက်နှာညိုနေလျှင်လည်း ကျွန်တော် စိတ်ဆင်းရဲရသည်ပင်။

မစောဝေ၏ အနှောင့်မလွတ် အသွားမလွတ် စကားကြောင့် ကျွန်တော် စိတ်ဆင်းရဲရ၏။ မစောဝေက ဒွေးအား "ယောက်မ" ဟု မကြာခဏခေါ်တတ်၏။ မစောဝေက ဒွေးအား သူ့မအစ်ကို ကိုစောဦးနှင့် ရည်ရွယ်ပြီး ယောက်မခေါ်သလားဟု စဉ်းစားပြီး ကျွန်တော် စိတ်ဆင်းရဲရတော့၏။ ဒွေးကကျွန်တော့်ကို အစ်ကိုဟု အမြဲခေါ်သဖြင့် မစောဝေက ဒွေးအားယောက်မ ခေါ်လေသလားဟု စဉ်းစားမိသည့်အခါ စိတ်သက်သာစရာ အနည်းငယ်ရတော့သည်။ ကျွန်တော့်အနေဖြင့်မူ မစောဝေကို ကလေးလေး နှမလေးဟု အောက်မေ့ခဲ့သည်သာ။

ကျွန်တော်၏ စိတ်အနှောက်အယှက် ဖြစ်စရာတစ်ခုက မနေ့က ကိစ္စပဲဖြစ်သည်။ မနေ့က ဓနုဖြူရောက်ရောက်ချင်း ကျွန်တော်ဒွေးတို့ အိမ်လာခဲ့၏။ ဒွေးတို့ခြံဝန်းထဲမှ စပရင်တာ အနီရောင်ကားတစ်စီး ထွက်လာသဖြင့် လမ်းဘေးကပ်ရှောင်ပေး လိုက်ရ၏။ ကားတံခါးမှန်များကို ပြဒါးသုတ်ထားသဖြင့် အတွင်းမှ လူကိုမမြင်ရ၊ ကျွန်တော့်စိတ်ထဲ ထင့်ကနဲ ခံစားလိုက်ရ၏။ ရင်ထဲ တွင် နွေလယ်နေလို ပူလောင်လာသည်။ ဒွေးအိမ်ဆီသို့ ကျွန်တော် အမြန်လျှောက်ခဲ့၏။

ဧည့်ခန်းဆက်တီပေါ်တွင် ဒေါ်အေးအေးတစ်ယောက်တည်း ထိုင်နေသည်ကိုတွေ့ရ၏။

"ဒေါ်ဒေါ်၊ ခုန ထွက်သွားတဲ့ကားနဲ့လူတွေက ဘယ်သူတွေလဲ ဟင်. . ."

"တရုတ်တန်းက ဦးလောပန် ဒေါ်ယုကြည်တို့ပါကွယ်. . ."

ဒေါ်အေးအေးက မဖြေချင်ဖြေချင်ဖြေသည်။ မျက်နှာလည်းမကောင်း။

"ဘာကိစ္စလာတာလဲ ဒေါ်ဒေါ်. . ."

"သမီးကို လာတောင်းတာပေါ့. . ."

ဒေါ်အေးအေးစကားကြောင့် ကျွန်တော့်ရင်ထဲ ဒိန်းကနဲဖြစ်သွားပြီး ဒေါ်အေးအေးလက်ကို လှမ်းဆွဲမိရက်သားဖြစ်သွား၏။

"ဘယ်လိုဖြစ်တာလဲ ပြောစမ်းပါအုန်း ဒေါ်ဒေါ်. . ."

"အဒေါ်သူငယ်ချင်း ခင်အေးမြင့်က ဟိုတစ်နေ့က ဈေးထဲတွေ့တော့ ဦးလောပန်သား ခင်မောင်လွင်နဲ့ သမီးနဲ့သဘောတူသလားတဲ့၊ အဒေါ်ကလည်း နောက်တယ်ထင်ပြီး သဘောရိုးနဲ့တူတယ်လို့ ပြောလိုက်မိတယ်. . ."

"စောစောက သူတို့လာတော့ အဒေါ်အံ့သြသွားတာပေါ့၊ အဲဒီကိစ္စသမီးကို ဘာမှမပြောရသေးဘူးလေ၊ အဒေါ်အနေနဲ့တော့ လှရက်ပရက်နဲ့ ဝတ်ချင်တာမဝတ်ရ စားချင်တာမစားရတဲ့ သမီးလေးဘဝကို သနားပြီး သူဌေးသားနဲ့ သဘောတူမိတာတော့ အမှန်ပါပဲ၊ ဟိုသူငယ်ကလည်း အသက်ကသမီးထက် ၇ နှစ်လောက်ကြီးတာပဲ၊ ပြောစရာ ရှိပါတယ်၊ ရုပ်ရည်လည်း မဆိုးရှာပါဘူး. . ."



"အဒေါ်သမီး သဘောထားသွားမေးကြည့်တော့ သမီးက ခါးခါးသီးသီး ငြင်းပယ်တယ်လေ၊ ခင်အေးမြင့်ပါ နားချတာပဲ၊ မရပါဘူး၊ အဒေါ်အနေနဲ့တော့ သမီးလေးစိတ်မဆင်းရဲစေချင်ဘူး၊ ဒါကြောင့် မတိုက်တွန်းပါဘူး၊ ကိုယ်ချင်းစာတယ်လေ၊ အဒေါ်အသက်ရှင်နေသမျှတော့ သမီးလေးမျက်နှာ မငယ်ရအောင် ကျွေးမွေးပြုစုမှာပါ လူလေး. . ."

ဒေါ်အေးအေး၏ ဆင်စီးမြင်းရံစေတနာတွေ ဌေးစိတ်ဆင်းရဲမှာစိုးသည့် ချစ်ခြင်းမေတ္တာတွေသိရတော့ ကျွန်တော် ဒေါ်အေးအေးကို လေးစားလို့မဆုံးတော့။ ဦးလောပန်ကို ကျွန်တော် ကောင်းကောင်းသိပါသည်။ လူချင်းရင်းနှီးမှုတော့ မရှိပါ။ ကျွန်တော့် ရေယာဉ်ပိုင်ရှင်တို့နှင့်တော့ ရင်းနှီးကြပါသည်။ ဦးလောပန်၏ အသွားကုန် အပြန်ကုန်တို့ကို ကျွန်တော်တို့ရေယာဉ်တွေနှင့်ပင် တင်နေရသည်မဟုတ်ပါလား။ ကျိုကျိုတက်ချမ်းသာသော ဦးလောပန်သားနှင့် အိမ်ထောင်ပြုပါက ဌေးခုလိုချို့ချို့ ငဲ့ငဲ့နေရမည်မဟုတ်။ ဌေး၏နားမှ နားကပ်ပါးပါးလေးနေရာတွင် စိန်နားကပ်ကြီးကြီး ရောက်လာမည်။ ဌေးလည်ပင်းမှ သေးသေးမျှင်မျှင်ဆွဲကြိုးလေး နေရာတွင် ရွှေတုတ်တုတ်ခိုင်ခိုင်ဖြင့် စိန်လည်ဆွဲရောက်လာပေလိမ့်မည်။ လက်ကောက် မရှိသော လက်စွပ်မရှိသော ဌေးလက်တို့တွင် စိန်လက်ကောက် စိန်လက်စွပ်တို့ ရောက်လာပေလိမ့်မည်။

ဌေးက အလွန်တရာ လှပလျက်သားနှင့် ငွေမရှိတော့ အလှက ပေါ်သင့်သလောက် မပေါ်။ ဌေးဘဝကို အနီးကပ်တွေ့နေရသည့် ကျွန်တော်အနေနှင့် ဌေးတို့ချို့ချို့ငဲ့ငဲ့ နေထိုင်စားသောက်ရသည်ကို ကောင်းကောင်း သိနေသည်။ ဌေးအနေရိုး၍သာ တော်တော့သည်။

ဒွေးခမျာတွေ့လိုက်တိုင်း သစ်သစ်လွင်လွင် ဝတ်စားထားသည် မတွေ့ရ၊ အရောင်လွင့်နေသော အဝတ်အစားများနှင့်သာ တွေ့ရသည်။ ကျောင်းစိမ်းထဘီပင် သစ်သစ်လွင်လွင်မဟုတ်၊ ကျွန်တော် အနေနှင့်လည်း ဆန္ဒသာရှိသည်။ ငွေမရှိတော့ ဘာမျှမကူညီနိုင်။

ကျွန်တော်ချစ်မြတ်နိုး၍ ဒွေးကလည်း ကျွန်တော့်ကိုပြန် မေတ္တာမျှ၍ လက်ထပ်လိုက်ပါကလည်း မွဲချင်သည့်ခွေး ပြာပုံတိုး ဆိုသလို ဖြစ်သွားမည်။ ငွေ၏တန်ဖိုးကြီးပုံကို ဒွေးကိုချစ်မိမှ ခုမှ ပိုသိရသည်။ မိဘလက်ထက်တွင် ငွေကို ရေလိုသုံးခဲ့သော ကျွန်တော်သည် ငွေကိုအထင်မကြီးခဲ့ အလေးမထားခဲ့။ ကိုယ့် ခြေထောက်ပေါ် ကိုယ်ရပ်တော့လည်း တစ်ကိုယ်ရေတစ်ကာယမို့ ငွေတန်ဖိုး ငွေတန်ခိုးကြီးပုံကို မသိခဲ့။ ခုတော့ ကျွန်တော်ငွေကြေး အရမ်းချမ်းသာလာချင်ပြီ။ ကျွန်တော် ချမ်းသာချင်တာကလည်း ဒွေးကို ရွှေပေါ်မြတင်ထားချင်၍ ဖြစ်သည်။ ခင်မောင်လွင်လက်ထဲ ဒွေးကို မထည့်ရက်။

ငွေကိုလိုချင်သလောက် မရှာနိုင်သော ကျွန်တော်သည် ခုတော့ စိတ်ဆင်းရဲနေရပြီ။ ဒေါ်အေးအေး စကားကြားရတော့ ဒွေး အပေါ် ဒေါ်အေးအေးလောက် ကျွန်တော်စေတနာ မေတ္တာမထားခဲ့ မိသည်ကို ဆင်ခြင်မိလာသည်။ တကယ်တော့ ကျွန်တော်သည် ကျွန်တော့်လိုအင်ဆန္ဒတစ်ခုတည်းနှင့် ဒွေးကိုဖွတ်သည်ထက်ညစ် အောင် လုပ်မည့်သူသာဖြစ်သည်။ ကျွန်တော် ဒွေးကို ဘယ်နည်း နှင့်မျှ အဆင့်အတန်းမြင့်မြင့် မထားနိုင်။

ဆုံးပြွမ်းသည့် ကျွန်တော့်ဘဝ ခရောင်းလမ်းကို ဒွေးအား အတူ လျှောက်လှမ်းစေသင့်ပါသလား။ အတူလျှောက်ဖို့ခေါ်ခဲ့ပါလျှင်



ကျွန်တော်သည် ဒွေးကိုချစ်ရာရောက်ပါတော့မည်လား။ ဒွေးအား ခင်မောင်လွင်နှင့် စိန်စီသောလမ်းသို့ လျှောက်ခိုင်းစေသင့်သည် မဟုတ်ပါလား။

ကျွန်တော်ဘာကို ဆုံးဖြတ်ရမှန်းမသိအောင် အသိဉာဏ် တွေ ထိုင်းမှိုင်းလာသည်။ အရာရာသည် ဝေဝါးနေသလို ခံစားရ သည်။ ရင်ထဲတွင် စစ်စစ်ကျင်ကျင် နာနာကျည်းကျည်း ခံစား နေရသည်။

"အစ်ကိုဘာတွေ စဉ်းစားနေတာလဲ. . ."

"ဩော် ဒွေး. . ."

ကျွန်တော် ဆက်စကားမပြောနိုင်။ ဒွေးကိုကြည့်ပြီး ငိုချင် လာသည်။ ကျွန်တော့်ရင်ထဲတွင်တော့ ကြိတ်၍ငိုနေမိပြီ။ ဒွေးကို အရိပ်တကြည့်ကြည့်နှင့်သာ တိတ်တခိုးချစ်လာခဲ့မိသည်။ ဒွေး စိတ်ပြိုငြင်သွားမှာစိုး၍ ချင့်ချိန်စဉ်းစားရင်းဖြင့်သာ ကျွန်တော့် အချစ်ကို ဖွင့်မပြောဖြစ်ခဲ့၊ ခုတော့ ပြောဖို့လိုပါဦးမည်လား၊ ပြောဖို့ မလိုတော့ပါ၊ စိန်စီသောလမ်းတွင် ဆက်လျှောက်ဖို့သာ တိုက်တွန်း သင့်သည်မဟုတ်ပါလား။

"ဒွေး၊ ကိုခင်မောင်လွင်မိဘတွေကို ဘာလို့ငြင်းလိုက်တာ လဲဟင်. . ."

"ဒွေးဘဝကို ငွေနဲ့လဲလှယ်လိုက်ရမှာလား၊ လာဝယ်တာနဲ့ ရောင်းလိုက်ရမှာလား ဒွေးဟာလူပါ၊ နှလုံးသားနဲ့ပါ အစ်ကို. . ."

ကျွန်တော်ဘာဆက်ပြောရမှန်း မသိတော့၊ ဒွေးကို ရီဝေစွာ ငေးကြည့်နေမိသည်။

"ငွေဟာ လိုချင်စရာ မက်မောစရာမှန်း ဒွေးသိပါတယ်၊ ဒွေးဟာ လူထဲကလူပါ။ ပြီးတော့ မိန်းမသားပါ။ ဒွေးငွေမမက်ဘူး မဟုတ်ပါဘူး၊ ဒါပေမယ့် ငွေတွေတစ်ပုံကြီး ဘန်းပြပေးလာတာနဲ့ ချစ်ခြင်းမေတ္တာအငွေ့ အသက်တွေပြည့်လျှမ်းတဲ့ မျက်လုံးမျိုးနဲ့ တစ်ကြိမ်မျှတောင် မကြည့်ခဲ့ဖူးတဲ့ သူစိမ်းယောက်ျားတစ်ယောက်ရဲ့ ရင်ခွင်ထဲကို ဝင်လိုက်ရတော့မှာလားအစ်ကို. . . "

"ဒွေးဘဝမှာ ဆင်းရဲနွမ်းပါးခြင်းဟာ ရင်းနှီးနေတဲ့မိတ်ဆွေ တစ်ယောက်ပါ။ ဒွေးခံနိုင်သင့်သလောက် ခံနိုင်ပါတယ်၊ ဒွေး မိန်းကလေးပေမယ့် မြို့သိပ်နိုင်စွမ်း ရောင့်ရဲနိုင်စွမ်းရှိပါတယ်၊ ရွှေအိမ်မှာ စိန်စီတဲ့ အိပ်ရာပေါ်မှာ ဒွေးငိုကြွေးမနေရဘူးလို့ တာဝန်ယူရဲရဲ့လားအစ်ကို. . . "

"ဒွေးကို စိန်ရွှေငွေတွေ နေ့စဉ်ပေးနေတဲ့ ယောက်ျားမျိုး ထက် အလုပ်ကြိုးစားလုပ်တတ်ပြီး အကြင်နာမျက်ဝန်းအကြည့် နေ့စဉ်ပေးတတ်တဲ့ ယောက်ျားမျိုးကိုပဲ ဒွေးမြတ်နိုးပါတယ်အစ်ကို၊ မေမေ့ကိုတော့ ဒွေး သနားပါတယ်၊ သမီးသဘောထားကို မေမေ နားလည်ပါနော် . . "

"ရပါတယ်သမီးရယ်၊ ပစ္စည်းသခ်ါရ လူသခ်ါရပါ၊ လူ့ဘဝမှာ နေရသခိုက် စိတ်ချမ်းသာဖို့က အဓိကပါသမီး၊ သမီးလေး စိတ်မချမ်း သာမယ့်ဟာ မေမေဘာတစ်ခုမှ မလုပ်ပါဘူးကွယ်၊ မေမေ အသက် ရှင်နေသမျှ သမီးလေးရဲ့ဘဝ လုံခြုံအေးမြစေရမယ်နော်. . . "

ဒွေးတို့သားအမိ၏ နားလည်တတ်လွန်းမှုများကို သိလာရ တော့ ကျွန်တော့်ရင်ထဲတွင် အမျိုးအမည်ဖော်ပြမစွမ်းသော ဝေဒနာတွေ ထွေးထွေးပွေ့ပွေ့ ခံစားလိုက်ရသည်။ နန်းစံပေါင်းနေရာ



တွင်သာ ဒေါ်အေးအေးဖြစ်ခဲ့ပါက ကျွန်တော့်ဘဝသည်လည်း လုံခြုံ အေးမြနေပေလိမ့်မည်။

"အစ်ကိုရေ၊ နက်ဖန် မဟာဗန္ဓုလအုတ်ဂူသင်္ချိုင်းနဲ့ ကျိုက်က လွန်ပွန်း ဘုရားသွားရအောင်နော်၊ ကိုဦးကိုလည်း ဒွေးပြောထား လိုက်မယ်၊ အစ်ကို ခဏထိုင်အုန်းနော်၊ ဒွေးထမင်းပွဲသွားပြင်လိုက် အုန်းမယ် . . "

ငါးပိရည်ကျို တို့စရာ ခရမ်းသီးနှပ်ဟင်းဖြင့် ထမင်းလက်ဆုံ စားဖြစ်ကြသည်။ ထမင်းစားရင်း အကြင်နာအငွေ့အသက်တွေ ဖြန့်ဝေဖြစ်ကြသည်။

ထမင်းစားပြီးသည်နှင့် စက်ကိုင်စရာရှိ၍ ကျွန်တော် နှုတ်ဆက်ပြီးပြန်ခဲ့သည်။

စိတ်တည်ကြည် ခိုင်မာလွန်းသည့်ဒွေး၊ ဘဝကြင်ဖော်ကို ငွေကြေးဓနရာထူးဂုဏ်ရှိန် ပေတန်များဖြင့် တိုင်းကာရွေးချယ်နေ သည့် ခေတ်ထဲဝယ် ဒွေးတိုင်းတာသည့်ပေတန်မှာ သေးနုပ်နေ လွန်းသည်ဟု ထင်စရာရှိ၏။ ထိုသို့ထင်ရလင့်ကစား ထိုပေတန်နှင့် ပေမီကိုက်မီရှိနိုင်သည့် ယောက်ျားကလည်း ပေါများလှသည်တော့ မဟုတ်ဟု ကျွန်တော်ထင်မိ၏။

ဒွေး ကိုစောဦးကို ရည်ညွှန်းလေသလားဟု စဉ်းစားမိလိုက် သည့်အခါ ကျွန်တော်တုန်တုန်လှုပ်လှုပ် ဖြစ်သွားရ၏။ ဒွေး ရည်ညွှန်းရာတွင် ကျွန်တော်လည်းပါနိုင်သလားဟု ဒွေးတို့အိမ်မှ ပြန်လာကတည်းက စဉ်းစားလာခဲ့မိ၏။ မနေ့ညတစ်ညလုံးလည်း စဉ်းစားဖြစ်ခဲ့၏။ အဖြေသိရန်အတွက် အဖြေတောင်းရန်မှ တစ်ပါး အခြားမရှိဟု နားလည်လိုက်သည်။

သည်နေ့ တနင်္ဂနွေနေ့၊ ဌေးနှင့်အချိန် များများစားစား ဆုံနိုင်သည့်နေ့ဖြစ်သည်၊ တကယ်တော့ ဌေးမှာ အချိန်သိပ်မရှိ။ ကျောင်းသွားဖို့ ပြင်ဆင်ချိန်၊ ကျောင်းသွား စာသင်ချိန်၊ ကျောင်းပြန်လာလျှင် ဒေါ်အေးအေးနောက်နေ့မနက် ဈေးထွက်နိုင်ဖို့ ပြင်ဆင်ပေးရသည့်အချိန်၊ စာမလိုက်နိုင်သည့် ကလေးများကို အိမ်ခေါ်ပြီး စာသင်ပေးရသည့်အချိန်၊ ကျွန်တော်လိုလူလာလျှင် ဧည့်ခံစကား ပြောရသည့်အချိန်၊ အိပ်ယာမဝင်ခင် သဘင်အသက်ခုနစ်ရက်မှို့ သီချင်းကြီး သီချင်းခန့် ပတ်ပျိုးသီချင်းဆိုရ သည့်အချိန်။ မိုးလင်းသည်နှင့် ဒေါ်အေးအေးဈေးထွက်ဖို့ ပြင်ဆင်ပေးပြီး ချက်ပြုတ်စားသောက် ကျောင်းသွားဖို့ ပြင်ဆင်ရသည့် အချိန်တို့နှင့် ချာလပတ်လည်နေသည်။ တကယ်စဉ်းစားကြည့်လျှင် ဌေးတွင် အားချိန်နားချိန်မရှိ၊ အိပ်ချိန်သာလျှင် နားချိန်ဖြစ်သည်။ ကျောင်းပိတ်ရက်တွင်ပင် လျှော်ရဖွတ်ရ မီးပူတိုက်ရနှင့် အလုပ်တွေများနေတတ်သည်။

မနေ့က ဌေး ကိုယ်တိုင်က သည်နေ့ကျောင်းပိတ်ရက်မို့ မဟာဗန္ဓုလအုတ်ဂူသင်္ချိုင်းနှင့် ကျိုက်ကလွန်ပွန်းဘုရားသို့သွားမည်ဟု ပြောထားခဲ့သည်။ ကိုစောဦးပါလာတော့ လွတ်လွတ်လပ်လပ်တော့ ဖြစ်မည်မဟုတ်။ သို့ပေမယ့် အခြေအနေပေးသည်နှင့် ကျွန်တော်မြတ်နိုးတွယ်တာနေသည့်အကြောင်း ရင်ထဲက ဝေဒနာတွေကို ဖွင့်ပြောလိုက်တော့မည်ဟု ဆုံးဖြတ်ထားသည်။

အချို့ကလည်း ဖူးစာမဟုတ်၊ ဦးရာဟု ပြောကြသည်။ ဌေးကတော့ သည်လိုမိန်းကလေးမျိုးဟု ကျွန်တော်မထင်။ ချစ်သူပြိုင်ရှိနေလျှင် လက်ဦးဖို့တော့ လိုပေလိမ့်မည်။ ကိုစောဦးကိုလည်း



လျှော့တွက်ထား၍မရ၊ မြွေမြွေချင်း ခြေမြင်ပေလိမ့်မည်။ ကိုစောဦးထက် အလျင်ဦးဖို့လိုပေလိမ့်မည်ဟု ကျွန်တော်နားလည်လိုက်သည်။

ကျွန်တော် ဌေးတို့အိမ်သို့ နှင်းမှုန်ကြားတွင် ထွက်လာခဲ့သည်။ ဌေးတို့အိမ်နားရောက်တော့ နေထွက်စပြုလာပြီ၊ နှင်းတွေပင် ကွဲသွားပြီ၊ ဌေးတို့အိမ်ရောက်သည့်အခါ အိမ်ရှေ့တွင် တစ်ယောက်မျှ မတွေ့၊ ဗိုက်နာလာသဖြင့် အိမ်ထဲသို့ မဝင်သေးဘဲ အိမ်သာဝင်တက်လိုက်၏။ ကျွန်တော် အိမ်သာထဲ ထိုင်ရုံရှိသေး ကိုစောဦးအသံကို ကြားရ၏။

“စပယ်ရေ ဘာလုပ်နေလဲ၊ ခုထက်ထိ ပြင်လို့ဆင်လို့ မပြီးသေးဘူးလား. . . ”

ကိုစောဦးက အိမ်ထဲမဝင်ဘဲ အိမ်ရှေ့တွင်ပင် နေစာလှုံရင်း ရပ်နေသည်ကို အိမ်သာထရံပေါက်မှကြည့်၍ တွေ့ရ၏။

“ဘာမှမပြင်ဆင်ပါဘူး ကိုဦးရာ၊ ဘုရားဆွမ်းတော်ကပ်နေတာပါ. . . ”

ဌေးအသံကြားရပြီးနောက် အိမ်ရှေ့ထွက်လာသည်ကို ထရံပေါက်မှ တွေ့လိုက်ရ၏။ ကိုစောဦးဘေးတွင် လာရပ်သည်။ သူတို့ရပ်နေကြသည်က အိမ်သာနှင့် သိပ်မကွာလှမ်းလှ။

“ကိုဦး ညက ပြောထားတာ စဉ်းစားပြီးပြီလား. . . ”

ကျွန်တော့်နားကိုပင် ကျွန်တော်မယုံချင်တော့။ ကြားရသည့် စကားက မယုံချင်စရာမို့ ပိုနားစွင့်ထောင်မိ၏။

“ဘာလုပ်လောနေရတာလဲ၊ ဒီကိစ္စမျိုးက အဖက်ဖက်က ချင့်ချိန်စဉ်းစားရတဲ့ဥစ္စာ. . . ”

"ကိုဦး စိတ်ပူလို့ ပြောတာပါ၊ အခြေအနေက စိုးရိမ်စရာ မဟုတ်လား. . ."

"ဒါဖြင့် ကိုဦးသဘောအတိုင်းပဲ လုပ်လိုက်တော့. . ."

ကျွန်တော့်ခေါင်း မိုးကြိုးပစ်ခံလိုက်ရသလို ခံစားလိုက်ရ၏။ ရင်ထဲတွင် မီးတောင်ပေါက်နေသလို ပူကျွမ်းလောင်မြိုက်စွာ ခံစားနေရင်းကပင် ရှေ့ဆက်မည့်စကားများကို ကြားလို၍ ဆက်နားစွင့်လိုက်မိ၏။

"စိတ်မဆိုးပါနဲ့ စပယ်ရာ၊ ကိုဦးက စပယ်သဘောထားပါ သိချင်လို့ပဲဟာ. . ."

"စိတ်ဆိုးတာ မဟုတ်ပါဘူး၊ ကိုဦးနဲ့က ဒွေးတို့က ငယ်ပေါင်းတွေမဟုတ်လား၊ အယူအဆ တူပြီးသားပါ. . ."

"ဒါဆို ကိုဦးအစီအစဉ်ကို စပယ်သဘောတူတယ်ပေါ့. . ."

"တူပါတယ် ကိုဦးရာ၊ ကိုဦး မိဘတွေကိုလည်း တိုင်ပင်အုန်းလေ. . ."

ဒွေးစကားကြောင့် ဗိုက်နာတာ ဘယ်ရောက်သွားမှန်း မသိ၊ "သွားပါပြီ" ဟူသော အသိစိတ်နှင့်အတူ ရင်ထဲတွင် ကြေကြေကွဲကွဲ ခံစားလိုက်ရသည်။ မနေ့က ကျွန်တော်ဖွင့်ပြောခဲ့လျှင် ကောင်းလေစွ၊ အခြေအနေပေးပါလျက် ဖွင့်မပြောခဲ့မိသည်ကို နောင်တရမဆုံး ဖြစ်နေမိသည်။ ကိုယ့်ကိုကိုယ် အပြစ်တင်နေမိသည်။

"ကိုဦး စိုးရိမ်လွန်းနေလို့ပါ စပယ်ရာ၊ ကိုဦး အစီအစဉ်အတိုင်း လုပ်လိုက်တော့မယ်နော်၊ အဖေနဲ့အမေက ကိုဦးသဘောပါ. . ."

ကိုစောဦးက ဓါတ်မီးခြစ်ဖြင့် ဆေးလိပ်မီးညှိသည်ကို မြင်နေရသည်။ ကျွန်တော့်ရင်ထဲတွင် ယူကျုံးမရခြင်း နှမြောတသခြင်းတို့ဖြင့် ဒွေးကိုလှမ်းကြည့်နေမိသည်။



"ကိုဦး ဓါတ်မီးခြစ်ဓါတ်ဆီကုန်နေလို့ သွားဖြည့်လိုက်အုန်းမယ်၊ ကိုစဝ်ထွန်းနိုင်လာရင် စောင့်ခိုင်းထားနော် ကိုဦးခုပဲ ပြန်လာခဲ့မယ်. . ."

"သွားလေ၊ ဒွေးလည်း အဝတ်အစားလဲလိုက်အုန်းမယ်. . ."

သူတို့နှစ်ယောက်လုံး ထွက်သွားပြီး ခဏကြာမှ ကျွန်တော် အိမ်သာထဲက ထွက်လိုက်၏။ ကျွန်တော်နုံးချိနေသလို ခံစားနေရ၏။ အားအင်တွေ မရှိတော့သလို ဖြစ်နေသည်။ ကျွန်တော်အိုကေဝင်းသို့ ပြန်သွားချင်စိတ် ပေါက်လာ၏။

ကျွန်တော်အိမ်ထဲသို့ မဝင်ဘဲ နေစာလှုံရင်း အနုလုံ ပဋိလုံ စဉ်းစားနေမိ၏။ သေချာစဉ်းစားကြည့်တော့ ကျွန်တော့်ရင်ထဲ ဖြေသာသလို ရှိလာသည်။ အကယ်၍ ဒွေးသည် ကျွန်တော်နှင့် လက်ထပ်ခဲ့လျှင် ကျွန်တော့်ရေယာဉ်ပေါ်တွင်လည်း လိုက်နေနိုင်မည်မဟုတ်။ ကျောင်းဆရာမ အလုပ်ကိုလည်း ထွက်နိုင်မည်မဟုတ်။ ဓနုဖြူတွင်ထားခဲ့ပြီး ကျွန်တော်က သွားချည်လာလှည့်လုပ်မည် ဆိုလျှင်လည်း ကြာရှည်တော့ ကောင်းလှသည်မဟုတ်။ လင်မယားဖြစ်လာလျှင် အတူနေမှ ကောင်းသည်။ အိမ်ထောင်ပြုပြီး နောက်မှ ကိုစောဦးနှင့် ပတ်သက်ပြီး စိတ်အနှောင့်အယှက်ဖြစ်ရလျှင် ကျွန်တော်ရော ဒွေးပါစိတ်ဆင်းရဲကြရပေတော့မည်။ လက်ရှိအနေအထားအရ ကျွန်တော်တို့ ဘဝနှစ်ခုက ဘယ်လိုမှ အဆင်မပြေနိုင်။

ကိုစောဦးနှင့် ယူလိုက်လျှင်သည်ပြဿနာသည် အခက်အခဲတွေ အေးသွားပေလိမ့်မည်။ ပြီးတော့ သူတို့က ငယ်ချစ်တွေ မဟုတ်လား၊ အမဲခြောက်နှင့် ပြည်ပန်းညိုချိုမည့်ဟာ ချိုပါစေတော့၊ ကျွန်တော်ဆားကြားက မဖျက်လိုတော့ပါ၊ ကျွန်တော်ကြောင့်

ငွေးနှင့်ကိုစောဦးတို့ အဆင်ပြေနေတာလေး အပဟန့်အတား အနှောင့်အယှက် မဖြစ်စေလိုတော့ပါ။ ကျွန်တော်အနေအထိုင် အသွားအလာ ဆင်ခြင်တော့မည်ဟု ဆုံးဖြတ်လိုက်ပါသည်။ စိုပြီး သားလက် မခြောက်စေလိုတော့သော်လည်း မီးဝေးချိတ်မာ အနေ ကြာမေ့အောင် ငွေးတို့အိမ်သို့ ခပ်ခြားခြားသွားတော့မည်။ ခနုဖြူ လိုင်းမဟုတ်သည့် အခြားရေယာဉ်လိုင်း တစ်လိုင်းလိုင်းသို့ ပြောင်း လုပ်နိုင်အောင် ကြိုးစားရပေဦးမည်။

"ဟယ်၊ အစ်ကိုရောက်နေပြီ၊ အသံမပေး ဘာမပေးနဲ့၊ ရောက်နေတာကြာပြီလား အစ်ကို. . ."

"ခုလေးတင်ပါ. . ."

ကျွန်တော်ရင်ထဲ မောဟိုက်နွမ်းနယ်နေပါသည်။ ငွေး၏ အပြုအမူ အကြင်နာလေးများက ကျွန်တော့်ရင်အား တသက်သက် ဖြစ်စေပါသည်။ ဝမ်းမသွားဘဲနှင့် လိမ်ပြောမိသည့်အတွက် ကျွန်တော်မသောက်ချင်သော သာလာဆပ်ဝမ်းပိတ်ဆေးကို သောက်ရပေဦးမည်။

"ရော့ အစ်ကို၊ သောက်လိုက်နော်၊ ရေက ရေကျက်အေးပါ။ ဒါဆို အစ်ကို ငွေးတို့နဲ့ လိုက်နိုင်ပါအုန်းမလား. . ."

ဆေးကို မသောက်ချင် သောက်ချင်ဖြင့် ပါးစပ်ထဲထည့်ပြီး ငွေးပေးသော ရေတစ်ခွက်ဖြင့် သောက်ချလိုက်သည်။ ပြီးတော့ သက်ပြင်းမောပါချလိုက်မိ၏။ ငွေး စကားကြောင့် ရင်ထဲတွင် မကောင်းသည့်စိတ်လေးဝင်လာပြီး ခနဲ့ပြောလိုက်မိ၏။

" ကိုစောဦးနဲ့ သွားရင်လည်း ဖြစ်တယ်မဟုတ်လား. . ."



"ငွေးက အစ်ကို့ကို လိုက်ပြချင်တာ၊ အစ်ကိုမလိုက်ရင် ငွေး လည်း မသွားတော့ဘူး. . ."

ငွေး စကားကြားရတော့ ကျွန်တော့်စိတ်တွေ မလုံမလဲ ဖြစ်သွားသည်။ ငွေးခမျာ ဘာမှမသိရှာ၊ ကျွန်တော့်စိတ်ကသာ ခုတစ်မျိုး တော်ကြာတစ်မျိုး ဖြစ်နေသည်။ ခွင့်လွှတ်မလိုလို သဘောထားကြီးမလိုလို၊ ငွေးကို၊ အနစ်နာခံချစ်သလိုလိုနှင့် ငွေး နှင့် တွေ့လျှင်သည်စိတ်တွေ ပျောက်သွားပြန်သည်။ ငွေးကို မြတ်နိုး နေချင်မိသည်။ ငွေးကို ရယူလိုမိသည်။ အကောင်းဆုံးကတော့ ဝေးဝေးနေမှသာ ကြာတော့မေ့သွားမည်ထင်သည်။ ငွေး ကြိုတင် စီစဉ်ထားသည့်ကိစ္စကို မဖျက်လည်း မဖျက်ချင်။ ကျွန်တော့်စိတ်ကို ဆုံးမနေရသည်။ နှမလေးလိုချစ်ဖို့ တိုက်တွန်းနေရသည်။

"ဟော ကိုဦးတောင်လာပြီ၊ အစ်ကိုနေမကောင်းလို့ မသွား တော့ဘူးလို့ ပြောလိုက်တော့မယ်နော်. . ."

"သွားကြတာပေ့ါ ငွေးရယ်၊ ဝမ်းကရပ်သွားတာ ကြာပါပြီ၊ ခု ဆေးသောက်လိုက်တော့ ပိုစိတ်ချသွားတာပေ့ါ၊ ကဲ သွားကြရ အောင်လေ. . ."

"အစ်ကိုက သိပ်နေမကောင်းတော့ ကျိုက်ကလွန်းပွန်း ဘုရားနောက်မှ သွားကြရအောင်နော်. . ."

"ငွေး သဘောလေ. . ."

ငွေးက အိမ်တံခါးပိတ် သော့ခတ်ကာ သော့ကို ဒေါ်ဒေါ် ဆီ ဝင်ပေးသည်။ ကျွန်တော်တို့ သုံးယောက် မဟာဗန္ဓုလ ဂူသချိုင်းသို့ ဦးစွာသွားဖြစ်ကြသည်။ တစ်လမ်းလုံး ငွေးက ကျွန်တော့်ကို ဖေးမ တွဲခေါ်လာသည်။

လမ်းသွားရင်း စေ့စေ့တွေးကြည့်မိတော့ ကျွန်တော် ရှက်လာမိ၏။ လိပ်ပြာမလုံ ဖြစ်လာ၏။ ငွေးနှင့်ကိုစောဦးတို့ အခြေအနေသိနေပါလျက်နှင့် ကျွန်တော်မျက်နှာပြောင်တိုက်ကာ အယုအယခံချင်နေသည်။ အယုအယခံနေသည်။ ပြီးတော့ နေထိုင်မကောင်းအမှန်တကယ် ဖြစ်သည်လည်းမဟုတ်၊ ငွေးနှင့် ကိုစောဦးအခြေအနေ မသိလျှင်တော့ ထားပါတော့၊ သိပြီးမှ ကျွန်တော်ဆင်ခြင်ဖို့ကောင်းသည်။ ဆင်ခြင်ဖို့ သင့်ပြီ၊ ကိုစောဦးကို အားနာဖို့ကောင်းသည်။ ကိုစောဦးကတော့ ဘာမျှမဖြစ်သလို၊ တစ်လမ်းလုံး ရယ်ရယ်မောမော စကားဆိုလာသည်။ ကိုစောဦးကို မျက်နှာပူလာသဖြင့် လူမမာလို မလျှောက်တော့၊ လူကောင်းလို သွားလာပြလိုက်သည်။ ဒါတောင် ငွေးက "အစ်ကို တကယ်နေကောင်းရဲ့လား၊ မူးလဲနေပါ့မယ်. . . " ဟုပြောပြီး စိုးရိမ်နေရှာသည်။

မစပယ်ငွေး၊ ငွေး သည်မိန်းကလေးကို ကျွန်တော်ဘယ်လိုနားလည်ရမှန်း မသိတော့။ ကိုစောဦးနှင့် ချစ်နေပါလျက် လက်ထပ်ရန်စိုင်းပြင်းနေပါလျက် ကျွန်တော့်အပေါ် အဘယ့်ကြောင့် သံယောဇဉ်တွေ ဖြစ်နေရပါသနည်း။ ဂရုတစိုက် အလေးတယူလုပ်နေရပါသနည်း။ ကျွန်တော့်ကို အသက်သခင် ကျေးဇူးရှင်အနေနှင့်လား၊ ငွေးက သဘောရိုးနှင့် ခင်မင်တွယ်တာနေသည်ကို ကျွန်တော်ကလိပ်လို ကိုယ့်ဖက်ကိုယ် ယက်ပြီး လိုရာဆွဲ လိုရာတွေး လိုရာထင်မြင်ယူဆနေသလား။ ဖြစ်တော့လည်း ဖြစ်နိုင်ပါသည်။

သည်လိုစဉ်းစားမိတော့ ပြီးခဲ့သည့်အခေါက် ဓနုဖြူပြန်လာတုန်းက ငွေးတို့အိမ်တွင် ကြုံခဲ့ရသည့်အဖြစ်ကလေး တစ်ခုကပေါ်လာသည်။



ကျွန်တော် ငွေးတို့အိမ်ရောက်တော့ ငွေးနှင့်ပြိုင်၍ လှပနေသည့် အခြားလမင်းလေးတစ်မင်းကို တွေ့ရသည်။ အကြည့်ရဲသော သူမ၏အကြည့်နှင့် ကျွန်တော့်အကြည့်တို့ ဆုံဖြစ်ကြသည်။ အကြည့်ရဲသော သူမ၏စူးစူးရဲရဲ မျက်လုံးများအား ကျွန်တော်အရှုံးပေးလိုက်ရသည်။ ကျွန်တော်တို့အဖြစ်ကို ငွေးသတိထားကြည့်ပြီးပြုံးနေသည်ကို ကျွန်တော် သတိပြုမိသည်။

ကျွန်တော်သည် ငွေးမှလွဲ၍ အခြားသောမိန်းကလေးများကို စေ့စေ့ကြည့်တတ်သူမဟုတ်။ သည်မိန်းကလေးကျမှ ကျွန်တော်ခြေဆုံးခေါင်းဆုံး ကြည့်မိသည်။ အကြောင်းလည်း ရှိပါသည်။ သူမသည် လွိုင်လင်ကျောင်းမှ ကျောင်းနေဖက်သူငယ်ချင်း နန်းဝိုးဆိုင်နှင့် တူလွန်းနေသဖြင့် နန်းဝိုးဆိုင်များ ဖြစ်လေသလားဟုကြည့်မိခြင်းသာ ဖြစ်ပါသည်။ သူမသည် အသားဝင်းဝါဖြူဖွေးနေသဖြင့် နန်းဝိုးဆိုင်ဟု ထင်မိခြင်းလည်း ဖြစ်ပါသည်။ အရွယ်အရပ်အသက်အားလုံး နန်းဝိုးဆိုင်နှင့် မတိမ်းမယိမ်း ရှိလိမ့်မည်။

"အစ်ကို ငွေးနဲ့ကျောင်းနေဖက် သူငယ်ချင်း မနွယ်နီဦးတဲ့၊ သူတို့က သူဌေးလေ၊ ဒါကြောင့် ငွေးတို့လို လခစားမလုပ်ဘူး၊ နွယ်နီ၊ ဒါ တို့အစ်ကို စဝ်ထွန်းနိုင်တဲ့၊ အိုကေဝင်း သဘော်စက်ခန်းအုပ်လေ၊ နွယ်နီတို့ သဘော်မှာ စက်ခန်းအုပ် လိုချင်ရင်ပြောနော်. . . "

ကျွန်တော့်ကို သွားတက်လေးနှစ်ဖက်ပေါ်အောင် ပြုံးရယ်ပြပြီးတွေ့ရတာ ဝမ်းသာကြောင်းဆိုသည်။ ကိုစဝ်ထွန်းနိုင်ကဘယ်ရှမ်းစော်ဘွား အနွယ်ဆက်လဲဟု မေးသည်။ စက်ခန်းအုပ်လုပ်မယ့်အစား ရုပ်ရှင်ရိုက်ပါလားဟုလည်း စသည်။ စကားတွေသွက်လိုက်သည်မှာ မပြောနှင့်။ ငွေးမှလွဲ၍ အခြားမိန်းကလေးများ

နှင့် ကျတော့ သစ်ငုတ်လိုနေတတ်သော ကျွန်တော်သည် နွယ်နီဦး နှင့်ကျတော့ သစ်ပင်လိုယိမ်းနွဲ့လာရသည်။ မိန်းကလေး တစ်ယောက် က အရေးတယူလုပ် မေးမြန်းလာသည်ကို အိုက်တင်ကြီးတစ်ခွဲသား ဖမ်းနေ၍လည်း ကောင်းပါ့မည်လား။

နွယ်နီဦးနှင့် ကျွန်တော် မျက်နှာငွေလဖြစ်နေသည်ကို ဌေး မျက်နှာတစ်ချက်မပျက်။ ပါးချိုင့်ကြီးပေါ်အောင် ရယ်မောပြုံးရွှင် နေသည်။ နွယ်နီဦးက အိမ်လာလည်ဖို့ဖိတ်တော့ ဌေးက “တစ်ယောက် တည်း ရွေးမဖိတ်နဲ့နွယ်နီ၊ အစ်ကိုကို ဖိတ်ရင် နှမချန်ထားလို့ မရ ဘူး. . .” ဟု စသည်။

ဌေးက ကျွန်တော့်ကို နွယ်နီဦးနှင့် သဘောတူနေလေ သလား၊ မစောဝေနှင့် ကျတော့ ဘာလို့မျက်နှာတွေ ပျက်နေပါလိမ့်၊ ဘယ်လို သဘောပါလိမ့်။

“အစ်ကို တစ်လမ်းလုံးစကားမပြောဘူး၊ ဘာတွေစဉ်းစား လာတာလဲ. . .”

ကျွန်တော်က ဌေး သဘောထားသိရအောင် အမှန်အတိုင်း ဖွင့်ပြောရန် ဆုံးဖြတ်လိုက်သည်။

“မနွယ်နီဦး အကြောင်းပါ၊ မနွယ်နီဦးက တရုတ်စပ်သလား ပဲ. . .”

“ဟုတ်တယ် အစ်ကို၊ သူ့အဖေကတရုတ် အမေကရှမ်းလား ပဲ. . .”

“ဪ၊ ဒါကြောင့် နန်းဝိုးဆိုင်နဲ့တူတာကိုး. . .” ဟု စိတ်ထဲမှာပဲ ရေရွတ်မိသည်။



“ဌေး အစ်ကို့ကို ပြောဖို့မေ့နေတယ်၊ မနေ့က အစ်ကိုပြန် သွားမှ နွယ်နီလာတယ်လေ အစ်ကိုရောက်လာပြီလားတဲ့ ရောက် လာရင် အိမ်ခေါ်လာပါအုန်းလို့ ပြောသွားတယ်အစ်ကို. . .”

“မနွယ်နီဦးက ဘာလုပ်သလဲ ဌေး. . .”

“ခနေဖြူဈေးထဲမှာ အထည်ရောင်းတယ်၊ သင်္ဘောတစ်စင်း လည်း ရှိတယ်၊ သူတို့ဦးလေးက ဦးစီးလုပ်နေတာ၊ နွယ်နီတို့က အမေတစ်ခု သမီးတစ်ခုရယ်၊ အစ်ကို ရန်ကုန်မပြန်ခင် ဌေး လိုက်ပို့ မယ်လေ. . .”

“အင်း. . .”

“ကိုစဝ်ထွန်းနိုင်၊ အရင်က မဟာဗန္ဓုလအုတ်ဂူသင်္ချိုင်းကို ရောက်ဖူးသလား. . .”

“ကျွန်တော်ခနေဖြူ ပထမဆုံးရောက်တဲ့ အခေါက်က ရောက်ဖူးပါတယ် ကိုစောဦး. . .”

“ကျွန်တော်တို့မြို့ကလည်း မဟာဗန္ဓုလနဲ့ ခနေဖြူခံတပ် ကြောင့် သမိုင်းဝင်ခဲ့တာ မဟုတ်လား၊ ဒါကြောင့် ခနေဖြူကို ခဏ တဖြုတ်ပဲ ရောက်တဲ့ဧည့်သည်ဖြစ်ဖြစ် မဟာဗန္ဓုလအုတ်ဂူသင်္ချိုင်း ကိုတော့ သွားဖြစ်အောင်သွားကြည့်တတ်ကြတာပါပဲ. . .”

“ခနေဖြူကို စိန္တကျော်သူ ဦးဩကလည်း အရောင်ခြယ်ပေး ခဲ့တာပါပဲ ကိုစောဦး၊ ခနေဖြူတွင် ထွက်သိုက်ဝင်လျှင် စက်ရှင်ရွှန်း တောက် စံကွန်းထောက်က တောင်မြောက်အုပ်မှိုင်း ရှေ့အတိုင်း လျှင် မှီခိုင်းကမ်းယပ် တင်းကျမ်းစပ်မျှ မလပ်ဆိပ်ခင်းဆိုပြီး ခနေဖြူ ချီရတုက မော်ကွန်းထိုးခဲ့တာပဲ မဟုတ်လား ကိုစောဦး. . .”

“ကိုစဝ်ထွန်းနိုင်က ခနေဖြူသားဖြစ်ဖို့ ကောင်းနေပြီ၊ ဟုတ်တယ် ကိုစဝ်ထွန်းနိုင်၊ စိန္တကျော်သူဦးသြဟာ ခနေဖြူတွင် ချီရတုမှာ မြန်မာတစ်မျိုးသားလုံး အားကိုးရတဲ့ မြန်မာစစ်သားတွေရဲ့ ဇွဲသတ္တိကို ချီးမွမ်းပြတယ်၊ မြန်မာစစ်သားတွေရဲ့ အဆင်းရဲ အပင်ပန်းခံပုံကို သနားလာအောင် ဖွဲ့နိုင်ခဲ့တယ် ကိုစဝ်ထွန်းနိုင်. . . ”

ကျွန်တော်နှင့် ကိုစောဦး ဆွေးနွေးလာသည်ကို ဌေးက ဘေးမှ နားထောင်လိုက်ပါလာသည်။ အတွေ့အကြုံဗဟုသုတ ခံစားမှုထင်မြင်ချက် ဝေဖန်ချက် အယူအဆရေးရာတွေ ဆွေးနွေးဖြစ်တော့ စောစောကခံစားနေရတာတွေ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားပြီ။ ကျွန်တော်တို့တစ်တွေ စကားတစ်ပြောပြောနှင့် လျှောက်လာရာ မဟာဗန္ဓုလအုတ်ဂူသင်္ချိုင်းတို့ပင် ရောက်လာခဲ့ပြီ၊ အုတ်ဂူရှေ့တွင် ကျွန်တော်တို့ ဦးညွှတ်အလေးပြုလိုက်ကြသည်။

ဆောင်းနေသည် ရဲရဲရင့်ရင့် ရွှေ့လျားနေပါလား။

# အိုကေဝင်းမှ လွမ်းလျက်ခွါ

မမျှော်လင့်တာတွေ ဖြစ်လာခဲ့ပါပြီ၊ ကိုစောဦးကို ကိုယ်ချင်းစာစိတ် အားနာစိတ်ဖြင့် ဌေးနှင့်ခပ်စိမ်းစိမ်းလေးနေခဲ့ပါသည်။ မဟာဗန္ဓုလ အုတ်ဂူသင်္ချိုင်းမှပြန်လာပြီး နောက်တစ်နေ့တွင် ဌေးလိုက်ပို့သဖြင့် မနွယ်နီဦးတို့အိမ်သို့ ရောက်ခဲ့ပါသည်။

နွယ်နီဦးနှင့် ၎င်း၏မိခင်ဒေါ်ခင်နီတို့က ကျွန်တော့်အားဖက်လဲတကင်း ကြိုဆိုခဲ့ကြပါသည်။ ဒေါ်ခင်နီသည် ဒေါ်အေးအေးထက် စကားပြောလည်သကဲ့သို့ စကားပြောလည်း သွက်သည်ကို ကျွန်တော်သတိပြုမိပါသည်။

ကျွန်တော်သည် ဌေးနှင့် မီးဝေးချိတ်မာဖြစ်စေရန် ဌေးတို့အိမ်သို့အသွားကျဲပြီး နွယ်နီဦးတို့အိမ်သို့သာ အဝင်အထွက်များခဲ့ပါသည်။ သို့ဖြင့် နွယ်နီဦးတို့အိမ်သည် ကျွန်တော်၏ စားအိမ်သောက်အိမ် ဖြစ်လာခဲ့ပါသည်။

နွယ်နီဦးသည် ဌေးကဲ့သို့ တည်တည်ကြည်ကြည်မဟုတ်ဘဲ ပွင့်ပွင့်လင်းလင်း ရဲရဲတင်းတင်းရှိသူဖြစ်ပါသည်။

ကျွန်တော်သည် ဌေးနှင့် မီးဝေးချိတ်မာနေလာလင့်ကစား ဌေးကို စိတ်မပြတ်နိုင်အောင်ဘဲ ရှိနေခဲ့ပါသည်။ ဌေးကို သတိရနေတော့လည်း နွယ်နီဦးအပေါ် စိုးစင်းငယ်မျှ စိတ်ဝင်စားမှုမဖြစ်၊ ကျွန်တော်သည် နွယ်နီဦးအား နှမရင်းချာအဖြစ်သာ သဘောထားပြီး အစ်ကိုရင်းချာလို အနေတည်စွာ နေထိုင်ခဲ့ပါသည်။ သည်တော့လည်း သူမ၏ပွင့်လင်းရဲတင်းမှုများ ထိန်းသိမ်းသွားရှာပါသည်။ နွယ်နီဦးတွင် ကျွန်တော်မကြိုက်မနှစ်သက်သည့် လောဘကြီးလွန်းမှု၊ လူလည်ကျလွန်းမှုတို့ကို တွေ့ရှိခဲ့ရပါသည်။

ကျွန်တော့်တပည့်ဆီလောင်း မောင်ညီညီလွင်သည် သူ့အမေနေမကောင်း၍ ရေစကြို ငါးမြာလေးရွာသို့ ခွင့်ပြန်သွားခဲ့ရာမှ အပြန်တွင် ရှင်မတောင်သနပ်ခါးတုံးတွေ လမ်းစရိတ်ကာမိရန် သယ်လာခဲ့ပါသည်။ မောင်ညီညီလွင်က ကျွန်တော့်ကို သနပ်ခါးတုံးတစ်တုံး လက်ဆောင်ပေးသဖြင့် ဌေးအတွက်ရ၍ ဝမ်းသာခဲ့ရပါသည်။ ပြန်စဉ်းစားကြည့်တော့ နွယ်နီဦးကိုလည်း ပေးမှကောင်းမည်ဖြစ်၍ သနပ်ခါးတုံးတစ်တုံး ထပ်ဝယ်ယူလာခဲ့ပါသည်။

အိမ်ရောက်တော့ နွယ်နီဦးက သနပ်ခါးတုံးနှစ်တုံးလုံး လိုချင်နေသည်။ ဌေးကိုမပေးဖို့ သူမကပြောလာတော့ အဖြစ်မှန်အတိုင်း သူမကိုပြောပြလိုက်ရာ နွယ်နီဦးက ဌေးဆီသူသွားပေးမည်ဟုပြောပြီး ယူထားလိုက်သည်။ ဆယ့်ငါးရက်ခန့်အကြာ ကျွန်တော်တို့ခြံထဲ ခြင်းခတ်စဉ်ခြင်းလုံးက နွယ်နီဦးအခန်းခြေရင်း ခြံထဲကျသွားသည်။ ကျွန်တော်သွားကောက်ရာ ပြူတင်းပေါက်ဖွင့်



ထား၍ သူမ၏မှန်တင်ခုံပေါ်တွင် ကျွန်တော့်ထံမှယူသွားသော ထိပ်ဝတွင် "မျိုး" ဟုရေးထားသည့် သနပ်ခါးတုံးနှစ်တုံးကို မြင်တွေ့လိုက်ရတော့ ကျွန်တော့်ရင်ထဲ မကောင်းတော့။

လကုန်ရက် နေ့တစ်နေ့တွင် မန္တလေး အမရပူရတွင်နေသည့် ရေယာဉ်အုပ် ကိုခင်မောင်ဝင်း၏ဇနီးမအေးမိ ဒေါင်းနီသို့ ပိုးပဝါများသယ်လာပြီး အားပေးပါဦးဆိုသဖြင့် ဈေးလည်းတော်နေ၍ ဌေးအတွက် ကျောင်းဝတ်စုံနှင့်လိုက်မည့် ဖက်ဖူးရောင်တစ်ထည် နွယ်နီဦးအတွက် ပန်းရောင်တစ်ထည် ဝယ်လာခဲ့သည်။ အိမ်ရောက်တော့ နွယ်နီဦးက ပိုးပဝါနှစ်ထည်လုံး လိုချင်သည်ဟုပြောသည်။ ကျွန်တော်ချဉ်လာသဖြင့် ချက်ချင်းပင် ဌေးအိမ်သို့သွားပြီး ဖက်ဖူးရောင်ပိုးပဝါကို သွားပေးပစ်လိုက်သည်။

ကျွန်တော့်အနေဖြင့် ကိုစောဦးနှင့် ဌေးတို့အပေါ်တွင် စည်းစောင့်သည့်အနေနှင့်သာ ဌေးကို ခပ်စိမ်းစိမ်းလေးနေခဲ့လင့်ကစား ဌေးကိုတော့ ကျွန်တော်တစ်နေ့မှ မေ့မရခဲ့ပါ။ ကျွန်တော့်စိတ်ထဲတွင် ဌေးသည် အမြဲစိုးမိုးမြဲ စိုးမိုးနေခဲ့ပါသည်။ တစ်ခါတစ်လေ ဆန္ဒပြင်းပြသဖြင့် ဌေးဆီသွားခဲ့ရာ ဌေးသည် ကျွန်တော့်အပေါ် မူမပြောင်းဘဲ ဂရုတစိုက်ရှိလှပါသည်။

ကျွန်တော်အရောက် အပေါက်နည်းသည့် ခြောက်လအတွင်း ဌေးသည် အတော်လေးပိန်ကျသွားသည်ကို တွေ့ရသည့်အခါ ကျွန်တော်စိတ်မကောင်းနိုင်တော့ပါ။ ပြည့်တင်းဖူးသစ်သော ပါးမို့မို့လေး ပြေလျော့သွားသည်။ နသယ်စပ်လည်း ချောင်ကျသွားသည်။ "နေမကောင်းလို့လား ဌေး. . . " ဟုကျွန်တော်က မေးသည့်အခါ မျက်တောင်ကော့ကော့ကြီးများဖြင့် မျက်ရည်တွေပြည့်လျှမ်းနေ

သည့် မျက်ဝန်းကို ကြိုးစားပုတ်ခတ်ရင်း “ကောင်းပါတယ် အစ်ကို” ဟု ဝမ်းနည်းပက်လက်သံဖြင့် ဖြေသည်။ သည်တော့လည်း ကျွန်တော့်စိတ်တွေလှုပ်ရှား ဖောက်ပြန်ချင်လာသည်။ ရင်ခွင်ထဲသို့ ပွေ့ယူ ထွေးဖက်ချော့မော့ နှစ်သိမ့်ချင်သည်။

ကိုစောဦးမျက်နှာကို မြင်အောင်ကြည့်ပြီး စိတ်တွေကို ထိန်းချုပ်ရသည်။ ကိုစောဦးနှင့်ပြဿနာ ဖြစ်လို့လားဟု တွေးမိ၏။ ဘာပြဿနာ ဖြစ်ပါလိမ့်ဟုလည်း သိချင်လာ၏။ သို့ပေမယ့် မမေးဖြစ်။ ကိုစောဦးနှင့် ကျွန်တော်မတွေ့သည်မှာလည်း ကြာပြီ။ ငွေအိမ်မသွားတော့ မတွေ့ဖြစ်တော့။ ကိုစောဦးအိမ်သို့မူ တကူးတက မသွားဖြစ်ခဲ့။ မစောဝေကိုမူ လုံးဝမတွေ့တော့။

ကျွန်တော်က “ကိုစောဦးလာရဲ့လား. . .” ဟုမေးသည့်အခါ “လာပါတယ်အစ်ကို . . .” ဟုဖြေသည်။ “မစောဝေလေးရော မတွေ့တာကြာပြီနော်. . .” ဟုမေးသည့်အခါ “မစောဝေရန်ကုန်မှာ ကျောင်းသွားတက်နေတယ် အစ်ကို. . .” ဟုငွေးကဖြေသည်။ ကျွန်တော်က “မနှစ်က ဆယ်တန်းမအောင်ဘူးလား . . .” ဟုမေးကြည့်ရာ “မအောင်ဘူးအစ်ကို. . .” ဟုဖြေသည်။ မစောဝေကို ကျွန်တော်မတွေ့တော့သည်မှာ ခြောက်လကျော်ရော့မည်။

ကိုစောဦးနှင့် ငွေးတို့ ရက်ပိုင်းအတွင်း လက်ထပ်ကြလိမ့်မည်ဟု ကျွန်တော်ထင်ခဲ့၏။ ခုထိ လက်မထပ်ကြသေး။ ကျွန်တော့်ကြောင့် ငွေးနှင့် ကိုစောဦးပြဿနာ ဖြစ်လေသလားဟု စဉ်းစားမိ၏။ ထိုသို့စဉ်းစားမိမှ စိတ်ကိုထိန်းချုပ်ပြီး ငွေးကိုနှုတ်ဆက်၍ ပြန်လာခဲ့သည်။ ကြေကွဲရိပ်လွှမ်းနေသော ငွေး၏မျက်ဝန်းအစုံသည် ကျွန်တော့်ရင်အား တနုံ့နုံ့ဆွေးဆွေး မြေ့မြေ့ကြေကြေကွဲကွဲ



ခံစားရစေသည်။ ကျွန်တော်နှင့် တွေ့သည့်အခါတိုင်း “အစ်ကို့ဘဝကို ငွေးအရမ်းသနားတယ်. . .” ဟုအမြဲပြောခဲ့သောငွေး။ ခုတော့ ငွေးဘဝ ငွေးအခြေအနေကိုကြည့်ပြီး ကျွန်တော်က ငွေးကိုအရမ်းသနားနေမိပြီ။

မန္တယ်နီဦးတို့နှင့် ခင်မင်ရင်းနှီးပြီး သုံးလခန့်အကြာ မန္တယ်နီဦး၏ မိခင်ဒေါ်ခင်နီ၏ အကူအညီတောင်းချက်အရ ကျွန်တော်သည် အိုကေဝင်းရေယာဉ်မှ ဆင်းခဲ့ပြီး မန္တယ်နီဦးတို့၏ ဒေါင်းနီရေယာဉ်တွင် တက်ခဲ့ရပါသည်။

ဒေါ်ခင်နီ၏မောင် ရေယာဉ်အုပ် ကိုဝင်းမောင်သည် ဒေါ်ခင်နီနှင့် စကားများပြီး ဒေါင်းနီရေယာဉ်မှ သူနှင့်ခင်မင်ရာ လူများကို ခေါ်ကာ ရေယာဉ်မှဆင်းသွားကြပါသည်။ ကိုဝင်းမောင်ခေါ်သွားသူများမှာ စက်ခန်းအုပ်ကိုမျိုးမြင့် ဆီလောင်း ကိုထွန်းလှိုင်တို့ ဖြစ်ကြပါသည်။

ဒေါင်းနီပေါ်မှ ကိုဝင်းမောင်နှင့်အဖွဲ့ ဆင်းသွားချိန်တွင် ကျွန်တော်တို့ အိုကေဝင်းရေယာဉ်မှာ ရေယာဉ်နှစ်ပတ်လည် စစ်ဆေးခံရန်အတွက် ဒေါက်တင်ထားချိန်ဖြစ်၍ ကျွန်တော်အားနေသဖြင့် ဦးသိန်းမောင် ဒေါ်မြရှင်တို့ကို အမျိုးမျိုးတောင်းပန်ပြီး ခဏဟုပြောကာ ကျွန်တော်ဒေါင်းနီပေါ်သို့ တက်ခဲ့ခြင်းဖြစ်ပါသည်။ မင်းသားကြီးရေယာဉ်မှ ဆင်းလာသော ရေယာဉ်အုပ် ကိုခင်မောင်ဝင်းက ကျွန်တော့်ကို ရေယာဉ်အုပ်လိုမည့် ရေယာဉ်ရှိလျှင်ပြောပါဟု ကြိုပြောထားသဖြင့် ဒေါင်းနီအတွက် ကိုခင်မောင်ဝင်းကို ခေါ်လိုက်ရာ ဒေါင်းနီရော သူရောအဆင်ပြေသွားသည်။ ဆီလောင်းတစ်ယောက်ကို ကျွန်တော်တပည့်များအား အရှာခိုင်းရာ

သက်ထားမေမှ ဆင်းလာသော ဆီလောင်း ညီညီလွင်ရောက်လာသည်။

အိုကေဝင်းပိုင်ရှင် အစ်ကိုမောင်နှင့် မမမြတို့အား "ခဏ" ဟု ပြောခဲ့သော ကျွန်တော်သည် ဒေါ်ငဲနီမှ မဆင်းဖြစ်တော့ပါ။ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားရေးမှူးဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် တရားဝင်တက်ရောက်ခဲ့ပါသည်။ ဒေါ်ခင်နီနှင့် မနွယ်နီဦးတို့က ကျွန်တော့်အား အားကိုးတကြီး ရေယာဉ်တစ်စင်းလုံး ပုံအပ်လာသည့်အခါ ဒုက္ခရောက်နေသူတွေကို ကျွန်တော်မျက်ကွယ်မပြုရက်တော့ပါ။ ဒေါ်ခင်နီတို့ သားအမိကလည်း ရေယာဉ်တစ်စင်းလုံး ကျွန်တော့်ခြေ ကျွန်တော့်လက်ဖြစ်အောင် လွှဲထားခဲ့ပါသည်။ ကျွန်တော်သည် ဒေါ်ခင်နီတို့အိမ်တွင် အိမ်သားတစ်ယောက်လို ဒေါ်ခင်နီ၏ သားအရင်းလို အရေးပေးမှုပင် ခံခဲ့ရပါသည်။

ကျွန်တော်ကလည်း ကိုယ့်ရေယာဉ်လို သဘောထားပြီး ရိုးရိုးသားသား ကြိုးကြိုးစားစား ဆောင်ရွက်ပေးခဲ့ရာ သူ့မောင် ကိုဝင်းမောင် လက်ထက်နှင့် မတူအောင် အကျိုးပေး၍ အကြောင်းထင်ခဲ့ပါသည်။

ကျွန်တော် ဒေါ်ငဲနီပေါ်သို့ အပြီးတက်ရမည့်အကြောင်းကို အိုကေဝင်းသို့သွားရောက် တောင်းပန်တိုးလျှိုး ပြောကြားခဲ့ရသည့်နေ့သည် ကျွန်တော်စိတ်ဆင်းရဲရသော နေ့တစ်နေ့ဖြစ်ခဲ့ပါသည်။ အစ်ကိုမောင်နှင့် မမမြတို့က ကျွန်တော့်အား စက်ခန်းအုပ် အခန်းဝင်ခိုင်းပြီး အပြင်မှ သော့ခတ်ထားခဲ့သည့်အထိ ကြုံခဲ့ရပါသည်။

နောက်ဆုံးမှာတော့ ပြေပြေလည်လည်ဖြင့်ပင် အိုကေဝင်းမှ လွှမ်းလျက်ခွါဖြစ်ခဲ့ပါသည်။

## နှုတ်ဆက်ခဲ့မှ

"သားမှာ ရန်ကုန်ယောက်လမ်းက အသိ သူဌေးတစ်ယောက်ရှိတယ်ဆို. . ."

"ရှိတယ်မေမေ၊ ယောက်လမ်းက သူဌေးနာမည်က ဦးခင်မောင်ကျော်တဲ့၊ ဘာဖြစ်လို့လဲ မေမေ. . ."

"အကူအညီတစ်ခု တောင်းချင်လို့ပါ. . ."

"ဘာအကူအညီလဲ မေမေ၊ ဦးခင်မောင်ကျော်အကြောင်း ဘယ်သူကမေမေကို ပြောလဲဟင်. . ."

"စပယ်ဌေး ပြောတာပါ၊ နာမည်တော့သူလည်း မေ့နေပြီတဲ့။ ယောက်လမ်းမှာ သားနေခဲ့သေးတယ်ဆို. ."

"ဟုတ်ပါတယ် မေမေ၊ မေမေတို့က ဘာအကူအညီ လိုချင်တာလဲ. . ."

"ဒေါ်ငဲနီကို ပေါင်ချင်လို့ပါသား. . ."

"ဗျာ ဘယ်လောက်နဲ့ ပေါင်ချင်တာလဲ. . ."

"နှစ်သိန်းနဲ့ပေါ့. . ."

"ဘာလုပ်ဖို့လဲ မေမေ. . ."

"သားကို နိုင်ငံခြားသင်္ဘောလိုင်း လိုက်ခိုင်းဖို့ပါ. . ."

"ဗျာ. . ."

"သားက နိုင်ငံခြားသင်္ဘောလိုင်း မလိုက်ချင်ဘူးလား. . ."

"မလိုက်ချင်ဘူးတော့ မဟုတ်ပါဘူး။ ကျွန်တော့်အတွက်နဲ့ ဒေါင်းနီကို ပေါင်ရမှာ ဘဝင်မကျလို့ပါ. . ."

"ရောင်းပစ်တာမှ မဟုတ်ဘဲကွယ်။ ထောင်မြင်ရာစွန့်နိုင်ရမှာပေါ့. . ."

"ကျွန်တော့်အပေါ် မေမေတို့ ဘာပြုလို့ ဒီလောက်လိုက်ရောနေရတာလဲ မေမေ. . ."

"သားလိုချစ်လို့ အားကိုးလို့ပေါ့ကွယ်. . ."

"ဒေါင်းနီကို မပေါင်လို့မရဘူးလား မေမေ. . ."

"အထည်ဆိုင်က ဝင်ငွေကလည်း စားလောက်ရုံသက်သက်ဝင်တာ၊ တခြားငွေ ပိုမရှိဘူးလေ၊ လိုရင်တော့ လက်ဝတ် လက်စား တစ်ချို့ ထုခွဲရမှာပေါ့. . ."

"ဒုက္ခများပါတယ် မေမေရာ၊ ဒေါင်းနီနဲ့ပဲ လုပ်စားကြရအောင်ပါ. . ."

"ဒေါင်းနီနဲ့လုပ်လို့ မကြီးပွားနိုင်ဘူးသား၊ သားနိုင်ငံခြားသင်္ဘောလိုက် လိုက်တာနဲ့ ဒေါင်းနီတစ်၊ နှစ်၊ သုံးတောင်ဖြစ်လာအုန်းမယ်. . ."

"တွက်ရေးတော့ စက်သဌေးပဲ၊ တွက်ကြည့်တော့ စက်မရှိဆိုတဲ့ စကားမျိုး ဖြစ်နေမှာစိုးလို့ပါ. . ."



"ဖွဟဲ့၊ မပြောကောင်း မဆိုကောင်း၊ ဒီခေတ် သင်္ဘောသားတွေ သူဌေးဖြစ်နေကြတဲ့ဥစ္စာ၊ မေမေက သမီးလေးအတွက်ပဲ ပူတယ်လေ၊ သားနိုင်ငံခြား သင်္ဘောလိုက်၊ ငွေစု၊ သမီးလေးကိုလည်း စောင့်ရှောက်စေချင်တယ်သား. . ."

"မေမေတို့က နိုင်ငံခြားသင်္ဘောလိုင်းလိုက်ဖို့ အဆက်အသွယ်ရှိလို့လား၊ အဆက်အသွယ်မရှိရင် အလိမ်ခံရတတ်တယ်၊ တော်တော်ကြာမှ ဖွတ်မရဓါးမဆုံးဖြစ်နေလို့. . ."

"စိုးရိမ်တတ်ရန်ကော သားရယ်၊ မေမေ့မှာ အဆက်အသွယ်ကောင်းကောင်းရှိပါတယ်. . ."

"ဘယ်ကလဲဟင်၊ ဘယ်သူဆက်သွယ်ပေးတာလဲ. . ."

"ဒါတော့ သားမသိချင်ပါနဲ့၊ ဆက်သွယ်ပေးတဲ့သူကလည်း သူ့နာမည် ထုတ်မပြောပါနဲ့တဲ့၊ ဒါကြောင့်မို့ပါ. . ."

"စိတ်ချရရင် ပြီးတာပဲလေ၊ တော်တော်ကြာမှ မေမေတို့ကို လိမ်ယူသွားမှာစိုးလို့ပါ. . ."

"ဒီအတွက်တော့ စိတ်ချ၊ သားဖက်ကသာ ဒေါင်းနီကို ရအောင်ပေါင်လာခဲ့၊ ဒေါင်းနီနဲ့ ပတ်သက်တာတွေ မေမေအကုန်ပေးလိုက်မယ်၊ သားသွားတဲ့နေ့ကျတော့ သမီးကိုခေါ်သွား၊ ဒေါင်းနီက သမီးနာမည်နဲ့ လုပ်ထားတာဆိုတော့ အပေါင်စာချုပ်လည်း သမီးနဲ့လုပ်မှ ဖြစ်မှာ. . ."

"ကောင်းပါပြီမေမေ၊ သားပြောရင် ရမယ်ထင်ပါတယ်. . ."

သည်လိုနှင့်ဒေါင်းနီကို ငွေနှစ်သိန်းဖြင့် ပေါင်ဖြစ်ခဲ့၏။ ဦးခင်မောင်ကျော်ကလည်း ကောင်းပါ၏။ ရေယာဉ်ကိုလုပ်စားဖို့ ပြန်ပေးလိုက်၏။ ရေယာဉ်နှင့် ပတ်သက်သည့် အရေးကြီးစာရွက်

စာတမ်းအချို့သာ ယူထားလိုက်၏။ ကျွန်တော့် ကိစ္စမို့ အတိုးမယူဘူးဟုပြောပါသည်။ ကျွန်တော်က အတိုးလုံးဝမယူဘဲတော့ မနေပါနဲ့ သင့်တော်တဲ့ အတိုးယူပါဟု အတင်းပြောတော့မှ နှစ်ကျပ်တိုးဖြင့် တစ်လ အတိုးလေးထောင်ကျပ်ပဲပေးဟု ပြောပါသည်။

"ကျော်သက် ဘယ်ရောက်နေလဲ" မေးတော့ "ရေကြောင်းပညာသိပ္ပံကျောင်းက သင်တန်းဆင်းပြီး သင်္ဘောစုံလိုက်နေတာခု အမေရိကမှာ ရောက်နေတယ်" ဟုပြောပါသည်။ သည်ပုံဆိုလျှင် ကျော်သက်နှင့် ကျွန်တော်ပင်လယ်ပြင်၌ တစ်နေ့ပြန်ဆုံနေရဦးမှာပေါ့ဟု တွေးပြီးပြုံးဖြစ်သည်။

နိုင်ငံခြား သင်္ဘောလိုက်ဖို့ကိစ္စကို ဒေါ်ခင်နီနှင့် နွယ်နီဦးတို့ပဲဆောင်ရွက်နေသည်။ မည်သူနှင့် ဆောင်ရွက်သည်ကို ကျွန်တော်မလေ့လာ။ သူတို့တောင်းသည့် ဓါတ်ပုံ၊ မှတ်ပုံတင်၊ သူတို့ဖြည့်ခိုင်းသည့် ပုံစံတွေပဲ ဖြည့်ပေးလိုက်သည်။ ကျွန်တော်မှာ ဒေါင်းနီအတွက် ကျွန်တော့်အစား စက်ဆရာတစ်ယောက် လိုက်ရှာနေရသည်။ ရေယာဉ်အုပ် ကိုခင်မောင်ဝင်းက ရိုးသားကြိုးစားသူမို့ ဒေါင်းနီအတွက်မပူရ၊ စိတ်ချရသည်။ ကျွန်တော် နိုင်ငံခြား သင်္ဘောမလိုက်မီ ကေသီဦးမှ ဆင်းလာသည့် စက်ခန်းအုပ် ဦးကိုကိုမောင်နှင့် ဆက်မိပြီးအဆင်ပြေသွားသည်။

ကျွန်တော် နိုင်ငံခြားသင်္ဘောလိုက်ဖို့ ရန်ကုန်မသွားမီ တစ်ပတ်အလိုခန့်တွင် ငွေးက လူလွှတ်ခေါ်သဖြင့် သွားခဲ့ရာ ငွေးက မာတင်စဖြင့်ချုပ်ထားသည့် လည်ကတုံးအင်္ကျီအဖြူ လက်ရှည်တစ်ထည်နှင့် တက်ထရက်စဖြင့် ချုပ်ထားသည့် ငပိရောင်တိုက်ပုံတစ်ထည်ကိုပေးရင်း "နိုင်ငံခြားရောက်ရင် မြန်မာပြည်ကို သတိရအောင်လို့ . . ."ဟုပြောသည်။ ငွေးမျက်နှာတွင် ကြည်နူးရိပ်တွေတွေ့နေရလင့်ကစား ကျွန်တော့်ရင်ထဲတွင် ကြေကြေကွဲကွဲ ခံစားလာရသည်။ ကျွန်တော်မေ့ထားခဲ့သော ငွေးသည် ကျွန်တော့်ကို မမေ့နိုင်ပါတကား။ ငွေးသည် "ငွေးကိုသတိရအောင်လို့ . . ."ဟု ပြောမပေး။ "မြန်မာပြည်ကို သတိရအောင်လို့. . ."ဟု မြန်မာဆန်ဆန်အဝတ်အစားကိုပေးပြီး ပညာသားပါပါ အတိတ်မေ့နေသောကျွန်တော့်စိတ်တွေကို နှိုးဆွပေးခဲ့သည်။ ငွေးပေးသည့် အင်္ကျီများကိုကျွန်တော်ဝတ်ကြည့်တော့ အံကိုက်ဖြစ်နေသည်။ ငွေး ဘယ်လိုလုပ်ကိုက်အောင်ဝယ်လာပါလိမ့်။

ရန်ကုန်မသွားမီ တစ်ရက်အလိုတွင် ငွေးက ကျွန်တော်နှင့် နွယ်နီဦးတို့ကို ထမင်းဖိတ်ကျွေးသည်။ ငွေးက အပြုံးမပျက်သော်လည်း ကျွန်တော့်အဖို့ ငွေးနှင့်တွေ့ခဲ့သည့်အချိန်မှစပြီး ငွေးနှင့်အတူနေခဲ့ရသော ကာလများကို သတိရပြီး ဝေဒနာဟောင်းတွေပြန်ပေါ်လာခဲ့သည်။

ရန်ကုန်မသွားမီညက တစ်ညလုံး ငွေးအကြောင်းသာ ကျွန်တော်စဉ်းစား တွေးတောနေမိသည်။ ကျွန်တော်နိုင်ငံခြားရောက်နေခိုက် ငွေးနှင့် ကိုစောဦးလက်ထပ်ခဲ့လျှင် ကျွန်တော်မင်္ဂလာလက်ဖွဲ့ပေးနိုင်မည် မဟုတ်ဟု စဉ်းစားမိပြီး ငွေးကိုမင်္ဂလာလက်ဖွဲ့ပစ္စည်းကြိုပေးခဲ့မည်ဟု စိတ်ကူးမိ၏။ ကျွန်တော်၏ နှလုံးသည်းပွတ်ထဲတွင် နေရာပြည့်ခိုဝင်လဲလျောင်းခဲ့သော အချစ်ဦးငွေး၏ မင်္ဂလာဆောင်အတွက် ကျွန်တော်လေးတန်းအောင်သည့်နှစ်က ဆုအဖြစ်မေမေပေးခဲ့သော အမြတ်တနိုး ကျွန်တော့်လည်မှာ ဆွဲထားခဲ့သည့်ရွှေပုတီးစေ့ဆွဲကြိုးကို လက်ဖွဲ့အဖြစ်ပေးရန် ဆုံးဖြတ်လိုက်သည်။

ရန်ကုန်သွားမည့်နေ့တွင် ရန်ကုန်မသွားမီ ဌေးဆီသွားနှုတ်ဆက်လိုက်သည်။ ဌေးဆီ ကျွန်တော်သွားရာတွင် တစ်ကြိမ်မျှမဝတ်ဖူးသေးသည့် ဌေးဝယ်ပေးထားသော ယောပုဆိုးနီညိုရောင်အသစ်စက်စက်ကိုဝတ်ပြီး ဌေးပေးသည့် မာတင်လည်ကတုံးအင်္ကျီနှင့် ငပိရောင်တိုက်ပုံတို့ကို ဝတ်လာခဲ့သည်။ ဌေးပေးပြီးနောက်တစ်ကြိမ်မျှ မဝတ်ဘဲ အမြတ်တနိုးသိမ်းထားသည့် ရွှေခြသေ့်သားရေဖိနပ်အနီ အသစ်စက်စက်လေးကိုလည်း စီးပြီးသွားခဲ့သည်။

နွယ်နီဦးက ထိုသို့ဝတ်ဆင်သည်ကို တားသေး၏။ ခေတ်ဖြူမှအထွက်ကတည်းက အနောက်တိုင်း ဝတ်စုံဝတ်ဖို့ပြော၏။ အနောက်တိုင်း ဝတ်စုံဆိုတာ လေယာဉ်ပေါ်တက်မှ ဒါမှမဟုတ်နိုင်ငံခြားသင်္ဘောပေါ်တက်ဖို့ သင်္ဘောဆိပ်ဆင်းမှ ဝတ်ဖို့သင့်သည့်ဝတ်စုံဖြစ်ကြောင်း ကိုယ့်ရပ်ကိုယ့်ရွာမှ မခွါမီ မြန်မာအမျိုးသားဝတ်စုံကိုဝတ်ဖို့သင့်ကြောင်း ရှင်းပြတော့ နွယ်နီဦးကျေနပ်သွားသည်။ ဌေးဆင်ပေးသည့် အမျိုးသားဝတ်စုံ ဝတ်ထားသောကျွန်တော့်ကိုကြည့်ပြီး နွယ်နီဦးက "ခုလိုတော့လည်း မင်းသားနေအောင်နဲ့ ချွတ်စွပ်ပဲ. . ." ဟု ရယ်ကျဲကျဲနှင့်ပြောသည်။ သည်ဝတ်စုံသည် ဌေးဝယ်ပေးထားသည့် ဝတ်စုံဟုသာ ပြောလိုက်လျှင်နွယ်နီဦး ငိုမဲ့မဲ့ဖြစ်သွားပေလိမ့်မည်။ နွယ်နီဦးက ကျွန်တော့်ကိုအနောက်တိုင်းဝတ်စုံ ဝတ်စေချင်သည့်အကြောင်းလည်း ကျွန်တော်သိပါ၏။ အနောက်တိုင်းဝတ်စုံသည် နွယ်နီဦးကိုယ်တိုင် တိုင်းထွာချုပ်ပေးထားသည် မဟုတ်ပါလား။

ကျွန်တော်ဌေးကို သွားနှုတ်ဆက်ရာ နွယ်နီဦးပြင်ဆင် မပြီးသေး၍ မလိုက်နိုင်ခဲ့။ ကျွန်တော်ကလည်း နွယ်နီဦးကို မလိုက်ခဲ့စေချင်၍လည်း သူမပြင်ဆင်ဖီးလိမ်းနေစဉ်အချိန်တွင် ထွက်လာခဲ့ခြင်းဖြစ်သည်။ ကိုစောဦးကို အလျင်သွားနှုတ်ဆက်လိုက်သည်။ ကိုစောဦးနှင့် စကားကောင်းနေ၍ နည်းနည်းကြာသွားသည်။ ပြီးမှ ဌေးဆီသွားခဲ့သည်။



ဧည့်ခန်းတွင် သန့်ရှင်းရေးလုပ်နေသော ဌေးကိုတွေ့ရ၏။ ဌေးက "ဟယ် အစ်ကို၊ အစ်ကိုရယ်၊ ကျက်သရေရှိလိုက်တာ. . ." ဟုပြောပြီး ကျွန်တော့်ကိုခြေဆုံးခေါင်းဆုံး ကြည့်သည်။ ကျွန်တော်ဌေးမျက်ဝန်းကို ကြည့်လိုက်တော့ မျက်ရည်တွေ အိုင်ဖွဲ့ဝေသီနေပြီကိုတွေ့လိုက်ရ၏။ ဌေးကိုကြည့်ပြီး ကျွန်တော်ပါ မျက်ရည်ဝဲချင်လာသည်။

"ဒီရွှေပုတီးစေ့ဆွဲကြိုးဟာ အစ်ကို လေးတန်းအောင်တုန်းက မေမေဆုချခဲ့တာပါ၊ အစ်ကိုအမြတ်တနိုး ဆွဲထားတဲ့ ဒီဆွဲကြိုးလေးကို အစ်ကိုရဲ့ အခင်အမင်အတွယ်အတာဆုံး ဌေးနဲ့ကိုစောဦးတို့မင်္ဂလာဆောင်ကြတဲ့ အခါလက်ဖွဲ့. . ."

"အို အစ်ကိုဘာတွေ လျှောက်ပြောနေတာလဲဟင် မဟုတ်က ဟုတ်ကတွေမပြောပါနဲ့ အစ်ကိုရယ်၊ ကိုဦးနဲ့ဌေးက မောင်နှမရင်းချာလို ခင်ကြတာပါ၊ ဌေးဘယ်သူနဲ့မှလည်း မင်္ဂလာမဆောင်ပါဘူး၊ အစ်ကိုဆွဲကြိုးလည်း မယူပါရစေနဲ့၊ ဟော နွယ်နီလာနေပြီ၊ တစ်မျိုးထင်သွားအုန်းမယ်။ အစ်ကိုဆွဲကြိုး အစ်ကိုပဲဆွဲသွားပါ. . ."

ကျွန်တော် သမင်လည်ပြန်ကြည့်လိုက်တော့ အကြော့သားဝတ်စားထားသော နွယ်နီဦးအိမ်ရှေ့ရောက်နေပြီကို တွေ့လိုက်ရ၏။ ကျွန်တော်သည်ဆွဲကြိုးလေးကို ဌေးလည်ပင်းတွင် လျှင်မြန်စွာဆွဲပေးလိုက်ပြီး "ဌေး၊ အစ်ကိုသွားတော့မယ်နော်၊ ကျန်းမာရေးဂရုစိုက်

အစ်ကိုစာထည့်လိုက်မယ်နော်. . . ” ဟုပြောခဲ့ပြီး အိမ်ရှေ့သို့ ထွက်လာခဲ့သည်။

နွယ်နီဦးကလည်း ဌေးကို “သွားတော့မယ်နော်ဌေး. . . ” ဟု အပြုံးမျက်နှာ ကြည်နူးနေသည့် အသံတို့ဖြင့် လှမ်းနှုတ်ဆက်သည်။ ကျွန်တော်တစ်ချက် သမင်လည်ပြန် လှည့်ကြည့်တော့မှ သွက်လက်သောလက်ဖြင့် ဝှေ့ရမ်းပြသည်ကို တွေ့ရသည်။ အနီးကပ်သွားကြည့်ပါလျှင် ဌေးမျက်နှာသည် ရေမဲ့နွေကြာလို ညှိုးရော်ပြီး မျက်ဝန်း၌မူ လက်ယက်သဲတွင်းမှ အလျင်မပြတ်ထွက်နေသော ရေလိုမျက်ရည်တို့ဖြင့် ပြည့်လျှမ်းနေမည်ကို ကျွန်တော်တတ်အပ်သိသည်။

မတတ်သာတော့လည်း ခပ်ခွာခွာလေး နေကြရဦးမှာပါလား။

✵ ✵ ✵

ရန်ကုန်ရောက်တော့ နွယ်နီဦးနှင့် အကျိုးတော်ဆောင်ကိုသက်ဝေတို့က လိုအပ်တာတွေ အကုန်လုပ်ပေးသည်။ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန လက်အောက်တွင်ရှိသည့် သင်္ဘောသားအလုပ်အကိုင် ကြီးကြပ်ရေးဌာနခွဲက ကျွန်တော်တို့သင်္ဘောသားများ၏ သက်သာချောင်ချိရေး ရသင့်ရထိုက်သည့် အခွင့်အရေးတွေရအောင် ဆိုင်ရာသင်္ဘောကုမ္ပဏီနှင့် စာချုပ်ချုပ်ပြီးလုပ်ပေးသည်။ သင်္ဘောသားများကို အကြောင်းမဲ့ ပြန်မလွှတ်နိုင်အောင် သင်္ဘောသားဘက်မှ အကာအကွယ်ပေးသည့် အချက်



အလက်များကို အထွေထွေသဘောတူညီချက် (General Agreement) ဖြင့် ထိုဌာနက စာချုပ်ချုပ်ဆိုပေးသည်။

ကျွန်တော်တို့ သင်္ဘောမတတ်ခင် ကတိကဝတ်လက်မှတ်ရေးထိုးပေးရသည်။ (Guidelive of Rules of Conduct & Behaviown) အရ ကိုယ့်နိုင်ငံကိုယ့်လူမျိုးသိက္ခာ မထိခိုက်အောင် မြန်မာသင်္ဘောသားလောက နာမည်မပျက်အောင် ဘယ်လိုကျင့်ကြံနေထိုင်ရမည်ဆိုသည့် စည်းကမ်းများပင် ဖြစ်ပါသည်။ စည်းကမ်းဖောက်က အရေးယူခံရမည့်အချက်များလည်း ပါပါသည်။

အားလုံးပြီးစီးတော့ ကျွန်တော်တို့အဖွဲ့လိုက် လေယာဉ်ဖြင့် ရန်ကုန်မှ ဗန်ကောက်သို့ သွားရသည်။ သင်္ဘောသားအုပ်စု ၁၅ ယောက်မို့ ပျော်စရာပင်ဖြစ်နေသည်။

ဒေါက် ဒေါက် ဒေါက် ဒေါက် . . .

ကေဘင်(န်) တံခါးလာခေါက်သံကြောင့် ကျွန်တော့် အိပ်ယာမှ ထလိုက်၏။ တံခါးဖွင့်ပေးလိုက်သည့်အခါ ဆီလောင်းဘုန်းနိုင်ကို တွေ့ရ၏။

## အပိုင်း ( ၂ )

## ဘယ်ဆီတမ်း မမှန်းဝံ့ပြီ

သာမန်လူတို့အဖို့ ဆယ်လဆိုသော ကာလသည် အလွန် အမင်း ကြာလှမည် မဟုတ်သော်လည်း ပင်လယ်ကူးသင်္ဘောသား ကျွန်တော့်အဖို့ ကြာလွန်းလှပါသည်။ ကျွန်တော်၏အလုပ်သည် စက်ပစ္စည်းတပ်ဆင်ရသည့်အလုပ် ဖြစ်သော်လည်း ချို့ယွင်းပျက်စီး သည့် စက်ပစ္စည်းများ တပ်ဆင်ပေးရုံသက်သက် မဟုတ်ပါ။ ကျွန်တော်တို့စက်ခန်းသည် အရာရှိနည်းပါးသည့်အတွက် စက်ခန်း မကြီးတာဝန်ကျအရာရှိ တာဝန်ပါထမ်းဆောင်ပေးရပါသည်။ ကုန်းပတ်မှတာဝန်ကျအရာရှိ အလုပ်များသလို စက်ခန်းတာဝန် ကျအရာရှိသည်လည်း တာဝန်ကြီးပါသည်။ Sailing order ရသည် နှင့် စက်မကြီးများကို သင်္ဘောမထွက်ခွာမီ နှစ်နာရီခန့်ပြင်ဆင်ဖို့လို ပါသည်။ ဘွိုင်လာများနိုးပေးထားရသလို ဘွိုင်လာရေများလည်း





ဖြည့်ထားရပါသည်။ ဆိပ်ကမ်းအဝင်အထွက် စက်ရှိန်လျှော့တာ ရပ်တာ ပြန်စက်နိုးတာ အရှိန်မြှင့်ပြင်းပြင်းမောင်းနိုင်တာ ဒါတွေ လုပ်နိုင်ဖို့ စက်ကစားနိုင်ဖို့ ဒီဇယ်ဆီကို သုံးကြရပါသည်။ ဒီဇယ်ဈေး ကကြီးသဖြင့် သင်္ဘောခရီးစဉ်တစ်လျှောက်လုံး ဒီဇယ်ဆီကို မသုံး နိုင်ပါ။ သင်္ဘောရက်ရှည် မောင်းရာတွင် Fuel oil (F.O) ဆီကို သာ သုံးရပါသည်။ အက်(ဖ်)အိုဆီက ဒီဇယ်ဆီထက် များစွာဈေး သက်သာသည်မဟုတ်လား။

ကျွန်တော်တို့ အမ်ဗွီ-ဘလူး ခရက်(စ်)သင်္ဘောက အအေး ခန်း သင်္ဘောဖြစ်သည့်အတွက် အအေးခန်းများ လည်ပတ်မှု တာဝန်ယူရသလို ချို့ယွင်းရပ်တန့်မှုမရှိအောင် အအေးချိန်စင်တီ ဂရိတ်(ဒ်)အမှတ် ၁၈ ဖြစ်တာနဲ့ ခဏပိတ်ထားပြီး ပြန်ဖွင့်ပေးရ ပါသည်။ သင်္ဘောခုတ်မောင်းနေစဉ် စက်များစဉ်ဆက်မပြတ် ခုတ် မောင်းနိုင်ရန် လိုအပ်သော စက်ဆီများကို ဂရုတစိုက် လေ့လာပြီး ထည့်ပေးနေဖို့လည်း လိုပါသည်။ ပစ္စတန်များ အေးစေသည့် ရေနှင့်အမဲဆီများ ဖြည့်ပေးဖို့လည်းမပြတ်ကြည့် ဆောင်ရွက် ပေးရပါသည်။ တက်မစင်အခန်းရှိ ဥသြဆွဲကြိုးဆွဲလျှင် အသံမြည် နိုင်ရန်အတွက် စက်ကြီးခန်းတွင်ထားရှိသည့် လေအိုးကြီးကို လေ အပြည့်ဖြည့်ထားဖို့လည်းလိုပါသည်။

သင်္ဘောကိုထိန်းချုပ်သည့် တက်မစင်မှ စက်ခန်းမကြီးသို့ စက်မည်သို့လှုပ်ရှားရမည်ကို Telegraph ဖြင့် ရိုက်နှိပ်အချက်ပြ ညွှန်ကြားသည့်အတိုင်း စက်ခန်းမကြီးတာဝန်ကျ အရာရှိကဆောင်ရွက် ပေးရပါသည်။ ထိုသို့တက်မစင်မှ Telegraph ဖြင့် စက်ခန်း တာဝန်ကျ အရာရှိသို့အချိန်နှင့် ညွှန်ကြားချက်များကို Bell Book ခေါ် ခေါင်း

လောင်းထိုးအချက်ပြ စာအုပ်တွင် Third Officer (သာ့(ဒ်) အော်ဖစ်ဆာ) က ချက်ချင်းရေးမှတ်ရသလို စက်ခန်းတာဝန်ကျ အရာရှိကလည်း Log Book တွင် ချက်ချင်းမှတ်တမ်းတင်ထားရပါသည်။ ထိုမှတ်တမ်းစာအုပ်များထားရှိ မှတ်တမ်းတင်ရသည့်သဘောမှာ မတော်တဆ တိုက်မိမှု၊ ထိခိုက်မှု၊ ပျက်စီးမှု၊ သောင်တင်မှု ဖြစ်လာသည့်အခါ အမိန့်ပေးမှု၊ မှားယွင်းမှုကြောင့်လော၊ နောက်ကျမှုကြောင့်လော စက်မောင်းသူ၏ အမိန့်မနာခံမှုကြောင့်လော၊ အမိန့်ပေးသူ၏ အပြစ်လား၊ စက်မောင်းသူ၏ အပြစ်လား၊ မလွှဲမရှောင်သာ၍ဖြစ်လာရခြင်းလား၊ ဆန်းစစ်ရာတွင် ထိုစာအုပ်များကို တင်ပြသက်သေခံနိုင်ရန်ဖြစ်ပါသည်။

သင်္ဘောရှေ့သို့သွားရန်အတွက် တက်မစင်မှ Telegraph ဖြင့်၊ Dead Slow Ahead (စက်ရှေ့အနှေးဆုံး)၊ Slow Ahead (စက်ရှေ့အနှေး)၊ Half Ahead (စက်ရှေ့တစ်ဝက်)၊ Full Ahead (စက်ရှေ့အမြန်ဆုံး) အချက်ပြလျှင် ကပ္ပတိန် သို့မဟုတ် သာ့(ဒ်) အော်ဖစ်ဆာ သို့မဟုတ် တာဝန်ကျအရာရှိ အမိန့်ပေးအချက်ပြသည့်တိုင် စက်ခန်းမကြီးတာဝန်ကျအရာရှိက ဆောင်ရွက်ပေးရပါသည်။ အလားတူ သင်္ဘောနောက်သို့ ရွေ့သွားရန်အတွက် Telegraph ဖြင့် Dead Slow Astern (ပဲ့ဘက်သို့ အနှေးဆုံး)၊ Slow Astern (ပဲ့ဘက်သို့အနှေး)၊ Half Astern (ပဲ့ဘက်သို့တစ်ဝက်)၊ Full Astern (ပဲ့ဘက်သို့အမြန်ဆုံး) အချက်ပြသည့်အတိုင်း စက်မကြီးအခန်း တာဝန်ကျအရာရှိက လိုအပ်သလိုဆောင်ရွက်ပေးရပါသည်။



စက်ခန်းမကြီး တာဝန်ကျအရာရှိအဖြစ် တာဝန်ကျစဉ် ဆီလောင်းတစ်ဦးလည်း အလှည့်ကျတွဲဖက် တာဝန်ချထားပေးပါသည်။ တာဝန်ကျ အရာရှိညွှန်ကြားသည့်အတိုင်း ဆီလောင်းက စက်ခန်းတွင်လိုအပ်သည့် စက်ဆီထိုးပေးခြင်း၊ ဆီဖြည့်ပေးခြင်း၊ သန့်ရှင်းရေး ပြုလုပ်ပေးခြင်းနှင့် ဒိုင်ခွက်များကို ကြည့်ခိုင်းသည့်အတိုင်း ကြည့်ရှုဆောင်ရွက်ပေးခြင်းတို့ ဆောင်ရွက်ပေးရပါသည်။

တာဝန်ကျချိန်မှာ နေ့ညမရွေးဖြစ်၍ အိပ်ချိန်သည် တာဝန်မကျချိန်သာ ဖြစ်ပါသည်။ နေ့လည်းအိပ်ရသည့်အခါ ရှိသလို ညလည်းမအိပ်ရသည့်အခါ ရှိပါသည်။ တာဝန်ချိန်တွင် အနားယူဖို့ နေနေသာသာ စိတ်ကူးယဉ် စိတ်ပျံ့လွင့်နေ၍ မဖြစ်ပါ။ အထူးသဖြင့် ပင်လယ်ပြင်ဆင်ကြီး မုန်တိုင်းနေချိန်နှင့် ပင်လယ်ဝါးပြသင်္ဘောများ မြင်တွေ့ရချိန်တွင် ကပ္ပတိန်နှင့် စက်ခန်းတာဝန်ကျအရာရှိတို့ တက်ညီလက်ညီအပေးအယူမျှစွာ ဆောင်ရွက်ရချိန်ဖြစ်ပါသည်။ အနားယူချိန်မှာ တာဝန်ထွက်ပြီး မအိပ်စက်မီနှင့် တာဝန်ပြန်မထမ်းဆောင်မီ ကာလသာဖြစ်ပါသည်။ ဤသည်ပင် အအေးခန်းနှင့် စက်ခန်းများမှ စက်တစ်ခုခု ချို့ယွင်းခဲ့ပါလျှင် သွားရောက်တပ်ဆင်ပေးရပါသေးသည်။

တကယ်တော့ သင်္ဘောသားအလုပ်သည် ယခုလို မြိုးမြိုးမြက်မြက် လစာမရလျှင် လုပ်ဖို့ကောင်းသည့်အလုပ် မဟုတ်ပါ။ ကြည့်ပါဦး။ သင်္ဘောသားတိုင်းသည် ကိုယ်လုပ်ရသည့် အလုပ်အလိုက် အဆင့်အလိုက် လုပ်ငန်းကျွမ်းကျင်ရသည်။ ထိုအလုပ်များထဲတွင် သက်စွန့်ဆံဖျားလုပ်ရသည့် အလုပ်ပါသလို အလွန်ပင်ပန်းလွန်းသည့် အလုပ်လည်းပါသည်။ သင်္ဘောက နေ့ရောညပါစဉ်ဆက်

မပြတ်ခုတ်မောင်းနေ၍ အိပ်ရေးပျက်သည့် အလုပ်လည်းပါသည်။ လပေါင်းများစွာ နှစ်နှင့်ချီ၍အိုးပစ်အိမ်ပစ် သွားလုပ်ရသည်။ ထို့ပြင်ဘာသာစကားလည်း ကျွမ်းကျင်ရသေးသည်။ အင်္ဂလိပ်စကားက မကျွမ်းကျင်၍ မဖြစ်သည့်စကား။ ကုလားစကား တရုတ်စကားလည်း ထမင်းစားရေသောက် တတ်ထားရသည်။ အမ်ဗွီဘလူးခရက်(စ်) သင်္ဘောပေါ်တွင် မြန်မာသင်္ဘောသားများပေမယ့် လူကြီးများက လုပ်ငန်းခွင်တွင် အကျင့်ပါအောင် အင်္ဂလိပ်လိုပဲ ပြောခိုင်းသည်။ နိုင်ငံခြားသားများနှင့် စကားပြောလျှင်တော့ မှတ်နေအောင်ပြောနိုင်အောင် လေ့ကျင့်ထားကြရသည်။

ဒါတွေက လုပ်ငန်းသဘာဝမို့ အခြားအလုပ်တွေနှင့် မထူးဘူးဟုပဲ ထားလိုက်ပါတော့။ အခြားအခြားသော လုပ်ငန်းတွေနှင့် မတူတာ ထူးတာတွေများစွာရှိပါသည်။ ရာသီဥတု ကောင်းမွန်သာယာနေချိန်မှာပင် ပင်လယ်ပြာပြာကောင်းကင်ပြာပြာမှ တစ်ပါး အခြားဘာမျှမမြင်ရမတွေ့ရ။ တစ်ရက်လည်း မဟုတ်။ နှစ်ရက်လည်းမဟုတ်။ ကမ်းမမြင်လမ်းမြင် သွားလာနေရသည်ကပင် ကြေကွဲဖွယ်ရာကောင်းနေသည်။ စိတ်ပျက်ငြီးငွေ့ဖွယ်ရာ ကောင်းလွန်းလှပါသည်။ ငှက်တွေ့ရလျှင်ပင် ဝမ်းသာပြုံးပျော်ရသည့် အချိန်ဖြစ်ပါသည်။ ကျွန်း၊ ဆိပ်ကမ်း၊ မြို့တွေ့ရလျှင်တော့ အားလုံးပျော်ကြပြီပေါ့။

ရာသီဥတုဆိုးရွားချိန် လှိုင်းလေပြင်းထန်ချိန်သည် သည်းထိတ်ကြောက်လန့်ဖွယ် ကောင်းသည့်အပြင် အသည်းငယ်စရာလည်း ကောင်းလွန်းလှပါသည်။ ရောမနိုင်ငံခြားသင်္ဘောကြီးသည် ပြာနေသည့်ဆန်ကောထဲမှ ဆန်စေ့လို ကြီးမားသည့်လှိုင်းလုံးကြီးများအတွင်း မြုပ်သွားလိုက် ပေါ်လာလိုက်ဖြစ်နေပါတော့သည်။



ထိုအချိန်တွင် တာဝန်ကျနေလျှင် စိတ်သက်သာရာရပါသေးသည်။ တက်မခန်းတာဝန်ကျများက သင်္ဘောမနစ်မြုပ်ရအောင် သင်္ဘောလမ်းမှန်ရောက်အောင် စိတ်ပါဝင်စားစွာ အာရုံစူးစိုက်မောင်းနှင်နေရသလို ကပ္ပတိန်အလိုရှိသည့်အတိုင်း Telegraph ဖြင့်အချက်ပြသည့်အတိုင်း စက်ခန်းမကြီးတာဝန်ကျသူတို့က စိတ်ပါဝင်စားစွာ အာရုံစူးစိုက်လျက် အင်ဂျင်စက်များကို မောင်းနှင်နေရသည့်အတွက် စိတ်သက်သာရာ ရကြပါသည်။

မုန်တိုင်းမိလျှင် သင်္ဘောစက်ပျက်လျှင် ပင်လယ်ဓါးပြအတိုက်ခံရလျှင် အသက်အန္တရာယ် အလွန်စိုးရိမ်ရပါသည်။ အသက်အန္တရာယ်နီးပြီး ဒုက္ခသုက္ခများပြားလှသည့် အလုပ်ကို လုပ်နေကြရပါလျက် မလိမ္မာကြသူ သင်္ဘောသားအချို့ရှိသည်ဟု ကြားရသိရသည်။ မလိမ္မာသည့်ကိစ္စက အခြားမဟုတ်။ လောင်းကစားကြခြင်းဖြစ်ပါသည်။ သင်္ဘောပေါ်တွင် လုပ်ကြခြင်းတော့ မဟုတ်။ ဆိပ်ကမ်းကပ်ချိန် ကာစီနိုရုံများသို့ရောက်သွားလျှင် ဝါသနာပိုးတွေ ထိုးတော့သည်။ ဒုက္ခ သုက္ခနှင့် နပန်းလုံး အသက်စွန့်ရှာထားသည့်ငွေတွေ ခဏလေးနှင့် ပြောင်သွားတော့သည်။ စိတ်မချမ်းမြေ့စရာရယ်လေ။

ကျွန်တော့်အဖို့တော့ ကာစီနိုရုံများသို့ သွားဖို့နေနေသာသာ။ အဖေ၊ ဒွေးနှင့်နွယ်နီဦးတို့ထံ စာထည့်ဖို့မရှိပါက ကမ်းပေါ်သို့ပင် တက်လေ့မရှိပါ။ ကျွန်တော့်အဖို့ သင်္ဘောကကျွေးထား၍ အခြားသုံးစရာငွေမလို။ ကျွန်တော့်သင်္ဘောသား လစာဒေါ်လာ ၆၀၀၊ အစိုးရသို့ဒေါ်လာ ၆၀၊ နွယ်နီဦးတို့ဆီပို့ပေးတာ တစ်လဒေါ်လာ

၁၅၀ ဆိုတော့ ကျွန်တော့်လက်ထဲ တစ်လဒေါ်လာ ၃၉၀ ကျန်သေးသည်။ ခုသင်္ဘောတက်တာ ဆယ်လကြာပြီဆိုတော့ ကျွန်တော့်တွင် ဒေါ်လာ ၃၉၀၀ စုမိနေပြီ။ နွယ်နီဦးတို့ အနေနှင့်လည်း ကျွန်တော် ပို့ပေးတာ ဒေါ်လာ ၁၅၀ ဆိုတော့ ဒေါင်းနီပေါင်တာ တစ်လအတိုး ၄၀၀၀ ကျပ်သွားဆပ်။ လက်ထဲငွေ ၁၁၀၀၀ ကျပ်ကျန်သေးသည်။ သူတို့သားအမိ ဗိုက်ရိုက်စားလို့ရသေးသည်။

ကျွန်တော်ခွင့်ပြန်၍ရပေမယ့် ခွင့်မပြန်လိုတော့ ခွင့်ပြန်ခဲ့လျှင် ဒေါ်ခင်နီကြောင့် မရှောင်သာသည့်အမြှောင်ကြား ညည်းနှင့် ငါနှင့်ညားမှာစိုးသည်။ ပြီးတော့ ခွင့်ပြန်လျှင် လစာရမည်မဟုတ်။ ငွေးနှင့်တွေ့ချင်လွန်းသည့် စိတ်ကိုအောင့်အည်းမြိုသိပ်ထားလိုက်သည်။ နောက်မပြန်ဖြစ်သည့် အကြောင်းတစ်ခုလည်း ရှိသေးသည်။ အမ်ဗွီဘလူးခရက်(စ်) သင်္ဘောရေချခဲ့သည့် ကပ္ပတိန်သောင်းထွန်းသည် လွန်ခဲ့သည့်ခြောက်လခန့်က အခြားသင်္ဘောသို့ ပြောင်းသွားခဲ့ရာ ဖိလစ်ပိုင်ကပ္ပတိန်တစ်ဦး ရောက်ရှိလာခဲ့သည်။ ယခုတစ်ဖန် မနေ့က သင်္ဘောကပ္ပတိန်အသစ် တစ်ယောက်ရောက်လာသဖြင့် ဖိလစ်ပိုင်သင်္ဘောကပ္ပတိန်သည် အခြား သင်္ဘောတစ်စင်းစင်းသို့ ပြောင်းရွှေ့သွားပေလိမ့်ဦးမည်။ မနေ့က ပြောင်းရွှေ့လာသည့် ကပ္ပတိန်သည် ကျွန်တော့်သူငယ်ချင်း ကျော်သက်၏အစ်ကို ကပ္ပတိန်ကျော်ထက်ဖြစ်နေ၍ ကျွန်တော်အလွန်ပျော်သွားပြီး ခွင့်မပြန်လိုတော့ခြင်းလည်း ဖြစ်ပါသည်။

ကပ္ပတိန်ကျော်ထက်သည် အခြားကပ္ပတိန်များနှင့် မတူထူးခြားသူဖြစ်၏။ ရောက်ရောက်ချင်း သင်္ဘောသားအားလုံးနှင့် တွေ့ဆုံစကားပြောသည်။ ကပ္ပတိန်နှင့်အတူ သင်္ဘောသားအားလုံး



အမှတ်တရဓါတ်ပုံ ရိုက်ယူ၏။ ကျွန်တော့်ကို အရိုက်ခိုင်း၍ ကပ္ပတိန် ကျော်ထက်၏ ခုရိုက်ခုရ ကင်မရာဖြင့် ဓါတ်ပုံရိုက်ပေးခဲ့ရ၏။

ကျွန်တော်တို့သင်္ဘော ဟောင်ကောင်တွင် ဒေါက်တင်မည်ဖြစ်ပါသည်။ ကျွန်တော်သည် ငွေး၊ နွယ်နီဦးနှင့် ဒေါ်မြရှင်တို့အတွက် အလှပြင်ပစ္စည်းအချို့ ဝယ်ပေးလိုက်ပြီး ဒေါ်လာ ၂၁၀၀ကို ဒေါင်းနီအားရွေးနိုင်ရန် နွယ်နီဦးကိုပေးပေးဖို့ ခွင့်ပြန်သူ စက္က(န်)အင်ဂျင်နီယာ ကိုမျိုးလွင်အားပေးလိုက်ပါသည်။ ငွေး၊ နွယ်နီဦးနှင့် ဦးသိန်းမောင်၊ ဒေါ်မြရှင်တို့ထံသို့လည်း စာတစ်စောင်စီရေးပေးလိုက်ပါသည်။

တကယ်တော့ ငွေးသည် ကျွန်တော့်အတွက် ဘယ်ဆီကမ်းမမှန်း ဝံ့ပြီသာဖြစ်ပါသည်လေ။

# တန်ဖိုးထားစေ၊ ရေချိုရေ

စက္ကဲ(န်)အင်ဂျင်နီယာ ကိုမျိုးလွင်ကို လေဆိပ်ပို့ပြန်လာသော ကျွန်တော်သည် ထူးဆန်းသည့်မြင်ကွင်းကြောင့် သင်္ဘောသို့ ဆက်မသွားတော့ဘဲ ကာစီနိုရုံဆီသို့ လျှောက်လာခဲ့သည်။ ကျွန်တော့်မျက်စိကို ကျွန်တော်မယုံနိုင်လောက်အောင် အံ့ဩနေမိသည်။ ကာစီနိုရုံသို့ဝင်တော့မည့် ကပ္ပတိန်ကျော်ထက်ကို ထူးဆန်းစွာတွေ့လိုက်ရသလို ကာစီနိုရုံထဲတွင် လောင်းကစား နေသည်ကို တွေ့ရတော့ ကျွန်တော်မျက်လုံးကို ကျွန်တော်မယုံချင်။ သူလည်း လေ လောကီသားပေပဲဟု ဖြေမိသည်။ လူတစ်ယောက် ဝါသနာတစ်မျိုးပဲလေ။ မျက်နှာလိုက် ပြောသည်တော့မဟုတ်။ သူက ကပ္ပတိန်လည်း ကပ္ပတိန်။ လူပျိုလည်း လူပျိုကြီး။ အဖေအမေကလည်း ချမ်းသာတော့ သူ့လစာတွေ ထားစရာမရှိ အောင်ပုံနေမည်ပေါ့။ သည်တော့လည်း ဝါသနာပါရာ ကာစီနိုရုံသို့ ရောက်လာတာ ဆန်းပါတော့မည်လား။ မကြုံဖူး မတွေ့ဖူးသူ ကျွန်တော့်အနေဖြင့် ဆန်းနေခြင်းသာ။





ကျွန်တော် ရပ်ကြည့်နေမိသည်မှာ ၁၀ မိနစ်ပင် မကြာလိုက်ပါ။ သူအပြင်ထွက်လာသဖြင့် ကျွန်တော်နှုတ်ဆက်လိုက်၏။ သူကလည်း ဖက်လှဲတကင်း ပြန်နှုတ်ဆက်ပါသည်။

“မောင်နိုင်ရေ လောင်းကစားဟာ မူးယစ်ဆေးဝါးတစ်မျိုးပဲနော်. . .”

“ဟုတ်ပါတယ် ကပ္ပတိန်. . .”

“အစ်ကို ကို လွှိုင်လင်တုန်းကအတိုင်း အစ်ကိုထက်လို့ပဲ ခေါ်ပါကွာ။ ကပ္ပတိန်တွေ ဘာတွေလုပ်မနေပါနဲ့. . .”

“ဟုတ်ကဲ့ပါ အစ်ကိုထက်. . .”

“ပြီးတော့ လောင်းကစားဟာ မူးယစ်ဆေးဝါးထက်တောင်ပိုပြီး လောဘ၊ ဒေါသ၊ မောဟတွေဖြစ်စေတတ်တယ် ငါ့ညီ၊ လောဘကြောင့် မောဟပိုဖြစ်သွားတယ်ဆိုတာ အစ်ကို ခုကောင်းကောင်းသိသွားပြီငါ့ညီ. . .” “မူးယစ်ဆေးဝါးတို့ လောင်းကစားတို့ဟာ စွဲလန်းစေမှုန်း အကျိုးမပေးမှုန်း ဘဝပျက် စီးပွားပျက်၊ ဒုက္ခရောက်စေမှုန်း သိကြပေမယ့် ပင်လယ်ရေသောက်မိသလိုပဲ အငတ်မပြေနိုင်ကြဘူး၊ သောက်ပြီးရင်း သောက်ချင်နေကြတယ်. . .”

“တော်ပါသေးရဲ့ ညီလေးကျော်သက်နဲ့ မောင်နိုင်တို့က ဒီနှစ်ခုလုံးကင်းလို့။ မောင်နိုင်ကို ပြန်တွေ့တော့ လွှိုင်လင်နေတုန်းက ငယ်ဘဝတွေကို ပြန်သတိရတယ်။ ကျောင်းအုပ်ဆရာမကြီး ဒေါ်စပ်သူဇာ၊ သင်္ချာသင်တဲ့ ဦးဝင်းနိုင်၊ သမိုင်းဆရာမ ဒေါ်နွဲ့နွဲ့အေးတို့ကိုတော့ အစ်ကိုရန်ကုန်မှာ ပြန်တွေ့သေးတယ်. . .”

ကျွန်တော်တို့နှစ်ယောက် စကားတပြောပြောနှင့် ဆိပ်ကမ်းသို့ ပြန်လာခဲ့ရာ သင်္ဘောပေါ်ရောက်သည်အထိ လွှိုင်လင်အကြောင်း

က မပြတ်ချင်။ ကျွန်တော်က ကပ္ပတိန်ကို အားနာသဖြင့် စကားဖြတ် နှုတ်ဆက်ပြီး ကေဘင်(န်)ဆီသို့ ပြန်လာခဲ့သည်။

"အစ်ကို အိမ်မပြန်ဘူးလား. . ."

လမ်းတွင် Able Body Seaman (A.B) အေဘီ လွမ်းဆွေက သူ့ကေဘင်(န်)အဝက နှုတ်ဆက်သည်။ ကျွန်တော်တို့ အမ်ဗွီ ဘလူးခရက်(စ်) သင်္ဘောတက်ဖို့အလာ သင်္ဘောတည်ဆောက်မှု မပြီးသေး၍ ကုမ္ပဏီကစီစဉ်ပေးသည့် ရှန်ဟဲမြို့ရှိ ဟော်တယ်တွင် တည်းခိုခဲ့ရာ၌ သူနှင့် ကျွန်တော်တစ်ခန်းတည်း တည်းခိုခဲ့ဖူး၏။ ၉ ရက်ကြာအတူတည်းခဲ့တော့ ခင်မင်ရင်းနှီးခဲ့ကြသလို သူ့အကြောင်း ကိုယ့်အကြောင်းလည်း အတော်အတန်သိခဲ့ကြ၏။ သူသည် ရိုးသလောက် အေးသလောက် လောင်းကစားဝါသနာပါမှုတွင် အကဲပါသည်။ သူက အရွယ်ရောက်ကတည်းက ကြက်တိုက်ဖဲရိုက် ဝါသနာပါခဲ့သူ၊ အမေအစ်မများ၏ လက်ပေါ်ကြီးလာရသူမို့ သူတောင်းလျှင် ငွေရလွယ်သည်။ ရလွယ်သည့် ထိုငွေသည်လည်း လောင်းကစား၏ ဝါးမြိုခံရမှုကြောင့်မမြဲ၊ ဘွဲ့ရပြီးအမျိုးတွေ ရွာပြွန်တန်ဆာသွားလည်ခဲ့ရာမှ ချစ်သူညိုကိုတွေ့လည်းတွေ့ ခိုးလည်းပြေးလာခဲ့သည်။ တောသူဌေးသမီးမို့ ညို့တစ်ကိုယ်လုံး ရွှေတွေ အပြည့်ပါလာသည်။ ညို့မိဘက အမွေဖြတ်သည်။ ညို့ကြောင့် သူ့ဝါသနာဆေးထိုးလိုက်၍ ငုပ်သွားသည့် ရောဂါလို ခဏတော့ ပျောက်သွားသည်။

ခြေညောင်းဖင်ပူ၊ ဇက်ထူထုံ၊ မျက်စိမှုန်အောင် တစ်နေကုန် စက်ချုပ်ကြရသော အမေနှင့် အစ်မ သုံးယောက်တို့က လူပျိုဘဝကလို သူ့ကိုမကြည်ဖြူတော့။ ယောက်မကိုမူ ငြူစူစောင်းမြောင်းလာ



ကြသည်။ ညိုကလည်း မာနရှိသည်။ ဇွဲရှိသည်။ လုံ့လဝီရိယ ရှိသည်။ ထမင်းချက်ရေခပ်အဝတ်လျှော်ရင်း ယောက်မများကို အောက်ကျို့ခံကာ စက်ချုပ်ပညာသင်သည်။ ညို့တွင်သားလေးမွေးတော့ စက်ချုပ်ကောင်းကောင်း တတ်သွားပြီ။ ညို့ဖက်က အနစ်နာခံ လက်ရည်တူအောင် လုပ်လာနိုင်တော့ သမီးယောက်မတွေ ခွဲခြားမရအောင် လုံးထွေးသွားပြီ။ တူလေးကို ချစ်ကြလွန်းမှုလည်း ပါပါသည်။

သည်အချိန်ကျမှ သူက စဖောက်သည်။ ကလေးအဖေ ဖြစ်လာပေမယ့် အလုပ်မရှိ၊ သူငယ်ချင်းများနှင့် ရွှေပေါက်ကံဘက် လိုက်လည်ရာမှ ကြက်ဝိုင်းနှင့်တွေ့ပြီး ညိုပေးထားသည့် ငွေအားလုံး ပြောင်သွားပြီ။ လောင်းကစားပိုး ထလာပြီဆိုတော့ ထိုတစ်ကြိမ်ဖြင့် ရပ်မသွား၊ ညို့လက်ကောက် တစ်ကွင်းကုန်သွားသည်ထိ ညိုက သူ့ကို တိုးတိုးတိတ်တိတ်ဖျောင်းဖျကာ တားမြစ်ပြီး သူ့သည်းညည်းခံခဲ့သည်။ မရသည့်အဆုံး ညို့အမျိုးအကြီးအကဲ တစ်ဦး၏ အကူအညီဖြင့် ညိုကသူ့ကို ကျောင်းဆရာလုပ်စေခဲ့သည်။ ညို့အတွေးအခေါ် အယူအဆကောင်းပေမယ့် သူ့ဝါသနာမဖျောက်နိုင်။ သူ့ကြောင့် ကျောင်းဆရာလောက နာမည်ပျက်မှာစိုးသူ ညိုက မျက်စိအောက်က အပျောက်မခံနိုင်သည့် သူ့ကိုလက်ဝတ်ရတနာ ရောင်း သင်္ဘောလိုက်နိုင်အောင် စီစဉ်ပေးခဲ့သည်။

"အစ်ကို ဝိုင်လှချည်လား ကျွန်တော်မေးတာ မဖြေနိုင်လောက်အောင် ဘာတွေတွေးနေလို့လဲ. . ."

"အေး ဘာမှမဟုတ်ပါဘူး။ အစ်ကို့မှာမျှော်မယ့်သူ မရှိဘူးလေ၊ ညီရောမပြန်ဘူးလား ညိုနဲ့သားလေးရော မျှော်နေမှာပေါ့. . ."

"ပြန်ချင်တာပေါ့အစ်ကိုရယ် ခုတော့ ကိုယ့်ကိုကိုယ်သတ်သေချင် စိတ်ပေါက်နေပြီ. . . "

"ညီ ကာစီနိုမှာကုန်ခဲ့ပြီလား၊ ညီ တော်တော်မိုက်တာပဲ။ ဒီလောင်းကစားချင်တဲ့စိတ်ကို အသေသတ်ပစ်ပါလို့ အစ်ကို အကြိမ်ကြိမ် ပြောနေရက်နဲ့. . . "

"ညို့ကိုရော အမေတို့ကိုရော ငွေတွေပေးချင်လွန်းလို့ ကျွန်တော်သူများတွေပြန်ကြပေမယ့် မပြန်ဘဲနေခဲ့တာ။ ညိုက ငွေပို့မနေနဲ့ ငွေခေါင်းကွဲမယ်၊ မောင်ပြန်လာတော့မှ မောင်ကိုယ်တိုင် ညို့လက်ဝတ်ရတနာတွေ ပြန်ဝယ်ပေးလို့ စာရေးပြောခဲ့တယ် အစ်ကို. . . "

"ညီ့အဘေီလစာ အခွန်နှုတ်ပြီးရင် ညို့ပစ္စည်းတွေပြန်ဝယ်ပေးနိုင်သားပဲ ဘာလို့မပြန်တုန်းညီ. . . "

"ညို့ပစ္စည်းတွေပဲ ပြန်ဝယ်ပေးနိုင်မှာ အမေတို့ကို ဘာမှမပေးနိုင်မှာမို့ ပြန်မလာတော့ဘူး၊ နောက် ၁၀ လကြာမှပြန်လာခဲ့မယ်လို့ ညို့ဆီစာရေးထားတာ။ ဟောင်ကောင်ကို သင်္ဘောဆိုက်တဲ့နေ့က ကမ်းတက်မိတာ မှားတာပဲအစ်ကို၊ ကာစီနိုရုံရောက်တာနဲ့ ညိုတို့ဆီပြန်ချင်စိတ် တအားပေါက်လာတယ်။ အမေနဲ့အစ်မတွေကိုလည်း ပေးချင်ကျွေးချင်စိတ်တွေက တားမရတော့ဘူး။ ညိုတို့ဆီပြန်ချင်ဇောနဲ့ ဝင်ကစားမိတာ ညို့ပစ္စည်းပြန်ဝယ်ပေးဖို့ စုထားသမျှ ကုန်သွားပြီအစ်ကို. . . "

ငိုသံပါနှင့် ပြောနေသည့် အဘေီလွမ်းဆွေကို မသနားမိတော့။

ဒေါသပင် ဖြစ်လာမိသည်။



"ခွေးမြီးကောက် ကျည်ထောက်စွပ်ဆိုတာ ညီလိုလူမျိုးကိုပြောတာ လောဘဆိုတာ ရှိတိုင်းကောင်းတာမဟုတ်ဘူး၊ မြစ်ညာက မျှောလာတဲ့ ဆင်သေပေါ်လိုက်သွားတဲ့ လောဘမောဟကြီးတဲ့ ကျီးမိုက်ဟာ ပင်လယ်ထဲရောက်ရင် ဘဝပျက်မှာပဲ၊ ဒီလိုပဲ လောင်းကစားလုပ်သူဟာ ကျီးမိုက်နဲ့ ဘာထူးတုန်း၊ လောင်းကစားဒိုင်လုပ်တယ်ဆိုတာ ရှုံးရင်ဘယ်သူမှ ဒိုင်မလုပ်ဘူး၊ သူတို့အတွက် ကျန်လို့ဒိုင်လုပ်ကြတာ၊ ကာစီနိုရုံကြီးတွေဆို သူတို့နိုင်ငံကို အခွန်တွေ တအားပေးဆောင်မှ ဖွင့်ခွင့်ရကြတာညီ. . . "

"ဘယ်မှာဖြစ်ဖြစ် လောင်းကစားဒိုင်ဆိုတာ အခွင့်အာဏာရှိသူတွေကို မပေးဘဲ မကျွေးဘဲ ဘယ်လို့မှဖွင့်လို့မရဘူး၊ အခွင့်အာဏာရှိသူဆိုတာကလည်း တစ်ဦးတည်း တစ်ယောက်တည်း တစ်ဖွဲ့တည်းမဟုတ်ဘူး၊ မှိုလိုပေါက်နေတာ၊ ဒီလိုပေးကမ်းလုပ်တာတောင် လောင်းကစားဒိုင်လုပ်သူတွေ ကြီးပွားချမ်းသာနေကြတာ ဘာပြုလို့တုန်းဆိုတာ ညီ ဂယနဏ နဖူးပေါ်လက်တင် စဉ်းစားကြည့်၊ မသမာမှု၊ လိမ်လည်မှုတွေ ကဝေဖြစ်နေလို့ပဲညီ. . . "

"ဟုတ်လိမ့်မယ် မဟုတ်ဘူး၊ ဟုတ်ကိုဟုတ်တယ်ညီ။ သူတို့ဟာ မာယာများတယ်၊ မြူတတ် ချူတတ်တယ်၊ စိတ်နိုင်သူ သတိရှိသူဆီကပဲ ရတာလေးအနိုင်ပိုင်းနိုင်သူဆီကပဲ သူတို့မရတာ၊ ဒိုင်ဆိုတာ လောဘကြီးသူကို သဘောအကျဆုံးပဲ၊ ဒါမှသူတို့အကုန်ရမှာကိုး. . . "

"ညီကို အလေးအနက်ပြောချင်တယ်၊ အစ်ကိုတို့ ညီတို့ သင်္ဘောတွေခုတ်မောင်းနေတဲ့ ပင်လယ်သမုဒ္ဒရာထဲက ရေတွေဟာ သောက်လို့ရသလား၊ များပေမယ့် သောက်လို့မရတဲ့ဆားငန်ရေတွေ

ပါညီ၊ အစ်ကိုတို့ သင်္ဘောသားလစာငွေဆိုတာ အသက်စွန့်ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း ကြောက်ခမန်းလိလိ လှိုင်းဒဏ်လေဒဏ်တွေနဲ့ နပန်းလုံးလုပ်မှရတာ၊ ဥပမာပြောရရင် တွင်းနက်နက်ကို ခက်ခက်ခဲခဲတူးလို့ရတဲ့ ရေချိုတွင်းထဲက ရေပါ၊ ဒီရေဟာ ချိုမြအေးစက်နေတော့ တကယ့်ကိုအဖိုးတန်လွန်းပါတယ် ညီ. . . ”

“အစ်ကိုတို့ ညီတို့ တူးထားတဲ့ရေချိုတွင်းထဲက ရေဟာ စဉ်ဆက်မပြတ် များများစားစားထွက်နေတဲ့ ရေဆိုတော့ ပိုတန်ဖိုးထားသင့်ပါတယ်ညီ၊ အပြောကျယ်လွန်းတဲ့ ပင်လယ်သမုဒ္ဒရာထဲက ရေနဲ့ဘယ်လိုမှ မနှိုင်းအပ်တာမို့ မရောယှက်ချင်ပါနဲ့ ရောယှက်လိုက်တာနဲ့ အစ်ကိုတို့ရေဟာ ဘယ်နည်းနဲ့မှ မချိုနိုင်တော့ဘဲ ပျက်စီးသွားပါလိမ့်မယ်ညီ. . . ”

“ညီ့ကို အစ်ကို နောက်ဆုံးပြောချင်တာက ကိုယ့်ရေချိုကို တန်ဖိုးထားပါ၊ ဒီရေချိုဟာ ကိုယ်တစ်ယောက်တည်း မဟုတ်ဘူး ကိုယ့်မိသားစု တစ်စုတည်းမဟုတ်ဘူး၊ ကိုယ့်ပတ်ဝန်းကျင်ပါ လောက်အောင် သောက်သုံးနိုင်လို့ ကိုယ့်မိသားစုပါ တစ်သက်လုံး သောက်သုံးနိုင်လို့ ဒီရေကို တန်ဖိုးထားပါ၊ အလွဲသုံးစားမလုပ်ပစ်ပါနဲ့ ညီ၊ ကဲ အစ်ကိုလည်းကေဘင်(န်) မှာ ပြန်နားလိုက်အုန်းမယ်. . . ”

ကျွန်တော့်ရင်ထဲ ဝေဒနာတွေ ကင်းစင်သွား၍ထင်သည်။ စိတ်လက်ပေါ့ပါးကာ ခြေလှမ်းတွေသွက်လို့။

## အပိုင်း ( ၃ )

## အနေမှန် မာန်မာန

ကျွန်တော်သည် ပင်ကိုယ်သဘာဝကပင် အေးအေးဆေးဆေး နေတတ်သူဖြစ်ပါသည်။ အေးအေးဆေးဆေးနေတတ်သော်လည်း ကျွန်တော့်တွင် မဟုတ်လျှင်မခံချင်သည့် မွေးရာပါ စိတ်ဓါတ်ရှိပါသည်။ ကျွန်တော်၏ ကြက်ခေါင်းဆိတ် မခံချင်တတ်သောစိတ်ဓါတ်ကို အေးအေးဆေးဆေးနေတတ်သည့်အတွက် လူအတော်များများမသိကြပါ။

ကျွန်တော်သည် အနေတည်လင့်ကစား ကျောင်းသားဘဝကတည်းက ကြီးသူကိုလေးစား ငယ်သူကိုသနား ရွယ်တူကို မေတ္တာထားခဲ့သူ ဖြစ်ပါသည်။ အိုကေဝင်းရေယာဉ် ဒေါင်းနီရေယာဉ်တို့တွင် အလုပ်လုပ်စဉ်ကလည်း ထိုနည်းအတိုင်းသာ ကျင့်ကြံနေထိုင်ခဲ့ပါသည်။

အမ်ဗွီဘလူးခရက်(စ်) ပေါ်မှာလည်း ထိုအနေအထိုင် အတိုင်း နေထိုင်ခဲ့ပါသည်။ ကပ္ပတိန်ကျော်ထက်ကို လေးစားရိုသေ သလို ချိ(ပ်) အော်ဖဆာ ရွှေဝင်း၊ ပါဆာနေအောင်၊ အခြားသင်္ဘော သို့ ပြောင်းရွှေ့သွားသည့် ချိ(ဖ်)အင်ဂျင်နီယာ ဩစတြီးယားလူမျိုး သောမတ်(စ်)ကလက်တီး၊ စက္ကဲ(န်)အင်ဂျင်နီယာမျိုးလွင်၊ အာ(ရ်)အို မြင့်ဦးအပါအဝင် စက္ကဲ(န်)အော်ဖဆာ၊ သာ့(ဒ်)အော်ဖဆာ ဒက်ကဒက် သာ့(ဒ်)အင်ဂျင်နီယာ၊ ဂျူနီယာအင်ဂျင်နီယာများပါမကျန် အရာရှိ အားလုံးအား ကျွန်တော်သည် တလေးတစား ရိုရိုသေသေ ဆက်ဆံ ခဲ့ပါသည်။ ထို့အတူ ဘိုဆင်၊ ချိ(ဖ်)ကွပ်(ခ်)ဆီလောင်း ထမင်းချက်၊ စားပွဲထိုး ရိုးရိုးသင်္ဘောသားများကိုပါ ခင်ခင်မင်မင်လေးလေး စားစားဆက်ဆံခဲ့ပါသည်။

ချိ(ဖ်)အင်ဂျင်နီယာ သောမတ်(စ်)ကလက်တီးအစား ရောက်လာသည့် ချိ(ဖ်)အင်ဂျင်နီယာအန်ဒရီးယပ်(စ်)မိုဆာကို တော့ ကျွန်တော်လေးစားချင်စိတ်မရှိ။ သူပြောပုံဆိုပုံ ကြည့်ပုံရှုပုံ ကိုက လူအားလုံးကို အထင်သေး အမြင်သေးပုံစံမျိုး ဖြစ်နေသည်။ ဤသင်္ဘောပေါ်တွင်သာမက ကမ္ဘာပေါ်တွင်ပင် သူ့လောက်တတ် သည့်နပ်သည့် လူမရှိဟူသော ဂိုက်မျိုးဖမ်းနေသည်။

လူဆိုသည်မှာ ကုသိုလ်ကံအကျိုးပေးနှင့် စွန့်စားရုန်းကန်မှု ကြိုးစားဆောင်ရွက်မှုစသည့် အခြေအနေအရပ်ရပ်အရ အဆင့် အတန်း အတန်းအစားကွဲပြားခဲ့ခြင်းသာ ဖြစ်ပါသည်။ ကျွန်တော် သာ မိဘအရိပ်အာဝသအောက်တွင် နေထိုင်ပြီး ပညာကြိုးစားခဲ့ပါ က ဆရာဝန်၊ အင်ဂျင်နီယာ၊ ချိ(ဖ်)အင်ဂျင်နီယာပင်ဖြစ်ကောင်း ဖြစ်နေပေလိမ့်မည်။



သင်္ဘောပေါ်တွင် သင်္ဘောထုံးစံအရ ကပ္ပတိန် ချိ(ပ်)အော်ဖ ဆာ၊ ချိ(ပ်)အင်ဂျင်နီယာ၊ စက္ကဲ(န်)အော်ဖဆာ၊ သာ့(ဒ်)အော်ဖဆာ အာရ်အို၊ ဒက်ကဒက်၊ စက္ကဲ(န်)အင်ဂျင်နီယာ၊ သာ့(ဒ်)အင်ဂျင် နီယာ၊ ဂျူနီယာ အင်ဂျင်နီယာ၊ ဆီလောင်း၊ ထမင်းချက်၊ စားပွဲထိုး၊ ရိုးရိုးသင်္ဘောသားဟု ခွဲခြားထားခြင်းဖြစ်ပါသည်။ အခြေအနေ ပေးပြီး ကြိုးစားမှုရှိလျှင် ရိုးရိုးသင်္ဘောသားတစ်ယောက် လာဖြစ် နေသော ကိုဟန်စိန်၊ ကိုတင်လှတို့သည်ပင် သင်္ဘောကပ္ပတိန် မဖြစ်ဟု မပြောနိုင်ပါ။ အခြေအနေမပေးမှု မကြိုးစားမှုကြောင့် သူ့အဆင့်နှင့် သူနေရခြင်းဖြစ်ပါသည်။

ဆိုလိုသည်မှာ ဘယ်အဆင့် ဘယ်အလွှာဘယ်အတန်း ဖြစ်ဖြစ် လူပဲဖြစ်သည်ကို မေ့ထား၍မရပါ။ ပညာတတ်သူ အသိ ဉာဏ် မြင့်မြင့်မားမားရှိသူသည် ပို၍လူကောင်းဆန်သင့်ပါသည်။ ပညာမဲ့သူ အသိဉာဏ်နည်းသူများအနေဖြင့် ရုန်းကန်လှုပ်ရှား ကျင်လည်ရသည့် ဘဝအနေအထားအရ ရိုင်းစိုင်းနိုင်ပါသည်။ ယဉ်ကျေးလိမ္မာမှု လျော့နည်းနိုင်ပါသည်။ ပုံသေကားချပ်တော့ မှတ်၍မရနိုင်ပါ။ ဆင်းရဲနွမ်းပါးပြီး ပညာမတတ်သူ တော်တော် များများ လိမ္မာယဉ်ကျေးနေသည်ကိုလည်း တွေ့ဖူးပါသည်။ ပညာ တတ်အဆင့်အတန်း မြင့်မြင့်ဖြစ်ပြီး စိတ်ဓါတ်အောက်တန်း နောက်တန်းကျကာ ရိုင်းစိုင်းယုတ်မာနေသူများလည်း များစွာရှိပါ သည်။ အဓိကကတော့ ဘယ်အဆင့်အတန်း ဘယ်အလွှာက လူပဲ ဖြစ်ဖြစ် လူကောင်းစိတ်မွေးတတ်သူ ဖြစ်ဖို့ပဲလိုပါသည်။

သဘာဝအရတော့ အကြီးအကဲ ပညာတတ်များသည် လူကောင်းပိုဆန်သင့်ပါသည်။ လူကောင်းစိတ် ပိုရှိသင့်ပါသည်။

ချိ(ပ်)အင်ဂျင်နီယာ အန်ဒရီးယပ်(စ်)မှီ ဆာကတော့ လူကောင်းစိတ်မမွေးဟု ထင်ပါသည်။ ကျွန်တော့်ကိုကြည့်လျှင် စားတော့ဝါးတော့မည့် ပုံကြည့်သည်။ ကျွန်တော်ခပ်တည်တည် နေသည်ကို သူကြည့်မရဟု ထင်ပါသည်။ မည်သူ့ကိုမျှ ခွေးလေးလို ပါးလျက်နားလျက်မလုပ်တတ်သော ဖားဖားယားယားမနေတတ်သော ကျွန်တော်သည် သူကျွန်တော့်၏ အကြီးအကဲဖြစ်သော်လည်း လူမျိုးခြားဖြစ်၍ ပို၍ပင် အနားကပ်ချင်စိတ်မရှိပါ။ ထို့ကြောင့်လည်း သူနှင့်မတွေ့အောင်ရှောင်နေခဲ့ပါသည်။ မျက်နှာချင်းဆိုင်တွေ့လျှင်လည်း ခပ်တည်တည်နေလိုက်ပါသည်။ ပြောင်းသွားသော အင်ဂျင်နီယာကြီးကို ပြုံးပြပြီး မင်္ဂလာစကားအကြိမ်ကြိမ်ဆိုခဲ့ဖူးလေ့ရှိသော်လည်း သူ့ကိုတစ်ခါမျှပြုံးမပြခဲ့ဖူးပါ။ သင်္ဘောထုံးစံအရ ကျွန်တော့်ကို တိုက်ရိုက်အမိန့်ပေးစေခိုင်းနိုင်သူမှာ စက္ကဲ(န်) အင်ဂျင်နီယာ ကိုမျိုးလွင်သာဖြစ်ပါသည်။ ကျွန်တော့်ကို တာဝန်အရ စေခိုင်းလိုပါကလည်း ချိ(ပ်)အင်ဂျင်နီယာအနေဖြင့် တိုက်ရိုက်စေခိုင်းပိုင်ခွင့်မရှိပါ။ စက္ကဲ(န်)အင်ဂျင်နီယာမှတစ်ဆင့် စေခိုင်းနိုင်ပါသည်။ ဆင့်ကဲအုပ်ချုပ်မှုစနစ်နှင့် အမိန့်နာခံမှုတို့အရ ဆောင်ရွက်သွားရခြင်းဖြစ်ပါသည်။ ချိ(ပ်)အင်ဂျင်နီယာပေးသော တာဝန်များကို စက္ကဲ(န်)အင်ဂျင်နီယာက ကျွန်တော်တို့စက်ခန်းအဖွဲ့အား ပြန်လည်တာဝန်ခွဲဝေပေးပြီး ထမ်းဆောင်စေခြင်းဖြစ်ပါသည်။

ချိ(ပ်)အင်ဂျင်နီယာအနေဖြင့် မြန်မာသင်္ဘောသားများအားလုံးအပေါ် ဩဇာညောင်းချင်၍ မရပါ။ ကျွန်တော့်အထင်တော့ ဤသင်္ဘောတွင် ကပ္ပလီ နှစ်ယောက်၊ တရုတ်တစ်ယောက်၊



မူးယစ်ဆေးဝါး စစ်ဆေးရှာဖွေရေး အမေရိကန်သုံးယောက်နှင့် ဂျာမန်သူတစ်ယောက် ပေါင်းနိုင်ငံခြား သား (၇) ယောက်သာပါပြီး ကျန်သူအားလုံးမှာ မြန်မာလူမျိုးများချည်း ဖြစ်နေသည်ကို မနာလိုတိုရှည်ဖြစ်နေသည်ဟု ထင်ပါသည်။ ပြီးတော့ သင်္ဘောကပ္ပတိန်နှင့် သင်္ဘောအရာရှိများအားလုံးမှာလည်း သူမှလွဲပြီး မြန်မာများချည်း ဖြစ်နေသည်ကို ကျေနပ်ဟန်မတူပါ။

ယနေ့မြန်မာသင်္ဘောသားများသည် လုပ်ငန်းကြိုးစားပြီး စည်းကမ်းကောင်းကြသဖြင့် သင်္ဘောသားလောကတွင် မျက်နှာပန်းလှနေသည်ကိုလည်း ဘဝင်မကျဖြစ်နေဟန်ရှိပါသည်။ သူသည် အင်္ဂလိပ်တို့ကျင့်သုံးခဲ့သော သွေးခွဲအုပ်ချုပ်သည့်စနစ်ကို ကျင့်သုံးလိုဟန်ရှိပါသည်။ မြန်မာသင်္ဘောသားများ စည်းလုံးညီညွတ်နေကြ၍ သူပိုမကျေမနပ်ဖြစ်နေဟန် ရှိပါသည်။ သူသည်လူကဲခတ်တတ်သူလည်း ဖြစ်ပါသည်။ အမာရှောင် အပြော့နှိုက်စနစ်ကျင့်သုံးခဲ့ပါသည်။ မြေပျော့လျှင် ခြေရာထင်တတ်သည့်အတိုင်း သူသည် ဂျူနီယာအင်ဂျင်နီယာ ဇော်ဝင်းကို အပိုင်ကိုင်နိုင်သွားပါသည်။

ဂျူနီယာ အင်ဂျင်နီယာဇော်ဝင်းမှာ အခက်အခဲများစွာ ရှိနေသူ ဖြစ်ပါသည်။ သူ့အခက်အခဲနှင့်သူမို့ မည်သူနှင့်မျှ ပြဿနာမဖြစ်အောင် ရေမြွေလိုနေခဲ့သူဖြစ်ပါသည်။ ဂျူနီယာ အင်ဂျင်နီယာ ဇော်ဝင်းမှာ သူ့အကြောင်းနှင့်သူမို့ မည်သည့်ပြဿနာ မည်သည့်ကိစ္စနှင့်မျှ ဤသင်္ဘောပေါ်မှ အဆင်းမခံနိုင်သဖြင့် ရေမြွေလိုကျင့်နေခြင်းသာဖြစ်ပါသည်။

ဂျူနီယာအင်ဂျင်နီယာ ဇော်ဝင်း၏ အားနည်းချက် ပြော့ကွက်ကို ရှာဖွေတတ်သော ကြည့်မြင်တတ်သော ချိ(ပ်)အင်ဂျင်

နီယာသည် မြန်မာတစ်ယောက်အပေါ် သြဇာညောင်းရ နည်းသလားအနေမျိုးဖြင့် သြဇာညောင်းလာခဲ့ပါသည်။

ကျွန်တော်ကေဘင်(န်)ထဲတွင် ထိုင်ပြီး နွယ်နီဦးဆီ စာရေးနေစဉ် တံခါးခေါက်သံကြောင့် ထဖွင့်ကြည့်ရာ ဂျူနီယာအင်ဂျင်နီယာ ဇော်ဝင်းကို တွေ့ရပါသည်။

“ဘာလဲ ကိုဇော်ဝင်း . . .”

“ချိ(ပ်)အင်ဂျင်နီယာခေါ်ခိုင်းလို့ . . .”

ကျွန်တော်ခဏမျှ စဉ်းစားပြီး “စက္ကဲ(န်)အင်ဂျင်နီယာ မရှိဘူးလား။ လာခဲ့မယ်လေ။ ဘယ်ကိုလာရမှာလဲ . . .” ဟု မေးလိုက်၏။

“အစ်ကိုမျိုးလွင် ကမ်းဖက်တက်သွားတယ်။ ချိ(ဖ်)အင်ဂျင်နီယာ အခန်းလာရမှာပါ. . .”

“ခင်ဗျားသွားနှင့်လေ။ ကျွန်တော်လိုက်လာခဲ့မယ်. . .”

ကျွန်တော်ခဏမျှ စဉ်းစားလိုက်ခြင်းမှာ စက္ကဲ(န်) အင်ဂျင်နီယာမှ တဆင့်ခေါ်ခြင်းမဟုတ်၍ စဉ်းစားနေခြင်းဖြစ်ပါသည်။ သင်္ဘောကမ်းကပ်ထားချိန်ဖြစ်၍ စက္ကဲ(န်)အင်ဂျင်နီယာရှိချင်မှ ရှိမည်ဖြစ်သည်ကို သတိရပြီး အရေးကြီးကိစ္စထင်၍ “လာခဲ့မယ်” ဟုပြောခဲ့ခြင်းဖြစ်ပါသည်။ စက္ကဲ(န်)အင်ဂျင်နီယာရှိနေပါက သူ့အမိန့်ရမှ သွားမည်ဖြစ်ပါသည်။ ကျွန်တော်သည် မြန်မာလူမျိုးအပေါ် ချိ(ပ်)အင်ဂျင်နီယာက အထင်မသေးစေရန် စနစ်တကျဝတ်ဆင်ပြီး သူ့အခန်းသို့သွားခဲ့ပါသည်။

ကေဘင်(န်)ထဲသို့ ဝင်လိုက်သည်နှင့် မြင်ကွင်းက ကျွန်တော့်နှလုံးသားအား အပ်ဖျားချွန်မြမြဖြင့် ထိုးမွှေသလို ခံစားလိုက်ရ၏။ အခံရခက်လိုက်သည်မှာ မပြောနှင့်။ ခံပြင်းမှုနှင့်အတူ ဒေါသစိတ်



တို့သည်ရင်ထဲ၌ မုန်တိုင်းကျသည့်ပင်လယ်ပြင်လို ပြောင်းဆန်လာပါသည်။ နိုင်ငံကြီးသား မဆန်မည်စိုး၍ မြန်မာတွေဟာ အရိုင်းအစိုင်းတွေဟု ထင်သွားမည်စိုး၍ ဖြစ်ပေါ်လာသော ဒေါသစိတ်တို့ကို အံကြိတ်ချိုးနှိမ်လိုက်ရ၏။ ကျွန်တော့်အနေဖြင့် ကျွန်တော့်ကိုအရိုင်းအစိုင်းဟု ထင်သွားမည်ကို မကြောက်ပါ။ ဂရုမစိုက်ပါ။ ကျွန်တော့်ကို ပုဂ္ဂိုလ်အနေဖြင့်မမြင်ဘဲ မြန်မာနိုင်ငံသား မြန်မာလူမျိုးအရိုင်းအစိုင်းဟု ထင်သွားမည် မြင်သွားမည်ကို ကျွန်တော်ကြောက်ပါသည်။

မြင်ကွင်းကလည်း ကြည့်ပါဦး။ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူသည် ကြမ်းပြင်ပေါ်တွင် တစောင်းကိန်းဝပ်နေရရှာသည်။ အစုလိုက်အပြုံလိုက် ပစ်ထားသော မြန်မာ့မှန်စီရွှေချ စောင်းကောက် ကိန္နရီရုပ်၊ လောကနတ်ရုပ်တို့သည် တုံးလုံးပက်လက်ဖြစ်နေသည်။ ဘယ်လောက်ရင်နာစရာ နာကျည်းစရာကောင်းလိုက်ပါသနည်း။

“နံပါတ်တူး အင်ဂျင်အခြေအနေဘယ်လိုလဲ. . .”

“ပြင်တော့ထားပြီးပါပြီ အပိုပစ္စည်းညံ့နေတော့ ထပ်ဖြစ်အုန်းမှာပဲ၊ အပိုပစ္စည်းကောင်းမှာပေးဖို့ မစ္စတာရှင်းကို ပြောပြီးပါပြီ. . .”

“ကောင်းပြီလေ၊ သွားနိုင်ပါပြီ. . .”

ကျွန်တော်နောက်ပင် လှည့်မကြည့်ခဲ့။ တစ်ကြိုးတည်း ကျွန်တော့် ကေဘင်(န်)ဆီပြန်လာခဲ့၏။ ဒေါသစိတ်တို့သည် ချိုးနှိမ်ထားလျက်နှင့် ကျမသွား။ မိုးဦးကျဂေါ်ရခါးပင်၏ အညွှန့်များလို အညွှန့်ချိုးလေ အညွှန့်ဝေလေလို ကျွန်တော့်ရင်တွင် ဒေါသစိတ်တွေ ထွက်နေသည်။ ဖြေမပြေ ဖြစ်နေသည်။ ကျွန်တော့်အလုပ် ကျွန်တော်သိသည်။ စက္ကဲ(န်)အင်ဂျင်နီယာ ကိုမျိုးလွင်အား တင်ပြပြီး

လိုအပ်သောအပိုပစ္စည်းများကို မစ္စတာရှင်းထံမှာ မှာပြီးပြီ။ သူနှင့် တိုက်ရိုက်မပတ်သက်ဘဲ ဘာမဟုတ်သည့် ကိစ္စလေးတစ်ခုကို အကြောင်းပြကာ ကျွန်တော့်အားခေါ်ယူ နှိပ်စက်ခဲ့သည်။

"ကိုစဝ်ထွန်းနိုင် မျက်နှာလည်း မကောင်းပါလား ဘယ်လို ဖြစ်လာတာလဲ မျက်နှာတွေလည်းနီလို့ . . ."

လမ်းတွင် သာ့(ဒ်)အော်ဖဆာ ကိုမြင့်ထွေးနှင့် သာ့(ဒ်)အင်ဂျင်နီယာ ကိုမင်းညွန့်တို့က ဆီးမေးတော့ ရင်ထဲက မခံချင်စိတ် ဒေါသစိတ်တွေ ပေါက်ကွဲကုန်သည်။ တွေ့ကြုံခဲ့ရသည့် အခြေအနေမြင်ကွင်းတို့ကို ရင်နာနာဖြင့် ရှင်းပြပြီး တောက်ခေါက်မိလိုက်သလိုယာဘက်နှုတ်ခမ်းသားလေးကိုလည်း ပြတ်သွားမတတ် သွားဖြင့် ဖိကိုက်ထားလိုက်မိသည်။

"ဒါဟာလူမျိုးနဲ့ ဘာသာကို ထိပါးတာပဲ၊ ကျွန်တော်တို့လည်း မခံနိုင်ဘူး ကိုစဝ်ထွန်းနိုင်. . ."

ကိုမြင့်ထွေးနှင့် ကိုမင်းညွန့်တို့က ပြိုင်တူပြောလိုက်ကြ၏။

"မခံနိုင်လည်း ဘာမှမတတ်နိုင်ဘူးဗျာ၊ သေချာသွေးအေးအေးနဲ့ ဂယနဏပြန်စဉ်းစားကြည့်တော့ လူမျိုးနဲ့ဘာသာ ထိပါးတယ်လို့ သူ့ကို ဘယ်လိုလုပ်စွပ်စွဲလို့ရမှာလဲ. . ."

"ဂျာမန်ကြီးက သူကိုးကွယ်ဖို့ဝယ်ထားတာ မဟုတ်လို့ ဒီလိုထားတာပေါ့ ရှေးဟောင်းပစ္စည်းစုတာ ဝါသနာပါလို့ ဝယ်ထားတာဖြစ်နိုင်တယ်လေ၊ ခု ကျွန်တော့်တို့ မြန်မာတွေနဲ့တွေ့မှ အထူးသဖြင့် ကျွန်တော့်ကို ကြည့်မရလို့ ပညာပါပါ ကျွန်တော့်ကိုခေါ်ပြလိုက်တာထင်တာပဲဗျာ . . ." "အဲဒီလိုပဲ သဘောထားလိုက်ပေါ့ ကိုစဝ်ထွန်းနိုင်၊ သူ့ပစ္စည်းပဲလေ၊ သူထားချင်သလို ထားပေါ့၊ စိတ်ဖြေလိုက်ပါဗျာ၊



ကိုစဝ်ထွန်းနိုင် ခင်ဗျားလည်းနားပါတော့ ကျွန်တော်တို့လည်း ကမ်းပေါ်တက်လိုက်အုန်းမယ်. . ."

ကိုမင်းညွန့်တို့နှစ်ယောက် ထွက်သွားမှ ကျွန်တော်ကေဘင်(န်)ထဲဝင်ပြီး နွယ်နီဦးထံစာဆက်ရေးလိုက်သည်။ နွယ်နီဦး၏စာထဲတွင် ကိုစောဦးဘဝတူ ကျောင်းဆရာမ ဒေါ်သီတာအေးနှင့် လက်ထပ်သည့် အကြောင်းပါလာသည်။ ကျွန်တော်နားမလည်နိုင်အောင်ရှိသည်။ ငွေးကို ကျွန်တော်နှင့်သံသယဝင်သဖြင့် ကိုစောဦးက အစီအစဉ်ဖျက်ပြီး နောက်ဆုတ်လိုက်လေသလား။ ခု ကိုစောဦးတစ်ယောက် ငွေးနှင့် မဟုတ်ဘဲ အခြားမိန်းကလေး တစ်ယောက်နှင့် ယူသွားခဲ့လေပြီ။ ကျွန်တော့်ကြောင့် ထိုသို့ ဖြစ်ရသည် အမှန်ဆိုလျှင် ကျွန်တော်စိတ်ကောင်းနိုင်မည် မထင်တော့။ ငွေးကိုလည်း ရင်ထဲတွင်ဆွတ်ဆွတ်ကြင်ကြင် သနားနေမိသည်။

တကယ်ကျတော့ ကျွန်တော့်အနေဖြင့် ငွေးကို တိတ်တခိုး ချစ်ဦး သူတစ်ယောက်အနေဖြင့် မည်မျှမြတ်နိုးတွယ်တာနေစေကာမူ ငွေးကို လက်ထပ်နိုင်မည့် အခြေအနေမရှိ။ ကျွန်တော်သည် ဒေါ်ခင်နီရည်ရွယ်ထားသည့်အတိုင်း ကျေးဇူးရှင်ကို ကျေးဇူးဆပ်သည့်အနေဖြင့် နွယ်နီဦးအား သက်ဆုံးတိုင်စောင့်ရှောက်သွားရမည်သာဖြစ်ပါ၏။ ကျွန်တော့်အဖို့ ချစ်သူတစ်ဦး လက်ထပ်ရမည့်သူတစ်ယောက် ဖန်လာပုံဆန်းကြယ်လွန်းနေပါလား။

# မီးပွားတစ်ပွင့်

ကျွန်တော်ထင်သည့်အတိုင်း ဖြစ်လာချေပြီ။

ချိ(ပ်)အင်ဂျင်နီယာ အန်ဒယီးယပ်(စ်)မိုဆာသည် ဂျူနီယာအင်ဂျင်နီယာဇော်ဝင်းကို မြန်မာတစ်ယောက်အပေါ် ဩဇာညောင်းသည့်သဘောဖြင့် အပိုင်ကိုင် အနိုင်ကျင့်လာချေပြီ။ စက်ခန်းအလုပ်သည် လူနည်းလွန်းသဖြင့် ကုန်းပတ်အလုပ်ထက် ပိုများသည်ကိုလည်း ချိ(ပ်) အင်ဂျင်နီယာ မသိမဟုတ်။ သိသည်။ စက်ခန်းတစ်ခုလုံးရှိ စက်တွေ အကုန်လည်ပတ်မှုကို စစ်ရဆေးရ။ လိုအပ်သည့်ဆီဖြည့်ရ လိုက်ရ။ စက်အားလုံးကောင်းသည့်အခါ ရှိသလို ဟိုစက်ကပျက်လိုက် သည်စက်ကချို့ယွင်းလိုက်ဖြင့် စက်လည်ပတ်မှု ပုံမှန်မဖြစ်သည့်အခါ မကောင်းသည့်အခါ ယားလို့ မကုတ်အားအောင် အလုပ်ရှုပ်မှန်း သိလျက်နှင့် စက်ခန်းမှ မြန်မာလူမျိုးတစ်ယောက်ကို စက်ခန်းနှင့် မဆိုင်သည့်အလုပ် လုပ်ခိုင်းလာပြီ။





ကုန်းပတ်တွင် ကုန်းပတ်နှင့်ဆိုင်သော သင်္ဘောသားများ သုံးသည့် အိမ်သာရှိသည်။ စက်ခန်းတွင် စက်ခန်းနှင့်ဆိုင်သော သင်္ဘောသားများသုံးသည့် အိမ်သာရှိသည်။ ကုန်းပတ်က အိမ်သာကို ကုန်းပတ်မှ သင်္ဘောသားကပ္ပလီ အလီအမြဲလိုလိုဆေးသည်။ စက်ခန်းမှ အိမ်သာကို စက်ခန်းက ဆေးရသည်။ ကုန်းပတ်သင်္ဘောသားများသည် ကုန်းပတ်အလုပ်ကိုလုပ်ရပြီး စက်ခန်းသင်္ဘောသားများသည် စက်ခန်းအလုပ်ကို လုပ်ရသည်ဆိုသော်လည်း အချို့ကိစ္စများတွင် သင်္ဘောသားအားလုံး ဝိုင်းလုပ်ရသည်များလည်းရှိပါသည်။

ကုန်းပတ်အိမ်သာမှာ မီးဖိုရှေ့တည့်တည့်တွင်ရှိသည်။ ထိုကုန်းပတ်အိမ်သာကို ဆေးနေကျကုန်းပတ်မှ ကပ္ပလီအလီက မဆေးဘဲ ဂျူနီယာအင်ဂျင်နီယာ ကိုဇော်ဝင်းက ဆေးနေသည်ကို တွေ့ရသဖြင့် ကျွန်တော်လွန်စွာမှ အံ့ဩသွားသလို ရင်ထဲတွင်လည်း ထောင်းကနဲ ဒေါသထွက်လာသည်။ ဤကိစ္စမှာ ချိ(ပ်) အင်ဂျင်နီယာ၏ လက်ချက်ဖြစ်သည်ကို ကျွန်တော်တတ်အပ်သိလိုက်၏။ သာမန်အားဖြင့် ကုန်းပတ်မှ ကပ္ပလီအလီဆေးနေကျ အိမ်သာကို စက်ခန်းမှ ဂျူနီယာအင်ဂျင်နီယာ ဇော်ဝင်းကဝင်ဆေးနေသည်ဟု မြင်နိုင်စရာရှိသော်လည်း အမှန်မှာ ထိုလောက်မပေါ့တန်။ ဂျာမန်ချိ(ပ်)အင်ဂျင်နီယာအနေဖြင့် ကုန်းပတ်မှ ကပ္ပလီအလီဆေးနေကျ ကုန်းပတ်အိမ်သာကို ဘာမျှမဆိုင်သည့် စက်ခန်းမှ ဂျူနီယာအင်ဂျင်နီယာ မြန်မာလူမျိုးတစ်ယောက်ကို လူမျိုးကိုနှိမ်သည့် သဘောဖြင့် ခိုင်းနိုင်ပြီဟု ဂုဏ်ယူနေမည်ထင်သည်။

ကိုဇော်ဝင်းကိုယ်တိုင်ကလည်း ညံ့ကိုညံ့ပါသည်။ မြန်မာလူမျိုးဖြစ်ဖို့ မကောင်းပါ။ သူ့အနေဖြင့်မရှက်၍ ဂျာမန် ချိ(ပ်)အင်ဂျင်နီယာကို ဖားဖားယားယား လုပ်ပေးချင်လျှင်လည်း ကျွန်တော်တို့ မျက်ကွယ်ဖြစ်သည့် ချိ(ပ်)အင်ဂျင်နီယာအခန်းတွင် ဖင်ဆေးပေးရုံမက၍ လုပ်ချင်တာလုပ်ပေးလည်း အရေးမကြီးလှပါ။ ဒါတောင်လူမျိုး သိက္ခာကျလှ ပါသည်။ ဂျာမန်ချိ(ပ်)အင်ဂျင်နီယာ စိတ်ထဲမှာတော့ သူ့ကိုဖားဖားယားယား ဘယ်လိုလုပ်ပေး လုပ်ပေး ကိုဇော်ဝင်းကိုကြည့်ပြီး မြန်မာလူမျိုးဟာ ကျွန်စိတ်မကုန်သေးဘူး၊ အောက်တန်းစားပဲဟု ထင်ချင်ထင်နေပေလိမ့်မည်။

ခုလိုကျွန်တော်တို့ မြန်မာလူမျိုးတွေရှေ့ မဆီမဆိုင်ခိုင်းသည့် ကိစ္စ လုပ်ပေးနေတာကိုက လူတွင်ပါလို့ နွားကျားကိုက်ခံရတာဟု ကျွန်တော်ထင်မိသည်။ ထို့ကြောင့်လည်း ကိုဇော်ဝင်းကိုပါ ရွံ့လာမိသည်။

ကျွန်တော့်ရင်ထဲတွင် မခံချင်သဖြင့် ကိုဇော်ဝင်းကို ကပ်မေးလိုက်သည်။

"ကိုဇော်ဝင်း ဒီအိမ်သာကို ခင်ဗျားဘယ်သူက ဆေးခိုင်းသလဲ. ."

"ချိ(ပ်)အင်ဂျင်နီယာက ဆေးခိုင်းတာပါ. . ."

ကျွန်တော်သူ့ကို ဘာမျှမပြောတော့ပါ။ မကျေနပ်စိတ် မခံချင်စိတ် ဝမ်းနည်းစိတ်များကြောင့် ကျွန်တော် စက္ကဲ(န်)အင်ဂျင်နီယာ ကိုမျိုးလွင်ဆီသွားပြီး ကိုဇော်ဝင်းကုန်းပတ် အိမ်သာ ဆေးနေသည့်ကိစ္စကို ပြောပြလိုက်ပါသည်။ ကိုမျိုးလွင်ကလည်း တောက်ခေါက်အံကြိတ် လိုက်သည်ကို တွေ့ရပါသည်။



ကိုမျိုးလွင်က ကိုဇော်ဝင်းကိုခေါ်ပြီး ပွင့်ပွင့်လင်းလင်း မေးလိုက်သည်။

"ခင်ဗျားကုန်းပတ်အိမ်သာကို ဆေးနေရတယ်ကြားတယ်၊ အဲဒါ ဟုတ်သလား . . ."

"ဟုတ်ပါတယ်ဆရာ. . ."

"ခင်ဗျားကို ဘယ်သူဆေးခိုင်းတာလဲ. . ."

"ချိ(ပ်)အင်ဂျင်နီယာပါဆရာ. . ."

"ခင်ဗျား တော်တော်တုံးတဲ့လူပဲ၊ ခင်ဗျားမြန်မာ မဟုတ်ဘူးလား၊ ကုန်းပတ်အိမ်သာ ခင်ဗျားနဲ့မဆိုင်ဘူး၊ စက်ခန်းမှာအလုပ်က များရတဲ့အထဲ၊ ခင်ဗျားအဲဒီအိမ်သာကို နောက်သွားဆေးစရာ မလိုဘူး၊ မဆေးနဲ့ ဟုတ်လား. . ."

"ဟုတ်ကဲ့ပါဆရာ. . ."

စက္ကဲ(န်)အင်ဂျင်နီယာ ကိုမျိုးလွင်က စိတ်ဆိုးမာန်ဆိုးဖြင့် ပြောလိုက်တော့လည်း ကိုဇော်ဝင်းမှာ ကြောင်ရှေ့မှ ကြွက်လို ကုပ်နေသည်။

နောက်နေ့ မနက်စောစော ကျွန်တော်သတိထားကြည့်ချိန်တွင် ကုန်းပတ်အိမ်သာကို ကိုဇော်ဝင်းဆေးနေသည်ကို တွေ့ရပြန်သည်။ သူဘယ်လို ဖြစ်နေသနည်း။ ဘာကြောင့် ချိ(ပ်) အင်ဂျင်နီယာကို သည်မျှကြောက်နေရသနည်း။ တိုက်ရိုက်အုပ်ချုပ်သည့် စက္ကဲ(န်)အင်ဂျင်နီယာ အမိန့်ထက် ကြောက်နေရပြီလား။ မြန်မာလူမျိုး ဂုဏ်သိက္ခာကို တမင်သက်သက်ကျအောင် အချခံနေသလားဟု ကျွန်တော် စဉ်းစားလာရပါပြီ။ ကျွန်တော့်လိုပင် စက်ခန်းမှမြန်မာ သင်္ဘောသားအားလုံး မခံမရပ်နိုင် ဖြစ်လာကြ

သည်။ စက္ကဲ(န်)အင်ဂျင်နီယာ ကိုမျိုးလွင်က ပိုဒေါသဖြစ်နေသည်။ သူ့အမိန့်ကိုမနာခံဘဲ ချိ(ပ်)အင်ဂျင်နီယာစကား နားထောင်နေသော ကိုဇော်ဝင်းအား ထပ်ခေါ်မေးသည်။ သတိပေးသည်။

ကိုဇော်ဝင်းက " ချိ(ပ်)အင်ဂျင်နီယာက အလုပ်ဖြုတ်ပစ်မှာကြောက်လို့ သူခိုင်းတာလုပ်နေရတာပါ. . . " ဟုဖြေသည်။ ကိုမျိုးလွင် က "လုံးဝမဆေးနဲ့၊ ဆေးရင် ငါနဲ့တွေ့မယ်၊ မြန်မာလူမျိုးကို သက်သက်နှိမ်တာ မင်းမသိဘူးလား မင်းမရှက်ဘူးလား. . . " ဟု ဒေါနှင့်မောနှင့် မေးလိုက်သည်။ ကိုမျိုးလွင်သည် ရည်မွန်သည့် အရာရှိဖြစ်ပါသည်။ မြန်မာလူမျိုးအနှိမ်ခံရသည့်ကိစ္စမို့ ယဉ်ယဉ်ကျေးကျေးပြောနေကျ ခင်ဗျားကျွန်တော်ပင် မေ့သွားပြီ မင်းနှင့်ငါပြောလိုက်မိချေပြီ။

အိမ်သာပြဿနာ မီးပွားလေးတစ်ပွင့်ကား စတင်လောင်ကျွမ်းခဲ့လေပြီ။

## ဥဒ္ဒိဿယာဝ ဘဝဂ္ဂါစ

ကျွန်တော်တို့ မကျေမနပ်ဖြစ်နေမှုများကို ကိုဇော်ဝင်းက ချိ(ပ်) အင်ဂျင်နီယာအား ပြန်လည်ပြောပြခြင်း ဖြစ်ပေလိမ့်မည်။

ချိ(ပ်)အင်ဂျင်နီယာက ကိုမျိုးလွင်အပါအဝင် စက်ခန်းမှ ကျွန်တော်တို့ သင်္ဘောသားအားလုံးကို မှန်လုံစက်မကြီး ထိန်းချုပ်ခန်းအတွင်းသို့ခေါ်ယူကာ မေးခွန်းတစ်ခု မေးလာသည်။

"မင်းတို့အားလုံး ငါ့ဂျေအီးဇော်ဝင်းကို ကုန်းပတ်အိမ်သာဆေးခိုင်းတာ မကျေနပ်ဘူးလို့သိရတယ်။ မကျေနပ်ဘူးဆိုတာ ဘယ်သူတွေလဲ. . "

စက္ကဲ(န်)အင်ဂျင်နီယာ ကိုမျိုးလွင်အား "ခင်ဗျားက မကျေနပ်ဘူးလား. . . " ဟုထပ်မေးသည်။

ကိုမျိုးလွင်က " မြန်မာလူမျိုးကို နှိမ်တဲ့သဘောမျိုးနဲ့ မဆိုင်တာ ခိုင်းတာကို ကျွန်တော်မကျေနပ်ဘူး၊ ခင်ဗျား ဒီလိုခိုင်းတာ ကျွန်တော် ကန့်ကွက်တယ်. . . "ဟုပြောလိုက်ရာ ကျွန်တော်ကလည်း

"ကျွန်တော်လည်း မကျေနပ်ဘူး၊ လူမျိုးကိုနှိမ်လို့တော့ မရဘူး၊ ကန့်ကွက်တယ်. . ." ဟု မဆိုင်းမတွ ပြောလိုက်မိသည်။

ချိ(ပ်)အင်ဂျင်နီယာက သရော်ပြုံး ပြုံးလိုက်သဖြင့် ကျွန်တော်လက်သီးဆုပ်လိုက်မိ၏။ နိုင်ငံကြီးသား မဆန်တဲ့လူမျိုး မယဉ်ကျေးတဲ့လူမျိုးဟု အထင်ခံရမည်စိုး၍ ဒေါသစိတ်ကို မျိုသိပ်လိုက်ရ၏။

သာ့(ဒ်)အင်ဂျင်နီယာ ကိုမင်းညွှန့်နှင့်ကျန်သည့် မြန်မာသင်္ဘောသားအားလုံးကလည်း ကျီးလိုဝိုင်းပြီး "မြန်မာလူမျိုးကိုစော်ကားတာ နှိမ်တာ သက်သက်မဆိုင်တာခိုင်းတာ မကျေနပ်ဘူး၊ ကန့်ကွက်တယ်. . ." ဟု ထပြောလိုက်ကြ၏။ စက္ကဲ(န်) အင်ဂျင်နီယာကိုမျိုးလွင်ကို ဝိုင်းထောက်ခံကြရာ ဂျာမန်ချိ(ပ်) အင်ဂျင်နီယာအနေဖြင့် မြန်မာ့စိတ်ဓာတ်ကို နည်းနည်းသဘောပေါက်သွားဟန်ရှိသည်။ သူ့မျက်လုံးများကိုကြည့်ပြီး သူကောက်ကျစ် ယုတ်မာသောစိတ်မွေးနေပြီကို ကျွန်တော်တတ်အပ်သိလိုက်၏။ သူစဉ်းစားနေကတည်းက နိုင်ရာကိုင်တော့မည်ကို ကျွန်တော်နားလည်လိုက်၏။

"ဒါဆိုရင် ဒီကိစ္စနဲ့ပတ်သက်ပြီး ပြဿနာဖြစ်အောင် မီးမွှေးတဲ့အတွက် ဘယ်သူသင်္ဘောက ဆင်းမလဲ. . ."

ကျွန်တော်မျှော်လင့်တွေးဆထားသော သူမေးလိုက်သည့်မေးခွန်းကြောင့် ကျွန်တော်ပြန်၍ စဉ်းစားလိုက်၏။ ပထမဆုံးကျွန်တော့်အာရုံတွင်ပေါ်လာသည်က ဒေါ်ခင်နီ မျှော်လင့်ချက်ကြီးစွာဖြင့် အရင်းအနှီးတွေ စိုက်ထုတ်ပြီး ကျွန်တော့်ကို ဒီသင်္ဘောပေါ်တင်ပေးလိုက်သူ။ ပြီးတော့ ဒေါ်လာကို မြတ်မြတ်နိုးနိုးရှိနေသည့် သင်္ဘောသားကတော်ဖြစ်ချင်နေသော နွယ်နီဦး။ သူတို့



တစ်တွေအကြောင်းစဉ်းစားလိုက်မိတော့ သူတို့မျက်နှာတွေ မြင်လိုက်ရတော့၊ ကျွန်တော့်မာန်မာနတွေ မခံချင်သည့် စိတ်ဓာတ်တွေအရည်ပျော်သွားခဲ့ပြီ။ စာချုပ်သက်တမ်းကလည်း ပြည့်ဖို့ငါးလလိုသေးတော့ ပြန်လို့မဖြစ်။ ဆင်းလို့မဖြစ်။ ပြီးတော့ ကျွန်တော့်လစာက ဒေါ်လာ (၆၀၀)၊ ဒေါ်လာ(၆၀၀)ဆိုသည်မှာ နည်းနည်းနောနောလစာမဟုတ်။ မြန်မာတရားဝင် ငွေဖြင့်ပင် ၆၀၀၀ ကျပ်လောက်ရှိသည်။ မှောင်ခိုဈေးနှုန်းနှင့်ဆိုပါက ကျွန်တော့်လစာသည်တစ်လ ၆၀၀၀၀ ကျပ် ကျော်ပေလိမ့်မည်။ မြန်မာပြည်တွင် သည်လိုလစာမျိုးရဖို့က စိတ်ကူးယဉ်လို့ပင်ဖြစ်သည့် အနေအထားမရှိ။ လစာကောင်းပြီး ခက်ခက်ခဲခဲရသည့် အလုပ်ကို ဘယ်နည်းနှင့်မျှစွန့်ပစ်လို့မဖြစ်။ သို့ပေမယ့် ဆင်းဆိုလျှင်တော့ ဆင်းရုံပေါ့။ ကျွန်တော့်အဖို့ ခုပြန်ရလည်း သိပ်မထူးပါ။ ဇူလိုင်လကုန်လျှင်ကျွန်တော်ခွင့်ရ၍ ခွင့်ပြန်ရမည်မဟုတ်ပါလား။

ဘာပဲဖြစ်ဖြစ် ကျွန်တော်ခေါင်းငုံ့ မျက်နှာအောက်ချနေလိုက်ရတော့မည့် အခြေအနေရောက်လာပေပြီ။ ကျွန်တော် ဂျာမန်ချိ(ပ်) အင်ဂျင်နီယာမျက်နှာကို တစ်ချက်လှမ်းကြည့်လိုက်၏။ ဒူးနှံ့ပြီး မထီလေးစားအပြုံး အောင်နိုင်သူအပြုံး ပြုံးနေသည်ကိုမြင်လိုက်ရသည်နှင့် ကျွန်တော့်စိတ်တွေ ဇောက်ထိုးမိုးမျှော် ပြောင်းပြန်ဖြစ်သွား၏။ ဒေါ်ခင်နီ၊ နွယ်နီဦးတို့ စကြာဝဠာ ဟိုဘက် ကန်ထုတ်လိုက်မိ၏။ ဒေါ်လာမက်သည့်လူမျိုး ရာထူးဂုဏ်သိန်မက်သည့်လူမျိုး ဒေါ်လာနဲ့ပတ်သက်လာလျှင် အလုပ်ဖြုတ်မခံရဲသည့်လူမျိုးဟု ဂျာမန်ချိ(ပ်)အင်ဂျင်နီယာ၏ စိတ်ထဲတွင် ထင်သွားမှာလုံးဝအထင်မခံနိုင်။

ကျွန်တော့်လိုပင် မြန်မာသင်္ဘောသားအားလုံး စဉ်းစားနေကြပေရော့မည်။

"ဒီကိစ္စမှာ ကျွန်တော်ဟာ တာဝန်အရှိဆုံး၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်တစ်ဦးတည်း ဒီသင်္ဘောက ဆင်းမယ်. . ."

ကျွန်တော်ထင်သည့်အတိုင်း စက္ကဲ(န်)အင်ဂျင်နီယာ ကိုမျိုးလွင်၏ တည်တည်ကြည်ကြည် ခန့်ခန့်ညားညားအသံကို ကြားလိုက်ရ၏။

"ကျွန်တော်လည်း စက္ကဲ(န်)အင်ဂျင်နီယာနှင့် အတူပြန်မယ်. . ."

ကျွန်တော်၏အသံက မာန်မာနသံလွှမ်းနေလင့်ကစား ကျွန်တော့်မျက်နှာက နှင်းဆမ်းသည့်နှင်းဆီပန်းပမာ ရှိလိမ့်မည်ဟု ထင်မိ၏။ ထိုသို့ ပြောလိုက်ရသည့်အတွက် ကျွန်တော့်ရင်ထဲတွင် ကြည်နူးမြူးပျော်သွား၏။

ကျွန်တော်သည် အောင်နိုင်သူ၏အပြုံးဖြင့် ဂျာမန်ချိ(ပ်)အင်ဂျင်နီယာကြီးအား ရဲရဲရင့်ရင့်ကြည့်လိုက်၏။ ဒေါ်လာနှင့် ခြိမ်းခြောက် အဖိုးတန်ခက်ခဲသည့်အလုပ်ဖြင့် အနိုင်ကျင့် အနိုင်ယူလိုသော ဂျာမန်ချိ(ပ်) အင်ဂျင်နီယာကြီး မြန်မာလူမျိုးတို့၏ စိတ်ဓာတ်ကိုတော့ အနိုင်ယူမသွား နိုင်ရှာတော့။

"ကျွန်တော်လည်း ပြန်မယ်. . ."

သာ့(ဒ်)အင်ဂျင်နီယာ ကိုမင်းညွန့်ကလည်း ခပ်တည်တည် အဖြေပေးကာ မြန်မာစိတ်ဓာတ်ကို သိအောင်တုန့်ပြန်လိုက်၏။

" ကျွန်တော်လည်း ပြန်မယ်. . ."



ဆီလောင်း ကိုတင်အောင်ကလည်း မြန်မာစိတ်ဓါတ်ကို ထပြ၏။

"ကျွန်တော်လည်း ပြန်မယ်. . ."

ဆီလောင်းကိုမင်းလွင်ကလည်း မြန်မာ့စိတ်ဓာတ်ကို ဖွင့်အန်လေပြီ။ ကျွန်တော် ချိ(ဖ်)အင်ဂျင်နီယာကို လှမ်းကြည့်လိုက်တော့ သူ့မျက်လုံးများ ပြူးနေအောင် အံ့သြဘနန်းခံစားနေရပုံတွေ့ရ၏။ ကိုယ့်အတတ်နှင့်ကိုယ်စူး ရှူးချင်သည့်ပုံတွေ့ရတော့ ကျွန်တော်ရယ်ချင်မိ၏။ စက်ခန်းမှ သင်္ဘောသားအားလုံးဆင်းသွားမှာ စိုးရိမ်ထိတ်လန့်နေပုံရ၏။ တကယ်ဆင်းသွားလျှင် သူပဲဒုက္ခရောက်တော့မည်။ နစ်နာ ဆုံးရှုံးစေတော့မည်။ လောလောဆယ် စက်ခန်းသင်္ဘောသားရှာဖို့လွယ်သည်မဟုတ်။ စက်ခန်းအလုပ်က ခွေးလေးကြမ်းပိုးတက်လုပ်လို့မရ။

ကျွန်တော်တို့မြန်မာလူမျိုး၏ စိတ်ဓာတ်ကို ဂျာမန်ကြီးကောင်းကောင်း သူသိသွားပြီကို သိလိုက်ရသဖြင့် ကျွန်တော့်ရင်ထဲ တသိမ့်သိမ့်တုန်သွားအောင် ကြည်ကြည်နူးနူး အေးအေးမြမြ ခံစားလိုက်ရ၏။

"တော်ကြတော့။ ဒီကိစ္စဟာ ကျွန်တော်နဲ့ပဲ ဆိုင်တယ်၊ ကျွန်တော်တစ်ဦးတည်း ပြန်ရုံနဲ့ပြီးရမယ့်ကိစ္စပဲ နောက်ထပ် ဘယ်သူမှ ပြန်မယ်လို့ မပြောကြနဲ့တော့. . ."

စက္ကဲ(န်)အင်ဂျင်နီယာကိုမျိုးလွင်က ထဟန့်တားလိုက်၏။ ကိုမျိုးလွင်၏အမိန့်ကြောင့် အားလုံးငြိမ်သွားကြ၏။

"ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော်တစ်ဦးတည်း သင်္ဘောပေါ်က ဆင်းမယ်. . ."

စက္ကဲအင်ဂျင်နီယာကိုမျိုးလွင်က သူတစ်ဦးတည်း ပြန်မည်ဖြစ်ကြောင်း ချို(ဖ်)အင်ဂျင်နီယာအား ထပ်ပြောလိုက်၏။ ချို(ဖ်)အင်ဂျင်နီယာက "အိုကေ . ." ကောင်းပြီဟုပြောလိုက်၏။ သူထိုသို့မြန်မြန်မပြော၍ မဖြစ်၊ စက်ခန်းတစ်ခန်းလုံးဆင်းသွားလျှင် သူပဲ လောလောဆယ်ဒုက္ခရောက်မည် မဟုတ်ပါလား။

"ကျွန်တော်လည်း ပြန်မယ်. . ."

"ကျွန်တော်လည်း ပြန်မယ်. . ."

ကျွန်တော်နှင့် သဒ့်(ဒ်)အင်ဂျင်နီယာ ကိုမင်းညွန့်တို့က စိတ်ဓာတ်ပြင်းထန်သူများပီပီ ခပ်မာမာအသံဖြင့် ရှေ့ဆင့်နောက်ဆင့် ပြောလိုက်ကြ၏။

ချို(ဖ်)အင်ဂျင်နီယာက "ကောင်းပြီ" ဟုပြောပြီး မှန်လုံစက်မကြီး ထိန်းချုပ်ခန်းမှ ခေါင်းငိုက်စိုက်ဖြင့် အမြန်ထွက်ခွာသွားလေပြီ။

ကျွန်တော်သည် စလေဆရာကြီး ဦးပုည၏ ပြန်ပေးမေတ္တာစာမှ စာတစ်စကို တိုးတိုးလေးရွတ်ဆိုလိုက်မိ၏။

"ရွံ့စရာလံကခေါ်နှင့် သံယောဇဉ်မဖြစ်လို၊ နဂိုပါဇာတာကိုလိုက်၊ ငါ့စရိုက် ငါ့အကြံ မာနကခံရာမှ၊ ဥဒ္ဒံယာဝ၊ ဘဝဂ္ဂါစ၊ ဘယ် ကလောက်ဆင်းရဲတော့၊ တစ်ပဲမျှ ဝန်မချဘူး. . ."

# အပိုင်း (၄)

## ဘဝနှင့်ရင်းရသော နေရခြင်း

၁၉၉၂ခုနှစ်၊ ဇွန်လ ၃ဝရက်၊ အင်္ဂါနေ့။

စက္ကဲ(န်)အင်ဂျင်နီယာကိုမျိုးလွင် သဒ့်(ဒ်)အင်ဂျင်နီယာကိုမင်းညွန့်နှင့် ကျွန်တော်တို့သုံးဦးသည် အမ်ဗွီဘလူးခရက်(စ်)သင်္ဘောပေါ်တွင် လက်ပြနှုတ်ဆက်ကျန်ခဲ့ကြသော မြန်မာသင်္ဘောသားများကို ရင်ကော့လက်ပြရင်း အမ်ဗွီဘလူးခရက်(စ်)သင်္ဘောပေါ်မှ ဆင်းခဲ့ကြ၏။

နယူးယောက်မှဝါရှင်တန် ဝါရှင်တန်မှ လော့(စ်)အင်ဂျလိ(စ်)။ လော့(စ်)အင်ဂျလိ(စ်)မှ ကိုရီးယားသို့လေယာဉ်ဖြင့် ပြန်ခဲ့ကြ၏။ ကိုရီးယားတွင် လေယာဉ်ပျက်သဖြင့် ဟိုတယ်တွင် တစ်ညအိပ်ခဲ့ကြရ၏။

ကျွန်တော်သည် ဒေါ်ငးနီကိုရွေးပြီးသည့်နောက်ပိုင်း နွယ်နီဦးတို့ထံ ယခင်အတိုင်း တစ်လဒေါ်လာ ၁၅၀ လွှဲပေးခဲ့သည်။ ယခု ကျွန်တော့်လက်ဝယ်တွင် ဒေါ်လာ (၅၃၀၀) ကျော်ရှိသေးသည်။ ဒေါ်ခင်နီသားအမိက ယခုကဲ့သို့ သင်္ဘောမှ ပြဿနာ ဖြစ်ဆင်းလာသည်ကိုသိလျှင် ဘာပြဿနာရှာဦးမည်မသိ။ ပြေပြေလည်လည်ဖြစ်လျှင်တော့ ဒေါ်ခင်နီက သူ့သမီးနှင့် လက်ထပ်ဖို့ တိုက်တွန်းလျှင်တော့ အသင့်အတင့်အကုန်အကျခံကာ လက်ထပ်မင်္ဂလာပွဲပြုလုပ်ပေးလိုက်မည်။ ကျန်သည့်ငွေကိုတော့ နောက်သင်္ဘောတစ်စင်း ပြန်တက်နိုင်ဖို့အတွက် ချန်ထားရပေဦးမည်။ ခုပြဿနာဖြစ်ပြီး သင်္ဘောက ဆင်းလာခဲ့ပေမယ့် နောက်ထပ် အခြားသင်္ဘောတက်မည်ဆိုလျှင်တော့ သင်္ဘောသားယောက္ခမဖြစ်ချင်သည့် ဒေါ်ခင်နီ သင်္ဘောသားမယားဖြစ်ချင်သည့် နွယ်နီဦးတို့က ပြဿနာလုပ်လိမ့်မည် မဟုတ်ဟု ကျွန်တော်ထင်မိ၏။

ကျွန်တော်သည် နွယ်နီဦးတို့သားအမိ၊ ငွေးတို့သားအမိ၊ ဒေါ်မြရှင်တို့လင်မယား၊ ဦးခင်မောင်ကျော်၊ ဒေါ်မေမေသက်၊ ဆရာဦးဘချစ်တို့လင်မယားနှင့် စက်ဆရာဦးခင်အေးတို့အတွက် လက်ဆောင်ပေးဖို့ ဇယားချပြီး ကိုရီးယားကပင် ဝယ်လာခဲ့၏။

နောက်တစ်နေ့တွင် ကိုရီးယားမှဘန်ကောက်သို့ လေယာဉ်ဖြင့် ထွက်လာခဲ့၏။ဘန်ကောက်တွင် ဟိုတယ်၌ တစ်ညအိပ်ရ၏။ ငွေးနှင့် နွယ်နီဦးတို့အတွက် ဘန်ကောက်မှ အမှတ်တရ ဇင်းမယ်လုံချည်နှစ်ထည် ဝယ်လာခဲ့၏။

၃-၇-၉၂နေ့တွင် ဘန်ကောက်မှ ရန်ကုန်သို့ လေယာဉ်ဖြင့် ပြန်လာကြပါသည်။



မြန်မာ့မြေ မြန်မာ့ရေကို မြင်လိုက်ရသည်နှင့် တွေ့ကြုံခံစားခဲ့ရသော အရာအားလုံးမေ့သွား၏။ ရွှေတိဂုံစေတီတော်ကို လက်အုပ်ချီဖူးမြော်လိုက်ရတော့ ရင်ထဲတွင် အေးမြချမ်းငြိမ်းသွားတော့၏။ ကြည်နူးမှု ပီတိတို့သည် ရင်နှင့်အမျှ ပြည့်လျှံလာခဲ့ပေပြီ။

ကိစ္စဝိစ္စအားလုံးပြီးတော့ လေဆိပ်အဆောက်အအုံထဲမှ ထွက်လာခဲ့ကြ၏။ ကိုမျိုးလွင်ကို လာကြိုသည့်ကားနှင့် ကပ်လိုက်ရန် ဆုံးဖြတ်ပြီး ကိုမျိုးလွင်နောက်လိုက်လာခဲ့၏။

"ဟေး စဝ်ထွန်းနိုင် အနိုင်. . ."

ရင်းရင်းနှီးနှီးခေါ်လိုက်သံကြောင့် ကျွန်တော့်ခြေလှမ်းတွေ တုန့်ကနဲဖြစ်သွား၏။ ကိုမျိုးလွင်နှင့် ကိုမင်းညွန့်တို့ကို လက်ကာပြပြီး အသံလာရာဆီကြည့်လိုက်မိ၏။ ကားရပ်သည့်နေရာ ကားတစ်စီးပေါ်မှ နေကာမျက်မှန်တပ်ထားသော အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရ၏။

"ဟော့ စဝ်ထွန်းနိုင်၊ ဘာကြောင်နေတာလဲ၊ မင်းမမကို မမှတ်မိတော့ဘူးလား. . ."

သည်တော့မှ သတိရလာ၏။ ခင်မမပါလား။ တကယ်တော့ ကျွန်တော် သတိမထားမိခြင်းသာ ဖြစ်ပါသည်။ ကျွန်တော့်ဘဝ တစ်လျှောက်လုံးတွင် ကျွန်တော်ကို "အနိုင်"ဟုခေါ်တာ ခင်မမ တစ်ယောက်သာရှိသည် မဟုတ်ပါလား။ ကျွန်တော် ခင်မမဆီ ခပ်သွက်သွက်လျှောက်သွားမိ၏။

"မင်းကဖော်ရိန်နာကြီးပုံစံ ပေါက်နေတော့ မမချက်ချင်း မမှတ်မိဘူးအနိုင်၊ မင်းခုဘယ်က ပြန်လာတာလဲ၊ မတွေ့တာလည်း ကြာပြီနော်"

"အမေရိကားကပါမမ၊ သင်္ဘောဆင်းလာတာပါ. . ."

"မင်းအချိန်ရရင် မမကားနဲ့လိုက်ခဲ့လေ၊ မြိတ်လေယာဉ်စောင့်နေတာ၊ ခုဆိုက်တော့မှာ၊ မင်းနဲ့လည်း မမစကားတွေ အများကြီး ပြောစရာရှိတယ်။ မမကားနဲ့ လိုက်မယ်မဟုတ်လား. . ."

ကျွန်တော် စဉ်းစားမနေတော့။ ခေါင်းညိတ်ပြလိုက်ပြီး ပစ္စည်းတွေကားဘေးချကာ ကိုမျိုးလွင်တို့ဆီပြေးသွားရသည်။ ကိုမျိုးလွင်အား "မလိုက်တော့ဘူး. . ."ဟု ပြောလိုက်ရသည်။ ကိုမျိုးလွင်တို့ ကားလေးထွက်သွားမှ လက်ပြနှုတ်ဆက်ပြီး ခင်မမရှိရာပြန်လာခဲ့မိသည်။

ကျွန်တော်ခင်မမကားနားရောက်တော့ ကျွန်တော့်ပစ္စည်းတွေကို သူ့ Town Ace ကားပေါ်တင်ပြီးနေပြီ။ ခင်မမက နည်းနည်းဝလာသည်မှအပ နဂိုပုံမပြောင်း၊ လှနေဆဲ။ ပနေဆဲပင်။ ပြင်ဆင်ထားသဖြင့် ပိုလှနေသလားပင် ထင်ရ၏။

"အနိုင်ရယ်၊ မင်းသေပြီတောင် ထင်နေတာ၊ မနေ့ကမှ ကျော်သက်နဲ့တွေ့လို့ မင်းသင်္ဘောသား ဖြစ်နေမှန်းသိရတာ၊ မင်းပျောက်သွားခဲ့တဲ့ညကဆို မင်းအဖေဟာရူးသွားမလား ထင်ရတယ်တို့တစ်တွေ အားလုံးမင်းကို လိုက်ရှာကြတာ ဖတ်ဖတ်ကိုမောခဲ့ရတာဟ. . ."

"ကျော်သက်ပြန်ရောက်နေပြီလား၊ ဘယ်မှာတွေ့ခဲ့တာလဲ. . ."

"ဗိုလ်ချုပ်ဈေးမှာလေ၊ ဒီကောင်က အတွဲနဲ့ဘာနဲ့ဟ၊ သူ့ကောင်မလေးကလည်း အချောသားကွဲ့. ဝါမဝင်ခင် မင်္ဂလာဆောင်တော့မယ်လို့ ပြောတာပဲ၊ မင်္ဂလာဖိတ်စာပို့ဖို့ လိပ်စာတောင်းလို့ ပေးလိုက်ရသေးတယ်. . ."



"ဩော် ဒီကောင်တောင် စွံတော့မှာကိုး. . ."

"မင်းမှာလည်း ရည်းစားရှိတယ်ဆို၊ နေပါအုန်း၊ ကျော်သက်ပြောသွားတာ၊ မင့်ရည်းစားနာမည်က မစပယ်ဌေးဆိုလား၊ ဟုတ်တယ် မဟုတ်လား အနိုင်. . ."

"ဒီကောင် ဘယ်လိုသိနေပါလိမ့်။ ရည်းစားမဟုတ်ပါဘူး မမရာ။ ကျွန်တော်က တစ်ဖက်သတ်ချစ်နေတာပါ၊ ကျွန်တော်က ဌေးကိုချစ်ရေးမဆိုဘူးတော့ ဌေးက ကျွန်တော်ချစ်နေတာ သိမှာတောင်မဟုတ်ပါဘူး. . ."

"နေပါအုန်း၊ မမက ကျွန်တော့်ရည်းစားနာမည်တော့ မှတ်ထားပြီး ကျော်သက်ရည်းစားနာမည်တော့ မမှတ်မိဘူးလား . . ."

"ငါကမင်းကိုပဲ စိတ်ဝင်စားတာကိုးဟ၊ ဒီကောင် စက္ကဲ(န်)အော်ဖဆာဖြစ်နေပြီတဲ့၊ မင်းကရော ဘာဖြစ်နေပြီလဲအနိုင်. . ."

"ဟား ဟား ဟား ဟား ကျွန်တော်ကတော့ ခုသင်္ဘောပေါ်က ဆင်းလာတာမို့ ဘာမှမဟုတ်တော့ပါဘူး မမရာ. . ."

"အနိုင်နော်၊ မမက အကောင်းမေးနေတာ၊ ရွှပ်ပပ် ရွှပ်ပပ်နဲ့. . ."

"အကောင်းပြောတာပါ မမရဲ့၊ ခုကျွန်တော်သင်္ဘောကအဆင်းခိုင်းလို့ ဆင်းလာခဲ့ရတာပါ. . ."

"မင်းဟာမမနားမရှင်းပါဘူး၊ သေချာပြောပြစမ်းပါအုံး. . ."

ကျွန်တော်က မမကို ကျွန်တော်တို့ဖြစ်ပျက်ခဲ့သမျှ ဌေးကိစ္စမှလွဲပြီးအကုန်ရှင်းပြလိုက်သည်။

"ဟင် မင်းတို့ဟာ မဟုတ်သေးပါဘူး၊ ဘာမဟုတ်တဲ့အိမ်သာ

ဆေးတဲ့ကိစ္စလေးနဲ့ ဒီလောက်ဝင်ငွေကောင်းတဲ့အလုပ်ကို ထွက်လာတာဟာ အင်မတန်မိုက်မဲတာပဲ. . .”

“ဘာမဟုတ်တဲ့ ကိစ္စဟုတ်လား မမ၊ လူမျိုးနဲ့ပတ်သက်တဲ့ ကိစ္စကို ဘာမဟုတ်တဲ့ကိစ္စလို့ မမသဘောထားသလား၊ မမ သဘောထားနိုင်ပေမယ့် ကျွန်တော်တို့မထားနိုင်ဘူး မမ. . .”

“ဒေါသတွေ ကြီးမနေပါနဲ့ကွယ်၊ မမက အနိုင့်အလုပ်ကို နှမြောလွန်းလို့ပြောမိတာပါ၊ ခုတလော ငယ်သူငယ်ချင်းတွေ တစ်ယောက်ပြီး တစ်ယောက်တွေ့နေရတယ်၊ ဘာပဲဖြစ်ဖြစ် မင်းနဲ့ တွေ့ရတာ မမတော့ အရမ်းဝမ်းသာတာပဲ. . .”

“ကျော်သက်အပြင် ဘယ်သူနဲ့တွေ့သေးလို့လဲ မမ. . .”

“ဟိုတလောက ဘူတာကြီးမှာ စိုင်းဆိုင်မိန်းနဲ့တွေ့တယ်၊ ကုန်တိုက်မှာ နန်းနော်ခမ်းနဲ့တွေ့တယ်၊ အဲ လေဟာပြင်ဈေးထိပ်မှာ စိုင်းလိတ်နဲ့တွေ့တယ်၊ ခု မင်းနဲ့တွေ့ရတာပေါ့. . .”

“အင်း ဆရာကြီးဦးခင်လှကို ဖြစ်ချင်တာတွေ ပြောခဲ့ကြတဲ့ သူငယ်ချင်းတွေ ဖြစ်ချင်တာ ဖြစ်မှဖြစ်ကြရဲ့လား မသိဘူးနော်. . .”

“ဟင်း ဟင်း ဟင်း တကယ်ရယ်ရတယ်ဟာ၊ တို့တစ်တွေ ဖြစ်ချင်တာ ပြောခဲ့ကြတာ၊ ပြောတဲ့အတိုင်းဖြစ်တာ သုံးယောက်ပဲ ရှိတယ်ဟာ၊ ဒါတောင် နှစ်ယောက်က အလုံးစုံမမှန်ဘူး. . .”

“တင့်လွင်တစ်ယောက်ပဲ ကျောင်းဆရာဖြစ်ချင်တာ ကျောင်းဆရာဖြစ်သွားတယ်၊ စိုင်းဆိုင်လူက လေသူရဲတော့ မဖြစ်ဘူး။ ကြည်းတပ်မှာ စစ်ဗိုလ်ဖြစ်တယ်၊ သစ်လွင်က အကောက်ခွန်မှာ၊ ဒါပေမယ့် အားကစားသမားအနေနဲ့ ခေါ်ထားတာ. . .”

“သြော် မမအချစ်တော်ကြီးနဲ့ မမ မညားဘူးလား. . .”



“ဟယ် တောက်တီးတောက်တဲ့ ပြောတတ်တဲ့အနိုင်၊ ခု မမ သူ့ကို ကြည့်လို့ရသွားပြီဟ. . .”

“အသက်ကြီးလာလို့ ခွင့်လွှတ်လိုက်တာလား. . .”

“ဘယ်ကဟုတ်ရမလဲ၊ အရှေ့တောင်အာရှ အားကစားပွဲမှာ မြန်မာ့အမျိုးသားသီချင်းနဲ့ မြန်မာအလံတိုင်ထိပ်ရောက်အောင် လုပ်နိုင်တာတွေ့ရမှ မမစိတ်တွေပြောင်းသွားတာဟ. . .”

“ပြောရအုံးမယ် ကျောင်းဆရာလုပ်ချင်တဲ့ စိုင်းဝင်းလှိုင်က ရှေ့နေတဲ့၊ ဆရာဝန်ဖြစ်ချင်တဲ့ ခင်မောင်သော်က အင်ဂျင်နီယာ တဲ့၊ စစ်ဗိုလ်ဖြစ်ချင်တဲ့ ဇော်လွင်ဟိန်းက ရဲအရာရှိတဲ့၊ ရေတပ်ဗိုလ် လုပ်ချင်တဲ့ စိုင်းလိတ်က ကျောင်းဆရာ၊ သစ်တောအရာရှိ လုပ်ချင် တဲ့ စိုင်းအိုက်ကျော်က ကျောင်းဆရာ။ ရှေ့နေလုပ်ချင်တဲ့ နန်းနွယ်ခမ်း က တရားသူကြီး။ စာရင်းကိုင်လုပ်ချင်တဲ့ နန်းနော်ခမ်းက ဆရာဝန်၊ ဆရာဝန်လုပ်ချင်တဲ့ နန်းကောင်တစ်က ဆရာမတဲ့။ ရယ်ရတယ် နော်. . .”

“သြော် မမ စိုင်းသြစိန္တာတို့ ခွန်ဥက္ကာတို့ရော ဘာဖြစ်နေကြ လဲ. . .”

“မမ မပြောချင်လို့ တမင်မပြောတာ၊ မင်းမေးတော့လည်း ပြောရမှာပေါ့လေ၊ သူတို့အကြောင်းပြောရရင် ရင်ထဲမှာ သိပ်ခံစား ရတယ်. . .”

“ဘာတွေဖြစ်လို့လဲ၊ ပြောပါမမ. . .”

“စိုင်းသြစိန္တာရယ် စိုင်းဆိုင်မိန်းရယ် ခွန်ဥက္ကာရယ် တောင်ကြီး ကောလိပ်ရောက်မှ တောခိုသွားကြတာ. . .”

"ဗျာ မမ စောစောကပြောတော့ ဘူတာကြီးမှာ စိုင်းဆိုင်မိန်းနဲ့ တွေ့တယ်ဆို. . ."

"ဟုတ်တယ်လေ၊ ခုဒီကောင်က ဟန်ကျနေတာ၊ အစိုးရနဲ့ ငြိမ်းချမ်းရေးယူပြီး သစ်လုပ်နေတာ၊"

"သူ့ကုသိုလ်ကံပေါ့ မမရာ. . ."

"စိုင်းသြစိန္တာနဲ့ ခွန်ဥက္ကာရော. . ."

"မမခံစားရလွန်းလို့ပါ။ နှစ်ယောက်လုံး မရှိကြတော့ဘူးလေ"

"ဗျာ"

"ဟုတ်တယ်အနိုင်၊ ခွန်ဥက္ကာက သူပုန်ထဲဝင်သွားတာ၊ တိုက်ပွဲကျသေတာ ၃ နှစ်လောက်ရှိပြီတဲ့၊ စိုင်းသြစိန္တာကတော့ သူလည်းပြီးခဲ့တဲ့လထဲမှာပဲ တိုက်ပွဲကျဆုံးသွားပြီလေ. . ."

"တောက်"

ကျွန်တော်ပြင်းထန်စွာ တောက်တစ်ချက် ခေါက်လိုက်မိပြီး အောက်နှုတ်ခမ်းသားကို ကိုက်လိုက်မိ၏။

"လူတော်တွေ အဓိပ္ပါယ်မဲ့သေဆုံးရတာ တိုင်းပြည်အတွက် အရမ်းနစ်နာတယ်မမ၊ စိုင်းသြစိန္တာဟာ အလင်းထဲမှာနေရင် တကယ့်ကျော်ကြားတဲ့ ပန်းချီဆရာဖြစ်မှာ မလွဲပါဘူး၊ သူတို့ နှစ်ယောက်လုံးဟာ တကယ့်အနုပညာသမား စစ်စစ်တွေပါ. . ."

"မမလည်း နှမြောလွန်းလို့ ခံစားနေရတာပါ အနိုင်. . ."

"အတွေးအခေါ် အယူအဆ တစ်ချက်တိမ်းပါးသွားတာနဲ့ ဘဝတွေ အဓိပ္ပာယ်မဲ့ဆုံးရှုံးသွားရတာ နှမြောစရာမမရယ်. . ."



"မမလည်း မင့်လိုခံစားရတာပါပဲကွယ်၊ တို့ငယ်ငယ်က စိန်နားပန်ပွင့် စိန်နားပန်သီးအကြောင်း ပြောကြကတည်းက သူတို့ ခံစားချက်တွေ မမရိပ်မိခဲ့ပါတယ် အနိုင်. . ."

"သူများအကြောင်းတွေတော့ လျှောက်ပြောနေပြီး မမအကြောင်း တော့ တစ်လုံးမှမပြောသေးဘူးနော်၊ ကျွန်တော်မှတ်မိတယ် မမက ဆရာမလုပ်မယ်လို့ ပြောခဲ့တာနော်. . ."

"ဟင်း ဟင်း ဟင်း ဟင်း၊ ဆရာမဖြစ်ချင်တဲ့ မမက ခု ကုန်သည်လေ၊ မမအမျိုးသားကလည်း ကုန်သည်ပဲ၊ ဟော လေယာဉ်ဆိုက်သံကြားတယ်။ မြိတ်လေယာဉ်ထင်တယ်။ ကဲ မမတို့သွားကြိုရအောင်. . ."

ဖြစ်ချင်တာလည်း မဖြစ်ရ၊ မဖြစ်ချင်တာလည်း ဖြစ်နေရသည့် လူ့ဘဝတွင် ဖြစ်ချင်တာဖြစ်နိုင်သမျှဖြစ်အောင် ကြိုးစားရုန်းကန်ရသည်မှာ လူသား၏တာဝန်ပင်မဟုတ်လား။

# မွေးလွန်းသည့်ပန်း

ကျွန်တော့် စိတ်ကူးအစီအစဉ်တွေ ပျက်သွားပြန်ပြီ။ ကျွန်တော့်စိတ်ကူးက ကျော်သက်တို့ အိမ်စတည်းချမည်။ လူကြုံပေးလိုက်သည့် စာတွေ ပစ္စည်းတွေ၊ ကျော်သက်ကားနှင့် လိုက်ပို့မည်။ ကိစ္စအားလုံးပြီးမှ အိုကေဝင်းနှင့်ခနေဖြူ နွယ်နီဦးဆီသွားမည်။

ခုတော့ ခြံတံခါးသော့ခတ်ထားသည်။ ဘေးခြံစုံစမ်းကြည့်တော့ နံနက်ကပင် မိသားစုအားလုံး မန္တလေးဘုရားဖူးသွားကြသတဲ့။ သည်ပုံဆိုလျှင် ဘယ်နှစ်ရက်ကြာမည်မသိ။ ကျော်သက်ကိုစောင့်မနေတော့။ ခင်မမ၏ခင်ပွန်းကို စဥ့်အိုးတန်းဆိပ်ကမ်းသို့ လိုက်ပို့ဖို့ပြောလိုက်ရသည်။

ခင်မမခင်ပွန်းကိုရဲလွင်ဌေးက သဘောကောင်းလွန်း၏။ သူ့ကားပေါ်မှ ကျွန်တော့်ပစ္စည်းများကို စဥ့်အိုးတန်း၊ အောက်ဗောတံတားတွင် ဆိုက်ထားသည့် အိုကေဝင်းရေယာဉ်ပေါ်သို့ ကူသယ်ပို့ပေး၏။ ခင်မမမှာလိုက်သည့်အတိုင်း ကျွန်တော်သွားလိုရာ လိုက်ပို့ဖို့





စောင့်နေသေး၏။ ကျွန်တော်ကအားနာသဖြင့် ဘယ်မှသွားစရာမရှိတော့ကြောင်း မုသားပြောလိုက်ရသည်။

ကိုရဲလွင်ဌေးပြန်သွားပြီးနောက် မမမြတို့လင်မယားအား လက်ဆောင်ပစ္စည်းထုတ်ပေးကာ အိုကေဝင်းမှ သင်္ဘောသားများကို ချောကလက်ဝေလိုက်၏။ ကျွန်တော့်အကြောင်းမေး၍ အဖြစ်စုံပြောပြလိုက်တော့ မမမြတို့လင်မယား စုတ်တသတ်သတ် ဖြစ်နေသည်။

ကျွန်တော်သည် အိုကေဝင်းမှာပင် မမမြတို့နှင့် ထမင်းအတူစားပြီးနောက် ပို့စရာရှိသည့်စာများ ပစ္စည်းများပို့ရန် အိုကေဝင်းမှ ထွက်လာခဲ့ပါသည်။ ကပ္ပတိန်ကျော်ထက် အပို့ခိုင်းသည့်စာကို အလျင်ပို့မည်။ ပြီးမှ နီးစပ်ရာနေရာများ ဆက်ပို့မည်။ သည်နေ့တစ်နေ့တည်းနှင့်တော့ မပြတ်နိုင်။ ကျွန်တော်ဝယ်လာသည့်လက်ဆောင်ပစ္စည်းတွေပါ လိုက်ပို့ရမည်မဟုတ်ပါလား။

မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် သုနန္ဒာလမ်းမှ ဝေဘာဂီလမ်းပေါ်ကွေ့ဝင်လာပြီး မကြာမီမှာပင် ကျွန်တော်ရှာနေသော အိမ်အမှတ်ကို တွေ့ရသဖြင့် အငှားယာဉ်မောင်းအား ကားခရှင်းပေးပြီးနောက် လမ်းမပေါ်မှ ထိုအိမ်ဆီသွားသည့်လမ်းပေါ်သို့ ဆင်းလျှောက်လာခဲ့သည်။

ကျွန်တော်ခွေးကတက်တွင် ဖိနပ်ချွတ်လိုက်ချိန်တွင် အသက်အစိတ်ခန့်အမျိုးသမီးတစ်ဦးက အိမ်ထဲဝင်လာဖို့ ပြောသည်။ ကျွန်တော်အိမ်ပေါ်တက်လာရင်း သတိထားကြည့်မိတော့ အသက်ကြီးကြီး အမျိုးသမီးကြီးတစ်ဦးနှင့် မိန်းမပျိုလေးဦးတို့၏ မျက်နှာများသည် ငိုကြွေးထားသဖြင့် မျက်နှာများနီမြန်းကာ မျက်ခွံများမို့

အစ်နေသည်ကို တွေ့ရ၏။ ကျွန်တော်သည် ကပ္ပတိန်ကျော်ထက်၏အမျိုးအိမ် သို့မဟုတ်ရည်းစားအိမ်တွင် ဤမြင်ကွင်းကိုမြင်လိုက်ရတော့ စိတ်မကောင်းဖြစ်သွားပြီးလာရင်းကိစ္စပါ ခေတ္တမျှမေ့သွား၏။ အပူသည် ကူးစက်တတ်သည်ကိုလည်း သတိပြုမိ၏။

"အမ်ဗွီဘလူးခရက်(စ်)သင်္ဘောက ဖစ်တာစပ်ထွန်းနိုင်ပါ၊ ကပ္ပတိန် ဇော်ထက်လွှတ်လိုက်လို့ပါ. . . " ဟု မိတ်ဆက်ရင်း အိတ်ထဲပြန်ထည့်မိသည့် ကပ္ပတိန်စာကို ငုံ့ရှာနေမိသည်။

"ကျွန်မတို့ အကုန်သိပြီးပါပြီ၊ ခုနကပဲ သာ(ဒ်)အင်ဂျင်နီယာကိုမင်းညွန့်လာပို့သွားလို့ လွမ်းဆွေစာကို ဖတ်ပြီးပါပြီ။ ခွေးထက်မိုက်တဲ့ကောင်။ တစ်တုံးစားလည်း ချီးတုံးမှန်းမသိ။ နှစ်တုံးစားလည်းချီးတုံးမှန်း မသိ။ ဒီလောင်းကစားအလုပ် မကောင်းမှန်းသိရက်နဲ့ သူမို့လို့ လုပ်ရက်တယ် . . "

ကျွန်တော်အံ့သြလွန်းမက အံ့သြနေရပါပြီ။ ကပ္ပတိန်ပေးလိုက်သည့်စာအိတ်ပေါ်မှ "မညိုညက်မွှေး" အမည်သည် အောဘီလွမ်းဆွေ၏ ဇနီး "ညို"မှန်း ကျွန်တော်အလျင်းမသိ။ အံ့သြလွန်းသဖြင့် ကပ္ပတိန်စာကို မပေးမိ။ စာအိတ်ကို ကိုင်လျက်သား။ ငိုကြွေးရင်း၊ မျက်ရည်သုတ်ရင်း သူမ၏ ရင်ထဲကဝေဒနာ စကားတွေ ထုတ်ပြောနေသော အောဘီလွမ်းဆွေ၏ အစ်မကြီးဖြစ်ဟန်တူသူကို ငေးကြည့်နေမိ၏။

"ဟင်း ဟင်း ဟင်း ဟင်း ရယ်၊ ရယ်ဖို့ကောင်းသေး၊ အမေအစ်မတွေ ပေးချင်လွန်းလို့ ကျေးဇူးဆပ်ချင်လွန်းလို့တဲ့၊ နှစ်ကြိမ်လောင်းကစားတာ ဒေါ်လာငါးထောင်ပြောင်ရော၊ အရှုံး၊ ငွေငါးသိန်းခဏနဲ့ ဖြုန်းပစ်တဲ့အကောင်၊ ငါတို့ကိုမပေးပါနဲ့ ကိုယ့်မယားကိုယ့်သားကိုပဲပေးပါ၊ ကျွေးပါအုံး. . . "



သည်တော့မှ အောဘီလွမ်းဆွေဇနီးကို လိုက်ရှာကြည့်မိသည်။ ကလေးရင်ခွင်ထဲပွေ့ထားသည့် အသားညိုချော သွယ်သွယ်လျလျမိန်းကလေးပဲ ဖြစ်မည်ဟု တွေးမိ၏။

"တကယ်လည်း ညိုကသနားစရာကောင်းပါတယ်၊ ဒေါ်လာစက ဝဝဖြိုးဖြိုးလှလှပပ၊ ခု မီးယပ်ပိန်မီးယပ်ခြောက် ဖြစ်နေပြီ၊ နေ့မနား ညမအား စက်ချုပ်တာတောင် ဝဝလင်လင်စားရတာမဟုတ်ဘူး၊ မိဘဆင်ပေးလိုက်တဲ့ရွှေတွေလည်း သင်းသင်္ဘောတက်လို့ကုန်ပြီ၊ ကျေးဇူးကန်းတဲ့ကောင် ညို့ရွှေတွေပြန်ဝယ်ပေးဖို့ သတိမရဘူး၊ ညို့ခမျာ လူကြားသူကြား မျက်နှာငယ်လို့. . . "

"ရွှေပြန်ဝယ်မပေးတာ ညိုမောင့်ကိုစိတ်မဆိုးပါဘူး၊ ညိုစိတ်ဆိုးတာက သားပစ်မယားပစ်နေရက်တာပါ၊ ညိုတို့ သားအမိက လွမ်းလို့သေရတော့မယ် . . "

ကျွန်တော့်ရင်ထဲနင့်ကနဲ ခံစားလိုက်ရ၏။ ဘာပါပါ မပါပါ။ လင်ကိုသာပြန်လာစေချင်သည့် မညိုညက်မွှေးကို ကျွန်တော်လေးစားသွားမိသည်။ အောဘီလွမ်းဆွေကို ကျွန်တော်မကျေနပ်ချင်တော့ ကျွန်တော်တားပြီးနောက် ထပ်လုပ်သည်ကို အံ့သြနေမိသည်။ သူ့အပြစ်နှင့်သူမို့ သူ့စာကို ကျွန်တော့်ထံလာမပေးရဲ။

"ရော့ ကပ္ပတိန်ကျော်ထက်က မညိုညက်မွှေးကိုပေးလိုက်တဲ့ စာ. . . "

မညိုညက်မွှေးက ကျွန်တော်ပေးသည့် စာအိတ်ရှည်ကို လှမ်းယူပြီး ဖောက်လိုက်သည်။

"အစ်မရေ ဒေါ်လာတွေတော့. . . "

မညိုညက်မွှေး၏ အံ့ဩဝမ်းသာလွန်းသံကြောင့် အေဘီလွမ်းဆွေ၏ အစ်မများသည် မညိုညက်မွှေးနား အပြေးရောက်သွားသည်။ တစ်ရာတန် ဒေါ်လာများကို ရေတွက်ရင်း လက်ပံပင် ဆက်ရက်ကျသလို ဆူညံသွားတော့သည်။ ကျွန်တော့်အဖို့လည်း မျက်စိရှိ၍မြင် နားရှိ၍ကြားနေရသည်မို့သာ သို့မဟုတ် ယုံနိုင်စရာမရှိ။ အံ့ဩလွန်းသဖြင့် မင်တက်မိသလို ကျွန်တော် ဒေါ်လာတွေကြည့်နေမိသည်။ ဝမ်းသာကြည်နူးမိသည်ကလည်း ရင်နှင့်အမျှ အပျော်သည်လည်း ကူးစက်တတ်ပါလားဟု သတိပြုမိ၏။

"အဲ့ဒါစာမဟုတ်လား ဖတ်ပြပါအုန်းညို၊ အားလုံးကြားရအောင် ကျယ်ကျယ်ဖတ်. . ."

စောစောက သူ့မောင်ကိုဆူနေသောအစ်မကြီးက ဝမ်းသာအဲလဲသံဖြင့် ပြောနေပြန်ပြီ။

"သမီးညိုညက်မွှေးရေတဲ့၊ ဦးက M.V BLUE CREST သင်္ဘောက Captain ကျော်ထက်ပါတဲ့၊ သမီးခင်ပွန်း မောင်လွမ်းဆွေရဲ့၊ လစာဒေါ်လာတွေပို့ပေးနိုင်တာ ဒီသင်္ဘောပထမဦးဆုံး ရေချတဲ့ Captain သောင်းထွန်းရဲ့ ကျေးဇူးလည်းပါတယ်သမီးတဲ့၊ ထူးခြားတဲ့ သင်္ဘောသားများရဲ့ အတွင်းရေးအစီရင်ခံစာဆိုပြီး စာအုပ်နဲ့ လျှို့ဝှက်ရေးထားခဲ့တာတဲ့၊ သူရေးထားတာက လုပ်ရည်ကိုင်ရည်နဲ့ အကျင့်စာရိတ္တပိုင်းဆိုင်ရာတွေပေါ့တဲ့၊ Captain သောင်းထွန်း နောက်တက်လာတဲ့ ဖိလစ်ပိုင်နိုင်ငံသား Captain ကလည်းဆက်ရေးထားတယ်တဲ့၊ လောင်းကစားတတ်သူ စာရင်းထဲမှာ သမီးခင်ပွန်းလည်းပါတယ်တဲ့၊"



"သင်္ဘောဒေါက်တင်ဖို့ ဟောင်ကောင်ရောက်တော့ ဦးရဲ့ သင်္ဘောက သင်္ဘောသားတွေများ ကာစီနိုရုံတွေမှာရှိနေသလားဆိုပြီး ကာစီနိုရုံတွေဆီ သွားကြည့်မိတယ်တဲ့ ဦးသင်္ဘောက သင်္ဘောသားတွေမတွေ့လို့ ဦးပြန်လာခဲ့တယ်တဲ့၊ ကာစီနိုရုံက သန့်စင်ခန်းခဏအဝင်မှာ ဦးပိုက်ဆံ အိတ်တစ်အိတ်ကောက်ရခဲ့တယ်တဲ့၊

"ညိုဖတ်တာက နှေးလိုက်တာ ဒေါ်လာတွေ၊ အကြောင်းသိချင်လှပြီ . ."ဟု အေဘီလွမ်းဆွေအစ်မတစ်ယောက်က ဝင်ပြောသည် ညိုညက်မွှေးကဆက်ဖတ်သည်။

"ပိုက်ဆံအိတ်ထဲမှာ လိပ်စာတို့ လိပ်စာကတ်တို့လည်း မပါဘူး သမီးတဲ့၊ ဒေါ်လာတစ်ရာတန်တွေ သေချာထုတ်ကြည့်တော့ ဦးအိတ်ထဲက ဒေါ်လာနဲ့သေချာတိုက်ကြည့်တော့ အတုတွေ ဖြစ်နေတာ တွေ့ရတယ်သမီးတဲ့ ဒီအချိန်မှာ ဦးခေါင်းထဲ အကြံတစ်ခုဝင်လာတယ်တဲ့ ဒါနဲ့ဦးလည်း ကာစီနိုရုံထဲပြန်ဝင် အဲဒီဒေါ်လာတွေနဲ့ ထိုးကြည့်တော့ စားလည်းစား လျော်လည်းလျော်တာတွေ့တာနဲ့ ဦးပြန်ထွက်လာခဲ့တယ်သမီးတဲ့၊ ဦးလည်း လောင်းကစားသမားတွေဟာ လောဘကြောင့် မောဟပို ဖြစ်သွားတယ်ဆိုတာကောင်းကောင်း သဘောပေါက်သွားတယ်သမီးတဲ့။ ဦးလည်း အကြံရလာပြီး အတွင်းရေးအစီရင်ခံစာထဲက လောင်းကစားလုပ်တတ်တဲ့ သင်္ဘောသားတွေရဲ့လစာထုတ်ပေးတိုင်း ဒေါ်လာအတုတွေပဲ ထုတ်ပေးခဲ့တယ်တဲ့ ဒီဒေါ်လာအတုတွေဟာလဲ နိုင်ငံပေါင်းစုံက ကာစီနိုရုံတွေမှာ ရောက်သွားတာပါပဲတဲ့၊ သမီးခင်ပွန်းကို ထုတ်ပေးရမယ့် ဒေါ်လာအစစ်တွေကို Fitter စဝ်ထွန်းနိုင်နဲ့ ပို့ပေးလိုက်တာ

ပါသမီးတဲ့၊ A.Bလွမ်းဆွေထံ စုံစမ်းကြည့်တော့ လစာဒေါ်လာအတု တွေကို ကာစီနိုရုံကိုသွားလှူပြီးကြောင်း သိရတယ်တဲ့၊ သမီးက လစာတွေရတဲ့အကြောင်း ခင်ပွန်းဆီနောင်ကြည် မှတ်သားလောက် အောင် ရေးပြောလိုက်ပါဦးတဲ့။ ပျော်ရွှင်ကြပါစေ၊ Captain ကျော်ထက်တဲ့. . . "

ကပ္ပတိန်ကျော်ထက်ကြောင့် ညိုညက်မွှေးတို့မိသားစု ကြည်နူးမြူးပျော်နေကြပြီ။ ကျွန်တော့်အဖို့တော့ ကျွန်တော်က ကာစီနိုရုံရှေ့တွင် ကပ္ပတိန်ကျော်ထက်အပေါ် အထင်မှား အထင်သေးမိသည်ကို နောင်တရနေမိသည်။ တကယ်တော့ ကပ္ပတိန်ကျော်ထက်သည် မွှေးလွန်းသည့်ပန်းပါတကား။

# အညာမှာ မြရည်လိမ်းလေတော့

ခနေဖြူဆိပ်ကမ်းသို့ အိုကေဝင်းဆိုက်တော့မှ တစ်လမ်းလုံး ဝေခွဲမရသည့်ကိစ္စ ပြတ်ပြတ်သားသားဖြစ်သွားသည်။ ကျွန်တော် လက်ဆောင်ပစ္စည်းတစ်ပုံကြီးနှင့် နွယ်နီဦးအိမ်သို့ တန်းသွားလို့ မဖြစ်။ သနပ်ခါးတုံးနှင့် ပိုးပဝါက ကျွန်တော့်မျက်စိထဲ ပေါ်လာ သည်။ နွယ်နီဦးက ဌေးနှင့် ဒေါ်အေးအေးတို့အတွက် ဝယ်လာ သည့် လက်ဆောင်ပစ္စည်းတွေကိုပါ လိုချင်နေလျှင် စိတ်အနှောက် အယှက်ဖြစ်ရဦးမည်။ ဌေးတို့သားအမိက သူတို့ပေးတာပဲ သူတို့ ယူမည်။ သူများပစ္စည်းမစပ်စုတတ်။ ကိုင်မကြည့်တတ်။ ကျွန်တော် ဌေးတို့အိမ် အလျင်သွားမည်။ ဌေးတို့သားအမိအတွက် ဝယ်ယူ လာသော ပစ္စည်းများပေးပြီးနောက်မှ နွယ်နီဦးတို့ အိမ်ဆက် သွားမည်။

"ဟယ် အစ်ကို၊ အစ်ကို ပြန်လာပြီနော်၊ ဝမ်းသာလိုက် တာ၊ ငွေးအစ်ကိုကို့ လှမ်းမြင်လိုက်တော့ ကိုယ့်မျက်လုံးကို ကိုယ် မယုံဘူး၊ စိတ်စွဲလို့ မှတ်နေတာ. . . "

"ဟုတ်တယ်ငွေး၊ ခုပဲရောက်တာ၊ ရော့ ဒါတွေက ငွေးနဲ့ ငွေးမေမေအတွက်. . . "

"အစ်ကို အဆင်ပြေရဲ့လား၊ အစ်ကိုကတော့ နဂိုအတိုင်း ပဲနော်၊ အသားအရေသာ ကြေးနီရောင်ပေါက်သွားသလိုပဲနော် . . . "

"အင်း အဆင်မပြေဘူးပဲ ပြောပါတော့၊ အစ်ကို သင်္ဘော မှာ ပြဿနာဖြစ်ဆင်းလာတာ. . . "

"ရန်ဖြစ်လာတာလား အစ်ကို၊ မထိတ်သာမလန့်သာ ဘယ်လို ဖြစ်တာလဲအစ်ကို. . . "

ငွေး၏ အသံသာမဟုတ်၊ နှုတ်ခမ်းသားလေးတွေပါ၊ တုန်နေ သည်ကို မြင်ရသည်။ ငွေး၏မျက်ဝန်းတွင် စိုးရိမ်မှုတို့ အထင်းသား တွေ့ရသည်။ ငွေးကို စေ့စေ့ကြည့်မိတော့မှ ငွေးအတော်ပိန်သွား သည်ကို သတိပြုမိ၏။

ကျွန်တော်က စိုးရိမ်နေသောငွေးအား ဂျာမန်ချီ(ဖ်) အင်ဂျင် နီယာကြီးက သူ့အခန်းသို့ကျွန်တော့်ကို ခေါ်ပြသည့်ကိစ္စပါ ဖြစ်ပုံ ပျက်ပုံအလုံးစုံကို ပြောပြလိုက်သည်။

"အင်း အမည်ခံတော့ နိုင်ငံကြီးသား၊ စိတ်ဓါတ်က လူရိုင်း တွေလောက်တောင် မမြင့်ပါလားအစ်ကို ပညာတော့တတ်ပါရဲ့၊ စိတ်ထားစိတ်ဓာတ်ကတော့ အဝီစိကပ်နေလိုက်တာ၊ အစ်ကိုတို့ သုံးယောက်ရဲ့ ဆုံးဖြတ်ချက် လုပ်ရပ်ဟာမှန်တယ်။ ငွေးထောက်ခံ တယ်. . . "



မြန်မာပြည်ပြန်ရောက်ပြီးနောက် ဝိုင်းပြီးအပြစ်တင်ကဲ့ရဲ့မှု တို့နှင့်သာ ကြုံခဲ့ရသော ကျွန်တော်သည် ငွေး၏စကားကြောင့် မိုးကိုဒူးနှင့် တိုက်ချင်လောက်အောင် ဝမ်းသာသွားမိ၏။ အပြစ် တင်ကြသူများကလည်း စေတနာနှင့် အပြစ်တင်ကြခြင်းဖြစ်သည် ကို ကျွန်တော်နားလည်ပါ၏။

"အဲဒါတွေ ထားလိုက်ပါတော့၊ ကိုစောဦး မင်္ဂလာဆောင် သွားတာ ကြာလှပြီ၊ အကိုပယောဂများ မကင်းဘူးလားလို့"

"ကြံကြီးစည်ရာ၊ တော်တော့အစ်ကို၊ အစ်ကိုသင်္ဘောမတက် ခင်တုန်းကလည်း၊ ဒီကိစ္စပြောသွားသေးတယ်၊ ငွေးနဲ့ ကိုဦးနဲ့ ဘာမှ မပတ်သက်ဘူးအစ်ကို၊ ငွေးတို့ကမောင်နှမရင်းချာလို တွယ်တာ ကြတာပါ၊ ကိုဦးက ငွေးတို့ကျောင်းက ဆရာမဒေါ်သီတာ ငွေးကို တစ်ဖက်သတ်ကြိုက်နေတာ ကြာလှပြီ၊ အခုမှ အဆင်ပြေလို့ လက်ထပ်လိုက်ကြတာအစ်ကို"

"အဲဒီလိုဆို မဟာဗန္ဓုလအုတ်ဂူသွားမယ့်နေ့က ကိုစောဦး က ငွေးကို ဘာလို့အဖြေတောင်းသလဲ၊ ငွေးတို့နှစ်ယောက် ပြောနေ တဲ့အချိန်မှာ အစ်ကို အိမ်သာထဲမှာရှိတယ်. . . "

"ဘုရားရေ၊ ငွေးတော့ ဘာမှမှတ်မထားမိဘူး၊ ကိုဦးက ဘယ်လိုအဖြေ တောင်းတာလဲအစ်ကို. . . "

"ငွေးက စဉ်းစားပါရစေပြောတော့ ကိုစောဦးက အတင်း လောနေလို့ ကိုဦးအစီအစဉ်အတိုင်း လုပ်လိုက်တော့လို့ ငွေး ပြော လိုက်တာ အစ်ကိုအတိုင်းသာ ကြားပါတယ်. . . "

"ဟင်း ဟင်း ဟင်း ဟင်း ဟုတ်ပြီ၊ ဟုတ်ပြီ၊ အဲဒါက ကိုဦး ညီမ မစောဝေကိစ္စပြောတာ မစောဝေက သူတို့ကျောင်းက

ကျောင်းသားလေး တစ်ယောက်နဲ့ဖြစ်နေတာ အရှက်တကွဲ အကျိုးနည်းဖြစ်မှာစိုးလို့ ရန်ကုန်ပို့ထားဖို့ ဒွေးကို တိုင်ပင်တာပါ။ ကိုဦးက လောနေလို့ ကိုဦးအစီအစဉ်အတိုင်းလုပ်ဖို့ ပြောလိုက်တာပါ အစ်ကိုရယ်၊ အစ်ကို့စကားက ဒွေး ရူးတောင်သွားချင်မိတယ်. . . ”

“အစ်ကိုက ရူးလောက်အောင် အလျှင်ခံစားခဲ့ရတာပါ။ အဲဒီနေ့က ဒွေးကို မေတ္တာရှိနေကြောင်းဖွင့်ပြောဖို့ ဆုံးဖြတ်ပြီးမှလာတာ၊ ကိုစောဦးက ဦးသွားတော့ အစ်ကိုရူးလောက်အောင် ခံစားခဲ့ရပါတယ် ဒွေး. . . ”

“ပြောလက်စနဲ့ ပြောပါရစေ၊ ခု အစ်ကိုလေ ဒွေးကို စတွေ့တဲ့ နေ့ကတည်းက မြတ်နိုးနေတယ်ဆိုတာ ဖွင့်ပြောပါရစေ၊ ဒွေးကို အသက်လောက်မြတ်နိုးပါတယ်၊ ချစ်ပါတယ်၊ ဒွေးရဲ့သဘောထား သိပါရစေ. . . ”

ခေါင်းငုံ့ငြိမ်ချက်သားကောင်းနေသည့် ဒွေးကို ကျွန်တော် သေချာကြည့်မိတော့ ဒွေးမျက်ဝန်းမှ မျက်ရည်စတွေ ဒွေးပါးပြင်တွင် တွဲလဲခိုနေကြပြီ။ ကျွန်တော် ထိတ်ထိတ်ပြာပြာ ဖြစ်သွားမိသည်။

“ဒွေး အစ်ကိုကို စိတ်ဆိုးသွားလို့လား၊ အစ်ကို့စကား ဒွေး မကြားချင်ရင်. . . ”

“မဟုတ်ဘူးအစ်ကို အစ်ကိုဒွေးကို မြတ်နိုးနေကြောင်း သိရလို့ ဒွေးဝမ်းသာလွန်းလို့ မျက်ရည်တွေအလိုလို ကျလာတာပါ။ ဒါပေမဲ့ အကိုရယ်၊ ဒွေးတို့မြန်မာအမျိုးသမီးတွေမှာ ဆန္ဒကိုဦးစားပေးလို့မရကြပါဘူး၊ ဖြစ်ချင်တာထက်၊ ဖြစ်သင့်တာကို မျိုသိပ်မှုနဲ့ ဦးစားပေးတတ်ကြပါတယ်၊ အစ်ကိုက ပိုင်သူပန်းလေ၊ မကြာခင် နွယ်နီဦးနဲ့


လက်ထပ်ကြတော့မှ မဖြစ်နိုင်တော့တဲ့ ဒီဘဝမှာ အစ်ကိုဒွေးကို မြတ်နိုးနေတယ်ဆိုတာ သိရရုံနဲ့ ဒွေးအဖို့လုံလောက်ကျေနပ်ပါပြီ၊ အစ်ကိုပြန်ပါတော့”

ဒွေးက ကြေကွဲစကားကို တိုးလျစွာဆိုရင်း မျက်ရည်လည်ရွဲနှင့် အိမ်ထဲဝင်ပြေးသွားပြီမို့ ကျွန်တော်ဒွေးတို့အိမ်မှ လေးတွဲစွာလှည့်ပြန်လာခဲ့သည်။

✵ ✵ ✵

ကျွန်တော်သဘော်မှ အပြစ်ဖြင့်ဆင်းလာသည်ကို ကြိုသိနေ၍ မျှားလားမသိ။ ဒေါ်ခင်နီသည် ဟိုယခင်ကလို ဟက်ဟက်ပက်ပက်ဖော်ဖော်ရွေရွေမရှိ။ ကျွန်တော်က သူတို့သားအမိအတွက် ဝယ်လာသည့် လက်ဆောင်ပစ္စည်းထုပ်ကို ဖွင့်ပြပေးသည်ပင် စေ့စေ့မကြည့်။ ရဲရဲမယူ။

“နွယ်နီဦးရောအမေ. . . ”

“နွယ်နီ ရန်ကုန်သွားတယ်၊ ငါလည်း တရုတ်တန်း လူမမာသွားမေးအုန်းမယ်၊ မင်းစာ မင်းအခန်းထဲမှာ. . . ” ဟုဒေါ်ခင်နီက တိုတို ပြတ်ပြတ်ပြောပြီး ထွက်သွားလေပြီ။ ဘာတွေဖြစ်ကုန်ပါလိမ့်။ ကျွန်တော့် စာရေးစားပွဲပေါ်တွင် ပိတ်မထားသည့် စာအိတ်တစ်လုံးကို တွေ့ရ၍။ ကျွန်တော်ယူကြည့်တော့။

အထွန်း မင်းနဲ့ငါလည်း ပင်လယ်သမုဒ္ဒရာထဲ အတူတူ အလုပ်လုပ်ကြတာတောင် တစ်ခါမျှ မဆုံဖြစ်ကြဘူး။ ဆုံတော့လည်း မျက်နှာပူစရာမို့ စာပဲရေးထားခဲ့တယ်။ မင်းဇူလိုင်လကုန်ရင် ခွင့်ပြန်လာမှာ မဟုတ်လား။ မစပယ်ဒွေးလည်ပင်းက မင်းရဲ့ရွှေပုတီး

စေ့ဆွဲကြိုးလေးကြောင့် နွယ်နီဦးဟာ မင်းချစ်သူမဟုတ်ဘူးဆိုတာ ငါ့အဖေနဲ့ အမေပါယုံသွားပြီ၊ ငါကလည်း စူးစူးရဲရဲလှနေတဲ့ နေမင်း မလေးနွယ့်ကို မဖူးရရင် မနေနိုင်တဲ့ပန်းနေကြာ ဖြစ်နေပြီ။ ငါတို့ ဝါမဝင်ခင် ဇူလိုင် ၁၂ ရက် တနင်္ဂနွေနေ့မှာ Strand Hotel မှာ လက်ထပ်ကြမယ်။ မင်းပြန်ရောက်ချိန်ဆိုရင်တော့ ပေလီမှာ ရှိမယ် ထင်ပါတယ်။

မင်းရဲ့ငသက်

ဘယ်လိုဖြစ်ကုန်ပါလိမ့်။ ကျွန်တော်စာအိတ်ထဲက နောက် တစ်စောင်ကို ယူဖတ်မိပြန်ပြီ။

အစ်ကိုနိုင်

အစ်ကိုနိုင်ဖြစ်ချင်သလို ဖြစ်ရလို့ ကျေနပ်သွားပြီ မဟုတ် လား၊ မစပယ်ငွေးကလည်း အချစ်သူရဲကောင်းမကြီးလုပ်ပြီး အစ်ကိုနိုင်ကို နွယ့် လက်ထဲထည့်ပါရဲ့၊ လည်ပင်းမှာတော့ ချစ်တဲ့ သူပေးတဲ့ ဆွဲကြိုးဆွဲလို့၊ ရယ်ရတယ်နော်၊ ရန်ကုန်က အကျိုးတော် ဆောင် ကိုသက်ဝေဟာ မစပယ်ငွေးရဲ့အစ်ကိုဝမ်းကွဲပါ အစ်ကိုနိုင် ပင်လယ်ကူးသင်္ဘောသားဖြစ်အောင် စီမံပေးသူဟာ မစပယ်ငွေးမို့ အစ်ကိုနိုင် မိကျောင်းမှန်ရင် ရဲရဲကြီးဆန်လို့ ရပါပြီ။ အဖြစ်မှန် မသိကြတဲ့ ဓနုဖြူက လူတွေက နွယ့်ကို အသည်းဆွဲနှုတ် မုဆိုး တစ်ပိုင်းမိန်းမရိုင်းကြီး ထင်သွားမှာစိုးလို့ နွယ်တို့မင်္ဂလာဆောင်ကို ဓနုဖြူကတစ်ယောက်မှ မဖိတ်တော့ဘူး၊ မောင်နဲ့ဆုံဆည်းအောင် ဖန်တီးပေးခဲ့ကြတဲ့ ဒေါင်းနီနဲ့အစ်ကိုနိုင်ကို ကျေးဇူးတင်ပါတယ်လို့။

ညီမလေး နွယ်နီဦး



ဖန်လာပုံဆန်းကြယ်လွန်းသည့် ကံတရားကား အံ့ဩလွန်း ဖွယ် ကောင်းလေစွ။

## ဖန်လာပုံ ခုမှဆန်းကြယ်

ဖက်ချင်းတူပါလျက် ငါးပုပ်ထုပ်သော ဖက်သည် နံ၏။ ခရေပန်း ထုပ်သောဖက်သည် မွှေး၏။ မနာလို မရှုဆိတ်သောစိတ် မွေးသူ၏ သွားရာလမ်းနှင့် စေတနာမှန်သူ၏ သွားရာလမ်းတို့သည် ထိုဖက် များနှင့် တူစွာ၏။ Fitter စပ်ထွန်းနိုင်က စာရေးသူထံ ရေးခဲ့သော လက်ရေးမူစာနှစ်စောင်က သက်သေခံလျက်ရှိ၏။

ကိုယ့်လူမျိုးအား ဆတ်ဆတ်ထိမခံသည့် စေတနာမှန်သော ကံတရားကား ဆန်းကြယ်လွန်းလေစွ။

(မထိခိုက်မနစ်နာစေလိုသော သင်္ဘောသားအချို့၏ အမည် များကို ပြောင်းလဲထားပါသည်။)

သုသိဏ်


(HEAD OFFICE)




HEAD OFFICE
26.9.93